
www.burmeseclassic.com

ချစ်ဦးညို

# အဝိဇ္ဇာနတ္တဘုမ္မာရ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အဓိဋ္ဌာနကုမာရ

ချစ်ဦးညို

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၃၂၀ / ၂၀၀၂ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၆ / ၂၀၀၂ (၅)

❖

**ဖြီးချယ်သူ**
ကိုမြင့်ထွန်း

❖

**ပုံနှိပ်ခြင်း**
ပထမအကြိမ် - (၂၀၀၂၊ ဇူလိုင်)
အုပ်ရေ - (၁၀၀၀)

❖

မျက်နှာဖုံးပန်းချီ - မောင်မောင်သိုက်
ကာလာခွဲ - **Alpha**
ကွန်ပျူတာစာစီ - **Quality**
အတွင်းဖလင် - **Quality**

❖

**ပုံနှိပ်သူ**
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**
ဦးကျော်ဆန်း (ရဲအောင်စာပေတိုက်) (၀၉၃၂)
အမှတ် (၂)၊ ချွန်း (၁) လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၅၀၀ ကျပ်


BURMESE CLASSIC .com

၁။ မိမိ၏စာရေးသက် (၂၅) နှစ်အတွင်း ရတနာသုံးပါးအခြေခံ၊ ဗုဒ္ဓယဉ်ကျေးမှုဝတ္ထုများ ရေးသားပုံနှိပ် ထွက်ပေါ်ခဲ့သည်မှာ ယခုအထိ (၁၆)အုပ်ရှိခဲ့ပြီ ဖြစ်ပါသည်။ ယင်းတို့အနက် ဇာတ်တော်ကြီးဆယ်ဘွဲ့ကို ပြန်လည်ရေးသားသော ဝတ္ထုများမှာ –

(၁) ငြိမ်းချမ်းရေးမဟာတမန်
(မဟောသဓာဇာတ်တော်ကြီး)–(၁၉၈၉)
(၂) စာမရှိသို့ ထူးထူးခြားခြား
(ဘူရိဒတ်ဇာတ်တော်ကြီး)–(၁၉၉၂)
(၃) ဣန္ဒပတ္တနလုံးသား
(ဝိဓုရဇာတ်တော်ကြီး)–(၁၉၉၃)
(၄) ဟိမဝန္တာခရီးသည်
(မဟာဇနကဇာတ်တော်ကြီး)–(၁၉၉၅)
(၅) ဝသုန်ဓညမြေ သိကြားစေသက်သေညွှန်း
(ဝေသန္တရာဇာတ်တော်ကြီး)–(စီစဉ်ဆဲ) နှင့် ယခု
(၆) အဓိဋ္ဌာနကုမာရ (တေမိဇာတ်တော်ကြီး)–တို့ဖြစ်ပြီး ငြိမ်းချမ်းရေးမဟာတမန်နှင့် ဟိမဝန္တာခရီးသည်တို့ကို ဒုတိယအကြိမ် ထုတ်ဝေခဲ့ပြီး ဖြစ်လေသည်။

၂။ ဗုဒ္ဓယဉ်ကျေးမှုစာများကို မိမိဤသို့ရေးဖြစ်နေခြင်းမှာ ပါဠိပိဋကကျမ်းဂန်တို့၌ မွေ့နှောက်ချောက်ချားနိုင်စွမ်း ရှိလှ၍မဟုတ်ကြောင်း အရင်းခံမှာ သဒ္ဓါပင် ဖြစ်ကြောင်းနှင့် ဝတ္ထုဇာတ်လမ်းမှတစ်ဆင့် ဓမ္မ၊ အဓမ္မကို ခွဲခြားသိမြင်နိုင်စေရေးအဆုံး၌ သန္တရာသသို့ ဆိုက်ရောက်စေရေးတို့သာ ဖြစ်ပါကြောင်း အလျှင်းသင့်တိုင်း ကျွန်တော်သည် အမှာစာများအဖြစ် ရေးခဲ့ပါသည်။

ဗုဒ္ဓယဉ်ကျေးမှုစာမူများ ရေးရင်းမှာပင် ကျွန်တော်သည် တစ်ခုသောသဘော၌ ပို၍ပို၍ သက်ဝင်ယုံကြည်လာခဲ့လေသည်။ ထိုသဘောမှာ နည်းလမ်းနှင့်ဦးတည်ချက်တို့ အဆင်ပြေပြေ ဆက်စပ်မှုပင်ဖြစ်သည်။ ဦးတည်ချက်ကောင်း တစ်ခုဆီသို့ နည်းလမ်းကောင်းဖြင့်သွားမှသာ၊ အရေးအချာ



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ရောက်လေသည်။ ဦးတည်ချက်ကောင်းများချမှတ်ကာ ယင်းဆီသို့ ရှေ့ရှုလှမ်းချီပါလျှက် နည်းလမ်းကောင်းကို အသုံးမပြုမိ၍သဖြင့် လမ်းချော်ကာ မူလရည်ရွယ်ရင်းမှ သွေဖီသွားကြသော သာဓကတို့သည် လူ့လောကတွင် အမြောက်အမြား ပေါ်ပေါက်ခဲ့လေပြီ။

ဇာတ်တော်ကြီးဆယ်ဘွဲ့ အပါအဝင် ဗုဒ္ဓစာပေ၊ ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ဆောင်တို့အကြောင်းမှာ ဦးတည်ချက်ကောင်းနှင့် ပတ်သက်၍ အထူးဆိုဖွယ် မရှိတော့ပါပြီ။ ထိုဦးတည်ချက်၊ အာဘော်သို့ ဆိုက်ရောက်အောင် နည်းလမ်းတည်းဟူသော ပတ္တုရေးခြင်းအတတ်ဖြင့် ကျွန်တော့်အားထုတ်ပါသည်။ ဤနှလုံးသွင်းမှုဖြင့် ဝတ္ထုများရေးနေလျက်ကပင် မိမိ၏နည်းလမ်းသည် တကယ်ပဲ ထိရောက်ဂုဏ်မြောက်ပါ၏လောဟူ၍ မကြာခဏ တွေးဖြစ်လေသည်။ ဆိုလိုသည်မှာ ဝတ္ထုအဆုံး၌ အကယ်ပင် သန္တရသသို့ ဆိုက်ပါ၏လော။ ဝတ္ထု၏အစ အလယ်တို့တွင် သရုပ်ဖော်ပြသော အခြားရသများ(ဘယာနက၊ ဝိဘစ္ဆ၊ ကရုဏာ၊ အဗ္ဘုတစသည် . . . )က၊ အလေးကဲနေသလော . . . . ဟူသော အတွေးပင်ဖြစ်လေသည်။

၃။ ပါရမီဆယ်ပါးနှင့် ဇာတ်တော်ကြီးဆယ်ဘွဲ့၊ အလောင်းတော်ဘဝဖြစ်စဉ်များကို ယှဉ်တွဲတင်ပြကြရာ၌ တေမိဇာတ်ကို အဓိဋ္ဌာန်ပါရမီနှင့် တွဲစပ်ပြလေ့ရှိသည်။ လယ်တီဆရာတော်ဘုရားကြီး ဥတ္တမပုရသဒီပနီ၌ "စိတ်ပဓာနဲ့ညာဉ် မရွေ့မပြောင်းသည်ကား အဓိဋ္ဌာန်ပါရမီတည်း'ဟု အလျဉ်းအားဖြင့် ဖော်ပြလေသည်။ အကျယ်အားဖြင့်ကား အဓိဋ္ဌာန်ပါရမီ ဟူသည် အခြေမူလ သမ္ဘာရဖြစ်သော ဒါနအမှု၊ သီလအမှု၊ ပညာအမှု၊ နေက္ခမ္မအမှု စသည်တို့၌ မရွေ့မယိုင် ကြံ့ခိုင်ခြင်း လက္ခဏာ ရှိသည်။ ယင်းတို့၏ ဆန့်ကျင်ဘက်များကို နှိမ်နင်းဖယ်ရှားသည်။ ယင်းအမှုတို့၌ မတုန်မလှုပ်၊ တည်မြဲသော အနေဖြင့် ထင်ရှားသည်။

ဆိုထက်ပို၍ ရှင်းအောင်ဆိုရလျှင် အဓိဋ္ဌာန်ပါရမီဟူသည်မှာ ကောင်းသောလုပ်ငန်းများကို ပါရမီမြောက် ဆောင်ရွက်ရာ၌ ပျက်ပြား ယိမ်းယိုင်ခြင်း မရှိရအောင် ခိုင်မာသော ဆုံးဖြတ်ချက်ကိုချကာ ထိုဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။

ဤအဓိဋ္ဌာန်ပါရမီကို ဖြည့်ဆည်းရာ၌ အလောင်းတော် တေမိမင်းသားအခြံအရံအဖြစ် အနီးကပ်ထားရှိသော အခြားပါရမီများမှာ ခန္တီပါရမီ ဖြစ်သည်ဟု ဆိုချင်ပါသည်။ သည်းခံခြင်းဟု အများသိပါသည်။ သို့သော် တေမိမင်းသား၏ သည်းခံမှုသည် အသေမဟုတ် အရှင်ဖြစ်သည်။ အနွတ်သဘောမဟုတ်၊ အပေါင်းသဘောဖြစ်သည်။ အစုန်သဘောမဟုတ်၊ အဆန်သဘော



ဖြစ်သည်။ အနိဋ္ဌာရုံ (အဆိုး)တို့၏ ထိပါးခြင်းကိုသာမက၊ ဣဋ္ဌာရုံ(အကောင်း)တို့၏ ဖြားယောင်းခြင်းကိုလည်း ကြံ့ကြံ့ခိုင်ကာ အဓိဋ္ဌာန် ကို မြဲစေလေသည်။ တစ်ခါတစ်ရံ ထိုအဆိုးကောင်းတို့၏ ထိပါးတိုက်ခိုက်မှုက မခံသာတော့အောင် ပြင်းထန်ခြင်းမှက ပြင်းထန်လာသောအခါ အဓိဋ္ဌာန် ပျက်မတတ် သည်းခံခြင်း လျော့ပါးသွားသည်များကို ကြုံရသည်။ ထိုအခါမျိုးတွင် တေမိမင်းသားသည် အလေးအနက် ဆင်ခြင်နှလုံးသွင်းခြင်းတည်း ဟူသော ဉာဏ်ကိုသုံးရလေသည်။ တစ်နည်းအားဖြင့် ပညာပါရမီ၏ခွန်အားကို အထောက်အပံ့ ယူခြင်းဖြစ်သည်။

၄။ လေးစားအပ်သော စာဖတ်သူသည် ဤတေမိဇာတ်တော်(အဓိဋ္ဌာန်ကုမာရ)ကို ဖတ်ရှုရင်း ဇာတ်ကွက်၊ ဇာတ်လမ်းတို့၌ တွေ့ကောင်းတွေ့ရမည်ဖြစ်သော အထူးထူးသော ရသများကို ခံစားလျက် (ထိုခံစားမှု၌သာ ယစ်မူးရပ်တန့်မနေဘဲ) တေမိမင်းသား၏ အဓိဋ္ဌာန်ပါရမီ၊ ခန္တီပါရမီ၊ ပညာပါရမီများကိုပါ နှလုံးသွင်းဆင်ခြင်နိုင်ပါစေဟု ဆန္ဒပြုပါသည်။ အကယ်၍ ထိုသို့သော နှလုံးသွင်းမှုကို တပင်တပန်း အားထုတ်ရယူရသည်ဆိုပါလျှင် မိမိ၏ဝတ္ထု (နည်းလမ်းကောင်း)အရာ၌ ညံ့ဖျင်းသောကြောင့်ဟုသာ မှတ်ယူရတော့မည် ဖြစ်ပါသည်။

ချစ်ဦးညို
၈-၄-၂၀၀၂

www.burmeseclassic.com

www.burmeseclassic.com

". . . ခု ငါပါရမီ၊ ရင့်ပြီးသောအား၊
များများချီးမြှောက်၊ မအံ့လောက်တည့်၊
ကျော်ရောက်လူ့မြေ၊ လွန်လေရှေးခါ၊ ငယ်စွာပျိုဘိ၊
တောမိမင်းလျာ၊ ဖြစ်သောခါလည်း။ ပြည်ရွာ မိဘ၊
နန်းမ ရာအိမ်၊ စည်းစိမ်စွန့်ပစ်၊ ဆယ့်ခြောက်နှစ်က၊
ပျိုမျစ်ငယ်လွန်၊ မြိုင်ဝန်တောဖျား၊ သစ်ရွက်စား၍၊
ခေါင်းပါးစာရေ၊ ကျင့်ဖူးလေဟု၊ သံခြေထင်ရှား၊
မြွက်ကာကြား၍၊ တရားရိပ်ခြည်၊ အစဉ်တည်သည်၊
ကျွတ်မည် ဘယ်မျှ ထောင်ရာနည်း . . ."

(လက်ဝဲသုန္ဒရ)

www.burmeseclassic.com

www.burmeseclassic.com

၁

နွေးထွေးမွေးပျံသော ရင်ခွင်သည် ရုတ်ခြည်းပင် အေးစက်နံ့စော် သွားသည်ဟု ထင်လိုက်၏။ နူးညံ့သော အမွေ့အဖက် အထိအတွေ့သည်လည်း ကြမ်းတမ်းခက်မာခြင်းသို့ ပြောင်းလဲသွားသည်။ ဖခင်တစ်ဦး၏ ရင် ခွင်သည် တစ်မုဟုတ်ချင်းပင် ဤသို့ ဆန့်ကျင်ပြောင်းလဲသွားသလော။

အံ့သြခြင်းဖြင့် မော့်ကြည့်လိုက်သည်။ ဖခမည်းတော်၏ မျက်နှာ သွင်ကို အနီးကပ်အောက်ဘက်မှ မြင်လိုက်ရသော မြင်ကွင်းမှာ ယခင့်ယခင် တွေ့မြင်နေကျ အသွင်များနှင့် လုံးဝခြားနားနေ၏။ လည်ပင်းကြောကြီးတွေ ထောင်နေသည်။ နှာသီးဖျား၊ နားရွက်ဖျားတွေ နီနေသည်။ နားထင်နားရင်းနှင့် နဖူးပြင်ထက်မှာ အသားအရေပြားတို့ တင်းတင်းမာမာ ဖြစ်နေသည်။

အို . . . မျက်လုံးတွေ . . . ။

အဖ၏မျက်လုံးတွေ ဘယ်သို့ ဖြစ်လေသနည်း။ စောစောလေးကပဲ သားကို လှမ်းပွေ့ယူစဉ်မှာ ဖခင်တို့၏မေတ္တာရည်ဖြင့် ရွှန်းလဲ့တောက်ပခဲ့သော မျက်လုံးများ၊ ချစ်ခြင်းဖြင့် ပြုံးရယ်နေသော မျက်လုံးများကို တွေ့ခဲ့ရသည်။ ယခု . . . ထိုမျက်လုံးများ ဘယ်ရောက်သွားလေသနည်း။ ပြည့်ရှင်မင်းတို့၏ မျက်လုံးအိမ်များသည် ဤသို့ဤနှယ် ပြောင်းလဲတတ်သလော။





ချစ်ခြင်းဖြင့် ရွှန်းလဲ့ဝင်းစိုခဲ့သော မျက်လုံးများနေရာမှာ မှိုင်းမှုန်သော၊ နီမြန်းသော၊ အလျှံလက်သော၊ အခိုးထွက်သော မျက်လုံးများ ရောက်ရှိနေ၏။

ဒါဟာ ခမည်းတော်ရဲ့ မျက်လုံးတွေမှ ဟုတ်ပါလေစ။

အံ့သြခြင်းမှသည် ထိတ်လန့်ခြင်းသို့ ကူးပြောင်းစ ပြုလာ၏။

နွေးထွေး ညှံ့သက်နေခဲ့ရာမှ အေးစက်တင်းမာသွားသော ရင်ခွင်၊ ချိုမြရွှန်းလက်နေခဲ့ရာမှ ရုးရဲမှိုင်းမှုန်သွားသော မျက်လုံးများ၊ အပူငွေ့သည် ဖခင်ရင်ခွင်ထဲရှိ မိမိတစ်ကိုယ်လုံးသို့ ကူးဟပ်လာသည်ဟု ခံစားရ၏။ အဘယ်အရာကများ ဤသို့ အပြောင်းလဲကြီးပြောင်းလဲအောင် စွမ်းအားကြီးစွာ ပြုလုပ်ဖန်တီးလိုက်လေသနည်း။

'သင်းတို့ကို ရှေ့တော်မှောက် သွင်းလိုက်ကြစမ်း'

အလိုလေး . . . ။

ဖခမည်း၏ အသံသည်လည်း သိသာပြောင်းလဲသွားပါပကော။ အနီးကပ်ကြားရသောအသံကြောင့် ထိုအသံ၏ ကြမ်းခက်စူးရှခြင်းက နားထဲသို့ ပြင်းထန်စွာ ဝင်ရောက်သွားသည်။ အအိမ်ထဲမှ သံလျှက်ကို တစ်ချက်တည်း ဆွဲထုတ်လိုက်သည့်နှယ်သော အသံမျိုး။ သံသံချင်း၊ ကြေးကြေးချင်း၊ ကျောက်ကျောက်ချင်း ထိခတ်လေသော အသံမျိုးသည် နားဝအနီးတွင် ကျယ်လောင်စွာ မြည်ဟီးပေါက်ကွဲသွားသည်။

သင်းတို့ကို . . .တဲ့။

မည်သူတွေနည်း။ ဘာကြောင့် ဖခမည်းသည် ဤမျှ ရုတ်တရက် ခန့်ထန်တင်းမာသွားရလေသနည်း။

နန်းရင်ပြင်သည် လှုပ်လှုပ်ရွရွ ဖြစ်သွား၏။ အစုလိုက် အစုလိုက် ခစားနေကြသော မှူးမတ်ပရိသတ် ဗိုလ်ပါတို့သည် အုတ်အုတ်သဲသဲဖြစ်သွားသည်။ ဖခမည်း၏ ရင်ခွင်ထဲမှာနေရင်း ပလ္လင်ထက်မှ အပေါ်စီးမြင်နေရသော မြင်ကွင်းသည် လေပြင်းအသုတ်ဝယ် ယိမ်းငိုက်လှုပ်ယမ်းသွားသော ကောက်ပင်ထိပ်ဖျားနှယ် ဖြစ်တော့သည်။

နန်းရင်ပြင်၏ ဟိုမှာဘက် တံခါးမုခ်ဆီမှ ထူးခြားသောအသံများ ကြားလိုက်ရ၏။ ချွင်ချွင်အသံတွေ။

လေးလံထူပြစ်သောအရာများ အချင်းချင်း တိုက်ခတ်ထိတွေ့ သံတွေ။ မကြာမီပင် အဖြေတွေ့လိုက်ရ၏။

သံကြိုးတွေ အထပ်ထပ်နှောင် တည်းထားသော ယောကျ်ားကြီးလေးယောက်၊ လက်ကောက်ဝတ်၊ ခြေကျင်း၊ လည်ပင်း၊ ခါးနေရာများတွင်



www.burmeseclassic.com

www.burmeseclassic.com



သံကွင်းများ ရှုပ်ယှက်ခတ်ပြီး ထိုသံကွင်းများမှ သံကြိုးကွင်းဆက်များ လှုပ်ခါနေ၏။ ယောကျာ်းကြီးလေးယောက်တို့၏ လက်၊ ခြေ၊ လည်၊ ခါးနေရာ သံကွင်းများမှ သံကြိုးများသည် တစ်ခုနှင့်တစ်ခု ဆက်သွယ်လျက်ရှိ၏။

သံကြိုးသံ တချွင်ချွင်ဖြင့် နန်းရင်ပြင်၊ မင်းလမ်းကြောင်းအတိုင်း သူတို့လေးယောက်မှာ လျှောက်လာကြသည်။ ခြေကို ဒရွတ်ဆွဲနေကြသည်။ ဦးခေါင်းများကို ငိုက်ထားကြသည်။ ဆံပင်တွေက ဖွာရရာကြဲလျက်၊ တွဲရရွဲကျနေကြသည်။ အဝေးမှ တွေ့နေရသော မြင်ကွင်းထဲမှာ သူတို့၏ အဝတ်မဲ့ ကျောပြင်ကြီးများက အတိုင်းသား။ အညိုအမည်းစွဲနေသော ဒဏ်ရာများ။ သွေးစီးကြောင်းများ ခြောက်နေသော သွေးစွန်းသွေးစနေရာများ၊ ဖူးဖူးရောင်နေသော ပခုံးများ၊

သံကြိုးကြီးတွေ ကြီးမားလေးလံသလို အဲဒီယောကျာ်းကြီးလေးယောက်ကလည်း ထွားကြိုင်းကြပါဘိ။ အလို . . . သူတို့နောက်မှာ ကြိုးစတွေကို စုစည်းသိမ်းဆွဲ၍ ကိုင်စွဲလာသူ လူကြီးက သူတို့ထက် ပို၍ ထွားကြိုင်းပါသေးသကော။ လူကြီး၏ လက်ထဲမှာ ကြိမ်ကြာပွတ်၊ အကျီအဝတ်မဲ့ ခန္ဓာကိုယ်ပေါ်မှာ ဆေးနီ ဆေးနက် မင်သွေးတွေ အကွက်အကွက်၊ ပါးမြိုင်းမုတ်ဆိတ်ထူပျစ်၊ မျက်စိကျိန်းမတတ် ရူးရူးရဲရဲရှိလွန်းလှသော ပုဝါနီကို ဦးခေါင်းမှာ ပတ်လျက်။ ပုဝါနီဖျင်စအကြားမှာ ကစင့်ကလျား ထိုးထွက်နေသော ဆံပင်တွေက နီကြောင်ကြောင်။

ခန္ဓာကိုယ် ကြီးမားထွားကြိုင်းသလို ခြေဆံလက်ဆံတွေကလည်း ကြီးမားပါဘိ။ ကြိမ်ကြာပွတ်ကိုင် လက်သီးဆုပ်ကြီးကလည်း ကြီးမားပါဘိ။ လေးပင်စွာ ခြေချလျှောက်လှမ်းလာသော ခြေဖဝါးကြီးတွေကလည်း ကျယ်ပြန့်ပါဘိ။

ဒါကြီးဟာ လူမှ ဟုတ်ပါလေစ။

သံကြိုးတည်းခံ လေးယောက်နှင့် ထိုလူကြီးတို့သည် ဗိုလ်မင်းတစ်ယောက် ညွှန်ပြပေးသော နေရာ၌ ဒူးတုပ်ထိုင်ကြသည်။ သူတို့နဖူးနှင့် နန်းကြမ်းပြင်ထိမတတ်။ ဦးခေါင်းများ ငိုက်ထားကြသည်။

'ကာသိတိုင်းတော်နဲ့ ပြည်သူပြည်သားတို့အား အကြီးမားဆုံး အန္တရာယ်ပေးနေတဲ့ ခိုးသားကြီးလေးဦးကို ရှေ့တော်မှောက် အရောက်သွင်းပါပြီဘုရား'

နန်းတော်တိုင်ထောင့်တစ်နေရာမှ အသံဝါကြီး ထွက်ပေါ်လာ၏။

ဖခမည်း၏ တစ်ကိုယ်လုံး သစ်ပျဉ်ချပ်ကြီး တစ်ချပ်လို တောင့်တင်းစန့်မတ်သွားသည်ဟု သိလိုက်ရ၏။





'လူဆိုး ခိုးသားကြီးလေးဦးအား အပြစ်အလျောက် ရာဇဒဏ်ထားတော်မူရန် ဘုန်းတော်ကြီးဘုရားထံ အပ်နှံပါသည်ဘုရား'

မြို့ဝန်၏အသံဖြစ်သည်။

သူ့အသံလည်း တုန်နေသည်။

နန်းရင် ပြင်မှာ ပြားပြားဝပ်ခစားနေကြသူများအားလုံး အပ်ကျသံကြား ငြိမ်ဆိတ်နေကြ၏။ ဖခမည်း၏ ရင်အုံကြီးတစ်ခုလုံး မို့မောက်သွားသည်ကို မိုကပ်ထားသော ကျောပြင်မှ တစ်ဆင့် ထိတွေ့ခံစားလိုက်ရသည်။

'နောက်နောင် ရန်မီးမကြီး မပွားစေခြင်းငှာ ပြည်ကြီးရန်စွယ် ဆူးငြှောင့်တို့အား မင်းမိန့်ရာဇဒဏ်ခတ်တော်မူပါရန်ပါဘုရား'

နန်းရင်းဝန်ကြီး၏အသံ။

'ကောင်းပြီ။ ငါ ရာဇဒဏ်ထားမည်။ တစ်ချက်လွှတ် အမိန့်တော်။ အားလုံးနားဆင်ကြ'

ဖခမည်းတော်၏အသံ။ လေထဲ ဝေ့ရမ်းလိုက်သော ဓားတစ်စင်း အသံမျိုး။ သို့မဟုတ် စက်ကွင်းဝန်းရှိရာ ပြေးလွှားပျံသန်းရင်း လေအထုကို ဖောက်ခွဲသွားသော အဲမောင်းလှံတံတစ်ချောင်း၏ အသံမျိုး။

မိမိ၏ ပခုံးသား၊ လက်မောင်းအိုး၊ လက်ဖျားများကို ဆုပ်ကိုင်ထားသော ခမည်း၏လက်ချောင်းများ ပူနွေးလာကြသည်။ ပူနွေးရာမှ တရှိန်ရှိန် ဖြစ်လာနေကြသည်။ ဖခမည်းတော်သည် ပလ္လင်ထက်မှာ စံနေရင်း မီးပုံကြီး တစ်ခု အဖြစ်သို့ ပြောင်းလဲသွားပြီလားမသိ။

'ပထမ လူဆိုးကို လိပ်ကျောက်မြီး၊ ငါးမန်းစွယ် စသည့်အဆူးရှိသော အာဏာတော် သိုင်းကြိမ်လုံးနဲ့အချက်တစ်ထောင် ရိုက်နှက်ဒဏ်ခတ်'

'ဒုတိယလူဆိုးကို အထူအထပ် တင်းကြပ်စွာ သံခြေချင်းခတ်ပြီး နှောင်အိမ်သွင်း'

'တတိယလူဆိုးကို ထက်လှစွာသော လှံမသွားအဖျားနဲ့ အသားကို အဆွဆွအစိပ်စိပ်ထိုး'

'စတုတ္ထလူဆိုးကို တံကျင်သပ်လျှိုလို့ အများမှတ်သား ထင်ရှားအောင် စီရင်ကြစေ'

ဖခမည်း၏ အမိန့်အာဏာတော် အဆုံးဝယ် သံကြိုးကွင်းသံ တချွင်ချွင်ဖြင့် ရာဇဝတ်သားများ နန်းရင်ပြင်မှ ထွက်သွားကြသည်။

အလိုလေး . . . ကြောက်မက်ဖွယ် အကယ်ပင် ပူပြင်းတောက်လောင်သော မီးပုံကြီး ဖြစ်ခဲ့ပြီကော။ လူဆိုးများ ရှေ့တော်အသွင်း မခံရမီ တစ်ချိန်လုံးလုံး ပြုံးရယ်ရွှင်မြူးနေခဲ့ရသော သားအဖချင်းကလူကျီစယ်



www.burmeseclassic.com

www.burmeseclassic.com



ချောမြူမှုတို့သည် စုန်းစုန်းကွယ်ပျောက်သွားကြပြီ။

ကြောက်မက်ဖွယ် အာဃာတအမိန့်ပါတကား။

*

တစ်လသား အရွယ်မျှသာ ရှိပေသေးသော တေမိယကုမာရသည် ခမည်းတော် ကာသိကရာဇ်မင်း၏ ရင်ခွင်တွင် စံမြန်းရင်း အကြီးအကျယ် ထိတ်လန့်သွား၏။ ပါရမီတော်ဝါသနာနှလုံးသည် ဤသို့သော မင်းအာဏာ၊ ရာဇဓာန်၊ ရာဇဒဏ် စီရင်ထုံးကို အသုံးမလေ့။ တေမိယကုမာရဘဝမရောက်မီ တတိယဘဝက ဆင်းရဲမြီတ်လည်း အရိပ်အငွေ့မကင်းလွတ်။ နုထွတ်သော နှလုံးသွေးမှာ တစ်ထွေးတည်း။ မရည်သန်။ တုန်ရိုက်ထိတ်လန့် မခန့်နိုင်ရှိလေပြီ၊

သို့သော် အလောင်းတော်တို့၏ ဉာဏ်သတိက စောင်သဖြင့် တစ်လသား တေမိယကုမာရသည် ဆင်ခြင်စဉ်းစားမိပြန်၏။

*

အလိုလေးလေး . . . . ။

အကြောင်းရင်း အတိတ်ကံရဲ့ အကုသိုလ်ကြောင့် ရွှေထီး၊ ရွှေနန်း၊ ရွှေကြငှာန်း၊ ပြည်မစည်းစိမ်၊ ပြည့်ရှင်မင်းတို့ရဲ့ ဂုဏ်သိန်ကို ရခဲ့လေတဲ့ ငါ့ခမည်းတော်။ ဓမ္မန သမေန ရဇ္ဇံ ကာရေသိ တရားနှင့် အညီ မင်းပြုကြောင်း သတင်းမွှေးပျံ့ခဲ့လေသည့် ငါ့ခမည်းတော်။

ယခု စီရင်လိုက်သော ကြမ်းကြုတ်လှသည့် ကမ္မကရဏအမှု၊ ခက်ထန်ပြင်းရှလှတဲ့ အမိန့်တော်ရာဇသံနဲ့ တစ်ချက်လွှတ် ထုတ်ပြန်လိုက်လေခြင်း။ ငါသည် အပါယ်လားကြောင်း မကောင်းမှုဖြစ်ပါပေါ့လား။ ပြည့်ရှင်မင်း ခင်စစ်ဖြစ်လျက်သားနှင့်ပင် ငရဲလားကြောင်း မကောင်းမှုကို ပြုပြန်လေသည်တကား။

*

လူဆိုးခိုးသားကြီး လေးဦးတို့ကို အမိန့်တော်ချပြီးသည့် နောက်တစ်နေ့ဖြစ်၏။ တေမိယကုမာရကလေးငယ်ကို ကောင်းစွာတန်ဆာဆင်အပ်





သော ထီးဖြူရိပ်၌ အထိန်းတော်တို့က ချီပွေ့ကာ သိပ်ထားကြသည်။ ကုမာရသည် အတန်ငယ်မျှ အိပ်စက်ကာ နိုးထလာ၏။

မျက်စိဖွင့်ကြည့်လိုက်သောအခါ အထက်တွင် မိုးအုပ်ထားသော ထီးဖြူကို မြင်ရသည်။

မင်းစည်းစိမ်၏ ကြက်သရေဆောင် အထိမ်းအမှတ် ထီးဖြူ။ ဆွတ်ဆွတ်ဖြူသော အဖြူ။

သို့သော် ကုမာရငယ်သည် ထီးဖြူရိပ်ကို ထီးဖြူရိပ်ဟု မမြင်။

'အလိုလေး . . . ငါ တိုင်းပြည်အုပ်ချုပ် ဘုရင်လုပ်၊ ထီးနန်းစံ မင်းပြုမိလို့ ငရဲခံရပြန်ပြီလား'

ဤအတွေးသည် တစ်ကိုယ်လုံးသို့ ဒုတ်ဒုတ်ထိတိုးဆောင့်၏။

ဤသို့ တုန်လှုပ်ရင်းစွဲရှိနေစဉ်မှာပင် ယမာန်နေ့က လူဆိုးလေးယောက်တို့အား ခမည်းတော်မင်းကြီး စီရင်ခဲ့သော အမိန့်သံကို ပြန်လည်ကြားယောင်လာပြန်လေသည်။

'လိပ်ကျောက်မြီး၊ ငါးမန်းစွယ်၊ အဆူးရှိသော အာဏာတော်သိုင်းကြိမ်လုံးနဲ့ အချက်တစ်ထောင်ရိုက် . . . .။

အထူအထပ်တင်းကြပ်စွာ သံခြေချင်းခတ် နှောင်အိမ်သွင်း။ ထက်လှသော လှံမသွားအဖျားနဲ့ အသားကို ဆွဲဆိတ်ထိုး။ တံကျင်လျှို . . .။

အို . . . ထီးဖြူရိပ်၊ မင်းတံဆိပ်ခပ်နှိပ်လေတဲ့ ထီးဖြူရိပ် . . . ။ သင်ဟာ မင်းတန်ဆာအပါအဝင်လို့ ဆိုပေမယ့် ငါ့အတွက်တော့ ငရဲပြည်ကို ထိုးချဖို့ နှစ်လေတဲ့ အစိုင်အခဲကြီးပဲ ဖြစ်တယ်။ သင်ဟာ ပြည့်ရှင်မင်းတို့ရဲ့ အသုံးအဆောင်ဖြစ်ပေမယ့် ငါ့အတွက်တော့ အပါယ်လားကြောင်း ယာဉ်ရေကြောင်းသာ ဖြစ်တယ်။

အလိုလေး . . . ကြောက်မက်ဖွယ်ပါတကား။

ထိတ်လန့်ဖွယ်ပါ တကား။'

*

ထီးဖြူနန်းရိပ်သည် ကုမာရငယ်အတွက် ခိုးသူသတ်နှောင်အိမ် အကျဉ်းထောင်ကြီး ဖြစ်နေသည်။ အဘယ့်ကြောင့် ဤနှယ် ဆင်းရဲခါးသီးစွာသောဘဝ၌ ဖြစ်ရလေသည်ဟူ၍ ကုမာရ ဆင်ခြင်သုံးသပ်၏။

ရှေးအတိတ်ဘဝများကို ပြန်လည်သိသော ဇာတိဿရဉာဏ် ရထားသည့် တေမိယကုမာရ၏ဉာဏ်အမြင် စက်ဝန်းထဲတွင် အဆက်ဆက်



www.burmeseclassic.com

www.burmeseclassic.com



သော အတို့ ထင်ရှားပေါ်လာကြပေပြီ။ တာဝတိံသာနတ်ပြည်၊ နတ်သား သား ဆိုနှင်းသော ဓာတိုင်မိကကော ဘယ်ဘုံဘဝမှာ ဖြစ်ခဲ့သနည်း။

စီးချော်ကို ညိုညိုးတောက်လောင်နေသည့် ဥဿဒရက်ငရဲပြည်။

ဇာတိဿရဉာဏ် အလျဉ်၏ တရိပ်ရိပ်ရွေ့လျားမှုထဲ၌ ငရဲဘဝ ဆိုင်ခဲ့သော ဘဝသည် ပေါ်လာ၏။

ရွှေကြီး ရွှေနန်း၊ ရွှေကြငှန်းစံ ဗာရာဏသီ ပြည့်ရှင်ဘုရင် ဖြစ်ခဲ့ ရသည်။ အသို . . . ဘုရင်တဲ့လား။

အနှစ် နှစ်ဆယ် တိုင်တိုင် နန်းစံသက်။ ရာဇပလ္လင်ပေါ်တွင် စံမြန်း ခဲ့သည်။ အစုစုအခွေခွေဆိုးကောင်းယုတ်မြတ် အထပ်ထပ်ဖြတ်သန်းကျင်လည် ခဲ့ရလေသော ကာလများပါတကား။ မင်းလုပ်ခဲ့သည့်ကာလအဖြစ် အပြုအမူ ဟူသမျှတို့ကို ချင့်မြှော်တွေးဆကြည့်ရင်း ကုမာရရှေးသက်တမ်း ရှည်စဉ်က ဝင် သေားကင်းအောင် ကိုယ့်ကိုယ်ကိုယ် မပြုနိုင်ခဲ့ပါလား။ စိုးပိုင်စံစားနိုင်ခဲ့ သော မင်းစည်းစိမ် အနှစ် နှစ်ဆယ်၏အဆပေါင်း လေးဆယ်၊ လေးရာ၊ လေး ထောင်၊ အလိုလေး မြားမြောင်နှစ်ပေါင်း ရှစ်သောင်းမှန်မှန် ငါခံခဲ့ရလေသည် တော။

ချမ်းသာစည်းစိမ် ရိပ်ငြိမ်ဘဝ မဟုတ်ချေပါလား။ မင်းစည်းစိမ်ကို ခြိမ်းခြောက်လှုပ်ခါစေခဲ့သည့် ရန်စွယ်ရန်ညှောက်တို့က ဓမ္မတာအလျောက် ပေါ်ပေါက်ခဲ့ချေသည်။ ထိုရန်စွယ်တို့ပေါ်လေသမျှလည်း ကိုယ်က အပယ်၊ အနုတ်၊ ကြမ်းကြုတ်စွာပင် သံလျှက်တမြမြ၊ ဓားတမြမြဖြင့် မင်းစည်းစိမ် ကို ကာကွယ်ခဲ့ရသည်။ မငြိမ်သက်နိုင်ခဲ့။ ထန်သီးပြင်းပြ ရာဇတည်းဟူသော မာန်မာန၊ အစွယ်ဖွေးဖွေးထုတ်ပြ။ အို . . . မငြိမ်သက်နိုင်သော ဘုရင်အဖြစ် ကိုယ့်ကိုယ်ကိုယ် ဖြူစင်အောင် ဖွပ်ဆေးသန့်စင်နိုင်ဖို့ဆိုတာ အဘယ်မှာဖြစ် နိုင်ပါတော့မလဲ။

ဇာတိဿရဉာဏ်အလျဉ်သည် ထွက်ခွာခဲ့ရာပစ္စုပ္ပန်သို့ ပြန်ဆိုက်ခဲ့ ၏။ ဗာရာဏသီမင်း၊ ဥဿဒ္ဒရက်ငရဲ၊ တာဝတိံသာနတ်ပြည်၊ ထို့နောက် ယခု ကာသိတိုင်း၊ ကာသိကရာဇ်ဘုရင်နှင့် စန္ဒာဒေဝီမိဖုရားကြီးတို့၏ သား တော် တေမိယကုမာရ။

အို . . . မင်းစည်းစိမ်၊ မင်းအိမ်မှာ ငါဘုရင့်သား ဖြစ်ခဲ့ရပြန်ပြီ ကော။ ရွယ်နုငယ်သက်၊ ရက်သုံးဆယ်မပြူ။ လူဖြစ်စအရွယ်၊ သည်အချိန်မှာ ပင် ယမန်နေ့က ငါမှုချဆက်ဆက် တွေ့ကြုံလိုက်ရပြီ။

ရာဇဝတ်သားလေးယောက်နှင့် ခမည်းတော်၏ ကြောက်မက်ဖွယ် အမိန့်အာဏာ။





အို . . . ခမည်းတော် အာဏာစွဲ၊ ငရဲလားကြောင်း မကောင်းသော စကား ငါကြားလိုက်ရပြီ။ ကြည့်စမ်း။ ခုနေချိန်ခါ ငါဟာ ခမည်းတော်ရဲ့ နှုတ် ထွက်စကားသွမ်းတွေကို နားဖြင့်ကြားခဲ့ရာက နောင်တစ်ချိန် ငါကိုယ်တော်တိုင် ပဲ ဖခမည်းတော်လိုပင် ပြောရဆိုရဦးလေမည်။ ဘုရင်မှမွေး၊ ဘုရင့်သွေးမို့ ငါ သည်လည်း ဘုရင်ဖြစ်လာဦးမည်။ ကာသိတိုင်း အရှင်အဖြစ် ရန်သူဆူးခလုတ် တို့ကို မနှုတ်ဘဲ မနေသာ၊ ပြင်းထန်စွာသော အမိန့်တို့ကို ငါ ဆိုရဦးမည်။ မင်းအာဏာကို သုံးလျှင် အမှုကြီးငယ်အလိုက် ဆုံးဖြတ်စီရင်ခြင်း၊ ကြိမ်ဒဏ်၊ ကြိုးဒဏ်၊ ဓားလှံ၊ ပုဆိန်ဒဏ်ပေးခြင်း စသည်ဖြင့် ငါပြုရဦးမည်။

ရန်သူဆူးခလုတ်တို့ကို မနှုတ်ဘဲ မနေသာ။ နှုတ်ပြန်ပါသော်လည်း ငါနှုတ်သည်ကတစ်ခြား၊ ငါ့အား ပြန်လည်ထိုးစိုက်မည့် ဆူးတံကျင်တို့က ဝိုင်းဝိုင်းရံလို့၊ ငရဲကျခံ၊ ဓကန်အပြစ်ဒဏ် ယူရဦးမည်။ သည်လိုနှင့်ပဲ ငရဲဝဲ ကန်တော့အတွင်းမှာ ထင်းကျွန်းတုံးကြီးလို့ ဖန်တလဲလဲ လည်ရ၊ နစ်ရဦးမှာပါ လား။

ဤသို့ ကြံစည်ဆင်ခြင်သော အခိုက်၌ တေမိယကုမာရငယ်၏ အနီး ၌ ငရဲမီးလျှံကို ယခုပင်ချထားသကဲ့သို့ ရှိပြန်သောကြောင့် ကြောက်လှန့်တုန် လှုပ်ခြင်းတို့ အတောမသတ် ဖိစီးကြတော့၏။ ရွှေအဆင်းသို့နှယ် ဝင်းဝင်း ပျို့ပျို့ နှစ်လိုဖွယ်ရှိသော ကိုယ်တော်၏အရောင်အဝါတို့သည် လက်ဖြင့် ဆုပ် ခြေခံရသော ကုမုဒြာကြာနှယ် နွမ်းလျညှိုးလျော်ကာ မျက်လွှာကို အသာချ လျက် မီးအုံးခံကြိမ်အလား၊ မှိန်းစက်နေလေသည်။

*

အဝန်း ယူဇနာ တစ်ထောင်ရှိသော ကာသိကရာဇ်တိုင်း၏ ရွှေနန်း တော်ဝယ် တိမ်လိပ်တိမ်ဆိုင်တို့က အလုံးအရင်းဖြင့် ဆို့ဆီးနေ၏။

ဇာတိဿရဉာဏ်ဖြင့် လားခဲ့ရာဘဝဂတိများကို အဆင့်ဆင့် အောက် မေ့ ဆင်ခြင်ခဲ့သော တစ်လသားအရွယ် တေမိယကုမာရသည် ထီးဖြူရိပ် အောက်ဝယ် မျက်လွှာမေးမှိတ် ပိတ်သည်မဆိုသာသော စက္ခုမြေဖြင့် ငြိမ်သက် စွာ ရှိနေလေသည်။

အပြင်ဘက်တွင် မိုးတစိမ့်စိမ့်ရွာသွန်းလျက် ရှိနေရာမှ ထစ်ချုန်း မိုးခြိမ်း ဟီးသောအသံများနှင့်အတူ မိုးသည်းထန်လာသည်။ နန်းတော် တစ်ခုဝယ် မိုးရေမိုးစက်များဖြင့် မှိုင်းညို့ရီပြာ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိန်းဖြူရိပ်အောက်မှာ တေမိယကုမာရလေးကား မိုးသံလေသံတို့ကို ကြားမိယောင်သကဲ့သို့ အနည်းငယ်မျှ လူးလွန့်ခြင်း မရှိ။

လွန်ခဲ့သော တစ်လကလည်း ဤကဲ့သို့ပင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သေးသည်။ ဤသို့သော မိုးလေသံအကြားမှာပင် ကာသိမင်းကြီး မှူးမတ်နှင့်အညီ စံနေခဲ့ရာ နန်းရင်ပြင်စမုခ်ဦးသို့ သတင်းတစ်ခု ရောက်လာခဲ့၏။

'စန္ဒာဒေဝီမိဖုရားကြီးသည် အန္တရာယ်ဥပါဒ် ကင်းလွတ်ချမ်းမြေ့စွာ လက္ခဏာစုံလင် ဘုန်းရှင်သားကောင်း ဖွားမြင်သန့်စင်ခဲ့ပြီ'

ဟူသော သတင်း။

မင်းကြီးနှင့်တကွ တစ်နန်းတော်လုံး၊ ကာသိတိုင်းအလုံး မိုးရေစက်များနှင့်အပြိုင် ဝမ်းသာကြည်နူး ပျော်ရွှင်မှုတို့ဖြင့် စွတ်စိုခဲ့သော သတင်း။ အဇ္ဈာမှ တူဆင်းလာသော မိုးပေါက်များကြောင့် ကာသိတိုင်းအလုံးခြောက် သွေ့ညှိုးရော်နေသော ပန်းမန်များ လန်းဆန်းလာကြသလို စန္ဒာဒေဝီမိဖုရားကြီး သားတော်လေး ဖွားမြင်ပြီဟူသော သတင်းသည်လည်း မင်းကြီးနှင့်တကွသော တစ်နန်းတော်လုံး၊ တစ်တိုင်းပြည်လုံး၏ ညှိုးလျော်မှုကို ကင်းပစေခဲ့၏။

အကြောင်းမူ မိဖုရားခေါင်ကြီး စန္ဒာဒေဝီမှ အစပြုသော မိဖုရား၊ မောင်းမတို့တွင် ယခင်ယခင်က သားသမီးရတနာတစ်ယောက်မျှ မထွန်းကားခဲ့သောကြောင့် ဖြစ်လေသည်။

ကာသိကရာဇ်မင်းကြီးသည်လည်း မင်းကျင့်တရား ဆယ်ပါးဖြင့် သင်္ဂဟတရား လေးပါးဖြင့်၊ နာယဂုဏ် ခြောက်ပါးဖြင့်၊ ပြည့်စုံခဲ့သည် အမှန်ပင်ဖြစ်၏။ စန္ဒာဒေဝီမိဖုရားကြီးသည်လည်း သာဂလပြည် မဒ္ဒရာဇ်မင်း၏ သမီးတော်တစ်ပါးအနေဖြင့် မိန်းမကောင်းပေါ်ထွန်းရာ မဒ္ဒရာဇ်တိုင်း ဟူသော အဆိုနှင့်အညီ မိန်းမမြတ်တို့၏ ကြန်အင်နှင့်ပြည့်စုံသည်အမှန်ပင် ဖြစ်၏။ တစ်သောင်းခြောက်ထောင်သောအရေအတွက် ရှိကုန်သည့် မောင်းမ ကိုယ်လုပ်အပေါင်းတို့သည်လည်း အဆင်းအင်္ဂါနှင့် ပြည့်စုံကြသည်အမှန် ဖြစ်၏။ သို့ပါလျက် . . . ။

စန္ဒာဒေဝီမိဖုရားကြီးမှ အစပြုလျက် မည်သည့်မိဖုရားတွင်မျှ သားသမီးရတနာ မထွန်းကားခြင်းတည်းဟူသော လစ်ဟာချက်ကြီးတစ်ရပ်က ကာသိတိုင်း၏ ဂုဏ်ကျက်သရေကို ညှိုးငယ်နေခဲ့လေသည်။

တိုင်းသူပြည်သားတို့သည် မင်းရင်ပြင်၌ အညီအညွတ် စုဝေးရောက်ရှိလာခဲ့ကြသည်။ တစ်ညီတစ်ညွတ်တည်းသော အသံဖြင့် ကြွေးကြော်ကြသည်။

'အရှင်မင်းမြတ် . . .





အရှေ့အရပ်ကျွန်းမှ တက်ထွန်းသော နေမင်းသည် ရန်လင်းမှောင်ပြို နေ့ပဟိုရ်ပတ်လုံး ထွန်း၍ မြောက်ကျွန်းသို့ ပြောင်းကြွသောအခါ နန်းလျော်ခဲ့ပြီးနောက် ညဥ့်အချိန် ရောက်ခဲ့သော် လပြည့်ဝန်း ထွန်းပစမြဲဖြစ်ပါ၏။

ဤမင်းနေပြည်ကြီးဝယ် နေစွယ်မကသော အရှင့်ဘုန်းရောင်ခြည် လှည့်လည်ထွန်းပပြီးနောက် ပြောင်းကြွရွေ့စံခဲ့လျှင် ရင်နှစ်သားတောင်ထွန်းပေါ်ပြည့်ရွှန်း လပြည့်ဝန်းကြီးသည် ဆက်ကာပေါ်သင့်ပေါ်အပ်လှပါသည်။

ယခုမူ ထွန်းပရာမမြင် ဆင်ခြင်မျှော်ဆ တိုင်းသူပြည်သူအပေါင်းတို့ သောကမအေး၊ ရတက်ခွေးကြရပါသောကြောင့် အစွန့်ရှည်ဆက်မပျက်ပါစေကြောင်း ကောင်းစွာ သားဆုပန်တော်မူပါ။ အရှင်မင်းမြတ်'

သဲသဲအုတ်အုတ်သော ဤတိုင်းပြည်အသံကို ကာသိမင်းကြီးသည် မင်းမြတ်မင်းကောင်းဖြစ်သည်နှင့်အညီ အနူးအညွတ်နှစ်သိမ့်စေ၍ ငါနှင့်မိဖုရားတို့ သားဆုတောင်းကြမည်ဟု ကတိဆိုခဲ့၏။

ထို့နောက် စန္ဒာဒေဝီ မိဖုရားကြီးမှအပသော ကိုယ်လုပ်မောင်းမတို့ကို နန်းညွန့်နန်းလျာသားစုတောင်းကြဟု အာဏာစက်ဖြင့် ရာဇသံပေးခဲ့လေသည်။

အဆင်းနှင့်ပြည့်စုံသော်လည်း အချင်းဖြင့် မပြည့်ဝကြသေးသော ကိုယ်လုပ်မောင်းမတို့သည် အသီးသီးအသက ကိုးကွယ်ရိုးရှိသည့်အတိုင်း ယုံကြည်ရာ၊ စွဲလန်းရာ နတ်ဒေဝတာတို့အား ပူဇော်တင်ကိုး၍ ရှိခိုးကာ သားဆုတောင်းကြခဲ့၏။

သို့သော် သူတော်ကောင်း အလောင်းအလျာ သန္ဓေတည်ရာထိုက်ခြင်း၏ဖြစ်ကြောင်း အမှန်ဖြစ်ပေသော ကိုယ်စိတ်နှလုံးထိန်းသိမ်းခြင်းကား မရှိခဲ့ကြ။ တော်မိတော်ငြား ကံတရားအလှည့်သင့်မှသာ မ,စဖော်အချို့ရသော နတ်တို့ကိုသာ အမြတ်ပြု၍ ကိုးကွယ်မှားခဲ့ကြသောကြောင့် နောက်ယှက်သော သန္ဓေ၏အန္တရာယ်ကို မကွယ်ကာ မဆီးတားနိုင်ကြ။ တစ်ယောက်သော မောင်းမမျှ သားသမီးမရကြ။

ဤအကြောင်းကို မင်းကြီးသိသောအခါ မိဖုရားခေါင်ကြီး စန္ဒာဒေဝီအား အမှာအကြားဖြင့် 'သားဆုတောင်းလေ'ဟု တိုက်တွန်းလေသည်။

စန္ဒာဒေဝီမိဖုရားကြီးသည် ဤတိုက်တွန်းစကားကို ကြားရသည်နှင့် အောက်မေ့ဆင်ခြင်လိုက်၏။

နေရာမသန့်လျှင် အဘယ်ဘုန်းကံရှင်ဝင်နားအံ့နည်း။

ကိုယ်အကျင့် မမြတ်လျှင် အဘယ်သမ္မာဒေဝတို့ မမည်နည်း။

ဤသို့ တွေးကြံလျက် စန္ဒာဒေဝီသည် ကုသိုလ်ပါရမီအလီလီဝါသနာထုံကပ်လျက် ပါလာသည်ဖြစ်ခြင်း၊ ဖြောင့်မှန်သောအယူရှိ တည် ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



လင်၏ အလိုသို့လိုက်ခြင်း၊ ပဥ္စင်္ဂသီလ၌ မြဲခြင်းစသောအချက်များဖြင့် ပြည့်စုံသည့်အလျောက် ‘ကောင်းပါပြီအရှင်’ ဟု ကြည်လင်ဝမ်းမြောက်စွာ ဝန်ခံခဲ့လေသည်။ ထို့နေ့တွင် ခိဇုရားကြီးသည် လပြည့်နေ့တိုင်း အဋ္ဌင်္ဂသီလဥပုသ်ကို မကျိုးမပေါက် မပြောက်မကျား ဆောက်တည်ခဲ့၏။

ညဉ့်အခါ၌လည်း မင်းသုံးစိုးသင့် မြင့်မြတ်သောနေရာကို အလတ်ထား နိမ့်ညံ့သောနေရာကိုစွန့်ပယ်၊ အခန့်ဝန်ရုံသောစက်မွေ့ရာထက်လျှောင်းထား ငြင်ကြည်စွာ ဆောက်တည်သော ဥပုသ်သီလကို အာရုံပြုလျက် ရှင်လန်းဝမ်းမြောက်ခြင်း မဟာကုသိုလ်စောဖြင့် သားဆုတောင်းလေတော့၏။

၂

စန္ဒာဒေဝီမိဖုရားကြီး၏ သစ္စာစကားနှင့်ဆုတောင်းမှာ တစ်ခုတည်း၌ စွဲစွဲမြဲမြဲ တည်၏။

‘ငါသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို မကျိုးမပေါက်၊ မပြောက်မကြားစေရအောင် စောင့်၏။ ဤမှန်သော သစ္စာစကားကြောင့် ငါ့အား သားဆုပြည့်စေသတည်း’

သီလတန်ခိုး သစ္စာအာနုဘော်သည် လူ့ရပ်ကိုလွန်လျက် တာဝတိံသာနတ်ရွာသို့ ရိုက်ခတ်ခဲ့လေသည်။ ပဏ္ဍုကမ္ဗလာ၏ ပူနွေးတင်းမာသော ထူးခြားမှုကြောင့် သိကြားမင်းဆင်ခြင်တော်မူသော် စန္ဒာဒေဝီမိဖုရားကြီး၏ ဆန္ဒကို ထိုက်တန်သော ဆုပေးအံ့ဟု ဆုံးဖြတ်ရ၏။

မည်သည့်နတ်သားသည် မိဖုရားကြီးအတွက် လျောက်ပတ်သော နတ်သား အဖြစ်သို့ ထိုက်လေသနည်း။

အလောင်းတော်နတ်သားကား ထိုအချိန်ဝယ် တာဝတိံသာ၌ လူတို့အရေအတွက်အားဖြင့် အနှစ် သုံးကုဋေ ခြောက်သန်းတိုင် စံစားပြီး နတ်သက်ကုန်ပြီဖြစ်သော်လည်း ကုသိုလ်အာနုဘော်မကုန်သေးသောကြောင့် အထက်ယာမာပြည်သို့ပြောင်းလဲစံအံ့ဟု နှလုံးသွင်းလျက်နေချေသည်။

သိကြားမင်းသည် ဘုရားအလောင်းတော်နတ်သားထံ ချဉ်းကပ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



'အချင်းနတ်သား၊ အထက်နတ်ပြည်သို့ ပြောင်းလဲစံမည်ဟူသော အကြံသည် စိုးပွားမရှိလွန်း၊ လူ့ပြည်၌ ဖြစ်လျှင်မူ သင်သည် များစွာသော ပါရမီတို့ကို ဖြည့်ရလတ့်၊ ခပ်သိမ်းသောလူတို့လည်း အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းလတ့်။ သခုအခါ ဗရာဏသီပြည် ကာသိကရာဇ်မင်းကြီး၏ မိဖုရား ကြီး စန္ဒာဒေဝီသည် သားကောင်းသားမြတ်ကို ဆုတောင်းပြီ။ မိဖုရားကြီး၏ ဝမ်းကြာတိုက်၌ ဝင်္ငသန္ဓေ ယူစေချင်သည်'

ဘုရားအလောင်းနတ်သားသည် ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံ၏။

မှတစ်ပါးသော အခြား စုတေခါနီး နတ်သားငါးရာတို့ကိုလည်း အင်္ဂြအရံဖြစ်စေခြင်းငှာ ကာသိကရာဇ်မင်း၏ အမှုုအမတ်သား ဖြစ်ကြရမည်ဟု ဝန်ခံစေ၏။

*

ဝဇီရစိန်ရွှဲပြည့်လျှမ်းခြင်းဟူသော စကား၏အဓိပ္ပါယ်မှာ ဤသို့ ဖြစ်၏။ ဝဇီရစိန်သဘောမည်သည် ပိတ်ဆို့ဆီးကားခြင်းကို ဖောက်ထွင်း လျှက် ဖြစ်သွားတတ်သည်။ ထုထပ်စွာ အကာအရံရှိသော တိုက်အိမ်ဖြစ်စေ ကာမူ ဝဇီရစိန်ဖြင့် ပြည့်သည်ရှိသော် ဖန်ခွက်ထဲ၌ ရဲရဲတောက်သော ပတ္တမြား နီကို ထားသကဲ့သို့ ဆီးတားခြင်းမထင်၊ အပြင်ပသို့ထိ အရောင်အဝါ လျှမ်း လျှမ်းကွန့်မြူးထွက်ပေါ်သည်။

စန္ဒာဒေဝီမိဖုရားကြီး၏ အမိနလုံး၌လည်း ဤသို့ပင်မခြားရှိလာ ခဲ့ချေသည်။ ဘုန်းရှိသောသူ ပဋိသန္ဓေစွဲယူသည်ရှိသော် ထိုဝဇီရစိန်ဖြင့် ပြည့်သကဲ့သို့ ဘုန်းရောင်အရှိန်အဝါ ဝင်းဝင်းငြီးမျှ နလုံးအိမ်၌ ထင်လေသည်။

မိမိ၌ ဤသို့ ထူးခြားသောခြင်းရာ ဖြစ်ပေါ်လာပြီဟု သိသည်နှင့် နံနက်မိုးသောက်သောအခါ မိဖုရားကြီးသည် မင်းကြီးအား လျှောက်ကြား အသိပေးလိုက်၏။ မရှေးမနှောင်းသော ခြားနားသည့်အချိန်ကာလများ၌ပင် နတ်သားငါးရာတို့လည်း ကာသိကရာဇ်မင်း၏ အမှုုအမတ်တို့အိမ်၌ သန္ဓေ စွဲယူကြလေသည်။ ရက်လများ လွန်မြောက်ကုန်ဆုံးသွားခဲ့၏။

ပြည့်စုံသော ကိုယ်ဝန် သည် ဆယ်လစေ့လတ်သော် မီးရှုုးသန့်စင် ဖွားမြင်ခဲ့လေသည်။ အလားတူစွာ ထိုနေ့မှာပင် စန္ဒာဒေဝီမိဖုရားကြီး ဖွားမြင်ချိန် နှင့် နာရီနက္ခတ် မတူသောအချိန်များဝယ် ဖွားဘက် ငါးရာတို့သည်လည်း လူ့လောကထဲ ဝင်ရောက်လာကြသည်။

ထူးခြားသော ခြင်းရာဖြစ်ပေါ်သည်ကား ဖွားမြင်တော်မူသော နေ့မှာ





ပင် အဝန်းယူဇနာ တစ်ထောင်ရှိသော ကာသိကရာဇ်တိုင်းအလုံး မိုးကောင်း ထန်စွာ ရွာသွန်းခြင်းပင် ဖြစ်၏။

နန်းတော်၊ စမုခ်ဆောင်၊ ပြာသာဒ်နှင့် မြို့တော်ကြီးအလုံး မိုးစက် များဖြင့် ရွှဲစိုရွှန်းပသွားသည့်နည်းတူ မင်းနှင့် တကွသော ပြည်သားလူထု အားလုံး၏ နလုံးအိမ်မှာလည်း ဝမ်းမြောက်ပျော်ရွှင်ခြင်း မိုးစက်များ ရွှဲစိုရွှန်းပ သွားကြလေသည်။

ကာသိကာရာဇ်မင်းကြီးအား ကြီးစွာသော ဝမ်းမြောက်ခြင်းဖြင့် ဖခင် တည်းဟူသော အရာကိုပင် လွန်အံ့ဖြစ်စေလျက် သားတော်အတွက် နို့ထိန်း အယ မိန်းမများကို နံ့စပ်နားလည်သူများနှင့် တိုင်ပင်ကာ စီမံခန့်ခွဲတော်မူလေ သည်။

မင်းကြီးသည် ဒေါသမလွတ်သော နို့ထိန်းကိုးယောက်၏ ကြန်အင် များအကြောင်း လျှောက်ကြားချက်ကို ပိုင်းခြားနားထောင်တော်မူလေ၏။

'ဘုန်းတော်ကြီးဘုရား။ နို့စို့အရွယ်သူငယ်အဖို့ နို့ထိန်းမိန်းမသူ များ ချထားကြသည်ဆိုပေမယ့် ဒေါသမလွတ်တဲ့ နို့ထိန်းမိန်းမကိုးဦး ရှိပါ တယ် ဘုရား'

'ပထမမှာ အလွန်မြင့်သော မိန်းမမျိုးပါဘုရား။ မြင့်လွန်းသော ကြောင့် ရင်ခွင်မှနေ၍ နို့စို့ရသော သူငယ်မှာ ရင်ခွင်နှင့် စို့ရာအရပ် ကွာလွန်း သဖြင့် တငင်ငင်လှမ်းယူစို့သောက်ရခြင်းများသောကြောင့် သတို့သားငယ် လည်ပင်း ရှည်တတ်ကြောင်းပါဘုရား'

'ဒုတိယမှာ အလွန်နိမ့်သော မိန်းမမျိုးပါဘုရား။ ရင်ခွင်နှင့် နို့စို့ရာ အရပ် နီးကပ်လွန်းသဖြင့် သူငယ်မျက်နှာကို ရင်သားအထိအဖိများလွန်းသဖြင့် သူငယ်၏ လည်ကုပ် တိုတတ်ကြောင်းပါဘုရား'

'တတိယမှာ အလွန်ကြုံသော မိန်းမမျိုးပါဘုရား။ သူငယ်နေရာ ရင်သားမဖြိုး၊ အရိုးသာခုခံတတ်သောကြောင့် နို့စို့သူငယ် ပေါင်တင်ပါး အသားနာကျင်တတ်ကြောင်းပါဘုရား'

'စတုတ္ထမှာ ဆူဖြိုးလွန်းသော မိန်းမမျိုးပါဘုရား၊ အသားတုန်လှုပ် ခြင်း များသောကြောင့် နို့စို့သူငယ် ချေဆွံ့တတ်ကြောင်းပါဘုရား'

'ပဉ္စမမှာ ရင်သားရှည်လွန်းသော မိန်းမမျိုးပါဘုရား။ နို့စို့သူငယ် ၏ နှာတံပေါ်၌ အဖိအထိများခြင်းကြောင့် သူငယ်၏ နှာတံပိစပ်ရှိတတ် ကြောင်းပါဘုရား'

'ဆဋ္ဌမမှာ ညိုမည်းလွန်းသော မိန်းမမျိုးပါ ဘုရား။ သဘာဝ အလျောက် နို့ရည်အေးလွန်းတတ်ကြောင်းပါ ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



'သတ္တမမှာ ဖြူလွန်းသော မိန်းမမျိုးပါဘုရား၊ သဘာ၀အလျောက် နို့ရည်ပုလွန်းတတ်ကြောင်းပါဘုရား'

'အဋ္ဌမမှာ ချောင်းဆိုးစွဲနေသော မိန်းမမျိုးပါ ဘုရား။ သဘာ၀ အလျောက် ချဉ်စူးသော နို့ရည်ရှိတတ်ကြောင်းပါဘုရား'

'နဝမှာ ကုပ်ဟီးနာစွဲသော မိန်းမမျိုးပါဘုရား။ သဘာ၀အလျောက် ခါးသော စပ်သောနို့ရည်ရှိတတ်ကြောင်းပါဘုရား'

မင်းကြီးသည် ဒေါသကိုးပါးမလွတ်သော မိန်းမတို့ကိုရှောင်ကြဉ်၍ ရင်သားအိုး လှခြင်း၊ နို့ရည်၏ မြိန်ယှက်ခြင်း နှစ်ပါးဖြင့် ပြည့်စုံသော အာလမ္ဗသဒ္ဓါအရ စွဲလျားမကျ လှမှန်ရွှန်းပျို နှစ်လိုဖွယ်ထနာ လက္ခာရှိလျက် မြိန်ဆိမ့် ချိုအေးစွာ ကောင်းခြင်းအင်္ဂါရှိသူ နို့ထိန်းမိန်းမ နှစ်ရာ့လေးကျိပ် တို့ကို ရွေးချယ်စေ၏။

ထို့နောက် တစ်နေ့နှင့် တစ်ညဥ့်အတွက် တစ်ရက်လျှင် နာရီပေါင်း ၆၀ မှာ တစ်နာရီတွင် လေးယောက်စီခန့်ထား၍ တစ်ယောက်က မင်းသားငယ်ကို ချီပိုး၊ တစ်ယောက်က ရေချိုး၊ တစ်ယောက် တန်ဆာဆင်၊ တစ်ယောက်က မင်းသားငယ်ကို ရွှင်စေ၊ ယပ်တော်တင်ခြင်းကိစ္စလေးပါးတို့ဖြင့် အလှည့်လှည့် ထိန်းယ ပြုစုစေ၏။

*

နာမကရဏ မင်္ဂလာအချိန်သို့ ရောက်ခဲ့ပြန်၏။

လက္ခဏာဖတ်ပုဏ္ဏားတို့သည် ကြန်အင်လက္ခဏာ အလုံးစုံတို့ကို တစေ့တစ် ကြည့်ရှုဆင်ခြင်လျက် လျှောက်ထားကြသည်။

'ဘုန်းတော်ကြီးဘုရား၏ သားတော်မှာ တစ်စုံတစ်ခုသော အန္တရာယ်အနှောင့်အယှက်မျှ မထင်ပါ။ ဇမ္ဗူဒိပ်ကျွန်းကို ထားဘိဦး၊ ဘုန်းထူးဆင့်ပျိုး ကဲမိုးမြင့်မား စံစားလိုသည်သာ မှန်ပါလျှင် လေးကျွန်းလုံးသခင် စကြာရှင်ပင် ဖြစ်ထိုက်သော ဘုန်းကံရှင်ပါဘုရား'

အတိုင်းမသိ ဝမ်းမြောက်ခြင်းများဖြင့် မင်းကြီးသည် ကိုယ်တော်တိုင်ပင် သားတော်အား အမည်နာမ မှည့်ခေါ်လိုက်လေသည်။

'ငါ့သား ဖွားမြင်သည့်အခါ မင်္ဂလာနေ့အချိန်သမယမှာ သတ္တ၀ါ အပေါင်း ချမ်းသာကြောင်း နိမိတ်အဖြစ် တိုင်းအလုံး မိုးအနံ့ရွာသွန်းလန်းဆန်းစေခဲ့တယ်။ ငါမှစ၍ မှူးတော်မတ်တော်၊ တိုင်းသားပြည်သူအလုံး အေးမြလှတဲ့ ပီတိရည်နဲ့ ဖြန်းဆွတ်စိုပြည်ရှိစေတယ်။ ဒါကြောင့် တစ်ပါးမင်း





သားများလို အဘိုး၊ အဘေး၊ အမည်စသည်နှင့် ဆက်ခံ ဘွဲ့ချည်ရန်မလိုပိသေသကိုယ်ပိုင် အမည်နာမဖြင့်သာ ထွန်းပတည်စေမယ်။ တေမိယကုမာရ မည်စေ'

နေ့ညရက်များ ကုန်ဆုံးသွားခဲ့ပြန်၏။

တေမိယကုမာရ တစ်လသားအရွယ်ရောက်ခဲ့ပေပြီ။

ပွပန်သော နှလုံးအကြံဖြင့် ကုမာရငယ်သည် မှိန်းစက်ငြိမ်သက်နေသည်။ ဤအခြင်းအရာကို မည်သူမျှ မသိ။ သိနိုင်သူလည်း မရှိ။ တေမိယကုမာရငယ်သည် ထီးဖြူရိပ်အောက်ဝယ် ချမ်းသာစွာ အိပ်ပျော်နေသည်ဟု သာ ထင်ကြပေမည်။

သို့သော် ကုမာရငယ်၏ နှလုံးအကြံကို လည်းကောင်း၊ ထိုနှလုံးအကြံ၏ အရှိန်အဝါဖြင့် ပွပန်ခြင်းကိုလည်းကောင်း သိသူတစ်ယောက်ကား ရှိနေ၏။ ထိုသူကား ကုမာရငယ်နှင့် လွန်လေပြီးသော ရှေးသံသရာက အမိဖြစ်ခဲ့ဖူးသော ထီးဖြူတော်စောင့်နတ်သမီးပင် ဖြစ်သည်။ မိခင်တော်စပ်ခဲ့ဖူးသော မေတ္တာဟောင်းတွင် ကုမာရငယ်၏ သနားဖွယ်အဖြစ်ကို မြင်လျက် နတ်သမီးသည် အမိသဖွယ်ပင် ဖန်ဆင်းကာ စကားဆိုလေသည်။

'သားငယ်၊ မကြောက်နဲ့၊ မစိုးရိမ်နဲ့ အထွေထွေအပြားပြားကြံပြီး မပူပန်လေနဲ့၊ ဘာကြောင့် သားငယ်အလိုမပြည့် ဖြစ်ရမှာလဲ။ လောကမှာ သူမလိုသည်ကို လိုအောင်ပြုခြင်းသာ ခက်တယ်။ လိုသည်ကို မလိုအောင်ပြုခြင်းက ခက်သည်မရှိဘူး။ မယ်မယ်စကားကို နားဆင်ပါ'

ထီးဖြူရိပ်အောက်မှ ကုမာရငယ်သည် မိခင်ဖြစ်သူ၏ စကားနှင့် အသံကို ကောင်းစွာ ဆက်သွယ်နားလည်နေသည်။

'ချစ်သား၊ ပြည်စည်းစိမ်က လွတ်မြောက်၊ မင်းဘုရင်ကောင်စ် အဖြစ်ကို အလိုမရှိဘူးဆိုရင် သားရဲ့ကိုယ်ကို အစွမ်းမပြဘဲ နှမ်းလျခံရမယ်။ ဒါကြောင့် မဆွံ့သော်လည်း ဆွံ့အသောအလား၊ နားမထိုင်းသော်လည်း ထိုင်းသောအလား၊ နှုတ်မအသော်လည်း အ သောအလား နေထိုင်ကျင့်ကြံပါ၊ ချစ်သားရဲ့ အလိုပြည့်ပါလိမ့်မယ်'

ဘုရင်ဘ၀ဖြင့် အကုသိုလ်ကို အကြောင်းပြု၍ ပါရမီကုသိုလ်ကို လုပ်ခွင့်ရှိ၊ လုပ်ခွင့်ရသော်လည်း တေမိယကုမာရသည် အကုသိုလ်နှင့်ရောသော ပါရမီကုသိုလ်ကို မလိုချင်၊ ကုသိုလ်ကို အကြောင်းပြုသော အကုသိုလ်နှင့် မရောသော ပါရမီကုသိုလ်ကိုသာ အလိုရှိသူစင်စစ် ဖြစ်သည့်အလျောက် မင်းမဖြစ်ရေးအတွက် အမျိုးမျိုးကြိုးစားစဉ်းစားခဲ့ရာမှ ထီးဖြူစောင်းစောင့်နတ်သမီးငယ်၏ စကားများကို များစွာမှပင် နှစ်ခြိုက်လက်ခံလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုမာရ၏ စိတ်နှလုံးကို ကောင်းစွာသိသော နတ်သမီးသည်လည်း အားရကျေနပ်စွာဖြင့် ထပ်မံဆိုပြန်၏။

'ချစ်သားကုမာရ၊ သူခပ်သိမ်းတို့ နှစ်လိုဖွယ် တင့်တယ်စွာသော ဆောင်ခြည်ရှင် ဥသာရှိတန်ခိုး၊ မျက်ရတနာမျိုးရဲ့ အနှစ်သာရဆိုတာ ဖွင့်လှစ်ပြသကောင်းသေတယ်၊ သို့သော် အခါမတော်ရင် ဖွင့်လှစ်မဖော်ပြသင့်ဘူး။ ချစ်သူချစ်စွာ ဝှက်ဖုံးလို့အသုံးမဝင်သယောင် သိုလှောင်ထားအပ်တယ်။ သူ တစ်ပါးမြင်ရင် အင်္ဂါယုတ်၊ လူသိမ်ပုတ်၊ သမုတ်ချင်သလို သမုတ်ပါစေ။ ယော ဒီနှန်းတွင်းသာမက နန်းပြင်ပရိသတ် လူအများကပါ မောင့်ကို ဆွဲ့အ နားပင်း လူချင်းမတူတဲ့ ကာလကဏ္ဍိရယ်လို့ မမြင်မကြားအောင် မထိမဲ့မြင် မုန်းကြမှ မောင့်အလိုပြည့်မယ် ချစ်သား'

မိခင်၊ ပြည့်စုံကောင်းမြတ်လှတဲ့ နည်းလမ်းကို ညွှန်ပြပေးတဲ့ မိခင် ဟာ ကျွန်ုပ်ရဲ့အကျိုးစီးပွားကို တကယ်တမ်းလိုလားသူ၊ ချစ်ရာရောက်သူဖြစ် ပါပေတယ်။ မိခင်စကားကို ကျွန်ုပ်မှချလိုက်နာပါတယ်'

နတ်တို့၏ တိဟိတ်ပဋိသန္ဓေအရ ကုမာရငယ်၏ အသံမထွက်သော နှလုံးစကားများကို ထီးဖြူစောင့်နတ်သမီး ကောင်းစွာကြားနိုင်သည်။ တေမိ ယကုမာရ အဖို့မှာလည်း တစ်လသားအရွယ်မျှသာ ရှိသော်လည်း အစိန္တေယျ ဖြစ်သော ဘုန်းကံ၏သဘောအရ နတ်သမီးနှင့် ပြောဆိုဆက်သွယ်နိုင်စွမ်းရှိလေ သည်။ အသွင်သဏ္ဌာန်အားဖြင့်သာ တစ်လသားအရွယ် ဖြစ်သော်လည်း အနှစ် သာရအားဖြင့်မူ တေမိယကုမာရ၏ ခန္ဓာသည် အသချေပေါင်းများစွာ ဖြည့် ဆည်းထားသော ပါရမီကုသိုလ်တို့၏ အာနုဘော် ဒြပ်ထု ဖြစ်၏။

အညီအညွတ်ပြောဆိုကြပြီးနောက် နတ်သမီး ကွယ်လေသည်။

*

သားတော်၏ထံပါး၌ အခြွေအရံဖြစ်စေခြင်းငှာ ထားရှိပေးသော အမတ်ငါးရာတို့၏ သား၊ ဘွားဘက်တော် သူငယ်တို့မှာလည်း နို့ထိန်းတစ် ယောက်စီ ရှိနေကြ၏။ သူငယ်တို့သည် ဘဝအတိုင်း နို့စို့ချိန်ကျလတ်သော် နို့ချိုရည်ကို တောင်းဆိုသောအားဖြင့် ဟစ်အော်ငိုကြွေးကြလေသည်။

သူငယ်တို့ထားရှိရာ ခန်းမဆောင်နှင့် စက်ရာပြင်တစ်ဝိုက်ဝယ် အသီး သီးသော သူငယ်တို့၏ တစာစာငိုသံ၊ နို့တောင်းသံများဖြင့် ဆူညံနေ၏။

ရုပ်ခန္ဓာ၏ သဘာဝတောင်းဆိုမှုသည် တေမိယကုမာရ၌လည်း ဖြစ် ပေါ်ခဲ့၏။ နို့ချိုရည်သောက်စို့ရမည့်အချိန် . . .။ ဆာလောင်မွတ်သိပ်လာ





သည့်အချိန်၊ နို့ချိုတောင်းလာသော ကလေးငယ်များ၏ အော်ဟစ်ငိုကြွေးသံ များသည် နို့ချိုသောက်စို့ရခြင်းနှင့်အတူ ငြိမ်သက်သွားကြသည်။ တေမိယ ကုမာရထံမှကား မည်သည့်အသံတစ်စုံတစ်ရာ ထွက်ပေါ်မလာခဲ့။ စက်တော်ရာ ထက်တွင် ပကတိ တိတ်ဆိတ်လျက်။

မွတ်သိပ်သော ဝေဒနာ၊ ဆာလောင်သော ခံစားမှုတို့ဖြင့် ကုမာရငယ် ၏ ဝမ်းဗိုက်သည် ပူလောင်လာ၏။ ရင်အပြင်တို့သည် တင်းမာလာ၏။ လည်ချောင်းတစ်လျှောက်နှင့် အာခံတွင်းဝယ် ခြောက်သွေ့အက်ကွဲလာ၏။ သို့သော် . . .။

တေမိယ . . . သတိထား . . . သတိထား . . . ငရဲဘေး၊ အကုသိုလ်အကျိုးဆက်တွေ . . . သတိထား၊ နို့ရည်ငတ်လို့ လျင်မြန်စွာ ဒီ နေရာမှာပဲ အသက်ဆုံးချင်ဆုံးစေ။ ဒီလိုသေဆုံးခြင်းဟာ မီးလျှံလုံးထက် ကျက် ရတဲ့ ဝေဒနာထက် အဆအရာမြတ်သေးတယ်။ မင်းဖြစ်အုံ့အရေးဆိုတာဟာ တကယ့်ဘေးကြီး တေမိယ။ နို့ငတ်တဲ့ဝေဒနာကို သည်းခံ။ မငိုနဲ့၊ ငိုသံမပြု နဲ့၊ အဆွံ့၊ အပင်း၊ အ,အလို နေစမ်း။

မငိုမကြွေး မလှုပ်မခြောက် ရှိနေသော မင်းသားငယ်၏အသွင်ကို အထိန်းအမတို့ တွေ့သောအခါ နားမလည်နိုင်အောင် ဖြစ်သွားကြ၏။ ဖွား ဘက်သူငယ် ငါးရာလုံးလုံးတို့မှာ အချိန်ကျသောအခါ ဆာလောင်ခြင်းကို ကြွေးကြော် ဖော်ပြသောအားဖြင့် တစာစာငိုလျက် နို့ချိုတောင်းခံကာ နို့ချို သောက်စို့ခဲ့ကြပြီ။

ကုမာရငယ်ကား မလှုပ်မခြောက်၊ ရုပ်ဆင်းသွင်ပြင်လက္ခဏာအား ဖြင့်လည်း ရောဂါအနာ တစ်စုံတစ်ခုမျှရှိသော အခြင်းအရာကို မတွေ့ရ။ နောက် ဆုံး မတွေးမဆနိုင်တော့သဖြင့် မယ်တော်မိဖုရားကြီးထံ လျှောက်တင်လိုက်ကြ လေသည်။

စန္ဒာဒေဝီမိဖုရားကြီးသည် မဆိုင်းမတွပင် ရောက်လာ၏။

စက်ရာ ထက်မှ သားငယ်ကို ထိတွေ့ပွေ့ကိုင်သည်။ မိခင်တို့၏ ရင်မှ ဘာသာစကား ဖြင့် အသံဖြင့် ချော့မြူသည်။ သို့သော် ချော့မြူစကားတို့ ရုပ်တန့်သွားကာ

'အို . . . သားငယ်၊ ဘယ်လိုပါလိမ့်၊ နို့ရည်သောက်စို့ချိန်မှာမွတ် သိပ်ခြင်းကိုလဲ မပြ။ ဆာလောင်ခြင်းအတွက်လည်း သူငယ်တို့ဘာဝ မငိုကြွေး၊ စိုက်မိစိုက်ရာ စိန်းစိန်းပါအောင် ကြည့်လို့သာနေပါကလား။ မျက်ဝန်းတွေ ကိုလည်း မလှည့်မသိမ်း။ မယ်မယ်ကိုယ်တိုင် အထိန်းအမလုပ်ပြီး ချော့မြူ တာကိုလည်း အရေးမထားပါလား'



www.burmeseclassic.com

www.burmeseclassic.com



စန္ဒာဒေဝီ မိဖုရားကြီးသည် မိမိကိုယ်တိုင် နားမလည်နိုင်သည့် အဆုံးအောင်တော်မင်းကြီးအား လျှောက်တော့သည်။

ကာသိကရာဇ်မင်းကြီးသည်လည်း အချိန်မဆိုင်းဘဲ ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

'သားတော်ရဲ့ ဖြစ်ပုံ အကြောင်းအခွင့်ကို တွေးဆစဉ်းစားကြည့်နေလို့တော့ အမှန်သိရမှာ မဟုတ်ဘူး။ ဆရာပုရောဟိတ်တွေကိုသာ နိမိတ်ကြည့်ပြီး ဖတ်ခိုင်းမှ သိနိုင်လိမ့်မယ်'

ပုရောဟိတ်ပဏ္ဍိတ်များလည်း လက်စွဲရင်းရှိသော နိမိတ်ကျမ်း၊ မင်္ဂလာကျမ်း စသည်များဖြင့် ညှိနှိုင်း တိုက်ဆိုင်ကြည့်ကြ၏။ သို့သော် အတွင်းအပ အန္တရာယ် ရှိဖွယ်လက္ခဏာကိုလည်း မမြင်။ ကုမာရငယ်၏ ရုပ်သွင်၌လည်း ရောဂါဝေဒနာတစ်စုံတစ်ရာ ကပ်ငြိသည်လည်း မတွေ့။ မည်သည့်အထောက်အထားကိုမျှလည်း ထင်ရှားသိရှိ ဖတ်ကြား၍ မရကြ။

ထို့ကြောင့် ပုရောဟိတ် အချင်းချင်း ညှိနှိုင်းလျက် တွေးဆချက်တစ်ခုကိုသာ အခြေပြု၍ လျှောက်တင်လိုက်ကြသည်။

'အရှင်မင်းကြီးရဲ့သားတော်မှာ ဖြစ်ပေါ်နေတဲ့ခြင်းရာကို ကျမ်းလာအတိုင်း ထောက်ရှုတဲ့အခါမှာ အခုလို မတုန်မလှုပ်ဖြစ်နေခြင်းဟာ အတွင်းအပ အန္တရာယ်ကြောင့်မဟုတ်ပါ။ သူငယ်တို့ဓလေ့ ရှုမိရှုရာ စိတ်စွဲလို့ အဲဒီ အာရုံတစ်ခုခုကို ခုံမင်ကပ်ငြိနေခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့် ငတ်မွတ်ခြင်း၊ ဆာလောင်ခြင်းကို အာရုံမကပ်နိုင်ဖြစ်နေတာပါ။ ဒါကြောင့် မငိုကြွေးဘဲ ရှိနေတာပါ'

'ဒါဖြင့် ဘာလုပ်ကြမတုန်း ပုရောဟိတ်တို့'

'အရှည်အကြာ အချိန်အခါကို ဆွဲပြီး၊ နို့ရည်တိုက်ကျွေးမြဲ ကာလလွန်အောင် ဆက်ထားလိုက်ပါ။ ကိုယ်ခန္ဓာမှာ အာဟာရပြတ်ပြီဆိုရင် တစ်ပါးသော အာရုံအစွဲအလန်းမှာ စိတ်အမျှင်တန်းနိုင်တော့မှာ မဟုတ်ပါ။ မွတ်သိပ်ခြင်းဆီသို့ စိတ်ပြန်ကပ်ပြီး ငိုကြွေးတောင်းခံလာပါလိမ့်မယ်။ အဲဒီ အခါကျမှ နို့ချိုရည်တိုက်ကျွေးရင် ပျော်ပျော်ကြီးသောက်စို့ပါလိမ့်မယ် အရှင်မင်းကြီး'

'ကောင်းပြီ၊ သင့်မြတ်တဲ့ ဖြေရှင်းမှုပေပဲ'

ဒါကြောင့် ခမည်းတော် ကာသိကရာဇ်မင်းကြီး၏ အမိန့်ဖြင့် ထိုနေ့မှ အစပြု၍ နို့တိုက်ချိန်ကို ပြောင်းလဲပစ်လိုက်ကြ၏။ ယခင်အခါ လေးယောက်စုအလှည့်၊ နို့ထိန်းပေါင်း ခြောက်ဆယ်ကို မောင်းသံတစ်ချက်ချီ တစ်နာရီပြည့်တိုင်း ပြည့်တိုင်း တစ်ကြိမ် တစ်ကြိမ် အလှည့်ယူတိုက်မြဲ ဖြစ်သည်။

ယခုအခါ ထိုအချိန်အတိုင်းအခြားကို ငံ့ဆွဲ၍ တစ်မောင်းခြား နို့ငတ်





ထားလိုက်ကြ၏။ အခြေအနေကား ထူးခြားမလာပေ။ ထို့ကြောင့် နှစ်မောင်းခြား၊ သုံးမောင်းခြား ငံ့ဆွဲပြန်၏။ ကုမာရငယ်ထံမှ မည်သည့်အသံမျှ ထွက်မလာခဲ့။ တစ်ပဟိုရ်ခြား၊ နှစ်ပဟိုရ်။ တစ်နေ့ပတ်လုံး နို့ချိုတိုက်မပေး။ အရေးစမ်းကြပြန်၏။ တစ်စိုးတစ်စီသော ညည်းသံအဲ့သံမျှ ထွက်ပေါ်မလာခဲ့။

မွတ်သိပ်ဆာလောင်ခြင်းကား တစ်လသားကျော်အရွယ် ကုမာရငယ်၏ ခန္ဓာကို နှိပ်စက်ကြပေပြီ။ သို့သော် . . .

'သတိထား . . . သတိထား . . . တေမိယ . . . မင်းစည်းစိမ်၊ မင်းအာဏာ၊ ဘုရင်၊ ရာဇပလ္လင်၊ မင်းကြုံခဲ့ရဖူးပြီ။ အကုသိုလ် ရောနှောတဲ့ ပါရမီကုသိုလ် . . . ၊ ငရဲမီးလျှံ . . . သတိထား ကြောက်ဖွယ်ပါလား'

ငိုသံမပြု၊ ပကတိ မတုန်မလှုပ် ရှိချေသော သား၏အဖြစ်ကို မခံမရပ်နိုင်တော့သူကား မယ်တော်ကြီးဖြစ်လေသည်။ ငါ့သား နို့ငတ်လှပါသကောဟု ယူကြုံးမရဆိုလျက် ကိုယ်တိုင်လည်း တိုက်ကျွေး၏။ နို့ထိန်းတို့အားလည်း တိုက်စေ၏။

ဤအခါများတွင် ကုမာရငယ်သည် အာခံတွင်းသို့ရောက်လာသော နို့ချိုရည်ကိုသာ သုံးဆောင်၏။ အခြားသော သူငယ်တို့လို အလိုအလျောက် လက်ခြေ စသည်ဖြင့် မသိမ်းယူ။ နို့ချိုသောက်သုံးပြီးသောအခါမှာလည်း မှိန်းမှိန်းယှက်ယှက် အိပ်စက်ခြင်းလည်း မပြု။

အမြူအချော့ မေးခေါ်သော်လည်း မကြားသယောင်သဖွယ် တိမ်းဖယ်လှည့်၍ ချော့မြူသည်ကိုပင် မကြည့်။ အထိန်းအယတို့ထားတိုင်းသော ခြေလက် ကိုယ်ခေါင်း ဣရိယာပုတ်ဖြင့်သာ ပကတိ ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၃

အမိဋ္ဌာနပါရမီကို အရင်းခံသည့် နိက္ခမပါရမီ စသော ပရမတ္ထ ပါရမီတို့ကို ဖြည့်ဆည်းခြင်း၏ အခင်းအကျင်းကား နိဒါန်းစခဲ့ပေပြီ။

'ငါသည် အဆွံ့၊ အ,အ၊ အပင်း တည်းဟူသော ဤအင်္ဂါသုံးတန်ဖြင့်သာ မယိမ်းမယိုင်၊ မရွေ့မလျော တည်နေတော့အံ့'

ပါရမီမြောက်လုပ်ငန်း၏ အတိမ်အနက်ကို လည်းကောင်း၊ သဘောသဘာဝကိုလည်းကောင်း၊ သိနိုင်စွမ်းမရှိကြသော အခြားသူတို့မှာကား တေမိယကုမာရကို မည်သို့မျှ နားမလည်နိုင် ဖြစ်ကြတော့သည်။

အနီးကပ်ဆုံးဖြစ်သော အထိန်းတော်များမှာ အဝေးဆုံးသူများဖြစ်နေကြ၏။

'သခင့်သားဟာ လုံးဝ မတုန်မလှုပ် ရှိနေကြတော့တယ်။ အဆွံ့၊ အ,အ၊ အပင်းတို့လိုပဲ။ ဒါပေမယ့် သခင်သားကို ကြည့်လေ။ လက်ခြေတွေဟာ ဆွံ့အနေသူနဲ့ မတူဘူး။ မေး၊ နှုတ်ခမ်းတွေဟာလည်း အ,နေသူနဲ့ မတူဘူး။ နားအုံ နားရင်းများကလည်း ပင်းနေသူတွေလို မဟုတ်ဘူး။ ပကတိတင့်တယ်တဲ့ ကိုယ်အင်္ဂါများနဲ့ ညီညွတ်ပြေပြစ်စွာ ရှိနေတယ်။ ဆွံ့အသူ ပင်းနေသူတို့ရဲ့လက္ခဏာများ နည်းနည်းလေးမှ မရှိဘူး။ ဒါပေမယ့် တစ်လသားအရွယ်ကျော်ခဲ့ပြီးမှ အင်း တစ်လပြည့်ပြီးကတည်းကပါပဲ။ အပြုအမူတွေ ထူးခြား





လှတယ်။ ဘယ်လိုအကြောင်းကြောင့်လဲဆိုတာ တို့များတော့ မမှန်းဆနိုင်တော့ဘူး'

'တို့များ မမှန်းဆနိုင်တာ ထားပါတော့။ ဒီနန်းတော်ကြီးမှာ ပညာရှိ ပုဂ္ဂိုလ်ကြီးတွေ အပြည့်မဟုတ်လား။ အကြံကြီး ဉာဏ်ကြီး ကဝိကြီးတွေ ဘုရင်မင်းမြတ်အပါးမှာ ခစားလို့ မဟုတ်လား။ တစ်ခုမဟုတ် တစ်ခုတော့ အကြောင်းအဖြေထွက်ပေါ်ရမှာပေါ့။ အမျိုးမျိုးလှည့်ပြီး စမ်းသပ်ကြည့်ဖို့ သင့်တယ်။ သခင့်သား အလိုတော်ကို စမ်းကြည့်ရင် ကောင်းမယ်'

ကာသိကရာဇ်မင်းကြီးအား သံတော်ဦး တင်ကြပြန်၏။

မင်းကြီးလည်း ပညာရှိများနှင့် တိုင်ပင်ကာ ကနဦးသောအဖြေကိုပင် ထုတ်ယူတွက်ချက် ရရှိခဲ့သည်။

'သားတော်ဟာ တစ်လကျော် အရွယ်ပဲ ရှိသေးတယ်။ ဒီအရွယ်အပိုင်းအခြားမှာ အလိုဆန္ဒဟာ နှစ်ခုမရှိ။ တစ်ခုသာ ရှိတယ်။ အဲဒါကတော့ အစာအဟာရပဲ။ စမ်းသပ်ကြည့်မယ်ဆိုရင်လည်း ဒီကလေးငယ်ရဲ့ အာဟာရနို့ရည်နဲ့သာ စမ်းသပ်ကြည့်ရမယ်။ တစ်နေ့လုံး တစ်နေ့လုံးသာ နို့ငတ်ထားပြီး စမ်းသပ်ကြည့်ကြ၊ မခံမရပ်နိုင်တဲ့ တစ်ချိန်မှာ အဖြေပေါ်လာလိမ့်မယ်'

မည်သို့မျှ ထူးခြားမလာသော စမ်းသပ်မှုပင် ဖြစ်လေသည်။

နို့ရည်ဖြင့်သာ နေထိုင်ရမည့် အရွယ်တွင် နို့ငတ်ထားခြင်းသည် ကြီးစွာသော ထိုးနှက်မှုပင်ဖြစ်တော့၏။ သို့သော် အမိဋ္ဌာနပါရမီကို မြဲမြဲကြီး စိုက်ထူပြီး ဖြစ်သော ကုမာရငယ်အဖို့ကား ငရဲဘေးကိုသာ ရှုလျက် မလှုပ်မယှက် ရှိနေ၏။

မယ်တော်ကြီးကလည်း မရှုရက် မမြင်ရက်ဖြစ်ကာ ရံခါကိုယ်တိုင် တိုက်ကျွေးခြင်း၊ ရံခါနို့ထိန်းများအား တိုက်ကျွေးစေခြင်းဖြင့် စမ်းသပ်မှုအကြားသို့ ဝင်ရောက်ခဲ့သည်။ ဤသို့ဖြင့်ပင် တစ်နှစ်ကာလ ကုန်လွန်ခဲ့၏။

ပညာရှိ မှူးမတ်တို့လည်း မင်းကြီးအား လျှောက်ကြားကြပြန်သည်။

'အရှင်၊ သားတော်ရဲ့ အလိုကို အရွယ်အခါ သဘာဝလိုက်လို့၊ နို့ရည်နဲ့ စမ်းသပ်ခဲ့တာ တစ်နှစ်ရှိပါပြီ။ သည်တစ်နှစ်အတွင်း မည်သည့်လ၊ မည်သည့်ရက်မှာမှ အချက်မသင့် အခွင့်မရနိုင်ခဲ့ပါ။ ထူးခြားမှုတစ်ခုတစ်လေမှ ထွက်ပေါ်မလာခဲ့ပါ။ ယခုအခါ နှစ်လည်ခဲ့ပြီဖြစ်တဲ့အတွက် အလိုစမ်းရန် နောက်တစ်နည်းကို စီရင်စဉ်းစားသင့်ပါပြီ'

'အခါလည်ကျော်ခဲ့ပြီးတဲ့ ကလေးသူငယ်တို့ရဲ့ ဝေလေ့ ဘယ်သို့ရှိသလဲ၊ အမတ်ပညာရှိတို့'



www.burmeseclassic.com

www.burmeseclassic.com



'တစ်နှင်းအခါလည်ကျော် ကလေးသူငယ်တို့ ဓမ္မတာသဘောမှာ တွေ့မြင်ရာ အစာမျိုးကို အဆိုးအကောင်းမရွေး ဆုပ်လွေးကိုက်ခဲချင်မြဲ ဖြစ်ပါတယ် အရှင်မင်းကြီး၊ သားတော်ငယ်ဟာလည်း ကလေးသူငယ်တကာတို့ ဓမ္မတာပြုကျင့်မြဲအနေ လမ်းလွဲသွေဖီသွားစရာ လုံးဝမရှိပါ'

ဘာသိကရာဇ်မင်းကြီး အနည်းငယ် စဉ်းစားကာ ခေါင်းညိတ်သည်၊

'တစ်နှစ်အခါလည်ကျော်အရွယ် သဘောအရ ခံတွင်းနုနုမှာ သွားပေါ်စသာ ဖြစ်ပါတယ်။ ဒါကြောင့် မာကြောတဲ့ အစာမျိုး၊ မသိမ့်မွေ့တဲ့ အစာမျိုးနဲ့ မထေ့ာတ်ပတ်ပါ။ နူးနူးညံ့ညံ့နဲ့ အရသာကောင်းကောင်း၊ ရနံ့သင်းသင်းနဲ့ မဆောင့်ရဲနိုင်စရာ မုန့်ခဲဘွယ်စီရင်ပြီး တစ်ခါမသုံး တစ်ခါသုံး နှလုံးအလိုတော် စမ်းသပ်သင့်ပါတယ်'

'ကောင်းပြီ၊ ဆိုင်ရာ စားတော်ကဲ စားဖိုမှူးများနဲ့ စီရင်ပြီး စမ်းသပ်ကြ'

*

နန်းရင်ပြင်၏ သီးသန့်အဆောင်တော်အတွင်းဝယ် ထူးခြားသော အစီအမံများဖြင့် ခင်းကျင်းထား၏။ အထူးခြားဆုံးကား တစ်ဆောင်လုံး သင်းထုံ့သော ရသာနံ့များဖြင့် ကြိုင်လှောက်နေခြင်းပင်။

သကာ၊ သကြား၊ ပျားရည်၊ တင်လဲ၊ နို့မမ်းတို့ဖြင့် ပြုလုပ်စီရင်အပ်သော အဆိမ့်၊ အချိုမုန့်မျိုးစုံတို့သည် အထူးထူးသော စွဲဆောင်မှုတို့ဖြင့် စီရရီရှိနေကြသည်။

ပုံသဏ္ဌာန်များမှာလည်း အဆုပ်အခဲ အလုံးအဝိုင်း မျိုးစုံအောင် ဖန်တီးထားသည်။ အဆင်းအရောင်အားဖြင့်လည်း မြင်ရုံနှင့်ပင် စားချင်သဖွယ် ပန်းရောင်၊ စိမ်းနုရောင်၊ ဝါနုရောင်၊ အဖြူရောင်၊ အနီရောင်၊ အရောင်အသွေး စုံလင်လှသည်။

ထိုမုန့်ခဲဘွယ်မျိုးစုံတို့နှင့် မနီးမဝေးတွင် တေမိယကုမာရနှင့် ဘွားဘက်အမတ်သား ငါးရာတို့ကို သင့်သလို ထားရှိကြ၏။ မုန့်ပင်လယ်၊ မုန့်သမုဒ္ဒရာပြင်ရှိရာသို့ ကလေးများကို ခေါ်ဆောင်လာကာ သင့်ရာထားပြီးနောက် အထိန်းအယအပေါင်းတို့သည် တစ်ယောက်မကျန် ခန်းဆောင်တွင်းမှ ထွက်ခွာကာ တစ်နေရာမှ ပုန်းကွယ်စောင့်ဆိုင်းလိုက်ကြသည်။ မုန့်ခဲဘွယ် အဆောင်ကြီးကား မကြာခင်ပင် ရှုပ်ထွေးဆူညံသွား၏။





အခါလည်ကျော် သူငယ်များသည် ဝမ်းမြောက်ပျော်ရွှင်စွာ မုန့်မျိုးစုံကို အလုမ်းမီရာ ယူငယ်နိုက်ဆုပ်လိုက်ကြသည်။ နှုတ်ခံတွင်းထဲ သွင်းသူကသွင်း၊ လက်နှစ်ဖက်ဖြင့် ထိုးဖွကိုင်ဆုပ်၊ ပါးစပ်ထဲလည်းဝါး၊ လက်က လည်း မလွှတ်တမ်း၊ ငြင်းခုန်တွန်းလှဲ၊ လုယက်မာန်ဖီကြ၊ လဲပြိုသူ၊ ငိုကြွေးသူ၊ အားပါးတရထိုင်ရာမထ စားသူ၊ ပါးလုပ်ပါးလောင်း၊ မျက်နှာ ပါးနားရွှက် လက်တံတောင်လူးပေ၊ အော်ဟစ်ရယ်မော၊ လက်ခုပ်သောသော ပျော်သူ ရွှင်သူ ငိုသူ အော်သူ . . .

ကလေးတို့သဘာဝ ချစ်စဖွယ်ရှိလေသော ထိုရှုပ်ရှုပ်ထွေးထွေး ကလေးတို့၏ မုန့်ပွဲသဘင်ကြီးဝယ် . . .

ပြကတေ့ငြိမ်သက်၊ တစ်ရွေ့တစ်ဈေ့မှ မလှုပ်သူကား တေမိယ ကုမာရ။

ကုမာရသူငယ်သည် စိတ်တွင်းမှ အသံဖြင့် မိမိကိုယ်မိမိ အခါ မလပ် စကားပြော၏။

'သတိထား တေမိယ၊ သတိထား။ ဟောဒီလို မုန့်အရသာမျိုးကဲ့သို့သော အရသာချိုချဉ်ခဲဘွယ်ပေါင်းစုံတို့ကို အစမထင်ဘဲ သံသရာမှာ မရေမတွက်နိုင်လောက်အောင် မင်းစားခဲ့ပြီ၊ နောင်သံသရာလည်း ဘယ်တော့ဆုံးမယ် မသိ။ သည်မျှမကျတဲ့ အရသာတို့ကိုပင် မင်းစားရဦးမှာ မုချ။ သံသရာဝဋ် မလွှတ်သေးသရွေ့ မီးလျှံထဲမှာ ငရဲအရှိန်ကို စည်းစိမ်လို့ထင်ပြီး မင်းခံလိုသလား။ ဟောဒီမုန့်ခဲဘွယ်များဟာ အပယ်တံခါးရဲ့ လမ်းစဖြစ်ကြောင်း မင်းဆင်ခြင်၊ မြင်အောင်ကြည့်။ ငရဲကိုမလို၊ အပါယ်ဘေးကို ကြောက်သလား။ ကြောက်တယ်ဆိုရင်ဖြင့် အဲဒီမုန့်ခဲဘွယ်တွေကို မခင်မင်နဲ့၊ ရသာ တဏှာကို မလိုက်နဲ့၊ သတိထား တေမိယ သတိထား'

ကလေးသူငယ်တို့ကား မုန့်များကို လုယက်ကာ ပလုပ်ပလောင်း စားနေကြဆဲ။ ဆူညံပျော်ရွှင်နေကြဆဲ၊ တွန်းထိုးပုတ်ခတ်ကြဆဲ၊ ငိုကြွေးဟစ်အော်နေကြဆဲ။

'သတိထား . . . တေမိယ၊ သတိထား။ မျက်စိနဲ့ ရူပါရုံ ထိတွေ့ပြီဆိုရင် ရသာတဏှာ ပေါ်လာတတ်တယ်။ အဆင်းရနံ့တို့ရဲ့ ကြီးမားသော စွဲဆောင်မှုနဲ့ တက်မက်ခြင်းကြီးတဲ့ တဏှာတို့ပေါင်းစပ်မိတဲ့အခါ နှိမ်နင်းဖို့ အင်မတန်ခက်ခဲလှတဲ့ ရသာတဏှာပေါ်လာမယ်။ သမာဓိ အငြိမ်ပအသက် မပျက်မခံလေနဲ့၊ မတပ်နဲ့ မမင်နဲ့ မကြင်နဲ့။ ဒါကြောင့် မမြင်မိစေနဲ့ တေမိယ'

ကုမာရငယ်သည် ရှင်းရှင်းသန့်သန့် ကွာခြားစေလိုသဖြင့် မုန့်ခဲဘွယ်များကိုလည်း လှည့်၍မကြည့်။ ငဲ့၍မဆောင်း။ ပြုမိရာသော ပြကတေ့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ထားဖြင့်သာ တည်ကြည်မှုကို ဖြစ်စေသည်။ ဤတွင် အထိန်းတော်ကြီးတို့သည် ပုန်းကွယ်ရာမှ ထွက်လာကာ ကုမာရငယ်၏ လက်အတွင်းသို့ မုန့်အနည်းငယ် ထည့်ပေးလိုက်ကြသည်။ မိမိတို့ကိုယ်တိုင်ကလည်း မုန့်များကို ကိုင်ကာ ဖဲ့ချေကာ မြိန်ရည်ယှက်ရည်စားပြလျက် စားရင်းဖြင့်လည်း–

'ချိုလိုက်တဲ့မုန့်၊ ဆိမ့်လိုက်တဲ့အရသာ'

စသည်ဖြင့် အားပါးတရ ဆိုကြသည်။

ကုမာရငယ်ကား ပကတိသော ငြိမ်သက်တိတ်ဆိတ်ခြင်း။

မကြည့်ရက်တော့သော မယ်တော်ကြီးက သားငယ်၏ ခံတွင်းထဲသို့ အရောက်ခွံ့တော့မှပင် မယွင်းမချို့သော ဣန္ဒြေဖြင့် စားသောက်ခြင်းအမှု ပြု၏။ တပ်မက်ခုံမင်စွာ အရသာချိုဆိမ့်ကို နှစ်ခြိုက်စွာဖြင့် စားသောက်ခြင်းကား အလျှင်းမရှိ။

ဤသို့ဖြင့် ဤစမ်းသပ်မှုသည်လည်း ရံဖန်ရံခါ တစ်နေ့ပတ်လုံး တစ်နှစ်ပတ်လုံး တိုင်တိုင်ကြာမြင့်ခဲ့လေသည်။ မင်းကြီးနှင့် မှူးမတ်များတိုင်ပင်ကြပြန်သည်။

'ကိုင်း အကျိုးမရောက်၊ အရာမထင်ဘူး။ နောက်ထပ် ဘယ်လိုစမ်းသပ်ကြဦးမလဲ'

'နှစ်ခါလည်ကျော်ပြီးသော သူငယ်များရဲ့သဘာဝဟာ အစားကိုပိုပြီး ခုံမင်လာပါတယ်၊ အရှင်မင်းကြီး၊ ဒီအရွယ်မှာ ကလေးရဲ့သွားတွေဟာလည်း ခိုင်ခံ့မာကြောနေပြီ ဖြစ်ပါတယ်၊ ဒီသဘာဝအရ နှစ်ခါလည်ကျော်သူငယ်တို့ အနှစ်သက်ဆုံးကတော့ သစ်သီးခဲဖွယ်ပဲ ဖြစ်ပါတယ်'

'မှန်ပါတယ် အရှင်မင်းကြီး ဒီအရွယ်မှာ ကလေးသူငယ်တို့ဟာ သစ်သီးခဲဖွယ်ကိုကြိုက်လှတာမို့ အငယ်အကြီး ဘယ်သစ်သီးမဆို လှမ်းယူကိုက်ခဲပြမြဲ ဓမ္မတာဖြစ်ပါတယ်၊ ဒါကြောင့် စားကောင်းသမျှ သစ်သီးအချို အချဉ်ကြီးငယ်မရွေးတို့နဲ့ ရှေးနည်းမတူ တစ်မူထူးခြား အလိုစမ်းသင့်ပါတယ်'

ရာသီအလိုက်ပေါ်သော သီးနှံများကို စီစဉ်ကြပြန်သည်။

သရက်၊ ပိန္နဲ၊ နနွဲ၊ သစ်မည်စည်၊ သလဲ၊ တည်သီး၊ သစ်ကျား၊ စပျစ်၊ ပန်းသီး၊ ငှက် ပျော၊ အုန်း၊ မာလကာ စားကောင်းသမျှသော သစ်သီးတို့ကို တိုင်းပြည်၏ အကောင်းဆုံးဥယျာဉ်ခြံများမှ လက်ရွေးစင် စုဆောင်းကြ၏။

ထို့နောက် ခန်းမဆောင်ထဲတွင် တေမိယကုမာရနှင့်တကွသော နှစ်နှစ်သားကျော်အရွယ် ဘွားဘက်တော်သူငယ်ငါးရာတို့ကို ထားကာ ယမန်နှစ်ကကဲ့သို့ပင် အလိုစမ်းကြပြန်သည်။





နှစ်ခါလည်ကျော်ခဲ့ပြီဖြစ်သော ကလေးသူငယ်တို့သဘာဝ အစားအသောက်၌လည်း ပို၍ခုံမင်၊ သွားများလည်း အစုံအစေ့ခံ့ကျန်းလာကြပြီ ဖြစ်လေရာ၊

ခန်းမဆောင်အတွင်း၌ လုယူမြိန်ယှက် နှစ်သက်ရွှင်လန်းစွာ ကိုက်ကြ၊ ဝါးကြ၊ စားသောက်ကြလေသည်။ တေမိယကုမာရငယ်ကား သစ်သီးဝလံတို့မှ ဖြားယောင်းသွေးဆောင်အပ်သော အဆင်း၏ လှခြင်း၊ ရနံ့၏ မွှေးခြင်း၊ အရသာ၏ ချိုချဉ်ကောင်းမွန်ခြင်းတို့ကို သည်းခံကာ ပြကတေ့သော ငြိမ်ဆိတ်မှုတံတိုင်းဖြင့် မတုန်မလှုပ်ရှိဆဲ။

'သတိထား တေမိယ၊ သတိထား၊ သံသရာတစ်ဘဝက မိခင်တော်စပ်ခဲ့ဖူးသူ နတ်သမီးရဲ့သတိပေးစကားကို ကြားယောင်နေ၊ မင်းရှေ့မှာ ဖြန့်စီခင်းကျင်းထားတဲ့ သစ်သီးဝလံတွေဟာ သူတို့ရဲ့အဆင်းအနံ့အရသာများနဲ့ မင်းရဲ့ရသတဏှာကို နှိုးဆွ၊ တဏှာနောက်သို့လိုက်ပါ၊ တစ်ကိုက်စာမျှ မင်းယူစားမယ်ဆိုရင် အဲဒီအစားတစ်လုပ် တစ်ဖဲ့၊ တစ်ကိုက်သည်ပင်လျှင် ငရဲပြည်ကို ဆင်းမယ့် ပထမဆုံးလှေကားထစ်ပဲ သတိထား၊ သည်းခံ၊ လျစ်လျူပြု၊ မင်းဟာ အဆွံ့၊ အ,အ၊ အပင်း'

ဆယ့်နှစ်လတာ ကာလပတ်လုံး အလှည့်ကျပေါ်သော ရာသီစာသစ်သီးများ၏ ဖမ်းစားနှောင်ဖွဲ့မှုကို ရန်းဖယ်ရင်း တစ်လပြီးတစ်လ ကုန်ဆုံးခဲ့ပြန်၏။

ဤတစ်နှစ်ပတ်လုံးပင် အကြိမ်များစွာ စမ်းသပ်ကြသော်လည်း ထူးခြားမှု လုံးဝမရှိ။

ကာသိကရာဇ်မင်းကြီးနှင့် မှူးမတ်ပဏ္ဍိတ်များသည် ထိုတစ်နှစ်၏ အဆုံးသတ်ကာလဝယ် စည်းဝေးတိုင်ပင်ကြရပြန်လေသည်။

'သုံးခါလည်ကျော်သော သူငယ်တို့ရဲ့သဘာဝဟာ ဘာလဲအမတ်တို့'

'အရှင်မင်းကြီး နို့ရည်၊ မုန့်ခဲဖွယ်၊ သစ်သီးဝလံစတဲ့ အစားအသောက်များကို ခုံမင်တပ်မက်ခြင်းသဘာဝကို ကလေးတို့လွန်ခဲ့ပါပြီ၊ သုံးနှစ်ကျော်လို့ လေးနှစ်ထဲရောက်လာတဲ့သူငယ်တို့ရဲ့ အပြင်းပြဆုံးဆန္ဒနဲ့ ဓမ္မတာ ဝေလေ့ကတော့ ဆော့ကစားခြင်းပဲ ဖြစ်ပါတယ်'

'ကလေးသူငယ်များဟာ စားခြင်းနဲ့ဆော့ကစားခြင်းကို အတူတူပဲခုံမင်ကြတယ် မဟုတ်လား'

'လေးနှစ်အတွင်း သူငယ်များအဖို့ကတော့ ကစားစရာအရုပ်များနဲ့ ဆော့ကစားရခြင်းကို ပြင်းပြင်းပြပြရှိကြပါတယ် အရှင်၊ အထူးထူးအပြားပြား



www.burmeseclassic.com

www.burmeseclassic.com



စီရင်ထားသော အရုပ်များကို မြင်ရရင် သူတို့မနေနိုင်ကြပါဘူး၊ ဒါဟာ သူတို့ရဲ့အရွယ်အသက်အရ စိတ်ဝင်စားသက်ရောက်ခြင်း ဓမ္မတာပါ'

'ကောင်းပြီ ကျွန်ုပ်ရဲ့သားတော်ငယ် တောမိယကုမာရထံမှာ ထူးခြားမှုဘာစ်ခုခု၊ လျှို့ဝှက်ချက်တစ်ခုခုရှိနေတယ်ဆိုရင် အဲဒါကို အရဆွဲထုတ်နိုင်အောင် ငမ်းသပ်ကြပေတော့'

ရွှေစင်၊ ငွေစင်၊ စိမ်းဝါနီပြာ ရောင်စုံဖြာသော ကစားစရာအရုပ်ကလေးများသည် လေးနှစ်အရွယ်သူငယ်များကို မဆိုထားဘိ ကလေးကြီးများကိုပင် ဆွဲကိုင်ဖမ်းယူဆော့ကစားစေလောက်အောင် လှပစွာ စီရရီရှိနေကြသည်၊

ဆင်ရုပ်၊ မြင်းရုပ်၊ နွားရုပ်၊ ကျားရုပ်၊ ကြက်ရုပ်၊ ဆိတ်ရုပ်၊ ယမင်းရုပ်၊ လှည်းငယ်၊ လှေငယ်၊ ရထားတယ်၊ စစ်သည်ရုပ်ငယ် အစုံစုံအလင်လင် ခင်းကျင်းထားလိုက်သည်မှာ အရုပ်ကမ္ဘာကြီးပင် ဖြစ်နေ၏။

ထိုအရုပ်များထားရှိခင်းကျင်းရာ ခန်းမထဲသို့ တောမိယကုမာရနှင့် တစ်ကွသော သူငယ်ငါးရာတို့ကို ခေါ်ယူလိုက်ကြသည်။ ခန်းမတံခါးဝရောက်သည်နှင့်ပင် တောမိယကုမာရမှတစ်ပါးသော သူငယ်ငါးရာတို့၏ ဝမ်းသာပျော်ရွှင်စွာ ဟေးဟေးဟစ်ကြွေးသံများ ဆူညံသွား၏။

ချက်ချင်းဆိုသလိုပင် ခန်းမအတွင်း၌ ဟစ်ကြွေးရယ်မောသံများနှင့်အတူ ရှုပ်ထွေးစည်ကားသွားသည်။ ဆင်တိုက်သူ၊ မြင်းတိုက်သူ၊ နွားလားတိုက်သူ၊ ဆိတ်တိုက်သူ၊ ကြက်တိုက်သူ နှစ်ဦးချင်း၊ သုံးဦးဆိုင်၊ အချို့က တစ်ဦးတည်းအသံစုံဟစ်၍ ခုန်ပေါက်ဆော့ကစား အချို့က အုပ်စုဖွဲ့လျက် ဝိုင်းပတ်ပြေးလွှား။ မမောနိုင် မရပ်နိုင်၊ ဤအရုပ်ကိုင်ရာမှ ထိုအရုပ်၊ ထိုအရုပ်ကိုင်ရာမှ ဤအရုပ်၊ အရုပ်ချင်းလုသူ ဆွဲ ူသူလည်းမရှား၊ စိတ်ကောက်စိတ်ဆိုးရှင် အရုပ်ကို ချိုးဖဲ့ကိုင်လွှင့်သူလည်း မရှား။ ဆော့ကစားနိုင်ရုံထက် ပိုမိုများပြားစွာ သိမ်းဆည်းပွေ့ပိုက်ထားကာ မည်သည့်အရုပ်ကိုင်ရမှန်းမသိဖြစ်နေသော ကလေးသူငယ်များ၊ တစ်ခုတည်းသောအရုပ်ကို ဖွဲမြဲခုံမင်စွာ မွေ့တော်စတမ်းဆော့ကစားသော သူငယ်များ မိမိအကြိုက်ဆွဲကိုင်ပြီးမှ တစ်ပါးသူလက်ထဲမှ အရုပ်ကို လိုချင်၍ ပူဆာငိုကြွေးသူများ ခန်းမဆောင်ထဲ၌ ဖြောင်းဆံသွားလေတော့သည်။

တောမိယကုမာရငယ်ကား ခန်းမတစ်နေရာ ကတ္တီပါဖုံထက်၊ အထိန်းအယများ ချထားပေးသည့်အနေအထားအတိုင်း မလှုပ်မရှေ့။

'သတိထား တောမိယ သတိထား ဒီအရုပ်တွေဟာ စင်စစ်တော့ သူတို့ကို မင်းက ကိုင်တွယ်ဆော့ ကစားခြင်းထက် လွန်ကဲတဲ့သဘာဝရှိနေတယ်။





မပြုတ်ဆင်ခြင်။ စင်စစ်အားဖြင့် မင်းသာလျှင် သံသရာတစ်လျှောက်လုံးမှာ ကျွမ်းထိုးမှောက်ခုံ ဆော့ကစားခြင်းခံရတဲ့ အရုပ်တစ်ရုပ် ဖြစ်တယ်။ အပါယ်ငရဲမှာ မီးလျှံတွေရဲ့ ဝါးမျိုခြင်းခံရတဲ့ အရုပ်တစ်ရုပ်ဘဝကို မင်းပြန်သိတယ် မဟုတ်လား။ သတိထား တောမိယ ဆွံ့နေ၊ အနေ၊ ပင်းနေ'

တစ်ကြိမ် နောက်တစ်ကြိမ် နောက်ထပ်တစ်ကြိမ် အကြိမ်ပေါင်း များစွာ အရုပ်ပေါင်းများစွာ နေ့နေ့ညည အခါပေါင်းများစွာ ချော့မော့ဖြားယောင်းသော်လည်း တောမိယကလေးသူငယ်၌ ထူးခြားမှုတစ်စုံတစ်ရာ မတွေ့ရ။

'အဆွေတို့ အချင်းတို့ ဒီလောကမှာ ဒီအရွယ် ဒီအသက်မှာ အဘယ်သို့သော ကလေးသူငယ်မှ မကြံ့ခံနိုင်တဲ့ နည်းလမ်းနဲ့က စမ်းသပ်တာလည်း ကျုပ်တို့ အရှင့်သားငယ်မှာ အကြောင်းမထင် အကျိုးမမြင်ပြန်ဘူး။ ဘုရင်မင်းမြတ်ကို လျှောက်ကြားကြစို့ ကျုပ်တို့ စမ်းသပ်တာ တစ်နှစ်ကာလရှိခဲ့ပြန်ပြီကော'

၆

www.burmeseclassic.com

## ၄

ငါးနှစ်အရွယ် သူငယ်သည် ကစားခြင်းကို နှံမင်သည်ထက် အစား၌မက်သော သဘာဝက ပိုကဲလာတတ်ပြန်သည်။ စားဖွယ်ခဲဖွယ် အထူးထူး စီရင်ထားသော အခြေအနေကို လေးနှစ်ကျော်ငါးနှစ်ရွယ် မည်သည့်သူငယ်မျှ ရှောင်လွှဲကျော်လွှား မရနိုင်။

နို့ရည်၊ မုန့်၊ သစ်သီးများထက် အဆင်းအနံ့အရသာပိုမို စုံလင်စွာသော ဘောဇဉ်အမျိုးမျိုးတို့ဖြင့် စမ်းသပ်ကြကုန်အံ့ဟု အားလုံးသဘောကြိုက်ညီကြလေသသည်။

ထမင်း၊ အမဲ၊ သားငါးဟင်းလျာ၊ သစ်သီးဝလံစုံလင်စွာ အကြော်၊ အလှော်၊ အကင်၊ အပြုတ်၊ အဆုတ်၊ အထောင်း၊ ကောင်းတကာ့ကောင်းမွေ ဆိုသော ဟင်းလျာဘောဇဉ်များ ခင်းကျင်းထားရာ စားပွဲရှည်၌

သူငယ်ရွှေဘော်ငါးရာတို့ ခင်မင်နှစ်သက်ရွှင်လန်းစွာ ကိုင်ဆုပ်၍ အလုပ်အလွေး မြိန်မြိန်ကြီး စားကြသောက်ကြ ရှိနေစဉ်ဝယ် တေမိယကုမာရငယ်အား

'သတိထား၊ အစမထင် ကျင်လည်ခဲ့ရတဲ့ သံသရာအလျဉ်မှာ ဟောဒီ စားဖွယ်ဘောဇဉ်တွေလို နှစ်သက်ဖွယ်အရာများအား ရှောင်ကြဉ်ခဲ့ရတာ၊





ဒုဗ္ဘိက္ခကပ်ထိလို့ ငတ်ပြတ်ခဲ့ရတာ၊ နွမ်းနယ် ဆင်းရဲလို့ မစားနိုင်ခဲ့တာ အဲဒီလို မစားရတဲ့ဘဝတွေ အသင်္ချေ၊ အသချာ ရှိသလို 'အဝလွေး၊ နေးနေးမြန်မြန်၊ ပြည့်စုံထိုက်တန်စွာ၊ မြိုင်မြိုင်ကြီး စားခဲ့ရတဲ့ ဘဝတွေလည်း အသင်္ချေ၊ အသချာ တေမိယ။ ငရဲဘေးကို ကြောက်တဲ့ တေမိယ။ ယခုလည်း သင့်ရှေ့မှာ စားဖွယ်ဘောဇဉ်တို့ ရောက်ရှိလာပြန်ပြီ။ မိဋ္ဌာန်ခြင်းအင်္ဂါမပျက်အောင် ကြဉ်ရှောင်၊ အခွင့်လိုရာ ပြီးမြောက်ကြောင်း မစောင်းမတိမ်းကြွံခံတည်ဆောက်၊ ငံ့ကွက်ခြင်း သင်မရှိ၊ အဆွံ့မပျက်နဲ့၊ အနံ့အမပျက်နဲ့၊ အပင်းမပျက်နဲ့ တေမိယ။

*

လေးနှစ်ကျော် ငါးနှစ်အရွယ်အတွင်း တေမိယကုမာရငယ်က ထိုသို့ ငံ့ကွက်မကြည့်၊ မလှည့်မလည်၊ တည်ကြည်ငြိမ်သက်စွာ စံနေချိန်ဝယ် ထောက်တည်မရနိုင်၊ ဆည်မတန့်နိုင် ဖြစ်နေသူကား မယ်တော်မိဖုရားကြီးပင် ဖြစ်၏။ မမြင်ကွယ်ရာ နေရာတစ်ခုဆီမှ အခြေအနေကို စောင့်ကြည့်နေသော မယ်တော်ကြီးသည် သည်းမခံနိုင်တော့သော နှလုံးဖြင့် ပုန်းကွယ် နေရာမှ ထွက်ကာ ထမင်းဟင်းလျာများကို သား၏ခံတွင်းထဲသို့ ခွံ့ကျွေးတော့သည်။

မိမိခံတွင်းထဲသို့ ထမင်းအာဟာရရောက်မှသာလျှင် တေမိယကုမာရလည်း အလိုက်သင့်သုံးဆောင်၏။ ဤစမ်းသပ်နည်းကိုလည်း တစ်နှစ်ပတ်လုံး ကြိမ်ဖန်များစွာ ပြုလုပ်ကြသည်။ တစ်ကြိမ်မဟုတ် တစ်ကြိမ် အောင်မြင်လေမည်လားဟူသော မျှော်လင့်ချက်တို့သည် ကုမာရ၏အဓိဋ္ဌာန် ကျောက်စိုင်ကျောက်တောင်ကြီးဆီသို့ အရောက်တွင် ပျက်ပြယ်သွားသော လေ၏ အလျှင်နှယ် ဖြစ်သွားခဲ့လေသည်။

မင်းညီလာခံတွင် ဤအရေးကိုပင် ဆက်လက် တိုင်ပင်ကြရပြန်သည်။

'ခြောက်နှစ်သားအရွယ်ရောက်ခဲ့ပြီ။ ဘယ်သို့သော နည်းလမ်းများဖြင့် ဆက်လက်စမ်းသပ်ကြဦးမည်လဲ'

*

မင်းရင်ပြင် မုခ်နန်း၏ရှေ့တလင်း၌ ကြီးမားလှစွာသော မြေကြက်တဲ အိမ်ကြီးတစ်ခု ဆောက်လုပ်ထား၏။ အမိုးကို ထန်းလျက်ထန်းရွက်များဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အတိပြီးစေကာ မြေတလင်းအပြင်ကို ချောမွေ့ပြန့်ပြူးအောင် စီရင်ထားသည်။ ဤတဲနန်းကြီး၏ နံရံများတွင် တံခါးပေါက်များစွာကို ဖောက်ထားကာ တံခါးချပ်မတပ်ဘဲ ဟင်းလင်းဖြစ်စေသည်။

ဤတဲအိမ် မြေစိုက်နန်းကြီးကို မီးတင်ရှို့မည့် အစီအစဉ်ဖြင့် မီးဆောင်းစွာ တောက်လောင်နိုင်အောင် စီမံထားကြသည်။

'ခြောက်နှစ်အရွယ် ကလေးငယ်ဆိုတာ ကိုယ်ကျနွေ့ထွားနုချိန်၊ သို့မယ့် မီးအရှိန်အလျှံကို အင်မတန်ကြောက်တဲ့ သည်းအိမ်နုလုံး မငြိမ်သက်တန်း အချိန်အရွယ်လည်း ဖြစ်တယ်။ အရှိန်ကြီးစွာသော မီးပြင်းနဲ့အလိုစမ်းရင် ကြောက်ရွံ့ခြင်းပြင်းစွာနဲ့ တစ်ခုခု မုချထူးခြားလာနိုင်တယ်။ အကြိုက်တွေနဲ့ စမ်းလို့မရသူကို အကြောက်နဲ့ စမ်းသပ်ကြည့်ရမယ်။ ကြောက်ရွံ့ခြင်းဆိုတာ လူ့ရဲ့ ပကတိသဘာဝတရား တစ်ခုပဲ၊ ထိတ်လန့်မှု ဖြစ်ပေါ်လာရင် ဘယ်ခံနိုင်မတုံး'

ခမည်းတော် ကာသိကရာဇ်မင်းကြီးနှင့် မှူးမတ်များ အညီအညွတ် တိုင်ပင်ဆုံးဖြတ်လိုက်ကြသော သဘောထားပင် ဖြစ်၏။

တေမိယကုမာရနှင့် ဖွားဘက် ငါးရာကလေးငယ်တို့သည် မြေစိုက်တဲအိမ်ကြီးအတွင်းသို့ အမှုမဲ့အမှတ်မဲ့သဘောဖြင့် ဆော့ကစားကြစေရန် ထည့်သွင်းထားလိုက်ကြသည်။

နန်းတော်ခန်းမဆောင်တွင်း၌သာ ကျင်လည်ဆော့ကစားခဲ့ကြဖူးသော ကလေးတို့သည် တဲအိမ်နန်းကြီးအတွင်း ပြန့်ပြူးသော မြေတလင်းပြင် အခင်းအကျင်းကို တွေ့ရသောအခါ အတွေ့အကြုံအသစ်ဖြင့် ပျော်ရွှင်သွားကြ၏။ တေမိယကုမာရကိုလည်း တဲအိမ်အလယ်ဗဟိုနေရာတွင်အလိုက်သင့် ချထားပေးလိုက်ကြ၏။

ကလေးတို့ ပျော်ရွှင်မြူးထူးစွာ ဆော့ကစားနေစဉ်မှာပင် တဲအမိုးထန်းရွက်ခြောက်များကို မီးတိုက်လိုက်ကြသည်။ မီးလောင်လွယ်စေရန် မူလကတည်းက စီမံထားပြီးဖြစ်သောကြောင့် မီးတောက်မီးလျှံကြီးများသည် ရုတ်ချည်းပင် ဟုန်းဟုန်းထတောက်ကြတော့သည်။

တဲအိမ်ကြီးအတွင်း ပွက်ပွက်ညံသွား၏။

ပြေးလွှားဆော့ကစားနေ ကြသော သူငယ်တို့သည် ထိတ်လန့်ခြင်းပြင်းစွာဖြင့် အော်ဟစ်လျက်ပရမ်း ပတာပြေးကြရင်းမှ တံခါးချပ်တပ်မထားသော တံခါးပေါက်များဆီသို့ စုပြုတိုးဝှေ့ကြသည်။

ဟည်းဟည်းမြည်သော နီနီရဲရဲ မီးလျှံအစွယ်ကြီးများအလယ်တွင် မလှုပ်မရှားချမြဲအတိုင်း ရှိနေသော တေမိယကုမာရမှာကား





'တေမိယ . . . သတိ။ ဒီထန်းရွက်ခြောက်မီးရဲ့ အပူရှိန်ဟာ ငါ့ကို လောင်ရုံမြိုက်ရုံမျှသာ၊ အရေပြားဆံပင်လောင်ကျွမ်းခြင်း ပူလောင်ရုံမျှသာ၊ အရိုးအသား ကျွမ်းခြစ်လောက်အောင်အထိ အပူမကြီးဘူး။ ငရဲ အဝီစိမီးကတော့ အနီးမကပ်၊ အဝေးရပ်က အငွေ့အခိုးမျှနဲ့ပင် အရိုး၊ အရေ၊ အသား၊ အသွေး၊ ကြေကျွတ်ဘနန်း၊ လျှမ်းလျှမ်းထက် ဟောဒီ မီးထက် အဆအရာ၊ အဆအထောင်၊ အဆအသိန်းမက အရှိန်အပူကြီးမားသည်ကော'

'တေမိယ . . . သတိထား၊ ဒီထန်းရွက်ခြောက်မီးကိုမျှ သည်းမခံနိုင်ဘဲ သင်ထွက်ပြေးခဲ့ရင် ငရဲမီးမှာ သင်ဘယ်လို ခံနိုင်မှာလဲ၊ ငရဲမီးကို ကြောက်လို့ သင် မင်းမပြုနိုင်ဘူးဆိုရင် ဒီမီးကို သည်းခံ၊ အမိဋ္ဌာန် မပျက်စေနဲ့'

ကြောက်မက်ဖွယ် အနိဋ္ဌာရုံနှင့် ပြင်းထန်သော မီးအပူဒဏ်ကြောင့် ဖြစ်ပေါ်လာသော ဒေါသမူဗျာပါဒစိတ်၏ တုန်လှုပ်ခြင်းကို နှိမ်နင်းအောင်မြင်ဖို့ အားထုတ်လေသည်။ ပမာနယ်ကား ဝါတော်ခြောက်ဆယ်ကျော်ရှိ မထေရ်မြတ် အနာဂါမ်ရဟန္တာအရှင်မြတ်တို့ နိရောဓသမာပတ်သို့ ဆည်းကပ်ဝင်စားသော အခိုက်နှစ်လိုသည်လည်း မဟုတ်၊ စက်ဆုပ်၍လည်း စိတ်မညစ်၊ လျစ်လျူခြင်းသဘော၌သာ နှလုံးသွင်းစွဲချည်လျက် တည်ကြည်စွာ မလှုပ်မတုန်နေတော်မူသည်သို့ ဖြစ်လေသည်။

အထိန်းတော်တို့ကား နောက်ဆုံးတွင် ကုမာရငယ်အနီး မီးညွန့်မီးပွားများ ကျရောက်လာသောအခါကျမှ ပွေ့ယူလိုက်ကြသည်။

'တစ်ကြိမ်မဟုတ် တစ်ကြိမ် အောင်မြင်ရမှာပေါ့။ ပိုပြီးပြင်းထန်တဲ့ မီးနဲ့ တိုက်ရှို့စမ်းသပ်ကြည့်ဦးစို့၊ တစ်ခါမကြောက် တစ်ခါကြောက်ရမှာပေါ့'

တစ်နှစ်ပတ်လုံး မီးတင်ရှို့စမ်းသပ်နည်းကို ကြိမ်ဖန်များစွာ ပြုလုပ်ကြသည်။ ကုမာရငယ်ကား လက်ခြေမလှုပ်၊ စကားမဆို၊ ပကတိ အဆွံ့၊ အ,အ၊ အပင်း။

'ကိုင်း ဘယ်နှယ့်လုပ်ကြမတုံး။ ဆေးစီရင်နည်းကျမ်းအလာ လူ့တို့သဘာဝ၊ ခုနစ်ပါးသော အနာရောက်ကြောင်း ရှိရာမှာ ပူချမ်းဥတု၊ အိမ်မှုမိုကြူး၊ လန့်မှူးကြောက်ထိတ်၊ စိတ်အကြံမှား၊ အစားမတော်၊ အိပ်မပျော်နိုး၊ ရေချိုးမသင့်' ရယ်လို့ လာတယ်။ အရှင့်သားတော်လေးရဲ့ ဖျော့တော့ညှိုးကြုံး၊ မတုန်မလှုပ်ရှိလေတဲ့ ရောဂါဝေဒနာဟာ စိတ္တဇပဲ ဖြစ်ရမယ်'

နန်းတွင်းသား အကျော်အမော်များက ဆေးဝါးများ ဖော်စပ်စီရင်ကာ ဆေးပေးကု၍ စမ်းသပ်ကြပြန်၏။ မည်သို့မျှ အကြောင်းထူးမလာချေ။

ဤသို့ဖြင့် တစ်နှစ်တာကာလ ကုန်လွန်ခဲ့ပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'နှစ်နှစ်အရွယ် သူငယ်ဆိုတာ အသွေးအသားနှလုံးကျွန်ုပ် စတင် [illegible] လိမ္မာစအရွယ်လည်း ဖြစ်တယ်။ ကြောက်မယ်ဖွယ်၊ [illegible] နှစ်သက်ဖွယ်သောအမှုမှာ ညီတူချိန်ဆ၊ မှုတခံစားနိုင်တဲ့ အရွယ် [illegible] ဖြစ်တယ်။ ဒီအရွယ်မှာ ဘာနဲ့စမ်းသပ်ကြည့်ကြမလဲ'

'ခြောက်နှစ်သားတုန်းက မီးနဲ့စမ်းသပ်ကြည့်စဉ်မှာ စင်စစ် မီးဆိုတာ လူတစန်တီးပေးတဲ့ အဝိဉာဏကသာ ဖြစ်တယ်။ ပူပြင်းခြင်း၊ လောင် မြိုက်ခြင်း ဆိုတဲ့ ဘေးနဲ့သာ မီးက ခြိမ်းခြောက်နိုင်တယ်။ သက်မဲ့အန္တရာယ်ထက် သက်ရှိအန္တရာယ်က ပိုပြီးထိရောက်စေနိုင်မှာပဲ ဒါကြောင့်'

'မိမိရဲ့ ရှေ့တူရူကနေပြီး အပြင်းပြေးဝင်လာတဲ့ မုန်ယစ်သောဆင်ကြီးတစ်ကောင်တွေ့ရင် သူငယ်တောင်မဆိုထားနဲ့ အရွယ်အသိရင့်ကျက်ပြီး လူကြီးသော်မှ မတုန်မလှုပ်ဘဲ မနေနိုင်ဘူး'

'ဟုတ်တယ်။ ဆင်နဲ့တိုက်ပြီး စမ်းသပ်ကြည့်ကြစို့'

တကယ့်တကယ် အန္တရာယ် မဖြစ်စေအောင်လည်း ကြန်အင်လက္ခဏာကောင်းသော ဆင်တစ်စီးကို ကျွမ်းကျင်သော ဆင်ဆရာဖြင့် ဦးစွာလေ့ကျင့်ပေးကြ၏။ နှာမောင်းမြှောက်ချီခြင်း၊ ရှေ့ခြေများကို ကြွမခြင်း၊ ထိုးသတ်အံ့တည်းသော အစွယ်ဖြင့် ချိန်ရွယ်ခြင်း၊ ကျည်ကျည်ကျကျပြင်းစွာ မာန်ဟစ်သံပေးခြင်း စသည်ဖြင့် ဆင်ကြီးကို အကျအန လေ့ကျင့်ပေးသည်။

အမတ်သား ဖွားဖက်ငါးရာတို့နှင့်တကွ ကုမာရငယ်ကို နန်းတော်ဦးမြေတလင်း၌ အလိုက်သင့် နေရာချထားပေးလိုက်ကြသည်။ သူငယ်တို့ ဘာဝ ဆော့ကစားနေကြချိန်မှာပင် ဆင်ပြောင်ကြီးကို လွှတ်လိုက်ကြ၏။

ရှူးရှူးနစ်နစ် ကျည်ကျာ ဟစ်သံကြီးကို ပြုလျက် ဆင်ကြီးသည် မုန်ယစ်သော အမူအရာဖြင့် သူငယ်တို့ထံ ဦးတည်ပြေးဝင်လာသည်။ နှာမောင်းအိုးကို ခွဲဖောက်မြှောက်ချီလျက် မြေအပြင်သို့ကြောက်မက်ဖွယ် ဗုန်းဗုန်းပြင်းပြင်း ရိုက်ဆောင့်ကာ ဆင်ပြောင်ကြီးသည် အမြီးကို တန်း၍ပြေးလာသည်။ အနီးသို့ရောက်သောအခါ ဖြူလွလွချွန်မြကြီးမားသော အစွယ်နှစ်ချောင်းကို တန်းတန်းမတ်မတ်ကြီး ချိန်ရွယ်၍ သူငယ်တို့အား ယခုပင် နင်းခြေထိုးသတ်မည်ကဲ့သို့ လှုပ်ယမ်း ရန်ဆောင်လေသည်။

သူငယ်တို့ရှိရာ နန်းတော်ဦး မြေတလင်းကား ကမ္ဘာပျက်သည့်နှယ် ဖြစ်သွား၏။ ဦးတည်ရာကစင့်ကလျား ပြေးလွှားရှောင်ပုန်းရင်း အသံစူး၊ အသံသေးစုံစွာ အော်ဟစ်ကြသည်။

တောင်ကုန်းငယ်လေးတစ်ခု မိမိတို့ထံ ရှေ့ရှုလိမ့်လာသကဲ့သို့ ပြေးဝင်လာသော ဆင်ပြောင်ကြီးကို မြင်သောအခါ တေမိယကုမာရသည်





ဆင်းရဲကြီးလှတဲ့ ငရဲမီးလျှံထဲမှာ လောင်ကျွမ်းနှိပ်စက်ခံ သေရသည်ထက် ဒီဆင်ဆိုးကြီးလက်မှာ တစ်ခဏမဆ အနှိပ်စက်ခံပြီး သေရတာက မြတ်သေးတယ်။ ကြောက်လန့်မှုနဲ့ ငါပြေးတယ်ဆိုရင် အရေးအရာအားလုံး ပျက်စီးလိမ့်မယ်။ အင်္ဂါသုံးပါး မပျက်စေနဲ့ တေမိယ။ ဆွံ့နေ၊ အ,နေ၊ ပင်းနေ၊ နှလုံးသွင်းခြင်း ဖြောင့်စင်းတည့်မတ်စေ'

ဟူ၍ မတုန်မလှုပ်သော ပြကတေ့သော ငြိမ်သက်ခြင်းဖြင့် နေလေသည်။

ခြိမ်းခြောက်ခြင်းအမှု ပြီးသောအခါ လိမ္မာလှစွာသော ဆင်ပြောင်ကြီးသည် သင်ထားသည့်အတိုင်း ကုမာရအနီးသို့ တိုးချဉ်းလာ၏။ ထို့နောက် ကုမာရအား နှာမောင်းဖြင့် ပွေ့ချီကာ လွှဲယမ်းလျက် ရိုက်ယောင်၊ လွှင့်ယောင်၊ ပစ်ယောင်၊ နင်းထိုးယောင်၊ ညှစ်သတ်ယောင် စသည်ဖြင့် အမျိုးမျိုး ခြိမ်းခြောက်၏။ မြင်ရသူအပေါင်း တုန်လှုပ်စွာဖြင့် ကုမာရအပေါ် သနားစရာ ဖြစ်လာတော့မှ ဆင်ကြီးသည် တလင်းပြင်သို့ ပြန်ချထားကာ လွှတ်ရာသို့ ထွက်ခွာသွားသည်။ ထိုတစ်နှစ်ပတ်လုံးပင် ဆင်နှင့်တိုက်ခြင်း အလိုစမ်းသပ်မှုကို အကြိမ်များစွာ ပြုလုပ်ကြသည်။ အခြေအနေကား ထူးခြားလာခြင်းမရှိ။ တေမိယကုမာရ၏ အဓိဋ္ဌာန်သည် ကျောက်တိုင်ကြီးအလား မယိုင်မနဲ့ မတ်မတ်ကြံ့ကြံ့ ရှိမြဲလျက်ပင်။

www.burmeseclassic.com

www.burmeseclassic.com

၅

ခုနစ်နှစ်အရွယ်လွန်၍ ရှစ်နှစ်အရွယ်ရောက်လာပြီဖြစ်သော သူငယ်တို့သည် ဘယ်သို့သော သဘောရှိသနည်း။ မှုးမတ်ပညာရှိများ စူးစမ်းကြဲဆကြပြန်၏။

တစ်နှစ်သားအရွယ်တွင် နို့ရည်ဖြင့် လည်းကောင်း၊ နှစ်နှစ်သားအရွယ်တွင် မုန့်ခဲဖွယ်ဖြင့် လည်းကောင်း၊ သုံးနှစ်သားအရွယ်တွင် သစ်သီးဖြင့် လည်းကောင်း၊ လေးနှစ်သားအရွယ်တွင် ကစားစရာများဖြင့် လည်းကောင်း၊ ငါးနှစ်သားအရွယ်တွင် ဘောဇဉ်ဖြင့် လည်းကောင်း၊ ခြောက်နှစ်သားအရွယ်တွင် မီးဖြင့် လည်းကောင်း၊ ခုနစ်သားအရွယ်တွင် ဆင်ဖြင့် လည်းကောင်း စမ်းသပ်ခဲ့ကြပြီး ဖြစ်လေသည်။

ချော့မြှူခြင်း၊ ဖြားယောင်းခြင်း၊ သွေးဆောင်ခြင်း၊ အနုနည်းများလည်း အတန်ငယ်စုံလင်ခဲ့ပြီ။ ခြိမ်းခြောက်ခြင်း၊ ထိတ်လန့်စေခြင်း၊ အကြမ်းနည်းများကိုလည်း အသုံးပြုခဲ့ပြီ။ ကုမာရငယ်ကား မည်သို့မျှ အကြောင်းထူးခြား မလာသေး။

'နောက်ဆုံးအကြိမ် စမ်းသပ်ခဲ့တာ ဆင်နဲ့ မဟုတ်လား။ ဆင်သတ္တဝါ ဆိုတာမျိုးက အကောင်အထည်ကြီးမားပြီး အင်အားဗလပြင်းစွာနဲ့ ကြောက်စရာကောင်းတာ မှန်ပေမယ့် ကုမာရအဖို့မှာ မထူးဆန်းတဲ့ တိရစ္ဆာန်ဖြစ်နေတယ်'





'ဘယ်လို မထူးဆန်းတဲ့ တိရစ္ဆာန် ဖြစ်နေတာလဲ'

'နန်းတော်ထဲက ဘုရင့်ဆင်ကျုံးတော်မှာ ဆင်တပ်မှာ ဆင်တွေကို အမြဲမြင်တွေ့နေရတယ်။ အမြင်အကြား ရင်းနှီးနေတဲ့ သတ္တဝါမျိုးကို ဘယ်ကြောက်တော့မှာလဲ'

'ဟုတ်တာပေါ့။ ဟုတ်တာပေါ့'

'ကုမာရအဖို့ မရင်းမနှီး မမြင်မကြားရှိလေတဲ့ တိရိစ္ဆာန်တစ်မျိုးနဲ့ စမ်းသပ်ရမယ်၊ အဲဒီတိရစ္ဆာန်ဟာ ကြောက်စရာအပြင် စပ်ဆုပ်ဖွယ်လည်း ဖြစ်ရမယ်။ ပြီးတော့ ရှစ်နှစ်အရွယ် ကလေးငယ်ဆိုတာမျိုးက ထောက်ထားဆင်ခြင်တတ်တဲ့ ဉာဏ်သတိရှိတာ မဟုတ်ဘူး။ သဘာဝအရ ဒီအရွယ်ဟာ ကြောက်စရာအပြင် စပ်ဆုပ် ရွံ့ရှာဖွယ်ရာကိုပါ မြင်ရင် မဆိုင်းလျှင်စွာ ကြောက်တတ်တယ်'

'ဟုတ်ပါပြီ။ အဲဒီတော့'

'အာခံတွင်းက နီနီရဲရဲ၊ အစွယ်ကငေါငေါ၊ ပါးပျဉ်းကခွက်ခွက်၊ ကိုယ်လုံးက အကြေးပြောင်ချွဲချွဲ၊ မျက်စိက ပြူးပြူးကြောင်ကြောင်၊ လျှာ တစ်လစ်ကနှစ်ခွ၊ ကိုယ်လုံးက ရှည်ရှည်မျှောမျှော၊ လူးလွန့်လူးလွန့်'

'အား . . . ဟုတ်ပြီ၊ မြွေ . . . မြွေ'

*

မြွေငန်း၊ မြွေဟောက်ပါးပျဉ်းရှိသောမြွေများကိုဖမ်းကာ အလမ္ပာယ်မြွေသမားများနှင့် အဆိပ်ထုတ် အစွယ်ထုတ်ကြသည်။ သို့သော် ကျွမ်းကျင်သော အလမ္ပာယ်သမားများအား လျှို့ဝှက်မှာထားသည့်အချက်မှာ အစွယ်နုတ်၊ အဆိပ်ထုတ်၍၊ ချုပ်စွပ်ဖွဲ့စည်းကာ အန္တရာယ်မဖြစ်စေအောင် စီရင်ထားသော်လည်း မြွေများကို အားမယုတ်စေဘဲ ပြကတေ့အတိုင်း ကြောက်မက်ဖွယ်ဖြစ်စေရမည်ဟူသည့်အချက်ပင် ဖြစ်သည်။

သို့ဖြင့် ဆင်နှင့်စမ်းသပ်ခဲ့သော မြေတလျင်းပြင်မှာပင် တေမိယကုမာရနှင့် ဖွားဘက်တော် ငါးရာတို့အား နေရာချထားလိုက်ကြ၏။ သူငယ်တို့ ပျော်ရွှင်မြူးတူးနေကြချိန်မှာပင် မြွေများကို လွှတ်ပေးလိုက်ကြသည်။

မြွေငန်း၊ မြွေဟောက်စသော မြွေမျိုးစုံတို့သည် ပါးပျဉ်းခွက်ကြီးများထောင်လျက် နှစ်ခွလျှာတို့ကို ထုတ်ချည်သွင်းချည်ဖြင့် သူငယ်တို့ကြားသို့ ဖြေးဖြေးဝင်လာကြ၏။ ငယ်သံပါအောင် ဟစ်သော အသံစူးအသံသေးများဖြင့် ကသောင်းကနင်း ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တေမိယကုမာရကား

မိမိရှေ့မှောက်၌ ပါးပျဉ်းခွက်ထောင်လျက် နီကြန်စူးရဲသော မျက်လုံးများကို ပုတ်ခတ်ဖွင့်ပိတ်လျက်၊ နှစ်ခွလျှာကို ထုတ်ချည်သွင်းချည်ပြုလျက်၊ ရှည်မျောလုံးဝန်းကိုယ်ကို ယိမ်းနွဲ့လျက် မာန်ဖီနေသည့် မြွေဟောက်ကြီး၊ ဝဲဘက်၌လည်း အလားတူ၊ ယာဘက်၌လည်း အလားတူ မြွေဟောက်၊ မြွေဒန်း တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်မက ဝန်းရံနေသော ထိုအခြေတွင်

'ဤကြမ်းကြုတ်စွာသော မြွေများ၏ ခံတွင်းသို့ ဝင်ရခြင်းသည် အင်းစီမီးထဲ ငရဲခံတွင်းသို့ ဝင်ရခြင်းထက် မြတ်၏။ ဤမြွေဆိပ်တို့သည် ငရဲဆိပ် နှင့်စာလျှင် ချိုမြိန်မှုပင် ဖြစ်ချေသေး၏။ သတိထား ကုမာရ သတိထား'

ဟူသော နှလုံးသွင်းမှုဖြင့် ပကတိ မလှုပ်မရှား။

ထိုစဉ် ခဲပုတ်ရောင် တလက်လက် ထနေသော အကြေးခွံတို့ဖြင့် အတိပြီးသည့် မြွေငန်းကြီးတစ်ကောင်သည် လျှောကနဲ ရှေ့သို့ဝင်လာကာ ကုမာရတစ်ကိုယ်လုံးကို အဆင့်ဆင့်ပတ်ရစ် လိုက်ပြီး ဦးခေါင်းထက်၌ ဖြန့်မိုးလိုက်၏။

မမြင်ကွယ်ရာမှ စောင့်ကြည့်နေသူများ အားလုံး ဟယ်ခနဲ ဖြစ်သွားကြ၏။ သို့သော် တေမိယကုမာရကား

'တေမိယ . . . သတိဆောင်၊ သတိကပ်။ တစ်စုံတစ်ယောက်ရဲ့ ဖမ်းဆီးမှုကို ခံရမှာကြောက်လို့ အလွတ်ရုန်းထွက်ပြေးနေသူ တစ်ယောက်ဟာ ပြေးလမ်းခုလတ်မှာ ချုံဆူးခြောင့်တစ်ခုကို တိုက်မိခိုက်မိတဲ့အခါ အဲဒီ ဆူးချုံဆူးခြောင့်ကိုပဲ နှောက်ယှက်သောရန်လို့ သတ်မှတ်ပြီး မကြောက်သလို ဒီမြွေကို ငါမကြောက်အံ့ဘူး။ ကြောက်သည်ဆိုဦး။ ဒီမြွေကြီးဟာ ငါ့ရဲ့ပြေးလမ်းခုလတ်က ချုံဆူးခြောင့်လို့ပဲ သဘောထား။ သူ့ထက်ကြောက်စရာ ကောင်းသော ရန်သူကြီးက ထပ်ချပ်မကွာလိုက်နေတယ် တေမိယ။ လွတ်မြောက်အောင် ဆောင်ရွက်တုန်းမှာ မြွေရန်သူ အနှောက်အယှက်ဟာ ကြောက်မက်မဟုတ်ပေဘူး။ သတိထား၊ သတိထား တေမိယ သတိထား'

ဟူ၍သာ အစဉ်တစိုက် ဆင်ခြင်နေလေသည်။

စောင့်ကြည့်နေသူ မြွေလွှတ်သမား အများတို့မှာလည်း မနေနိုင်ကြတော့၊ သနားခြင်းဖြင့် မကြည့်ဝံ့အောင် ဖြစ်ကြရကာ အလမ္ပာယ်သမားကို စေလွှတ်၍ မြွေကြီးကို အသိမ်းခိုင်းလိုက်ရ၏။

ဤသို့သော စမ်းသပ်မှုမျိုးကို ကုမာရငယ် ရှစ်နှစ်သားအရွယ် တစ်နှစ်ပတ်လုံးပင် အခါအခွင့်သင့်တိုင်း ပြုလုပ်ကြသည်။





တစ်နှစ်စေ့သောအခါ ရှေးနည်းတူပင် မင်းကြီးအား သံတော်ဦးတင်ကြရပြန်လေသည်။

'သားတော် ကုမာရမှာ ဘယ်သို့မှ မထူးခြားပါ။ ဘုရင်မင်းမြတ် အလိုကြီးငယ်တို့ဖြင့် စမ်းသော်လည်း ဆွံ့မြဲ ဆွံ့၊ အ,မြဲ အ လို့သာ ရှိနေပါတယ် ဘုရင်မင်းမြတ်'

*

'ကိုးနှစ်သားရဲ့ အညာဟာ ဘာလဲ၊ ကိုးနှစ်သား ဘာကိုကြောက်မလဲ'

'ဒီတစ်ကြိမ်တော့ အလိုစမ်းနည်းကို ဗျူဟာပြောင်းလုပ်လိုက်ကြမယ် ပညာရှိကြီးတို့'

'ဘယ်လိုများ ဗျူဟာပြောင်းမလဲ'

'အကြောက်နဲ့ မဟုတ်တော့ဘူး။ အကြိုက်နဲ့'

'ဘယ်လို အကြိုက်နဲ့လဲ'

'ကုမာရကိုယ်တော်လေးဟာ ကြောက်ရွံ့ထိတ်လန့်စရာများကို ထိမထင်အသွင်နဲ့ ဘယ်လိုမှ မတုံ့ပြန်ဘဲ ရှိမြဲရှိနေတယ်။ ကိုးနှစ်အရွယ်ဆိုတာ သူငယ်တို့သဘာဝအရ အပျော်အပါး အရွှင်အမြူးကို မက်မောလာပြီလေ'

'ဟာ . . . ဟုတ်ပါသော်ကော . . . ဒီတော့'

'ကချေသည်တွေနဲ့၊ ပွဲလမ်းသဘင်နဲ့၊ အဆို အတီး အကတွေနဲ့ ပြီးတော့ ရင်သပ်ရှုမောအံ့ဩဖွယ် ကျွမ်းဘားအတတ်ဆန်းတွေနဲ့၊ ရယ်ရွှင်မြူးဖွယ် ဟာသတွေနဲ့သာ အလိုစမ်းလိုက်ရရင် ရှစ်နှစ်လုံးလုံး တုဏှိဘာဝေဖြစ်နေခဲ့တဲ့ သားတော် ကုမာရ ဘာမို့ ခံနိုင်မှာတဲ့တုံး'

'ကောင်းလိုက်တဲ့ အကြံအစည်ပါပဲဗျား'

*

မင်းရင်ပြင် နန်းတော်ဦးသည် ကြီးစွာသော သဘင်ပွဲ ခြိမ့်ခြိမ့်ခံရာ အခင်းအကျင်းဌာနကြီး အဖြစ်သို့ ပြောင်းလဲသွား၏။

တိုင်တက်၊ ကွင်းလျှို၊ တန်းလျှောက်၊ မီးမြို စသော အံ့ဩရင်သပ်ဖွယ် အတ္တုတရသကို ပေးသည့် ကျွမ်းသမားတို့က အစွမ်းအမျိုးမျိုးကို ပြကြသည်။ ကျွမ်းကျင်စွာ စွန့်စားလုပ်ဆောင်သူတို့နှင့်အတူ အခက်အခဲကိုပင် ရယ်ဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ပြုသော အပြောင်အပျက်သမားတို့ကလည်း မြင်ရသူတိုင်း မအောင့်မအည်းနိုင် တသောသော ရယ်မောရအောင် ပညာပြကြသည်။ ကချေသည်၊ သီချင်းသည်၊ ပန်တျာသည် တို့ကလည်း အဆိုသဘင်၊ အတီးသဘင်၊ အကသဘင်များဖြင့် အနုသျှုတ္တရ အစွမ်းကို ထုတ်ဖော်ပြသကြသည်။ ငြိမ့်ညောင်းသော၊ သွက်လက်သော၊ ပသာဒအစုံအလင် တင်ဆက်မှုများနှင့်အတူ လူရွှင် လူပြက်များကလည်း ဟာသရသကို ဖော်ကျူးသည့် ရယ်စရာ အဆို၊ ရယ်စရာ အတီး၊ ရယ်စရာ အကများဖြင့် အပမ်းပြေရအောင် အသုံးတော်ခံကြသည်။

ပတ်သာ၊ လကွင်း၊ စည်၊ နှဲ၊ ခရာ၊ ခွက်ခွင်း များစွာသော တူရိယာတို့ကလည်း နားဆင်ရသူတို့ တည်တန့်မနေနိုင်၊ အယိုင်အလှည့် မတည့်၍ လှုပ်ချင်ကချင်လာစေသည်အထိ တူရိယာ အစွမ်းတို့ကို ပြသကြသည်။

လက်ပမ်းသည်တို့ကလည်း ရှုမောဖွယ် လက်ပမ်းသပ် ကစားကြသည်။ ကောင်းကင်အထက် ကြိုးတန်းဖြင့် သွားခြင်း၊ လှုပ်ရမ်းခြင်း၊ လွဲရမ်းခြင်းများဖြင့် အံ့မခမ်းအစွမ်းပြကြသည်။

သဘင်မျိုးစုံလင်သော ဤတင်ဆက်ဖျော်ဖြေပွဲကြီးတွင် ဖွားဘက်တော် ငါးရာသောသူငယ်တို့မှာအလွန်လျှင် ရွှင်လန်းဝမ်းမြောက်ခြင်း ကြီးစွာဖြင့် ဟစ်ကြ၊ ကြွေးကြ၊ ခုန်ကြ၊ ပေါက်ကြ၊ ရယ်ကြ၊ မောကြဖြင့် အပျော်ကြီးပျော်အမြူးကြီးမြူးကြတော့သည်။

ထိုအချိန်တစ်လျောက်လုံး တေမိယကုမာရကား

'ယခုသာကောင်းစေ၊ နောင်ဖြစ်လိုရာဖြစ်စေဆိုတဲ့ အပြိန်း အဖျင်းတို့ရဲ့ အယူအဆမျိုးဖြစ်စေမယ့် ဒါကို ငါ နလုံးမထားအပ်။ တေမိယ သင် ငရဲခံရဖူးတယ်၊ ငရဲကို ရောက်ဖူးတယ်။ ဥဿဒ္ဒရက်ငရဲဘုံမှာ သင် ကြုံတွေ့ခံစားခဲ့ရဖူးတယ် မဟုတ်လား'

'ငရဲသားဘဝမှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှလောက်ပင် နလုံးသာယာခြင်း ပျော်ရွှင်ခြင်းဆိုတာကို ကြုံခဲ့ရဖူးလို့လား'

'အို . . . ဤသဘင်ပွဲကို မရှုကြည့်ရခြင်းဟာ ငရဲထက် ဆင်းရဲဦးမလား၊ လှုပ်ချောက်တတ်တဲ့ ပျော်ရွှင်မှုစိတ် ချိတ်ငင်လာမှာကို စိုးစဉ်းမျှမခံလေနဲ့။ တကယ်တော့ ပျော်ရွှင်မှုဆိုတာ ဆင်းရဲခြင်းကို မွေးထုတ်ပေးတဲ့အရာပဲ သတိထား သတိထား'

တစ်နှစ်တာကာလ အချိန်ကုန်လွန်ခဲ့ပြန်၏။

ခမည်းတော်မင်းကြီး သည် အမတ်ဝန်ထောက်များ၏ မသာမယာ မျက်နှာဖြင့် လျှောက်ထား သံတော်ဦးတင်ချက်များကို ကြားရပြန်လေသည်။





'ပျော်ရွှင်မြူးထူးဖွယ် ပွဲသဘင်နဲ့ အလိုစမ်းသော်လည်း မလှုပ်မချောက် မကြည့်မရှု ပကတိရှိမြဲအတိုင်းသာ သားတော်ကုမာရ ရှိနေပါ၏ ဘုရင်မင်းမြတ်'

ဆယ်နှစ်အရွယ်ရောက်ခဲ့ပြီ ဖြစ်လေသည်။

*

မင်းရင်ပြင် မုခ်နန်းတော်ဦးတွင် ဖွားဘက်သူငယ်တော် ငါးရာတို့နှင့်အတူ ကုမာရငယ်ကို နေရာချပေးထားကြသည်။ ဆယ်နှစ်အရွယ် သူငယ်တို့သည် မြူးထူးပျော်ရွှင် ဆော့ကစားမြဲ ဆော့ကစားလျက် ကုမာရကားပြကတေ့အတိုင်း မလှုပ်မယှက် ငြိမ်သက်လျက်ပင်။

ထိုစဥ် နန်းတော်ဦးတံခါးတစ်ချပ်သည် ဝုန်းခနဲ ပွင့်လာပြီး အထဲမှ ကြီးမားထွားကြိုင်းလှသော ယောက်ျားကြီးတစ်ယောက် ခုန်ထွက်လာ၏။ ယောက်ျားကြီး၏အထက်ပိုင်း ဗလာကိုယ်မှ အဖုဖုအထစ်ထစ် ခိုင်ဖြိုးရုန်းကြွနေသော ကြွက်သားစိုင်များပေါ်တွင် ဆေးနီဆေးနက်မင်များဖြင့် အရုပ်များ၊ အင်းကွက်များ ထိုးထားသည်။

အောက်ပိုးက ကျိုက်ထားသော ခါးတောင်းမြှောင်တစ်လျှောက် တင်ပါး၊ ပေါင်၊ ခြေသလုံးများကလည်း ထိုးကွင်းမင်ကြောင်၊ မင်သေများ အပြည့်များရှိပေသည်။

ရဲရဲနီသော ပဝါကို လိန်ကျစ်၍ ပတ်ပေါင်းထားကာ ကြီးမားလှသော နီနီကြန်ကြန် အရောင်ဆံထုံးကြီးကို ငယ်ထိပ်တည့်တည့်နေရာတွင် သျှောင်ထုံးထားသည်။

ဤလူကြီးကား သူသတ်ကုန်းမှ ပါးကွက်အာဏာသား တစ်ယောက်နှင့် ဘီလူးသဘက်တစ်ကောင်၏ နှစ်ခုသော အသွင်တို့ ပေါင်းစပ်ထားသည့်ပုံစံမျိုး ဖြစ်၏။

ထို့ထက်မူ သူ၏ ထန်းသီးလုံး ပမာဏ လက်သီးဆုပ်ကြီးအတွင်း ကြီးမားတုတ်ခိုင်သော လက်ချောင်းများဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော နှစ်ဖက်သွား သန်လျက်ကြီးကား တလှုပ်လှုပ် တဝဲဝဲ တယိမ်းယိမ်း။

ကောင်းကင်မှ ကျလာသလိုလို နန်းတော်ရင်ပြင်ကို ခွဲ၍ ထွက်လာသလိုလို ရုတ်ခြည်း၊ ဝုန်းခနဲ ရောက်လာသော ထိုလူကြီးသည် လက်သန်းပေါင်း ဖြောင်းဖြောင်းခတ်ကာ ခုန်းလွှားလျက် အသံနက်ကြီးဖြင့် ဟစ်အော်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မောင ငါလာပြီ။ ကာသိကရာဇ် မင်းကြီးမှာ လူရာမဝင် အင်္ဂါချို့တဲ့ တွဲ ဆွံ့အ နားထင်း၊ သူယုတ်မ သားတစ်ယောက်ရှိတယ်လို့ ငါသိရတယ်။ အဲဒီ သူငယ်ယုတ် ဘယ်မှာလဲဟေ့။ သင်းဦးခေါင်းကို အခုပဲ ငါဖြတ်မလို့ ဘယ်မှာလဲ၊ ဘယ်မှာလဲ'

သန်လျက်ကြီးကို ဝှေ့က ယမ်းကာဖြင့် လူ့ပြိတ္တာကြီးသည် သူငယ်တို့ ကစားနေရာသို့ ဝင်ချလာ၏။ အမတ်သားငါးရာသော ကလေးတို့သည် စုးစုးဝါးဝါး အော်ဟစ်ကာ ခြေဦးတည့်ရာသို့ ဖရိုဖရဲ ပြေးကြလေတော့သည်။

'ဘယ်မှာလဲ ဆွံ့အ နားပင်းနေတယ်ဆိုတဲ့ သူငယ်ယုတ်'

'သင်းဦးခေါင်းကို လည်က လွင့်စင်သွားအောင် ငါက ဒုတ်ဒုတ်ထိ ခုတ်ဖြတ်ပစ်မလို့ဟေ့၊ ဘယ်မှာလဲ သူငယ်ယုတ်'

နန်းတော်ဆောင်ထဲ၌ အခြားသူငယ်များ တစ်ယောက်မှ မရှိကြတော့ ထက်ဝက်ဖွဲ့ခွေနေနေသော တေမိယကုမာရတစ်ကိုယ်တည်းသာ ကျန်ရစ်ခဲ့၏။

လူ့ပြိတ္တာကြီးသည် သန်လျက်ကြီးကို ဝှေ့ရင်း ကုမာရအနီးသို့ ခုန်ဝင်လိုက်သည်။ ထို့နောက် သန်လျက်ကို ကုမာရမျက်နှာ လည်ကုပ်တစ်ဝိုက် ဝဲ၍ဝဲ၍ ချိန်ရွယ်ရင်း

'ဟဲ့ သူငယ်ယုတ်၊ နင့်ခေါင်းကို ငါ အခု ဖြတ်မဟဲ့'

ဟု အသံနက်ကြီးဖြင့် ခြိမ်းခြောက်လေသည်။

တေမိယကုမာရကား မလှုပ်မရှု၊ ထိုင်နေရင်းဖြင့်ပင်

'သတိထား တေမိယ။ သန်လျက် ဘေးဆိုတာ ငရဲဘေးနဲ့စာရင် အသေး အမွှားသာပဲ ဖြစ်တယ်။ ငရဲဘေးထက် မကြီးနိုင်ဘူး'

ဟူသော နှလုံးသွင်းစိတ်ဖြင့် ပြကတေ့ရှိမြဲ ရှိနေ၏။

သန်လျက်စွဲ လူကြီးသည် အမျိုးမျိုးကြုံးဝါး ခြိမ်းခြောက်ပြန်၏။ သူ၏ခြိမ်းခြောက်သံမှာသာ မောဟိုက်သံ ဖွက်လာသည်။ ကုမာရကားမလှုပ်မရှေ့၊ သို့ဖြင့်ပင် လူကြီး တော်ရာ ရှောင်သွားရလေသည်။

တစ်ကြိမ်မဟုတ် တစ်ကြိမ်တော့ ကြောက်လိမ့်မည်။ ဆယ်နှစ်အရွယ်ဆိုသည်မှာ အသက်ဘေးနှင့် သန်လျက်လက်နက်ကို ကောင်းစွာ ကြောက်တတ်ပြီဟု ဆွေးနွေးကြကာ ထိုနည်းအတိုင်း အကြိမ်ကြိမ် စမ်းသပ်ကြပြန်၏။

တစ်နှစ်ပတ်လုံး အခွင့်သင့်လျှင် သင့်သလို ထိုသို့စမ်းသပ်ကြသော်လည်း အကြောင်းထူးထွေ မည်သို့မျှ မရှိခဲ့လေသဖြင့်

'ကိုင်း . . .ပညာရှိကြီးများ ဆယ်နှစ်ပြည့်လို့ ဆယ့်တစ်နှစ်အရွယ် ရောက်တော့မယ်။ နောက်တစ်နည်းနဲ့ စမ်းသပ်ကြပါဦးစို့'

ဟု ဆုံးဖြတ်ကြရတော့သည်။





'သားတော်လေးဟာ မွေးရာပါ အဆွံ့၊ အ,အ၊ အပင်း မဟုတ်ဘဲ နှလုံးအလို တစ်ခုခု အစွဲနဲ့ ခုလို မတုန်မလှုပ် နေတယ်သာ မှန်ရင် အကောင်းဆုံး စမ်းသပ်နည်း တစ်နည်းရှိတယ်'

'နေဦး . . . နေဦး ပဋိသန္ဓေအင်္ဂါပဲ ချို့တဲ့တာလား၊ သင်ပြောသလို နှလုံးအလို တစ်ခုခု စွဲပြီး မတုန်မလှုပ်နေတာလား ဆိုတာကိုပဲ အတိအကျ ပြောလို့ မရဘူး ဖြစ်နေတယ်'

'ဒီမှာ ပညာရှိကြီးများ၊ ကျွန်ုပ်စကားကို ဆုံးအောင် နားထောင်ပါဦး၊ ပဋိသန္ဓေအင်္ဂါပဲ ချို့ချို့၊ နှလုံးအလို တစ်ခုခုစွဲပြီး နေတာပဲဖြစ်ဖြစ် ဈာန်ရထားတဲ့ သူတွေတောင် အထွေထွေ အာရုံမှာ မတုန်မလှုပ် မနေနိုင်တဲ့ အရာ တစ်ခု ရှိပါတယ်'

'အင်း ဆိုပါဦး'

'အသံ'

'ဘယ်လို'

'တိတ်ဆိတ်ငြိမ်သက်ရာကနေ ရုတ်ခြည်း ကျယ်လောင်စူးနစ်စွာ ပေါ်လာတဲ့ အသံ။ ဒီလိုအသံမျိုးကို ဘယ်သူမှ မခံနိုင်ဘူး။ ထိတ်လန့်မှု တုန်လှုပ်မှုတွေနဲ့ တုံ့ပြန်တာချည်းပဲ၊ ဈာန်ရသူတွေတောင် မခံနိုင်တဲ့ အာရုံလေ'

'ဟယ် ဟုတ်ပါရဲ့။ အင်း အသံတော့ ဟုတ်ပါပြီ။ ဘယ်လိုအသံမျိုး ဖန်တီးမလဲ'

'စူးစူးနစ်နစ် ရူးရူးရှရှ အနီးကပ် မြည်လိုက်တယ်ဆိုရင်ပဲ နားထဲမှာ မခံချည့်မခံသာ အလို ဟင် ဖြစ်သွားစေမယ့် လေမှုတ်သံမျိုး။ ကဲ ဘာလဲ'

'ဟာ ဟုတ်ပြီ ခရုသင်းမှုတ်သံ'

ကုမာရ၏ စက်ရာခန်းပတ်လည်ကို တင်းတိမ်များဖြင့် ကာထား၏။ စက်မွေ့ရာ သလွန်အောက်၌ မင်းသားငယ် မသိစေရအောင် လျှို့ဝှက်စွာ ခရုသင်းမှုတ်သူကို ပုန်းအောင်းနေရာယူထားစေသည်။ တင်းတိမ်ကလကာများ လေးဘက်လေးတန် ကာရံထားရာတွင် ပြင်ပမှ ချောင်းမြောင်းကြည့်သာရုံ အပေါက်ငယ်ကလေးများ ဖောက်ထားပြီး အရိပ်အခြေကို စောင့်ကြည့်ကြသည်။

တေမိယကုမာရ သလွန်ပေါ်သို့ ရောက်ရှိပြီး အသံဗလံများအားလုံး တိတ်ဆိတ်နေအောင် အချိန်အနည်းငယ်မျှ ဆွဲထားလိုက်ကြသည်။ နေသာတကျ ရှိကာ ပကတိ တိတ်ဆိတ်ငြိမ်သက် သွားပြီဆိုမှ

ခရုသင်းမှုတ်သံသည် တိတ်ဆိတ်ခြင်းကို တစ်ခဲနက် စူးစူးနစ်နစ်သော သံရှိန်သံဟုန်ကြီးဖြင့် ဖြိုခွင်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထင်း တိတ်ဆိတ်နေရာမှ ရုုးရုုးဝါးဝါး ထွက်ပေါ်လာသော ကျယ်လောင်သည့် အသံတစ်ခုခုကို အနီးကပ်ကြားလိုက်ရသူ မည်သူမဆို သွေးပျက်သွားတတ် ပြစ်၏။ သို့သော် တေမိယကုမာရကား ငရဲဘေးကို ရေးရေးအထင်မြင်ကျူး သုံးချက်သော အင်္ဂါကို ဆောက်တည်သည်မှစ၍ သတိကို တစ်ခြင်းခြင်း တွေ့အမြဲ ထားရှိသူ ဖြစ်ချေသည်။

ထိုသတိဖြင့် ကုမာရသည် 'ငါ့အလိုကို ထိုထိုအကြောင်းများဖြင့် ပြောင်းလဲကာ နည်းအမျိုးမျိုးသုံး၍ စမ်းသပ်ကြဦးမည်မှာ မုချ' ဟူ၍ အခါခပ်သိမ်း နှလုံးသွင်းထားရင်းလည်း ရှိချေသည်။

ထို့ကြောင့် ရှုးနစ်မြည်ဟီးသော ခရုသင်းမှုတ်သံကြီးက အနီးကပ်၍ ထွက်ပေါ်လာသော်လည်း ယောင်မှား၍မှ မလှုပ်၊ စောင့်လှည့်ခြင်း၊ ပျက်ထွင်ခြင်း လုံးဝမရှိ။

တင်းတိမ် အပြင်မှ ချောင်းမြောင်း စောင့်ကြည့်နေကြသူများက အံ့သြမှင်သက်ကာ လက်မှိုင်ချကြရလေသည်။

ဤသို့ဖြင့် တစ်နေ့မပြတ် တစ်နှစ်လုံးလုံးပင်လျှင် ခရုသင်းမှုတ်သံဖြင့် အလိုစမ်းပါသော်လည်း ခရုသင်း မှုတ်သူများသာ ပြောင်းသွား၏။ ချောင်းကြည့် တာဝန်ယူရသူသာ ပြောင်းသွား၏။

သမ္မာသမ္ဗောဓိ ပဋ္ဌာနာ ပါရမီရှင် တေမိယကုမာရကား ငရဲဘေးကိုသာ ရှုလျက် အမှုမတုအယူ တစ်ဖြောင့်တည်း ငြိမ်သက်စွာ နေတော်မူမြဲနေတော်မူလေသည်။

ဤသို့ဖြင့် ကုမာရသည် ဆယ့်တစ်နှစ်အရွယ်ကို လွန်မြောက်ကာ ဆယ့်နှစ်နှစ်အရွယ် ရောက်လာခဲ့၏။

'ကိုင်း . . . အချင်းတို့။ အချင်းတို့ နောက်ထပ် ဘယ်နည်းနဲ့ စမ်းကြဦးမလဲ၊ ခရုသင်းကိုတော့ လက်လျှော့လိုက်ကြစို့ရဲ'

*

'ခရုသင်းမှုတ်သံဆိုတာ ကျယ်လောင်စူးရှတာတော့ မှန်ပါရဲ့။ သို့ပေမယ့် ကြာတော့ နားယဉ်သွားနိုင်တယ်။ ထိတ်လန့်တုန်လှုပ်စေတဲ့ အသံအဖြစ်ကနေ နားဆင်လို့ကောင်းတဲ့ ဂီတသံအဖြစ် ပြောင်းလဲသွားတာ ဖြစ်နိုင်တယ်။ ဒါကြောင့် ဒီနည်းနဲ့တော့ ကုမာရကို စမ်းသပ်လို့ မရနိုင်တော့ဘူး။ နည်းလမ်းပြောင်းကြရင် ကောင်းမယ်'

'နည်းလမ်းပြောင်းတာကတော့ ဟုတ်ပါပြီ။ ဒါပေမယ့် တိတ်ဆိတ်





ငြိမ်သက်နေရာကနေ ရုတ်တရက် ကျယ်ကျယ်လောင်လောင်ကြီး ထမြည်တဲ့ စမ်းသပ်အခြေခံကိုတော့ ဆက်သုံးသင့်တယ်'

'ဟုတ်တယ် အသံနဲ့ခြောက်လှန့်ခြင်းဆိုတာ သဘာဝတရားအရ ဘယ်သူမှ မတုန်မလှုပ်ဘဲ မနေနိုင်ဘူး'

'ဒါဖြင့် ခရုသင်းအစား ဘာလုပ်ကြရင် ကောင်းမလဲ'

'အင်မတန် ထိရောက်တဲ့ အမှုအရာတစ်ခု ရှိပါတယ်။ လေမှုတ်တဲ့တူရိယာ မဟုတ်ဘူး။ ရိုက်ပုတ်တီးခတ်တဲ့ ကရိယာ၊ အသံကြီးက အလွန်ပြင်းထန်တယ်။ ငြိမ်သက်နေရာကနေ ရုတ်တရက် မြည်ဟိန်းထွက်လာတဲ့ အဲဒီအသံကြီးဟာ နားကနေ ရင်ခေါင်းထဲအထိ ဒုတ်ဒုတ်ဆောင့်ဝင်သွားမယ်'

'အိုး . . . သိပြီ၊ သိပြီ၊ စည်ကြီးသံ'

ခရုသင်းသံဖြင့် စမ်းသပ်ခဲ့သော နည်းအတိုင်းပင် ပုန်းကွယ်ရာ အောက်တစ်နေရာဆီမှ စည်ကြီးထုရိုက်တီးခတ်ကာ အလိုစမ်းကြပြန်၏။ သို့သော် ထူးခြားသော အရိပ်အရောင် တစ်ခုတစ်လေမှ ဖြစ်ပေါ်မလာခဲ့။ ကုမာရသည် ယောင်၍မျှ လက်လှုပ်ခြင်း၊ စောင်းငဲ့ခြင်း၊ တုန်ခါခြင်းမရှိ။ ပကတိငြိမ်သက်မှုဖြင့် မလှုပ်မရှား ရှိနေလေသည်။

'ကိုင်း . . . တစ်နှစ်ပြီး တစ်နှစ် ကုန်လွန်ခဲ့ပြန်ပြီ။ စည်ကြီးသံနဲ့လည်း မရပြန်ဘူး။ စည်တီးတဲ့လူတွေသာ လက်မောင်း လက်ရုန်းပြုတ်ထွက်လို့ စည်ကြီးရဲ့ မျက်နှာပြင်သာ ပေါက်ကွဲသွားချင်သွားမယ်။ ကုမာရကတော့ တုတ်တုတ်မျှ မလှုပ်၊ ဘယ်လိုလုပ်ကြမလဲ'

'အင်း။ တစ်ဆယ့်သုံးနှစ်အရွယ် ရောက်ခဲ့ပြီဆိုတော့'

*

ညဥ့် အမှောင်သည် တေမိယကုမာရ၏ အိပ်ရာတိုက် စက်ခန်းဆောင်ထဲ၌ ပို၍ မှောင်မည်းနေ၏။ အမိုက်တိုက်သည် သိပ်သည်းထူပျစ်စွာ ဖုံးလွှမ်းလျက် ပိန်းပိတ်သား အမှောင်ထုကြီးထဲ၌ နစ်မြုပ်နေ၏။ ထိုအမှောင်တိုက်ကြီးထဲ၌ တစ်ဆယ့်သုံးနှစ် အရွယ်ရောက်ပြီဖြစ်သော တေမိယကုမာရကို သိပ်ထားသည်။ ဆိပ်ကွယ်ရာ၌ မင်းသားငယ်သည် ခြေထား လက်ထား မပျက်မရှိနိုင်၊ မုချပင် လှုပ်ရှားစေရမည်ဟု ယုံကြည်လျက် အစီအမံ လုပ်ကြပုံကား

ဆီမီးတိုင် ဆီမီးခွက်တို့ကို အရောင်အလင်း အပြင်သို့ မထွက်စေရအောင် အိုးကြီးအိုးငယ်များဖြင့် ကိုယ်စီဖုံးအုပ်လျက် ကုမာရ၏ အိပ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



အတွင်း တိတ်တစ်ဆိတ် ဝင်ရောက်နေရာယူထားကြ၏။ ထို့နောက် ကြိုတင်သတ်မှတ်ထားသော အချိန်းအချက်အတိုင်း အိုးများကို တစ်ပြိုင်တည်းဖွင့်လှစ်လိုက်ကြသည်။

ပိန်းပိတ်သား အမိုက်တိုက်အမှောင်ထုသည် ရုတ်ချည်း လင်းထိန်သွား၏။ ဤအချိန်ဝယ် ကုမာရသည် စက်ရာပေါ်တွင် လျောင်းလျက်သားရှိနေရာမှ ရုတ်တရက်ဖြစ်ပေါ်လာသော အလင်းရောင်ကြောင့် ထိုင်လျက်သားဖြစ်သွားသလော၊ ရပ်လျက်လော၊ လက်ထားခြေထား အမူအရာများ ပျက်ယွင်းသွားသလော စသည်ဖြင့် အနေအထား ကရိယာပုတ်ကို စူးစမ်းကြည့်ကြသည်။

တောမိယကုမာရငယ်ကား စိုးစဉ်းမျှ ခြေလက်အနေအထား ပျက်ယွင်းခြင်းမရှိ၊ ထားတိုင်းသော ဣရိယာပုတ်ဖြင့်သာ မလှုပ်မယှက် ရှိနေ၏။ ဤသို့လျှင် တစ်ညဉ့်မပြတ် တစ်နှစ်ပတ်လုံး အမိုက်တိုက်တွင် ထား၍ ဆီမီးထွန်းဖွင့်လိုက်ခြင်း၊ နည်းလမ်းဖြင့် စမ်းသပ်ကြသည်။ အရွယ်နှင့်လျော်စွာ များစွာသော အလိုတို့ဖြင့်လည်း စမ်းသပ်ကြသည်။

သတိမကင်းမကွာစေဘဲ အဓိဋ္ဌာန်ရင်း မပျက်စေဘဲ ပကတိတည်ငြိမ်စွာသော ရှိနေသော ကုမာရအဖို့ကား ထိုစမ်းသပ်မှု မှန်သမျှကို ကျော်ဖြတ်အောင်ခဲ့သည်ခြင်းပင် ဖြစ်လေသည်။

'ကိုင်း . . . မင်းဘုရားတို့၊ ဒီလိုနဲ့ တစ်နှစ်ပြီး ပြန်ပြီ၊ ကုမာရလည်း ဆယ့်လေးနှစ်ရှိခဲ့ပြီ၊ နောက်တစ်နည်းပြောင်းကြဦးစို့ရဲ'

'အင်း . . . နည်းလမ်းရှာကြရဦးမှာပေါ့လေ'

BURMESE CLASSIC

*

'ဆယ့်သုံးနှစ်ကျော် ဆယ့်လေးနှစ်ရွယ် သူငယ်တို့ရဲ့ စိတ်သဘောဘယ်လိုရှိမလဲ၊ စဉ်းစားကြစမ်းပါဦး'

'ဒီအရွယ်ဆိုတာ နှလုံးသားရင့်စဖြစ်နေတယ်'

'အဲဒီတော့ ဘာဖြစ်သလဲ'

'နှလုံးရင့်စအရွယ်ဆိုတာ သည်းမခံနိုင်တဲ့ အရာမျိုးနဲ့အသေအချာကြုံရရင် အလိုအလျောက်ပဲ လှုပ်ရှားတုံ့ပြန်တတ်ပါတယ်'

'ဟုတ်ပါပြီလေ၊ သည်းမခံနိုင်တဲ့ ဘယ်အရာမျိုးလဲဆိုတာ'

'ဘယ်သူ တစ်ဦးတစ်လေမှ သည်းမခံနိုင်တဲ့ အရာတစ်မျိုး ရှိပါတယ်'





'ဘာအရာမျိုးလဲ'

'. . . . . . . . . . . . . . .'

*

တောမိယကုမာရ၏ တစ်ကိုယ်လုံးမှာ တင်လဲရည်များဖြင့် အလူးလူးအလိမ့်လိမ့် ရှိနေ၏။ ပြစ်ချွဲချွဲစိုစိုစွတ် တင်လဲရည်များ ကိုယ်ပေါ်တွင် အသုတ်လိမ်းခံထားရသည်ကပင် သည်းမခံနိုင်ဖွယ် ဖြစ်သည်။

ထို့ထက်မှ တင်လဲရည် အလိမ်းလိမ်းပေကျံနေသော အနေအထားဖြင့် ခြင်၊ ယင်၊ မှက်တို့ ထူပြောရာအရပ်၌ အထားခံရသည်မှာကား ပို၍ပင်ဆိုးရွားသော အခြေအနေ ဖြစ်သည်။

တင်လဲရည်၏ သတ္တိကြောင့် ခြင်၊ ယင်တို့သည် ကုမာရကိုယ်လုံးကို ဂန်းအုံပျံနားလာကြ၏။ တင်လဲနံ့မှလျှောက်၍ အပ်ဖျားဖြင့် ထိုးဆွသကဲ့သို့ အသွေးအသားကို ဆိတ်ပေါက် သောက်ယူကိုက်ခဲကြ၏။ မွေးညင်းပေါက်များထဲသို့ ခြင်၊ ယင်တို့၏ စူးရှချွန်မြသော နှာမောင်းငယ်များ ထိုးစိုက်လာကြ၏။

အနာဂါမ် ရဟန္တာ သမာပတ်ရှင်တို့မှတစ်ပါး မည်သည့်သူ တစ်ဦးတစ်ယောက်မျှ မခံနိုင်စွမ်းသော အရာပင်ဖြစ်လေသည်။ ခြင်တစ်ကောင်ကိုက်မျှ မနစ်မြိုက် သည်းခံနိုင်ခဲသော ဆင်းရဲကြီးစွာသော ထိုဒုက္ခကို ကုမာရငယ်သည် ပဋိယာနုသယဗျာပါဒ မကင်းသော ပုထုဇဉ်သား ဖြစ်ပါလျက် ကြံ့ကြံ့ရင်ဆိုင် သည်းခံနိုင်ခဲ့ပြန်သည်။

ကုမာရ သတိထား၊ သတိထား၊ အမြဲမပြတ်သော သတိဉာဏ်သံဝေဂဖြင့် မိမိကိုယ်ကို မိမိဆုံးမနှိပ်ကွပ်၏။ သတိထား၊ ကုမာရ၊ ဥဿဒ ငရဲမှာ လုံ၊ သန်လျက်၊ ချွန်းလက်နက်မျိုးစုံတို့နဲ့ ငရဲထိန်းတို့က ထိုးဆွရိုက်သတ်ခြင်း၊ ငရဲခွေး၊ ငရဲငှက်တို့ ထိုးပေါက်ကိုက်ခဲခြင်းဆိုတဲ့ ဆင်းရဲဒုက္ခနဲ့ နှိုင်းစာရင် အခု ခြင်၊ ယင်တို့ ကိုက်ခဲခံရတာဟာ အဆများစွာသင့်မှ မြတ်ပေသည်။

အဓိဋ္ဌာန်ပါရမီ၌ အလုံးစုံသွက်လက်၊ စိတ်ဝိဉာဉ်ရှိသော အနာဂါမ်ရဟန္တာကိုမျှ ဥပမာစိတ်အားလုံးကိုချုပ်၊ တိဇရုပ်သာအကြွင်းရှိသော နိရောဓသမာပတ်ဝင်စားသည့် မဟာထေရ်ကြီးကဲ့သို့ မလှုပ်မယှက် ငြိမ်သက်တည်ကြည်စွာ နေတော်မူနေသည်။

တင်လဲရည်လူး၍ ခြင်၊ ယင် အကိုက်ခံစေသော ဤနည်းဖြင့်လည်း ကုမာရ၏အဓိဋ္ဌာန်ကို တွန်းခွာခြင်းငှာ မစွမ်းနိုင်ပြန်ချေ။



www.burmeseclassic.com

www.burmeseclassic.com



'ကိုင်း . . . ဘယ်လို လုပ်ကြမလဲ'

*

'တစ်ဆယ့်ငါးနှစ်ဆိုတဲ့အရွယ်ဟာ လုလင်ပျိုတို့ဓမ္မတာ သွေးသားပြောင်းလဲခဲ့ပြီး သွေးတက်စအရွယ် ဖြစ်ခဲ့ပြီ။ ဒီအချိန်မှာ လုလင်ပျိုတို့သဘာဝဟာ တစ်နေ့တည်းမှာပဲ အကြိမ်များစွာ ရေချိုးချင်တယ်။ ကိုယ့်ကိုယ်ကိုယ် သန့်ရှင်းအောင် မွေးထုံကြိုင်ပျံ့စေတယ်၊ ကိုယ်နံ့ညစ်ညူးတာ၊ ပုပ်ဟောင်နံ့စော် မသန့်ရှင်း မစင်ကြယ်တာကို နည်းနည်းလေးမှ မကြိုက်ဘူး။ လှပမွှေးကြိုင် သန့်မွေ့ဆိုတာကိုပဲ နှစ်သက်တယ်၊ ဒီသဘာဝဓမ္မတာကို ဆန့်ကျင့်ပြီး စမ်းသပ်လိုက်ရင် ကုမာရ ဘယ်ခံနိုင်မတုံး'

ထိုသို့ တိုင်ပင်ပြီးသည့်နေ့မှစ၍ တောမိယအား ရေချိုးပေးခြင်းကိုလည်းမပြု၊ သန့်သက်အိမ်သို့ဆောင်၍ ကိုယ်လက်သုတ်သင် ပြုမြဲဝတ်ကိုလည်း မပြု၊ အိပ်ရာထက်၌သာလျှင် ကိုယ်မှဖြစ်သော ကျင်ကြီးကျင်ငယ် ရွံ့ရှာဖွယ်တို့ဖြင့် အနံ့တလှောင်းလှောင်း ပြွန်းစေ၏။

ပုပ်နံ့ဟောင်စွာ မကောင်းသဖြင့်သော ဂန္ဓရုံခိုက်ယှဉ်၍ ဃာနဝိညာဉ် အထိအတွေ့၊ နလုံးနာစက်စုပ်ခြင်းတို့ဖြင့် အူလန်အသည်းလန်၊ အော့အန်မတက် ခြေဆတ်ချောင်းဟပ် မွန်တက်သီးနှင့် ပင်ပန်းကြီးစွာ ခံတော်မူရလေသည်။

ဤသို့သော ဆင်းရဲကြီးစွာကို ခံစားနေရသောအချိန်တွင် အနီးပတ်ဝန်းကျင်မှ အထိန်းတော် အချည်တော်တို့ကလည်း တစ်ရံမလပ် မြည်တွန်ပြောဆိုကြပုံကား

'အရှင်သား။ ကိုယ့်ကိုယ်ကိုယ် သုတ်သင်သန့်စင်ဖို့ အရွယ်ရောက်နေပြီ။ အရှင့်သားဟာ ငါးနှစ်ဆယ်နှစ်အရွယ်လို သူတစ်ပါးတို့ရဲ့ ပြုစုဖေးမမှုကို ခံယူရမယ့် အရွယ်မဟုတ်တော့ဘူး။ ခု ကြည့်စမ်းပါဦး။ မစင်အလိမ်းလိမ်း၊ စက်ဆုပ်ရွံ့ရှာစရာ၊ ထိန်းရသူတွေကိုလည်း မထောက်၊ ရက်ကြောက်ချိန်တန်လို့လည်း ရက်ရကောင်းမှန်းမသိ။ ကျင်ကြီးကျင်ငယ် အညှီအဟောက် ပိုးလောက်မျှ မတန်လို့ အနားမှာ ဘယ်သူမှ မကပ်ချင်လောက်အောင် အရှင့်သားမို့ နေနိုင်တယ်'

ဟု နာကျင်ခံခက် စိတ်လက်ဆင်းရဲအောင် တဖွဖွပြောပေးနေကြ၏။ တောမိယကုမာရကား မိမိကိုယ်မိမိသာလျှင်

'ကုမာရ၊ မစင်တွင်းမှာ သင်အခု ခံနေရခြင်းသာ ခံသာတယ်လို့





မှတ်၊ စက်ဆုပ်ဖွယ် အပုပ်နံ့ကား ယူဇနာ ၁၀၀ လောက်ကနေ လေအငွေ့အသက်ရှူမိရုံမျှနှင့် အူအသည်း ပွတ်ပြတ်လိုက်ဆန် ဒဏ်ဆွတ်မတတ်ရှိပေမယ့် အယူတစ်ချောင်းတည်း သင့် အမိဋ္ဌာန်အတိုင်း တစ်မျဉ်းကြောင်းတည်း ဖြောင့်မတ်စေ၊ သတိထား'

တစ်နှစ် ကုန်လွန်ခဲ့ပြန်သည်။

'ကိုင်း . . . အလို တစ်နည်း ပြောင်းကြဦးစို့'

www.burmeseclassic.com

www.burmeseclassic.com

## ၆

တေမိယကုမာရသည် အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်ခဲ့ပြီဖြစ်၏။ စမ်းသပ်မှုအမျိုးမျိုးတို့သည်လည်း ကုမာရ၏ တုဏှိဘာဝတံတိုင်းရှေ့မှောက် အတုံးအရုံး ပြိုလဲခဲ့လေပြီ။

အမှုးအမတ်တို့ နောက်ထပ်တိုင်ပင်ရရှိသော နည်းလမ်းကား စမ်းသပ်မှုမည်ကာ မတ္တထက် ကုမာရ၏ အဆွံ့၊ အအ၊ အပင်း အမူအရာကို ထိုးနှက်တိုက်ခိုက်သော အရာဖြစ်လာသည်။ အခြားမဟုတ် ပြင်းပြသော မီးအပူတိုက်၍ အလိုစမ်းခြင်းပင် ဖြစ်၏။

ညောင်စောင်းသလွန်ထက်ပေါ်၌ ကုမာရအား အလိုက်သင့် ထားကြ၏။ ထို့နောက် သလွန်အောက်မှ မီးမယ်ဖြူကို ထား၍ ကျပ်တင်သကဲ့သို့သော မီးကျိုးမီးခဲအရှိန်အငွေ့တို့ကို ချောင်းချောင်းလွှတ်ကြလေသည်။ ဤတွင် ကိုယ်တော်၏ ကိုယ်အလုံးမှာ လွန်စွာသောပူခြင်းဖြင့် မီးလောင်မာအဖုးများပေါက်လျက် လွန်စွာသော နာခြင်းသို့ ရောက်ရတော့သည်။ ရှိန်ရှိန်တက်လွင့်သော မီးအပူဒဏ်ကို ထိုသို့ ဆင်းရဲပင်ပန်းစွာ ခံလင့်ရင်း ကုမာရ ဆင်ခြင်၏။

'မင်းဆင်ခြင်စမ်း တေမိယ။ အဝီစိငရဲရဲ့ပူခြင်းဟာ အလျှံတွင်းသို့ မရောက်သေးခင်မှာပဲ ယူဇနာတစ်ရာအကွာအရပ်ကနေ မခံမရပ်နိုင်အောင် ပူပြင်းလွန်းလှတယ်။ အခု မင်းခံစားနေရတဲ့ အပူဟာ ဘယ့်ကလောက်များ





အလျှံတက်လို့တုန်း၊ သက်သက်သာသာ အဆအရာအထောင် အသိန်းအသန်း လျော့ပေါ့လို့ ခံသာလှပေတယ်'

ဤသို့သော မီးမယ်ဖြူအပူဖြင့် စမ်းသပ်ခြင်းကိုလည်း ရံခါတစ်နေ့လုံး ရံခါရက်ခြား ရံခါရက်ဆက်ဖြင့် တစ်နှစ်ပတ်လုံး စမ်းသပ်ကြလေသည်။

ခမည်းတော် မယ်တော်တို့ကား ဆောက်တည် မနေနိုင်ကြတော့ပေ။

မီးအပူတို့အလယ်၌ ဆင်းရဲကြီးစွာ သည်းခံကာ မလှုပ်မရှားရှိနေသော သားတော်အတွက် နှလုံးနာကျင်ထိခိုက်လွန်းလှသည်ဖြစ်၍ အထိန်း၊ ရံရွေတို့အား ဖယ်ခွာစေကာ သားတော်အနီး ချည်းကပ်လျက် စကားဆိုကြလေသည်။

'သား တေမိယကုမာရ၊ မောင်ဟာ၊ နားပင်းသူ၊ ဆွံ့အသူ မဟုတ်ဘူးဆိုတာ မယ်မယ်တို့ သိပါတယ်။ ဆွံ့သူ အ,သူ ပင်းသူတို့ရဲ့ လက်ခြေခံတွင်းနားတွင် သဏ္ဌာန်တို့ဟာ သားမှာ တစ်ခုမှ မရှိကြဘူး။ သားဟာ ပကတိသော သန့်စွမ်းပြည့်စုံသူပါ'

'မိခင်ကြီးဟာ ဥပုသ်သီတင်းသုံးခဲ့ပြီး ဘုန်းလက္ခဏာနဲ့ ပြည့်စုံတဲ့ သားကောင်းရပါစေဆိုတဲ့ဆုတောင်းမှုနဲ့ သားရဲ့သန္ဓေအခါတွဲစကပဲယောကျ်ားထူး တိတ်နိမိတ်များ ထင်ရှားစွာ ပေါ်ခဲ့တာပါ။ ဖွားမြင်စမှာလည်း ပုရောဟိတ်အပေါင်းက လေးကျွန်းအရှင် ဖြစ်ထိုက်ကြောင်း နိမိတ်အပေါင်းကို လက္ခဏာဖတ်ခဲ့ကြတာပါ'

'မောင့်ခမည်းတော်၊ မယ်တော်တို့ဟာလည်း သားရဲ့ တန်ခိုးဘုန်းရောင်နဲ့ တစ်ကျွန်းလုံးကျော်စောပြီး မင်းဟကာတို့ ရှိညွှတ်ဝပ်တွား ခစားကြတော့မယ်ဆိုပြီး အလိုရှိရာသို့ ဖုမ်းမြန်းခဲ့ကြပါတယ်။ ဒါပေမယ့် သားက ဆွံ့ယောင်၊ ပင်းယောင်၊ အ,ယောင်ပြုလို့ မတုန်မလှုပ်နေခဲ့တယ်'

'မိခင် ဘခင်တို့မှာ ထီးဖြူဆောင်းချင်း၊ အမင်းမင်းပရိတ်အလယ်မှာ ကြီးစွာ ရှက်ဖွယ်ရကြတော့မယ်။ အမောင့်အကြိုက် နှစ်ဦးနှစ်ဖက်သင့်မြတ်အောင် အခွင့်ဆောင်လာမှ အကဲ့ရဲ့လွတ်ရတော့မယ် သားကုမာရ၊ မယ်မယ်တို့ ခမည်းတော်တို့၊ နှလုံး ပျက်ပြုန်းကြေကွဲအောင် မလုပ်ပါနဲ့ သားတော်'

'အမောင်အလိုရှိရာအခွင့်ကို ပြောပါ။ ခမည်းတော်ရယ်။ မယ်တော်ရယ်၊ သားရယ် သုံးဦးသုံးနားတစ်ပါးသူမကြားစေရအောင် လျှို့ဝှက်ဖုံးအုပ်ထားပါမယ်။ တိုးတိုးသက်သက်လေးပဲ ဖြစ်ဖြစ် အမြွက်မျှ စကားဆိုစမ်းပါဦး သားရယ်'

အမိအဘတို့၏ မျက်ရည်ဖြင့် စိုစွတ်လီမ်းကျံအပ်သော ဆောင်းပန်တိုးလျှိုးစကားလုံးများသည် သား၏အဓိဋ္ဌာန်ပါရမီကို ထိုးဖောက်နိုင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



[illegible] ငြိမ်သက်ခြင်းဖြင့်သာ အခိုင်အမာရှိနေသည့် သားအား [illegible] ညို ဗွေ့ဇတ်၊ ကျောသပ်၊ ဆုပ်နယ်ကာ အသွယ်သွယ်ပြောင်း [illegible] ဆိုကြသော်လည်း မည်သို့မျှ ထူခြားမှုရှိမလာခဲ့ချေ။

[illegible] မယ်တော်တို့သာလျှင် မျက်ရည်ကိုသုတ်၍ ညိုးချုံ့ [illegible] ကြရလေသည်။ ဤသို့ဖြင့်ပင် ထိုတစ်နှစ်လုံးသည် ပူလောင်သော [illegible] ဖြင့်လည်းကောင်း စွတ်စိုသော မိခင်၏မျက်ရည်ဖြင့်လည်း [illegible] ပြောကြတဲ့သော ဘခင်၏စကားများဖြင့်လည်းကောင်း တေမိယကုမာရ [illegible] ခြုတ်သန်းသော စမ်းသပ်မှုကာလ ဖြစ်ခဲ့၏။

အသက်အရွယ် တစ်ဆယ့်ခုနစ်နှစ်သို့ ရောက်ခဲ့လေပြီ။

*

'ဆွံ့သူ၊ အ,သူ၊ ပင်းသူ ဖြစ်စေဦးတော့ လူဟာလူပဲ။ ထို့ကြောင့် လူဟာ ကာမဂုဏ်သားပဲ။ တက်မက်အပ်သော အာရုံနဲ့ ယှဉ်တဲ့အခါ မတပ်မက်ဘဲ နေနိုင်သူ လောကကြီးမှာ မရှိဘူး'

'မှန်တယ်။ အချိန်အခါ အရွယ်ရောက်ပြီဆိုရင် ပန်းတို့ဟာ ပွင့်မြဲမွှေတာရှိတယ်။ တစ်ဆယ့်ခုနစ်နှစ်ဆိုတဲ့ အရွယ်ဟာ လုလင်တို့အဖို့ ကာမဂုဏ်အာရုံကို နီးပွင့်မြဲမွှာတာပေကလား'

'ဟုတ်တယ်။ အခြားအရာတွေဟာ ပညာနဲ့သည်းခံချုပ်တည်းနိုင်ပေမယ့် အရွယ်ပကတိသဘာဝက နှိုးဆော်တဲ့အခါမှာ တော်ရုံတန်ရုံအာရုံနဲ့တွေ့ရင်ပဲ ငြိမ်ဝပ်အောင် နှိပ်ကွပ်နိုင်ဖို့ မရှိဘူး။ ကိုင်း . . . ဒီတော့'

မှူးမတ်များ ညှိနှိုင်းဆုံးဖြတ်ကာ ဆယ့်ခုနစ်သား တေမိယကုမာရကို စမ်းသပ်မည့်အကောင်းဆုံး၊ အထိရောက်ဆုံး နည်းလမ်းကို ရွေးချယ်လိုက်ကြ၏။

နတ်ကညာနှင့်အလားတူမျှ လှပချော့မွတ်ခြင်းရှိသော လက္ခဏာအရောင်အဆင်း ကောင်းခြင်းအရပ်ရပ်ဖြင့် ပြည့်စုံသည့် မိန်းမပျိုများကို မင်းကြီး အမိန့်တော်အရ ကောက်ယူရွေးချယ်လိုက်ကြသည်။

'သင်တို့အားလုံး တေမိယကုမာရရဲ့နှလုံးအကျိတ်အခဲကို နည်းမျိုးစုံနဲ့ ဖြားယောင်းသွေးဆောင်ကြရမယ်။ ကိလေသာအနှောင်အဖွဲ့နဲ့ ဆောင်ယူဖွဲ့ချည်နိုင်တဲ့သူ မည်သူမဆို မင်းသားနဲ့ ထိမ်းမြားစုံမက်ပေးမယ်။ မင်းသားထီးနန်းတက်တဲ့အခါ မိဖုရားကြီး ဖြစ်စေရမယ်။ အစွမ်းရှိ အကုန်ထုတ် ကြိုးစားကြ'

ဟုလည်း သွန်သင်မှာကြား ကာတိပေးထား၏။





ထို့နောက် ကုမာရကိုလည်း ဥပရာဇာတို့ အဆောင်အယောင်ဖြင့် တင့်တယ်စွာ ဆင်မြန်းကာ စံမြန်းရာ တိုက်ခန်းဆောင်ကိုလည်း နံ့သာဆိုင်း၊ ပန်းဆိုင်း၊ အခိုးအထုံ၊ ကာမဂုဏ်အဆောင်အသုံး တစ်တိုက်လုံး အမွှေးအကြိုင်ထုံရစ်လှိုင်စေလျက် နတ်ဘုံခန်းဝါနှင့်မခြား ခြယ်သဆင်ယင်ပေးထားကြသည်။

ကုမာရအား ထိုတိုက်ခန်းဆောင်၌ အုံးမွေ့ရာ သလွန်တော်ပေါ်ထက်၌ နေစေပြီး နန်းတွင်းသူနန်းတွင်းသားမှန်သမျှတို့ကို ဝေးရာလွှတ်ရာ ရှောင်ရှားစေပြီးမှ အစွမ်းကုန် ခြယ်သပြင်ဆင်ထားသော မိန်းမပျိုများကို ကျက်သရေတိုက်တွင်းသို့ ဝင်ရောက်စေ၏။

ကိုယ်လက်အခွဲအကြောင်း ကောင်းစွာသော ကခြင်း၊ သီခြင်း၌ ကျွမ်းကျင်ကြသည့် မိန်းမပျိုအနုအထွတ်၊ အဖူးအငုံအလှတို့ကို ကုမာရအနီးသို့ တိုးဝင်ကြလေသည်။ ထို့နောက်တွင်ကား

နား၏ကာမဂုဏ်၊ မျက်စိ၏ကာမဂုဏ်၊ ကိုယ်အတွေ့၏ကာမဂုဏ် နှာခေါင်း၏ကာမဂုဏ် စသည်ဖြင့် အရပ်ရပ်သော ကာမဂုဏ်အာရုံတို့ပြိုလဲလျှော့ကျစေသည့် အမူအရာပေါင်းစုံတို့ဖြင့် တိုက်ခိုက်ကြတော့သည်။

ချေင်း၊ တေးဘွဲ့၊ အနွဲ့အပျောင်း၊ သီချင်းမှု၌ လိမ္မာကုန်သော မင်းသမီးငယ်တို့က နားတော်ဏ္ဍ္ဌေပျက်၍ မက်မောစိတ်ပေါ်အောင် ဖျော်ဖြေသွေးညှုကြကုန်၏။ ချိုအေးသာယာကာမဂုဏ်စကားဖြင့် ဖြားယောင်းပြောဆိုတတ်သူတို့ကလည်း နှုတ်တော်ဆို့ပိတ်၍ ဆိတ်ဆိတ်မနေနိုင် ယိုင်၍ နှုတ်လက်ဝင်စွက် တိမ်းမှားအောင် စကားဆိတ်တို့ ကြို့ငှဲဖျော်ဖြောင်း ဖြားယောင်းကြကုန်၏။

နုးညံ့ထွားထွတ်စွာ ကိုယ်အတွေ့အထူး ရှိကုန်သော မင်းသမီးတို့သည်လည်း အမြင်အတွေ့ကောင်းရာ ကာမဂုဏ်အညွှံ့အသက်ဖြင့် ကိုယ်လက်ထိပါး ကစားရွှင်မြူးအထူးစိတ်တော်ဝင်အောင် ရွှင်ပျော်မှုအထွေထွေဖြင့် ဖျော်ဖြေဖြားယောင်း ဖျောင်းဖြကြကုန်၏။

ထိုသို့ဖြင့် တစ်ခုမလိုက် တစ်ခုလိုက်အောင် အကြိုက်သင့်ရာ မျှော်မှန်းရွယ်ရည်၍ ဖျောင်းဖြေမြူဆွယ်ကြချိန်တွင် တေမိယကုမာရကား

'ပါရမီဖြည့်ကြောင်း ကောင်းမှုအလီလီ ငါ့ရဲ့ခရီးရှည်မှာ ငါဟာ ဖွားစကပင် ဆင်ခြင်မြော်တွေး ငရဲဆောကို မြင်ခဲ့တယ်။ ပြည်ကြီးရှင် ဘုရင် မဖြုလိုတဲ့အတွက် ကိုယ့်ကိုယ်ကို အရိအပန်း အနှိမ်းခံလို့ အမိဋ္ဌာန်မပျက်နေခဲ့တာ ဆယ့်ခြောက်နှစ်လုံးလုံး'

'ယခု ဆယ့်ခုနစ်၊ ပလူးပလဲ ကြိုးပမ်းလို့ ဆိပ်ကမ်းသို့ ရောက်လုခါမှတစ်ခါ ကာမဂုဏ်ဘီလူး ဝင်ပူးနှောင့်ယှက်တာကို အလိုတူ၍ သက်



www.burmeseclassic.com

www.burmeseclassic.com



အမိဋ္ဌာန်ပြုခဲ့ရင် လောကမှာ ငါ့ကိုယ်ငါ ရှက်ဖယ်ဖြစ်ချေတော့မယ်။ ဆင်းရဲသွေးအထိကို ခံခဲ့သမျှလည်း အချည်းအနှီး ဖြစ်ချေမယ်။ ငါ့လိုလူ အယူပျက်အောင် ချောင်းလှက်လာတဲ့ ဒီကာမဂုဏ်တွေကိုမှ ငါမလွန်မြောက် မဖြတ်ကျော်နိုင်ဘူးဆိုရင် နောင်အဆက်ဆက်မှာ ငါ့ကို သက်သေထား ပမာယူပြီး ကာမဂုဏ် ကိလေသာဆိုတာ ပုထုဇဉ်မှန်သမျှလွန်ဆန်လို့မရတဲ့အရာပါလားလို့ လူအများက ထုံးနမူနာထားပြီး ဝဋ်တရားမှာ ရှည်ကြာဖွယ် ဖြစ်ချေတော့မယ်။ ယောဒီ ရန်စစ်ကို အမိဋ္ဌာန်နဲ့ တွန်းလှန်စွန့်ပစ်နိုင်ပါမှ ကိုယ့်အကျိုး၊ သူ့အကျိုး၊ ကောင်းမှုမျိုးဘက်စုံပြီးအောင် ငါအနိုင်ယူပါမှ ရှေးဦးဖြစ်တဲ့ငါက နိုင်လိုက်လို့ နောက်လိုက်သူတွေလည်း ဝဋ်ပြတ်တရားကို အားထုတ်လျက် အဆက်ဆက် ထုံးကောင်းဖြစ်စေမယ်။ ဒါ့ကြောင့်'

အတွေ့အငွေ့ မှန်သမျှတို့ကို မရှုမကြည့် မလှည့်မစောင်း မှိန်းမှိန်းရှက်ရှက် မျက်နှာမထူဘဲ ရှေးဦးလက်နွေ နေမြဲပြကတော့ဖြင့် ကုမာရ မိဋ္ဌာန်သည်ကား

'ငါ၏ကိုယ်အတွေ့ သိမ်မွေ့သော ဖောဋ္ဌဗ္ဗာရုံအလုံးစုံကို ဤမိန်းမသူတို့ မြူချူသမျှ မရသည်သာ ဖြစ်စေသတည်း'

ဟု အမိဋ္ဌာန် စွဲလိုက်၏။

ဤတွင် ထွက်သက် ဝင်သက်ကို ထွက် ရှူမှန်းမသိအောင် သိမ်းအုပ် ချုပ်ထိန်းထားသကဲ့သို့ ထင်ပေသဖြင့် အရေ အသား တွားတွားမွတ်ညံ့ ခြင်းကင်းလျက် ကုမာရ၏ ကိုယ်လက်တို့သည် ခက်ထန်မာကြော ဖြစ်လာကြလေသည်။

ကိုယ်လက်ထိပါး ဖြားယောင်းမြူစွယ်ကြသော အမျိုးသမီးငယ်တို့မှာ ကုမာရ၏ ကိုယ်တော်၌ နူးညံ့သောအတွေ့ကို မရရှိကြ။ ထိုအခါ ဒီမင်းသားရဲ့ ကိုယ်လက်တွေဟာ ဖက်ရွက်ကြမ်းကို စမ်းသပ်ရသလိုပဲ ဘယ်နေရာမှာမှ မနူးညံ့ဘူး။ အသက်လည်း မရှုဘူး၊ စင်စစ်တော့ လူ့ဘီလူးပဲ ဖြစ်ရမယ်'

ဟု မှတ်ချက်ချကာ ကြောက်စိတ်များ ဝင်လာကြပြီးအပါးမှ ဖွယ်ခွာရုံမက အဝေးသို့ပင် ထွက်ပြေးကြတော၏။

ဤစမ်းသပ်နည်းကိုလည်း ယခင်နည်းများအတိုင်းပင် တစ်နှစ်ပတ်လုံး စမ်းသပ်သော်လည်း တေမိယကုမာရ၏ ငြိမ်သက်သောနှလုံးကို နှုန်းနှန်းခွေခွေ့မျှန်း၍ပါအောင် မတတ်နိုင်ကြကုန်သည်သာ ဖြစ်၏။

မူးမတ်ပညာရှိအပေါင်တို့ လက်မှိုင်ချကြရလေပြီ။

*





သားဟူသော မေတ္တာ၊ ချစ်ခြင်းပြင်းစွာဖြင့်ပင် မခင်သာ၊ မပစ်ရက်နှလုံးမချမ်းမြေ့ရှိလျက် ကာသိကရာဇ်မင်းသည်လည်း ကြံရာမရ ဖြစ်ရ၏။ မှန့်ခဲဖွယ် စမ်းသပ်မှုမှအစပြု၍ မိန်းမလှများဖြင့် စမ်းသပ်မှုအထိ တစ်ဆယ့်ခြောက်ရပ်သော အလိုစမ်းမှုအထိ တစ်ခုပြီးတစ်ခု ကျေပျက်ရှုံးနိမ့်ကာ ကုမာရ သည်ပင် ဆယ့်ခုနစ်အရွယ်သို့ ရောက်ခဲ့ပေပြီ။

ကြံရာမရဖြစ်နေသော ကာသိကရာဇ်မင်းကြီးသည် နောက်ဆုံးတွင် ကုမာရဖွားမြင်စ အခါက လက္ခဏာဖတ်ခဲ့ကြသည့် ပရောဟိတ်ကြီးများကို စုရုံးစေလိုက်သည်။ ပုရောဟိတ်တို့သည် မင်းမိန့်ကို ကြောက်ရွံ့စွာဖြင့် အခစားဝင်ကြရလေသည်။

'ပညာရှိတို့ သားတော် ဖွားမြင်စ အခါကပဲ မြင်သည့်အတိုင်း လက္ခဏာခြင်းရာ ခပ်သိမ်းကို မှန်ရာတွက်ချက် စစ်ဆေးလျှောက်တင်ကြပါလို့ ကျွန်ုပ် ဆိုခဲ့တယ်။ ဒီတုန်းက သင်တို့အားလုံး တစ်ညီတစ်ညွတ်တည်း သံတော်တင်ခဲ့ကြတယ်။ သားတော်မှာ အတွင်းအပအန္တရာယ် အနှောင့်အယှက် မရှိပါတဲ့ ဟုတ်ကြရဲ့လား'

ပုရောဟိတ်များ ဆိတ်ဆိတ်နေကြရ၏။

မင်းကြီး၏ မျက်နှာ နီမြန်းလာသည်။ အသံလည်း မာကြောလာသည်။

'ဆရာပုရောဟိတ်တို့ဟောခဲ့တဲ့အန္တရာယ် လုံးဝမရှိဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်ဟာ အခုတော့ မေးလည်း မထူး၊ ခေါ်တော့လည်း လုံးဝမကြား၊ စကားလည်း လုံးဝမပြောဆို ကိုယ်လက်ခြေလည်း လုံးဝမလှုပ်ရှား၊ နားပင်းဆွံ့အ ဖြစ်ခဲ့တယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်နေပါပေါ့လား။ ဘယ်လို အန္တရာယ်မရှိတာလဲ။ သင်တို့ စကားနဲ့ မကိုက်ညီဘူး။ ဘာတင်ချင်သေးသလဲ၊ ပြောကြစမ်းပါဦး'

ပုရောဟိတ် ဗြာဟ္မဏတို့ကား ဆိုင်ရာပညာရပ်တို့၌ ကျွမ်းကျင်လိမ္မာကြသူများ ဖြစ်သည်သာမကပေ။ ရာဇဝင်ရေး၊ မင်းရေးတို့၌လည်း နံ့စပ်ကြသူများ ဖြစ်လေသည်။ ထို့ကြောင့် မိမိတို့ ဂုဏ်ကိုလည်း မထိခိုက်စေရ၊ လွဲမှားလိမ်ညာပြောခြင်းလည်း မဖြစ်စေရ၊ မင်းကြီးနားတော်လည်း မချမ်းသာ မဖြစ်စေရအောင် ကြံဆလျက် အပြေအပြစ် လျှောက်တင်လိုက်ကြ၏။

'အရှင်မင်းမြတ် နိမိတ်ဖတ်ခြင်း၊ လက္ခဏာဖတ်ခြင်းအရာတို့၌ ကျွမ်းကျေမွေနှောက် အစွမ်းဉာဏ်ထွန်းတောက် တတ်မြောက်ကြတဲ့ ဆရာတို့ မည်သည်မှာ ဇာတာလက္ခဏာပါရှိတဲ့အတိုင်း အကျိုးအပစ် ဖြစ်အံ့သော အနာဂတ်ကို အထပ်ထင်ထင် မမြင်ကြသည်မဟုတ်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'အင်းသော၊ ဟုတ်ပါပြီ။ ဆိုစမ်းပါဦး'

'ဒါကြောင့် အရှင့်သားတော်ဟာ အပေါ်အပို မလိုတာမှာ သာမညရ သည့် [illegible] ဟုတ်၊ ရွှေနန်းရှင်အပေါင်း ဆုတောင်းခြင်း၊ ပတ္ထနာအာသာချင်ခြင်းပြင်းစွာဖြင့် ရသော သားတော်ဖြစ်ပါတယ်ဘုရား'

'အင်း . . . ဟုတ်ပါပြီလေ'

'ဤသို့ရသော သားတော်ဖြစ်ပေလျက် သူယုတ်လက္ခဏာပါသော သူဟု ပုရောဟိတ်များက ဖတ်ကြလျှင် ရွှေနန်းရှင်တို့မှာလည်း နှလုံးမသာနှုတ်မင်္ဂလာ တွန့်ဆုတ်သဖြင့် အညွှန့်ကို ဆိတ်သလို ဘိသိက်မရှင်ဖြစ်မည် တစ်ကြောင်း၊ ကောင်းမြတ်၏ဟု ဆိုပါလျက် ဆိုးယုတ်ခဲ့ပါလျှင်တော့ ရာဇဝတ်တော် အပန်းမကြီး ဖြစ်လေလည်းဟု ယုံကြည်ရင်းစွဲ တစ်ကြောင်း၊ ထို့ကြောင့် ဘုန်းကျက်သရေဝင်အောင်သာ ကျွန်တော်မျိုးတို့ ဖတ်ကြားခဲ့ကြခြင်း ဖြစ်ပါတယ် အရှင်မင်းကြီး'

ကာသိကရာဇ်မင်းကြီးသည် ဝေခွဲမရ ဖြစ်သွား၏။ ပုရောဟိတ်များ တင်လျှောက်ကြသော ဤစကားသည် စင်စစ်အားဖြင့် တေမိယကုမာရ၏ ပဝတ္တိပယောဂအား သူတို့၏ဉာဏ်ဖြင့် တွေးဆမမြင် ကြံစည်မရနိုင်သည်ကို လွှဲဖယ်လျက် ကုမာရ၏ဇာတိလက္ခဏာမြတ်အပေါ် ရှုတ်ချ၊ မိမိတို့ဂုဏ်ကို ချီးမြှောက် ပရိယာယ်ဖြင့် စကားအရာအလိမ္မာအတိုင်း မုသာဝါဒကို ကစားကာ အယိမ်းအနွဲ့အရှောင်အတိမ်းဖြင့် လျှောက်ကြခြင်းဖြစ်လေသည်။

မင်းကြီးသည် လေးလံလှစွာသော သက်ပြင်းကို မသက်မသာ ပင်ပန်းစွာချရင်း မင်းမာန်မာနမကင်းသော အသံဖြင့်

'ဒါဆိုရင် ဘယ်လိုပြုကြမလဲ၊ ဆရာ ပုရောဟိတ်တို့'

ဟုသာ မေးနိုင်လေတော့သည်။

*

ပုရောဟိတ်တို့ကား လောကဝတ်၊ ဓမ္မဝတ် ဟူ၍ရှိရာ၌ မိမိတို့၏ ပညာမာန်၊ ပညာမာန၊ ပညာဖြင့် ရအပ်သော အသက်အိုးအိမ်စည်းစိမ်တည်း ဟူသော သင်္ကေတပညတ်လောကဝတ်ကိုသာ ငဲ့ညှာလိုက်ကြပြီ ဖြစ်သည်။

ဓမ္မဝတ်တည်းဟူသော အမှန်တရားအပေါ်၌ ရပ်တည်ရန် လျစ်လျူရှုလိုက်ကြပေသည်။

ကာသိကရာဇ်မင်းကြီး တွေတွေဝေဝေ ဖြစ်ကာ'ဘယ်လို ပြုကြ မလဲ' မေးလာသော မေးခွန်းအပေါ်၌ လိုက်ပါနင်းရပ်လျက် ပုရောဟိတ်တို့ သည် အပိုင်အနိုင် သံတော်ဦးတင်ကြတော့၏။

'အရှင်မင်းကြီး၊ အမင်္ဂလာအရပ်၌ မြတ်သောကျက်သရေနေ့ မဝင်





ရာပါ။ ဤနန်းတော်မှာ ဤမင်းသားကို အရှည်အကြာထားရှိခြင်းအားဖြင့် အရှင်မင်းကြီးကိုဖြစ်စေ၊ နန်းမတော်ကြီးကိုဖြစ်စေ၊ နစ်ပါးစုံကိုဖြစ်စေ အဖျား အနာ အနှောင့်အယှက် အသက်ရဲ့အန္တရာယ်အထိ ရှိနိုင်မှာ ဖြစ်ပါတယ်'

'ဟုတ်ပါတယ် အရှင်မင်းကြီး။ တိုင်းနိုင်ငံခြောက်ချားပြီး ခိုးသား ဓားပြ လှုပ်ကြွရန်မီး ထီးနန်းစည်းစိမ်တော်ရဲ့ အန္တရာယ်တွေလည်း ရှိလာနိုင်မှာဖြစ်ပါတယ်'

'မှန်ပါတယ် အရှင်မင်းကြီး၊ ဒါကြောင့် ကုမာရကို ယခုရက်ပိုင်းမှာ အရှည်အကြာမထားဘဲ အမင်္ဂလာအင်္ဂါယုတ်သော ရထားထက်တင် အမင်္ဂလာ ပြုရာ အနောက်တံခါးနဲ့ထုတ်၊ သုသာန်တစပြင်မှာ အများပြင်လွင် မထင် မသိစေရဘဲ မြေပြင်မှာ ဖျောက်ဖျက်မှ သင့်ပါမယ်ဘုရား'

ပုရောဟိတ်တို့ကား ဓမ္မဝတ်ကို ကျောခိုင်းလိုက်ကြပြီ ဖြစ်လေရာ မိမိတို့ကိုယ်တိုင်သာလျှင် အမင်္ဂလာအဖြစ် ရောက်သွားသည်ကို မသိနိုင်ကြ တော့ပြီ။ တေမိယကုမာရ၏ မင်္ဂလာအပေါင်း ကောင်းမြတ်ခြင်းနှင့် ပြည့်စုံ စွာသောအဖြစ်ကို ထိခိုက်ပုတ်ခတ်ကြပေပြီ။

ထိုအမင်္ဂလာပညတ် ချို့ယွင်းလွဲမှားသော ထုံးဖြင့် ဆုံးဖြတ်သည် ကိုလည်း ကာသိကရာဇ်မင်းကြီး နားဝင်ခဲ့လေပြီ။ မင်းကြီးနားသို့ ပိုမိုစွဲထင် စေသော အကြောင်းတစ်ချက်မှာလဲ 'အရှင်၏ ထီးနန်းစည်းစိမ် အသက် အန္တရာယ်ကိုပင် ထိခိုက်မှာ စိုးရပါသည်' ဟူသော စကားပင်ဖြစ်၏။

သားပေါ်ချစ်ခြင်းသည် ထိတ်လန့်ခြင်း ဗျာပါဒဒေါသဖုံးလွှမ်းလျက် ထီးနန်းအသက် ပျက်စီးခြင်းကို ကြောက်သော အကြောက်တရားကပါ နှိပ် စက်ခဲ့ပြီ ဖြစ်လေသည်။

ထိုအခါ ဖြောင့်ဖြောင့်နှလုံးမထားနိုင်တော့ဘဲ လွဲမှားဖောက်ပြန်သည့် လမ်းနောက်သို့ မင်းကြီးကိုယ်တော်တိုင်ပါ လိုက်ပါခဲ့တော့သည်။

'ဆရာပုရောဟိတ်တို့ ဒီလိုအန္တရာယ်ကြီးတဲ့သား နိုင်ငံပြည်ထဲရေး မှာလဲ ကျေးဇူးမများ၊ မိဘမျိုးဆွေ အခြံအရံ နန်းသူနန်းသား တိုင်းသူပြည်သား သူတို့အတွက် ဒုက္ခပေးမယ့် သား၊ အားလုံး စိတ်ပူကိုယ်ပန်း မချမ်းမသာဖြစ်ကြ ရမယ့် အရေးဆိုတော့"

မင်းကြီး၏ ရင်သို့ သားဟူသော အသိနှင့် မေတ္တာက တစ်ချက် ရိုက်ခတ်သဖြင့် ခေတ္တတုံ့ဆိုင်းသွား၏။ သို့သော်

'အင်း . . . မကြာမခင်ပဲ မျက်နှာလွှဲပြုစေရတော့မှာပ'



www.burmeseclassic.com

www.burmeseclassic.com

၇

သားဖြစ်သူအား မျက်နှာလွှဲ ပြုစေရတော့မည်ဟူသောစကားဋ္ဌ ကြီးမားသော လှိုင်းဂယက် များရှိနေ၏။ ဤစကားကို ပုရောဟိတ်တို့ထံ ဝန်ခံပြောဆိုသော ဖခင်မှာ သာမန်ပုဂ္ဂိုလ်တစ်ဦးမဟုတ်၊ ပြည့်ရှင်မင်းတစ်ပါး ဖြစ်နေသည်။ ပြည့်ရှင်မင်းတစ်ပါးက မျက်နှာလွှဲ ပြုစေရမည်ဟု ပြောဆိုခြင်းသည် အန္တရာယ်လွန်စွာကြီးသော အမိန့်တော်တစ်ခုအဖြစ် သက်ရောက်သည်။ ဘုရင်တစ်ပါး၏ ထိုစကားသည် အကြွင်းမဲ့အမိန့်ကို ဆောင်နေသည်။

ဤတိုင်ပင်ပြောဆိုချက်များသည် နန်းတွင်းသူများမှ တစ်ဆင့် စန္ဒာဒေဝီမိဖုရားကြီးနားသို့ ပေါက်သွား၏။ ဤတွင် မိခင်တို့၏ မေတ္တာသည် ဟုန်းကနဲ ကြွတက်လာတော့သည်။ မယ်တော်မိဖုရားကြီးသည် သတင်းကြား လျှင်ကြားခြင်း နံရွှေဖော်အခြံအရံကို မခေါ်နိုင်ရှာတော့ဘဲ တစ်ကိုယ်တည်းပင် မင်းကြီးရှိရာ နန်းရင်ပြင်သို့ ထွက်လာခဲ့သည်။ စန္ဒာဒေဝီမိဖုရားကြီးသည် ပူပန် သောအသွင်ဖြင့် မင်းကြီးထံချဉ်းကပ်၍ စကားဆိုလေ၏။

'အရှင် အကျွန်ုပ်ကို ရှေးမဆွကတည်းက အရှင်ပေးသနားခဲ့တဲ့ ဆု အပေါင်းတို့မှာ အကြောင်းသင့်ရာ ထိုက်တန်သမျှကိုသာ အကျွန်ုပ်လက်ခံ သိမ်းဆည်းခဲ့ပါတယ်။ ကျန်ဆုများကို အခွင့်အခါသာမှ ယူပါမယ်ဆိုပြီး အရှင့်ထံ အပ်နှံထားခဲ့ပါတယ်'





'မိဖုရားကြီး ဘာကို ဆိုလိုသလဲ'

'အခွင့်အခါသာမှ အလိုရှိရာ တောင်းယူမယ်ဆိုတဲ့ ဆုကို ယခု အကျွန်ုအား သနားချီးမြှင့်ပါ အရှင်မင်းကြီး'

'ဘယ်လို ဆုမျိုးလဲ မိဖုရားကြီး'

မိဖုရားကြီးသည် ပူပန်သောက အသွင်မှ တည်ငြိမ်လေးနက်သော အမူအရာသို့ ပြောင်းသွား၏။ ထို့နောက်တစ်လုံးချင်း ပီပီသသပြောဆို၏။

'သားတော်တေမိယကုမာရကို ထီးနန်းလွှဲပေးတော်မူပါ၊ အကျွန်ုပ်တို့ ဖ,မိစုံနှစ်ပါးရှိစဉ်မှာ ထီးနန်းကျက်သရေနဲ့ သားရဲ့တင့်တယ်ခြင်းကို မျက်မှောက်ထင်ထင် မြင်ပါရစေ'

ကာသိကရာဇ်မင်းကြီး၏ မျက်နှာပြင်မှာ နီးမြန်းသွားလေသည်။ ထို့နောက်

'မိဖုရားကြီး၊ သင့်ရဲ့သားဟာ ထီးနန်းနဲ့ တန်လို့လား၊ ငါနှလုံး မသာ မယာရှိရာမှာ ဒီစကားမျိုး မဆိုလာနဲ့'

ဟု တင်းမာစွာပြောလိုက်၏။

စန္ဒာဒေဝီ မိဖုရားကြီးမှာ အရှိန်အဟုန်ပြင်းစွာ စိုင်းနှင်လာသော မြင်း ကောင်းတစ်စီးအား ဇက်ကို တုန့်ကနဲဆွဲလိုက်သလို ဖြစ်သွား၏။ သို့သော် မိမိ၏ အမူအရာ ပျက်ယွင်းသွားကြောင်း မင်းကြီးမရိပ်မိအောင် ချက်ချင်း ထိန်းသိမ်းလိုက်နိုင်ပြီး ပြေပြစ်ချိုသာသောအသံဖြင့် ထပ်၍ဆို၏။

'အရှင် အကျွန်ုပ် အလျှောက်အပြောမသင့်လို့ အမျက်တော်ထွက် ရပြီထင်တယ်။ တေမိယကုမာရဟာ အရှင့်သွေးတော်စစ်စစ် ဖြစ်ပါလျက်နဲ့ ဘာလို့များ ဒီလောက်အထိ ပစ်ပစ်ခါခါ ဆိုရပါသလဲအရှင်၊ ဒီလောက်အထိ မဆိုသင့်ပါဘူး'

'စန္ဒာဒေဝီ၊ သင့်သားဟာ အင်္ဂါမစုံတဲ့သား၊ ယုတ်မာတဲ့သားလေးခင်း ထီးနန်းစည်းစိမ်နဲ့ မထိုက်တန်ဘူးဆိုတာ သင်အခုထက်ထိ မသိသေးဘူးလား။ မသိချင်ဟန်ဆောင်နေတာလား'

'ကောင်းပါပြီ အရှင်မင်းကြီး၊ ထီးနန်းနဲ့ မတန်သူကို ရာသက်ပန် နန်းစံပါစေလို့ အကျွန်ုပ် တောင်းပန်လျှောက်စရာမရှိတော့ပါဘူး။ သို့သော် သားဟာ သားပဲဖြစ်တာမို့ သားဆိုတဲ့အရာ အချည်းအနှီးမရှိစေသင့် ဆိုတာ လေးကိုပဲ နှလုံးထားပြီး တစ်သက်တာလုံး မဟုတ်ဘဲ ခုနစ်နှစ်လည်ရုံမျှ ထီး နန်းစိုးစံဖို့ အခွင့်သနားပိုင်းခြား ပေးတော်မူပါအရှင်'

ကာသိကရာဇ်မင်းကြီးမှာ ပုရောဟိတ်များနှင့် တိုင်ပင်ဆွေးနွေး ထား ခဲ့သော စကားများ၏ ဖုံးလွှမ်းမှုအောက်သို့ အသေအချာ ကျရောက်ခဲ့ပြီးလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နန်းတော်တွင် တောမိယကုမာရ ရှိနေခြင်းသည်ပင်လျှင် မိမိ၏ အသက်နှင့်ထီးနန်းအတွက် အန္တရာယ်ရှိသည်ဟူသော အစွဲအယူက ဖောက်ပြန်စွာပင် ထူးကဲရှိလေပြီ။ ဤတုန်လှုပ်မှုသည် သားဆိုသော သံယောဇဉ်နှင့် ဖခင်၏ မေတ္တာကို တိုက်ခိုက်ခဲ့ပြီဖြစ်၏။

'စန္ဒာဒေဝီ၊ သင့်သား သူယုတ်မာအတွက် မင်းစည်းစိမ် ခုနစ်နှစ်လည်း ငါမပေးနိုင်ဘူး။ မပေးဝံ့ဘူး'

'အရှင်၊ သို့ဆိုလျှင် တစ်နှစ်လျှော့လို ခြောက်နှစ်တိုင်ရုံ သနားပါ'

မင်းကြီးသည် မိဖုရားကြီးအား တင်းမာစွာ ငြင်းဆန်နေသည့်ကြားထဲမှ ကရုဏာသက်လာ၏။ သားဟူသော အမှတ်ဖြင့်လည်း သဘာဝ အလျောက် ဖခင်တစ်ဦး၏ရင်ထဲ၌ ဖြစ်လာ၏။

သို့သော်

'အဲဒီလောက် ငါမပေးနိုင်ဘူး'

'အရှင်၊ များလွန်းသေးသည် ယူဆလျှင် ငါးနှစ်ခွင့်ပြုတော်မူပါ'

'ဒင်းကို ငါ ထီးနန်းမပေးနိုင်ဘူး စန္ဒာဒေဝီ'

'ငါးနှစ်များလွန်းလှသည်ဆိုလျှင်လဲ လေးနှစ်မျှတော့'

'စန္ဒာဒေဝီ၊ တောမိယကုမာရဟာ သင့်သားသာမဟုတ်။ ငါ့သားလည်း ဖြစ်တယ် မဟုတ်လား၊ ဒါပေမယ့် ထီးနန်းနဲ့ မထိုက်တန်သူဖြစ်နေလို့ ငါ မပေးနိုင်ဘူး'

စန္ဒာဒေဝီ မိဖုရားကြီးသည် တောင်းပန်စကားများပြောက မရရှိနိုင်ဟု မေတ္တာနှင့်သံယောဇဉ်ကို အားကိုးအားထားပြုကာ မလျော့သောဇွဲဖြင့် ဆက်လက် တောင်းခံပြန်သည်။

'အရှင်၊ ရင်သားရင်သွေးကို အပုပ်အမွှေးရွေးပြီး ပစ်ပယ်သင့်သည် မဟုတ်ပါဘူး။ သားက ယုတ်တယ်ဆိုဦး ကိုယ်တော်မြတ်ရင် သားလည်း မြတ်နိုင်ပါတယ်။ လေးနှစ်များတယ်ထင်ရင် သုံးနှစ်လည်ရုံမျှတော့ ခွင့်ပေးသနားပါ ... ရှင်'

'မိဖု ... ားကြီး၊ ဂုဏ်ယုတ်အောင် လုပ်ခဲ့တဲ့ သားကို သင်ဘာကြောင့် ဂုဏ်ပွားအောင် ကြိုးစားနေတာလဲ၊ ဒါဟာ တိုင်းရေးပြည်ရေး ဖြစ်တယ်။ သုံးနှစ်လည်း ငါအခွင့်မပေးနိုင်ဘူး'

'အရှင်၊ သားကိုကြည့်ပါ။ ခြေ လက် မျက်စိ နား ခံတွင်း ကိုယ်အင်္ဂါ တစ်စုံတစ်ရာမျှ ချို့တဲ့တာ မရှိပါ။ ကြည့်မြင်သုံးသပ် ဆုံးဖြတ်သူတို့အနေနဲ့ အမှန်သဘောကို မရောက်ခင်မှာ အခုလိုကြုံနေရတာသာ ဖြစ်ပါတယ်။ နောင်အခါမှာ အချိုးအမြောက်ခံရလို့ ဘုန်းတောက်ပွင့်လန်းလာပြီး တိုင်းသား ပြည်





သူနဲ့ မိဘဆွေမျိုးတို့ရဲ့ အကျိုးစီးပွားကို ဆောင်နိုင်လာမယ် ဆိုတဲ့အချက် ဘယ်သူမှ မသိမမြင်နိုင်ကြသေးပါဘူး အရှင်၊ ဒါကြောင့် သုံးနှစ်ကို ဝေးလွန်းတယ်လို့ထင်ရင် နှစ်နှစ်မျှကိုတော့ ခွင့်ပေးတော်မူပါ'

'စန္ဒာဒေဝီ၊ သင့်သား ကိုယ်လက်အင်္ဂါပြည့်စုံလို့ လိမ္မာရိုးမှန်ရင် ပြုပြုသမျှတို့ကို အားနာခြင်းသဘောနဲ့ပဲ အလိုလိုက်ပြုမူဖို့ ကောင်းလှပြီ မဟုတ်လား။ အခုတော့ ထားတိုင်းမရွှေ့၊ စေစေတင်းမာတဲ့ ကျောက်ရုပ်လို့ မတုန်မလှုပ်နေသူမျိုးကို ငါက ဘယ်လို ထီးနန်းပေးရမှာလဲ။ ဘယ်လိုလုပ် အရေးကောင်းနိုင်ဦးမှာလဲ၊ ငါမပေးဘူး'

စန္ဒာဒေဝီမိဖုရားကြီးသည် အလျှော့မပေးချေ။

'အရှင်၊ နေရောင်ခြည်တောင့်တသော ပန်းကို လရောင်အချမ်းခိုက်ပေမယ့် အခိုက်မသင့်၍ မလန်းပါ။ လရောင်နဲ့ မိတ်သင့်တဲ့ ပန်းကိုလည်း နေရောင်ခြည်ဖျန်းလို့ မလန်းမပွင့်နိုင်ပါ။ သူ့အလိုနဲ့ ကိုယ်အစမ်း ပန်းမှာလိုပဲ သီးသီးခြားခြား ထင်ရှားအောင် ဘယ်သူမှ မမြင်နိုင်ပါ။ ဆိုရာမလင့် မပွင့်သေးတာလည်း ဖြစ်နိုင်ပါတယ် အရှင်။ ပြည်ကြီးစည်းစိမ်နေခဲ့ရင် အရဏ်နဲ့ ကြာပဒုံ လိုက်ဖက်သင့်သလို သူ့အလိုနဲ့ အာရုံတော် လျော်ကိုက်ညီသင့်မယ်လို့ အကျွန်ုပ်ထင်နေပါတယ်။ နှစ်နှစ်မျှသောကာလ ရှည်ကြာလှတယ်ဆိုရင်လည်း ရှေးရှေးက အလိုထားခဲ့တဲ့အတိုင်း တစ်နှစ်မျှတော့ ထီးနန်းပေးတော်မူပါ။ ထီးနန်းစည်းစိမ်နဲ့ တစ်နှစ်ဟာ အလိုစမ်းတယ်လို့ သဘောထားကြမယ် မဟုတ်လား အရှင်မင်းကြီး'

ကြောင်းကျိုးဆင်ခြင်ပြ၍ ရှည်လျားစွာ သံတော်ဦးတင်နေသော မိဖုရားကြီးအား ကာသိကရာဇ်မင်းကြီးက စူးစူးစိုက်စိုက် ကြည့်လိုက်၏။ ထို့နောက် မိမိကလည်း ကြောင်းကျိုးပြ၍ ငြင်းဆန်ရလိမ့်မည်ဟူ၍ ဆုံးဖြတ်ကာ

'မိဖုရားကြီး ထီးဖြူကျက်သရေဆိုတာလူတို့ရဲ့စည်းစိမ်မှာ အထွတ်ပဲ ဖြစ်တယ်။ ထီးဖြူနဲ့ တန်တဲ့လူဆိုတာလည်း လူတို့မှာ မြတ်သောသူသာဖြစ်ရတယ်။ မြတ်သော ကြန်အင်လက္ခဏာ ဘုန်းအင်တေဇာ၊ ပညာ၊ ကိုယ်နှုတ်နှလုံး သုံးပါးသောကံ၊ သုံးတန်သောဝဋ်ကို မလွတ်စတမ်းပိုက်ကျုံးပြီး လုံ့လကောင်းရှေ့ဆောင်မှ အောင်မြင်ပြီးစီးတယ်။ ပြည်ကြီးချမ်းသာတယ်။ လုံ့လ ပညာရှိ၊ လက္ခဏာမလန်း၊ ဘုန်းဝန်းကျက်သရေ မတောက်ပသူဆိုလျှင် တစ်လတစ်နှစ်မျှပဲလို့ မမှတ်သာဘူး။ များစွာအပြစ်ရောက်ပြီး ချီးမြှောက်သူလည်း မတင့်တယ်၊ မြင်ရသူများလည်း မချမ်းသာ၊ ပြည်ရွာလည်း မလုံခြုံဘူး။ ဘယ်နေရာမှ ကောင်းဖို့မမြင်လို့ သင်တောင်းဆိုတဲ့ တစ်နှစ်လည်း ငါမပေးနိုင်ဘူး'

ဟု ယတိပြတ် ငြင်းဆိုလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒာဒေဝီ မိဖုရားကြီးကလည်း အလျှော့မပေးချေ။

'အရှင် အချို၊ အခါးစတဲ့ အရသာဆိုတာ လျှာသို့ရောက်မှသိပါတယ်။ စမ်းသပ်ရိုး ဆုံးပါတယ်။ မွှေးမမွှေး နံ့သာဆိုတာလည်း နှာခေါင်းသို့ ရောက်မှလမ်းဆုံးပါတယ်။ သားတော်ရဲ့ လက္ခဏာဘုန်းတန်ကိုလည်း ထီးနန်းစည်းစိမ်သို့ ရောက်မှသာ စမ်းသပ်ရိုးဆိုသည် မည်ပါတယ်။ ထီးနန်းနဲ့စမ်းသပ်ဖို့ အခွင့်ရှိနေပါသေးရဲ့နဲ့ မစမ်းသပ်ခဲ့ဘူးဆိုရင် ဆေးကြောတာမစင်လို့ အသွေးအရောင် မရှင်မပြူးခဲ့တာကို နောင်မှ နောင်တရိုတတ်ပါလိမ့်မယ်။ ဒါကြောင့် တစ်နှစ်ဆိုတာလည်း များလွန်းတယ်ထင်သေးရင် ခုနစ်လမျှပေးတော် မူသင့်လှပါတယ်'

ကာသိကရာဇ်မင်းကြီးကလည်း သွက်သွက်ကြီးပင် ခေါင်းခါရမ်းလိုက်၏။

'ထီးဖြူ ငါ မနှင်းပေးမယ်လို့ နှင်းတာနဲ့အတူတူပဲ မဟုတ်လား။ ဤနန်းတော်ကြီးထဲမှာပဲ အလုံးစုံသော ကာမဂုဏ် အပျော်အပိုက်မှုများ စည်းစိမ် ချမ်းသာများနဲ့ အချိန်အရွယ်အလိုက် ငါတို့ စမ်းသပ်ခဲ့တာ အချိန်ကုန်ခဲ့ပြီ မဟုတ်လား'

'အဲဒီလို စမ်းသပ်ခဲ့တဲ့ အချိန်တိုင်းမှာ ကိုယ်အင်္ဂါချို့ယွင်း သူပင်ဖြစ်စေဦး၊ တစ်ခု မဟုတ် တစ်ခုမှာတော့ လှုပ်ရှားတတ်ရမယ်။ အခု သင်လည်း အသိ၊ သင့်သားလို ဘယ်သူရှိမလဲ၊ ဘယ်မိဘကကော ငါလိုပြုဖူးမလဲ စမ်းသပ်ဖို့ နည်းတွေ ကုန်ခဲ့ပြီ။ ဆက်ထားရင် သင့်သားဟာ ငါတို့အားလုံးအတွက် အန္တရာယ်ပဲ ဖြစ်လိမ့်မယ်။ သင်တောင်းတဲ့ ခုနစ်လည်း ငါမပေးနိုင်ဘူး စန္ဒာဒေဝီ'

စန္ဒာဒေဝီ မိဖုရားကြီးကလည်း မင်းကြီး၏စကားကို လက်မခံဘဲ ခေါင်းခါရမ်း၍ ထပ်မံ သံတော်ဦးတင်ပြန်၏။

'စမ်းသပ်မှု မှန်သမျှကို ဘယ်သူမခံဝံ့ရှိခဲ့ရာမှ မြဲမြဲစွဲစွဲရှိခဲ့တဲ့ အရှင့်သားဟာ ယောက်ျားမြတ်လို့ ယူဆစရာ အကြောင်းမရှိပေဘူးလားအရှင်။ ဆယ့်ခုနစ်အရွယ်ကို သားတော်မောင်ရောက်ရှိပါပြီ။ ဒီသားတော်ကြောင့် ဘယ်နေရာမှာ ဘာအန္တရာယ်ရှိခဲ့ ပေါ်ပေါက်ခဲ့ပါသလဲ။ ဒါကို ထောက်ထားလို့ ခုနစ်လမျှ မပေးနိုင်ဘူးဆိုသော်မှ ခြောက်လမျှတော့ ပေးသင့်ပါတယ် အရှင်မင်းကြီး'

'ဒီလောက် အလိုစမ်းခဲ့တာကို အခွင့်အလမ်း မရှိခဲ့ဘူး။ သင်အသိဖြစ်တယ်။ ခြောက်လလည်း ငါ မပေးနိုင်ဘူး စန္ဒာဒေဝီ'

'အရှင် နားဆင်ပါဦး။ ရှေးရှေးအခါက မဟာပနာဒအမည်ရှိတဲ့ မင်းသား မရွှင်မပြူးနေခဲ့လို့ သူရွှင်ပြုံးအောင် ကခြေသည်၊ မျက်လှည့်၊ ဟာ





သ စသည့်တို့နှင့် စမ်းသပ်ကြရာမှာ မင်းသားလေးဟာ ပြုံးရွှင်ဖော် မရပါဘူးတဲ့။ ဒီအခါ နတ်ကခြေသည်တစ်ဦးလာရောက်ပြီး ကိုယ်တစ်ခြမ်းကိုလှုပ် ကိုယ်တစ်ခြမ်းကို ငြိမ်ပြီး ကပြတဲ့အခါမှ မင်းသားလေးပြုံးရွှင်လာခဲ့ပါသတဲ့။ အခုလဲ ထီးနန်းစည်းစိမ်ကလွဲလို့ ကျန်ခပ်သိမ်း အလိုစမ်းသပ်ခဲ့ပြီးပါပြီ။ ထီးနန်းစည်းစိမ်နဲ့ စမ်းသပ်ဖို့ ရှိသေးတာမို့ ခြောက်လမဟုတ်သော်မှ ငါးလ တာမျှ အခွင့်ပေးသင့်ပါတယ် အရှင်'

'စန္ဒာဒေဝီ၊ တစ်ပါးသူတွေကို သင့်သားဟာ အင်္ဂါချို့ယွင်းသူ မဟုတ်ပါဘဲ အသက်မရှိသလိုနေတဲ့သား ဖြစ်တယ်။ ဒီလိုသားမျိုးကို စကြာမင်းစည်းစိမ်နဲ့ထားတောင်မှ ထူးခြားဖွယ်မရှိဘူး။ ငါ ဘယ်လိုမှ ထီးနန်း မနှင်းနိုင်ဘူး။ ခပ်သိမ်းသူတို့ အပြစ်တင်ဖွယ် ဖြစ်မယ်။ ငါးလလည်း ငါမပေးနိုင်ဘူး'

ကာသိကရာဇ်မင်းကြီးကလည်း တွင်တွင်ငြင်းပယ်သည်။ စန္ဒာဒေဝီမိဖုရားကြီးကလည်း မိခင်တို့၏ မေတ္တာကို ခွန်အားပြုကာ တွင်တွင် အရေးဆိုပြန်၏။

'အရှင်မင်းကြီး စဉ်းစားတော်မူပါ။ သား တေမိယကုမာရဟာ စကားမပြော၊ ကိုယ်လက် မတုန်မလှုပ် နေရုံမျှသာ ရှိတယ်။ ကြန်အင် လက္ခဏာအရ ဘာတစ်ခုမှ ချို့တဲ့ခြင်း မရှိပါဘူး။ မြင်ရသူအပေါင်းက ချစ်ခင်ကြင်နာဖွယ် သဏ္ဌာန်နဲ့ ပြည့်စုံနေတာပါ'

မလျှော့သောစွဲဖြင့် ထပ်ကာထပ်ကာ တင်လျှောက်နေသော မိဖုရားကြီးအား ရှုရှုကြည့်ရင်း မင်းကြီးသည် အံ့ဩလာသည်။ သို့သော် မိဖုရားကြီး အရေးဆိုလေတိုင်း မိမိက ဖယ်ရှားပစ်မည်ဟူသော ဆုံးဖြတ်ချက်ချထားပုံမျိုးဖြင့် တင်းမာနေလေသည်။

'ရှေးသာမကေ ထုံးတစ်ခုကို ဆင်ခြင်ကြည့်ပါ အရှင်။ ရာမမင်းသားဟာ တောထဲမှာနေပြီး မိမိစီးတဲ့ခြေနင်းကိုသာ မိမိကိုယ်စား ဗာရာဏသီပြည် ရာဇပလ္လင်ပေါ်မှာ တင်ထားချီးမြှောက်ပြီး မင်းပြုစေခဲ့ပါတယ်။ မှူးတော်မတ်တော်အားလုံးဟာ မင်းသားကို မြတ်နိုးခန့်ညားခြင်းဖြင့် ခြေနင်းကိုပင် အရှင်သခင်ပြုပြီး လက်အုပ်တင်လို့ မင်းအမှတ်ပြုကြပါတယ်။ အခု ဘုန်းတော် အာဏာသတင်းနဲ့ မင်းတကာထက်မြက်သော ကိုယ်တော်ပင် ထင်ရှားရှိပါလျက် သားတော် တေမိယကုမာရကို ထီးနန်းနှင်းတယ်ဆိုတာကို ဘယ်သူ မလေးမစားပြုဝံ့မှာလဲ။ မတုန်မလှုပ် အသက်ထက်ဆုံးပဲ နေစေဦးတော့ ဆုပန်တောင့်တ၍ ရအပ်သော သားရတနာပါ။ ကိုယ့်သားကို တစ်ပါးသူမထေ့ မဲ့မြင်မပြုနိုင်ပါဘူး။ ငါးလတာကို များလွန်းတယ်လို့ အရှင်ထင်သေးရင် လေးလမျှ ဘာကိုတော့ ခွင့်ပြုစေချင်ပါတယ် အရှင်မင်းကြီး'



www.burmeseclassic.com

www.burmeseclassic.com

ခင်းကြီး မဆိုင်းမတွ ပြန်မိန့်လိုက်၏။

'စန္ဒာဒေဝီ ဒီသားကို ထီးနန်းဆက်ခံစေရန် အားလုံးအန္တရာယ်ကင်းလိမ့်မယ်လို့ ပညာရှိတွေက အညီအညွတ်ဆိုထားတာကို မနာယူဘဲ ငါပြုရင် နောင်ပညာရှိတို့ ဆိုတိုင်းဖြစ်လာခဲ့ရင်၊ ဒီအဖြစ်နဲ့ ဒီအပြစ်ကို သင်ဘယ်လို တားဆီးနိုင်မှာလဲ၊ ဒီအကြောင်းနဲ့ ငါသင့်ရဲ့တောင်းဆိုချက်ကို ငြင်းဝယ်တယ်။ လေးလလည်း ငါ မပေးနိုင်ဘူး'

မိဖုရားကြီးသည် အနည်းငယ်မျှ စိတ်ပျက်အားလျှော့ခြင်း မရှိဘဲ ဝံ့ဝံ့စားစားပင် ထပ်မံ တင်ပြန်၏။

'လောကီပညာရှိဆိုတာ အရာရာတိုင်းမှာ သဘောသဘာဝကျတယ်လို့ မဆိုနိုင်ပါဘူး။ အရှင်မင်းကြီး၊ ပညာရှိဆိုတာဟာ မိမိလိုရာ ဆွဲအားယူပြီး မှားတတ်ပါတယ်။ စင်စစ်တော့ သဘောသဘာဝလက္ခဏာကိုသာ သင့်မသင့် ရာ မရာ ဆင်ခြင်သင့်ပါတယ်။ ဆွံ့အ နားပင်း အင်္ဂါချို့တိုင်း ပြည်ရွာမြို့ပြ မခံနိုင်လို့ အယူမခွဲဘဲ ကြည်လင်ဖြူစင်သင့်ပါတယ်။ တိုင်းသားပြည်သူတို့ကိုပင်လျှင် မေတ္တာရှေ့ထားသနားတတ်တဲ့ ကိုယ်တော်သခင် ဖြစ်ပါလျက်နဲ့ ကိုယ်သွေးကိုယ့်သားကျခါမှ ပုဏ္ဏားတို့လျှောက်တင်ချက်ကြောင့် ဖောက်ပြန်သွေဖယ်ပြီး မဆုံးဖြတ်သင့်ပါဘူး။ လေးလကိုမျှ များလွန်းတယ်ထင်ရင် သုံးလတိုင်ရုံ အခွင့်ပေးတော်မူပါ အရှင်မင်းကြီး'

ကာသိကရာဇ်မင်းကြီးသည် အချက်ကို မြဲသိပ်လျက် ကြောင်းကျိုးခုခံလျက် ငြင်းပယ်စကား ဆိုရပြန်လေသည်။

'မိဖုရားကြီး သင်ဘယ်လို ပြောလိုက်တာလဲ သားကောင်းရင် မိဘမှာ အကျိုးတက်မြောက်ရာသည်။ သားဆိုးလျှင် မိဘမှာ တန်ခိုးပျက်ပျောက်ရာသည်လို့ ရှိတယ်လေ။ ဆရာပုရောဟိတ်တို့က သင့်သားဆိုးတယ်လို့ ပြောကြတာဟာ မိဘဖြစ်တဲ့ ကိုယ့်အတွက် အကျိုးလိုလို့ဖြစ်တယ်။ သင်မနာလိုမဖြစ်နဲ့။ မိဘတန်ဖိုးယုတ် အကျိုးယုတ်စေတဲ့ သားကို မြှောက်စားရင်တိုင်းကားပြည်ရွာလည်း သတင်းပုတ်တော့မပ။ သင်တောင်းတဲ့ သုံးလလည်း ငါ မပေးဘူး'

မိဖုရားကြီးက မပြုံးမရယ် ပကတိသောမျက်နှာဖြင့် ဦးခေါင်းကို တွင်တွင်ခါရမ်းလိုက်၏။ ထို့နောက် ယုံကြည်မှုစွဲမြဲခိုင်မတ်သော လေသံအကြည့်ဖြင့် လျှောက်ပြန်သည်။

'အရှင် ကျွန်ုပ်တို့အကျိုးကို လိုလားလို့ ပုဏ္ဏားတို့ လျှောက်တင်တာ မဟုတ်ပါဘူး။ သားတော် ဖွားမြင်စကလည်း၊ သားရဲ့လက္ခဏာဟာ အကောင်းအမြတ် ဖြစ်တယ်လို့ သူတို့ဖတ်ကြားခဲ့ကြပါတယ်။ ဒါပေမယ့်





ပုရောဟိတ်များဟာ နိမိတ်ဖတ်ကျမ်းရဲ့ တစ်ဖက်ကမ်းကို လျှောက်လှမ်းကူးမြောက်နိုင်ကြသူများ မဟုတ်ပါ။ ဒါကြောင့် ရာဇဝတ်ဘေးကို ထိတ်လန့်ပြီး စကားလှည့်ဖြားလို့ နောက်စကားအကျိုးကို ထောက်ငဲ့ပြီး သားတော်ကို ဖျောက်ဖျက်ပစ်ပါဆိုတဲ့စကားကို အရှင်စဉ်းစားကြည့်ပါ။ ကိုယ်လွတ်ရုန်း သံတော်ဦးတင်တဲ့စကားသာ ဖြစ်ပါတယ်။ ဒီအချက်ကို ငဲ့ကွက်ပြီး သုံးလရှိစေတော့ နှစ်လမျှတော့ ခွင့်ပေးသင့်ပါတယ် အရှင်'

မင်းကြီးသည် ထိန်းသိမ်းထားသည့်ကြားမှပင် ဣန္ဒြေပျက်လုနီးနီးဖြစ်သွားပြီး အနည်းငယ်တင်းမာသော လေသံဖြင့် ဆိုလိုက်သည်။

'စန္ဒာဒေဝီ၊ သင်ဟာသားကို ချစ်ခြင်းဆိုတဲ့ စိတ်တစ်ခုတည်းနဲ့ တစ်ပါးသူတွေကို မာန်ဖိငြိုးဖွဲ့ပြီး အလိုလိုအရေးဆိုနေပါလား။ နောက်နောင် ဖြစ်လာနိုင်တဲ့ တိုင်းရေးပြည်မှုကိစ္စတွေကို သင်မြင်နိုင်လို့လား။ အကြောင်းတစ်ခုခုကြောင့် ပြဿနာအန္တရာယ်တစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့တယ် ဆိုရင်ပဲ နန်းတွင်းမှာ သင့်သားကို ထားလို့ဆိုပြီး ယိုးမယ်ဖွဲ့ကဲ့ရဲ့စရာဖြစ်လာမှာကိုကော သင် စဉ်းစားမိရဲ့လား၊ ဒါတွေကို မတွေးဘဲ သားတစ်ယောက် အရေးကိုပဲ သင် ဦးစားပေးနေတယ်။ သင်တောင်းတဲ့နှစ်လလည်း ငါခွင့်မပေးနိုင်ဘူး။ မိဖုရားကြီး'

မင်း မိဖုရားတို့၏ စကားစစ်မှာ ပို၍ ပြင်းထန်လာ၏။

နှစ်ဦးစလုံးပင် မလျှော့စတမ်း စွဲကိုင်ကြသည်ဖြစ်လေရာ ဤအရာတွင် စန္ဒာဒေဝီမိဖုရားကြီး မဟုတ်လေဘဲ၊ အခြားတစ်ပါးသူ တစ်ဦးဦးသာ ဆိုပါက နေရာ၌ပင် မင်းမျက်သင့် ရာဇဝတ်ဒဏ်ကျလေပြီ ဖြစ်၏။

မိဖုရားကြီးကား လုံးဝ ဖွဲ့မလျှော့

'အရှင်မင်းကြီး ယခု ကိုယ်တော် မင်းကျင့်တရားဆယ်ပါးစောင့်လို့ နန်းစံတော်မူတာဟာ သံသရာနောင်အဆင့်ဆင့်မြင့်သထက်မြင့် ဘုန်းပွင့်တော်မူမယ့်အကြောင်းကို တောင့်တတော်မူတယ် မဟုတ်လား။ ယခုဘဝ တင့်တယ်ရုံသာမက မျက်မှောက်သံသရာအကျိုးကို အလိုရှိတဲ့ ရှေ့ရှုအချက်ရှိတယ် မဟုတ်ပါလား။ အရှင်ဟာ သားကြီးငါးကြီး တိရစ္ဆာန်များကိုသော်မှ မသတ်ရမဖြတ်ရ အန္တရာယ်မဖြစ်စေလို့ တားမြစ်ခဲ့တဲ့ အရှင်ဟာ ကိုယ့်သားကာမှ သနားခြင်းဆိုတာကို ဖြတ်ခွာလို့ မြေမြှုပ်သတ်စေလို့ ဆိုခြင်းဟာ အယူဖောက်ပြန်ခြင်း ဖြစ်ပါတယ်'

'ဝဋ်သုံးတန်လုံးမှာ အမှားချည်းပဲ ဖြစ်ပါလိမ့်မယ်။ သတိရှေ့တွတ်သင့်မြတ်အောင်ဆင်ခြင်တော်မူပါ။ နှစ်လကိုများ သေးတယ်ဆိုရင်တစ်လမျှကိုတော့ အခွင့်ပေးသင့်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီး၏ အကျိုးကြောင်းပြ ဝေဖန်သုံးသပ်ချက်မှာ မိမိကို တိုက်ရိုက် ရည်ညွှန်းထိပါးလာပြီးဖြစ်သဖြင့် မင်းကြီးသည် ရှုံ့ရှုံ့ရှားရှား ဖြစ်သွား၏။

'စန္ဒာဒေဝီ သင်သာ အယူဖောက်ပြန်နေတာ၊ ဂုဏ်မရှိသူကို ချီးမြှောက်ရင် ချီးမြှောက်သူလည်း မတင့်တယ်ဘူး။ အမြှင့်ခံရသူလည်း မမြင့်လာဘူး။ အပြစ်ရှိသူကို သနားရင် သနားသူလည်း အပြစ်ရောက်တယ်'

မိဖုရားကြီးကား မကြောက်မရွံ့ အဝံ့အစားပင် ရှိနေသည်။ မင်းကြီးဆိုလာသမျှကို ပြန်လှန်တင်းခံငြင်းဆန်ကာ မိမိအလိုကိုသာ မရရအောင် တောင်းဆိုမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် တည်ငြိမ်စွာ ရှိနေသည်။

မင်းကြီးသည် မိမိအသံ အနည်းငယ်မြင့်သွားသည်ကို သတိထားလိုက်မိပြီး လေသံကို ထိန်းသိမ်းပြီးမှ ဆက်ပြော၏။

'သင်လည်း ဒီထုံးဟောင်း ပုံပြင်ကို ကြားဖူးပါတယ်။ ရှေးအခါက လှည်းသမားငါးရာတို့ဟာ ပညာမဲ့သူကို လှည်းမှူးမြှောက်ခဲ့ကြတယ်။ သူ့ကြောင့် အဆိပ်သီးကို သရက်သီးမှတ်ပြီး ဆွတ်စားကြလို့ လှည်းသားငါးရာ စလုံး အသက်ဆုံးခဲ့ရတယ်။ အန္တရာယ်ရှိတဲ့မြွေ၊ ဆင်တို့ကို သနားသဖြင့် မွေးမြူခဲ့ကြတဲ့ မြွေအမည်း၊ ဆင်အမည်း၊ ရသေ့တို့ဟာလည်း အသက်ဆုံးခြင်း ကျောင်းရိက္ခာပျက်ဆီးခြင်းနဲ့ ကြုံခဲ့ကြရဖူးတယ်။ သင့်သား တေမိယဟာလည်း သနားသဖြင့် ထားရမယ့်သူ မဟုတ်ဘူး။ ကိုယ့်ဆီမှာ မထားလို့ လွတ်ရာ တိုင်းတစ်ပါးသို့ ပို့ပစ်ရင်လဲ မတုန်မလှုပ်ကျောက်ရုပ် ဖြစ်နေတဲ့ သင့်သားကို မြင်သူတိုင်းက ကဲ့ရဲ့ပြစ်တင် ပြချင်သမျှဒဏ်ခံရတဲ့စကား ငါတို့အားလုံးကိုပဲ ထိခိုက်မှာဖြစ်တယ်။ ဒီလိုသားမျိုးကို ခပ်မြန်မြန်ပဲ ဖျောက်ဖျက်ပစ်မှ မျက်စိလွဲ နားလွဲ စိတ်နှလုံးချမ်းသာလွယ်မှာ။ ဒါ့ကြောင့် သင့်တောင်းတဲ့ တစ်လလည်း ငါခွင့်မပြုဘူး'

မင်းကြီးစကားဆုံးသည်နှင့် မဆိုင်းမတွပင် မိဖုရားကြီးကလည်း အဆင်သင့်ရှိထားသော မိမိ၏စကားကို ထုတ်ဖော်လိုက်၏။

'အရှင် တေလပဏ္ဍ မင်းသားကို ကြည့်ပါ'

'သင် ဘာဆိုလိုချင်သလဲ'

'ဗာရာဏသီကနေ တက္ကသိုလ်ပြည်သွားတဲ့ ခရီးအကြားမှာ တေလပဏ္ဍမင်းသားဟာ ဘီလူးပေါတဲ့ ကန္တာရကို ဖြတ်ခဲ့ရပါတယ်။ ဘီလူးတစ်ယောက်ဟာ ဆင်သဏ္ဌာန် မြွေသဏ္ဌာန်နဲ့ ခြောက်လို့မရတော့ နတ်ကညာလို လှတဲ့ မိန်းမသူဟန်နဲ့ ဖြားယောင်းတယ်။ မင်းသမီးအသွင်နဲ့ ဖြားယောင်းတယ်။ ခရီးတစ်လျှောက်လုံးမှာ မင်းသားနဲ့ ဖွဲ့တဲ့သန္ဓေကို ဆောင်ယူရသူ အဖြစ်





နောက်က အစဉ်တစိုက် လိုက်ခဲ့တယ်။ မင်းသားက သွားမြဲလမ်း အတိုင်းသာ မတုန်မလှုပ် ရှေ့ရှုသွားခဲ့တယ်။ လမ်းမှာ တွေ့ရသူတိုင်းက မင်းသားကို ကဲ့ရဲ့ ပြစ်တင်ကြတယ်။ နားမခံသာအောင် ဆိုကြတယ်။ မင်းသားကတော့ ဒါတွေကို လျစ်လျူရှုပြီး ကန္တာရကို လွန်မြောက်လို့ ထီးနန်းစိုးစံခဲ့ရတယ်။ ဘုန်းပညာ ပွင့်ချိန်ရောက်လို့ ချီးမြှောက်သူလည်း တင့်၊ မင်းသားလည်း မြင့်ခဲ့ရတယ်။ သားတေမိယဟာ ကိုယ်လိုရာ ထိုက်ရာကို မတွေ့သေးလို့သာ ဘုန်းပညာ မဖော်မပြ အနအကြမ်းစမ်းသမျှကို မတုန်မလှုပ်သည်းခံနေတာဖြစ်ပါတယ်။ အချိန်တန်လို့ နိုင်ငံကို အစိုးရတဲ့အခါမှာ ဘုန်းပညာပွင့်လန်းမှုကို ပြသမှာ ဖြစ်တယ်။

'ဒီလို ဘယ်သူမှ ခုနေခါမှာ မသိနိုင်ပါဘူး။ အရှင်တို့ဆို သလိုသာ အမင်္ဂလာ သူယုတ်စစ်စစ် အပြစ်ရှိသူသာမှန်ရင် တစ်နေ့တခြား စည်းစိမ်ဆုတ်ယုတ်ခဲ့ပြီး ခုလို ဆယ့်ခုနစ်နှစ်အရွယ်ကျော်အချိန်မှာ ပြည်စည်းစိမ်တော်အလုံး ပျက်သုဉ်းပြုန်းတီး လောက်ပါပြီ။ သားဟာ ဆုတ်တဲ့လ မဟုတ်ပါဘူး။ ဆန်းသစ်သော လ ဖြစ်ပါတယ်။ ထီးနန်းစည်းစိမ်နဲ့ စမ်းသပ်ဖို့ တစ်လကို များလွန်းတယ် ထင်သေးရင် လခွဲ ဆယ့်ငါးရက် ပေးတော်မူ သင့်လှပါတယ်'

မင်းကြီးက သွက်သွက်ခါအောင် ခေါင်းယမ်းလိုက်လေသည်။

'တစ်ပါးသော မင်းသားများက အလားအလာကို ဆင်ခြင်စရာ မရှိဘူး။ အလားအလာလည်း မရှိဘူး။ ရှက်ဖွယ်လိလိပဲဖြစ်တယ်။ မင်းမျိုးမင်းနွယ် ထီးနန်းအစဉ်အဆက် အနွယ်မဟုတ်တဲ့အတိုင်း ဖြစ်နေတဲ့ ဒီသူယုတ်ကို ငါနည်းနည်းမှ နှလုံးမတွေ့ဘူး။ ဒါကြောင့် လခွဲ ဆယ့်ငါးရက်လည်း ငါမပေးဘူး'

*

လခွဲ(၁၅)ရက်အဖွင့်ကို မင်းကြီး ဖယ်ရှားလိုက်သော်လည်း မိဖုရားကြီးက မလျှော့သောစိတ်ဖြင့် ထပ်မံ တင်လျှောက်ပြန်၏။

'အရှင် မင်းဆိုတာ အပြစ်ကိုမှီတဲ့ဒေါသ၊ အချစ်ကိုမှီတဲ့ဒေါသ ဆိုပြီး ဒေါသနှစ်မျိုး ရှိရာမှာ ဒီနှစ်မျိုးစလုံးကို ဉာဏ်ပညာနဲ့ ထိန်းသိမ်းလို့ ငြိမ်းချမ်းတဲ့ ကရုဏာမေတ္တာရေနဲ့ ဆွတ်ဖျန်းပါမှ သတ္တဝါအပေါင်းတို့ ခိုမှီ လဲလျောင်းရာ ဘုရင်ဖြစ်ပါလိမ့်မယ်'

'စန္ဒာဒေဝီ၊ ဒါတွေကို ကျွန်ုပ်သိပြီးသားဖြစ်တယ်'

'သိပြီးသား အကြောင်းအချက်တွေအပေါ်မှာပဲ ထပ်မံစဉ်း နားဆင်ပါဦး အရှင်မင်းကြီး၊ သာဓကတစ်ခု ဆောင်ပါရစေ'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လို သာခကလဲ'

'ရှေးအခါ တရာဏသီမင်းကြီးမှာ မင်းသမီး မထွန်းကားတဲ့အတွက် ဆုတောင်းသစ္စာနဲ့ ပြုကြတဲ့အခါ မိဖုရားကြီးမှာ သမီးတစ်ယောက် ဖွားမြင်ပါတယ်၊ ကျွန်ုပ်တို့လိုပါပဲ အရှင်။ တစ်ဦးတည်းသော သမီးရတနာ ဖြစ်တဲ့အတွက် အလွန်ချစ်ခင်မြတ်နိုးကြပါတယ်။ ဘုရင်ကြီးကလည်း သမီးကို ချစ်သောအားဖြင့် မိဖုရားကြီး လိုအပ်သမျှဆုကို အလုံးစုံပေးအပ်ခဲ့တယ်။ ဒီလိုနဲ့ပဲ သမီးတော်ဟာ အရွယ်ရောက်လာခဲ့ပါတယ်'

မင်းကြီး နားစိုက်ထောင်နေသည်။

မိမိ ပုံဆောင်သော သာခက ဝတ္ထုကို မင်းကြီး စိတ်ဝင်စားမှန်း သိသဖြင့် မိဖုရားကြီးသည် စိတ်ပါလက်ပါ ဆက်ပြော၏။

'ဒီမင်းသမီးလေး အရွယ်ရောက်တဲ့အခါမှာတော့ ရမ္မက်စရိုက်ထူပြောတဲ့ မိန်းမသားလေး ဖြစ်လာတယ်။ သမီးတော်ဟာ မိမိရဲ့ လွန်ကဲထူပြောတဲ့ ရမ္မက်ကို ပရိယာယ်နဲ့ကာကွယ်ပြီး မအိမသာဖျားနာချင်ယောင်ဆောင်ပါတယ်'

'မယ်တော်ကြီးက မေးတဲ့အခါ သမီးတော်ကလည်း ခမည်းတော် မယ်တော်တို့ ရွေးချယ်ပေးတဲ့ ယောကျ်ားမျိုးကို သူမကြိုက်မနှစ်သက်ကြောင်း နှစ်မြို့က်ရာ သူရွေးချယ်ချင်တဲ့အကြောင်း၊ သူ့စိတ်နဲ့ တွေ့တဲ့ယောကျ်ားကိုသာ သူ ပေါင်းသင်းနိုင်မှာ ဖြစ်ကြောင်း၊ ဒါမှသာ ဝေဒနာပျောက်မယ့်အကြောင်း သံတော်ဦးတင်ပါတယ်'

မင်းကြီးသည် နားထောင်ရင်း ခေါင်းယမ်းလေသည်။

'ဘုရင့်သမီးတော်တစ်ပါးအနေနဲ့ ဒီလို ရမ္မက်ထူပြောလွန်ကဲစွာည မိမိကြင်ရာ မိမိရွေးချယ်မယ်ဆိုတာဟာ အင်မတန်အရှက်ကင်းရာ ရောက်ပါတယ်။ ဒါပေမယ့် သမီးကို ချစ်ခြင်းနဲ့ မယ်တော်ကြီးဟာ မင်းကြီးပြန်ပြီး လျှောက်ထားပါတယ်။ ဘုရင်ကြီးဟာ သမီးအဖြစ်ကို သိရတဲ့အခါ လွန်စွာပဲ တုန်လှုပ်ရှက်ကြောက်ခြင်း ဖြစ်ရပါတော့တယ်။ မိန်းမယုတ်မှုမက ဘီးလူးပြဲတ္တာမပဲဟု ယူဆပါတယ်။ ဒါပေမယ့် မင်းကြီးဟာ မိမိရဲ့အရှက်အကြောက်ကို အသာထား အဝေးဖယ်ပြီး . . .'

စန္ဒာဒေဝီမိဖုရားကြီးသည် အသံကို အနည်းငယ်မြှင့်လျက်

'ဒီလိုစဉ်းစားပါတယ်။ ငါဟာ ဆင်ခြင် နှိုင်းညှိ နိသမ္မကာရီစုံညီတဲ့ ဓမ္မရာဇာမင်းဖြစ်ပေတယ်။ သမီးတော်မွေးဖွားမြင်ကာစမှာပဲ မိဖုရားကို အလိုရှိတိုင်း ဆုကိုယူလို့ စကားကုန်နှင်းအပ်ခဲ့တယ်။ ဒီသစ္စာကတိကို ငါ ဖျက်ရင် မျက်မှောက်သံသရာ မချမ်းသာဘူး။ ကတိကဝတ်ရှိပြီးပါလျက် ငါက စတင်ဖျက်တယ်ဆိုရင် နောက်မင်းဆက်မျိုးရိုး နန်းညွန့်နန်းလျာတို့ ထုံးဆိုးကို





ထုံးကောင်းလုပ်ပြီး ဖောက်လွဲဖောက်ပြန် အသုံးပြုကြတော့မယ်။ အရှက်ကို ငဲ့ပြီး ကတိသစ္စာကို ငါ မဖျက်သင့်ဘူး။ ငါ့ရဲ့အရှက်ကို ကတိသစ္စာ နဲ့ ဖုံးအုပ်ဖို့ ကြိုးစားရလိမ့်မယ်လို့ ဆုံးဖြတ်ပါသတဲ့ အရှင်မင်းကြီး'

မင်းကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

မိဖုရားကြီးက ထိုအခြေအနေကို အခွင့်ယူလျက် မနားတမ်းဆက်ပြောသည်။

'ဒါကြောင့် . . . သမီးမိုက်ရဲ့ အလိုကို ပြည့်စုံစေရမယ်လို့ မိဖုရားတောင်းတိုင်းဆုကို ပေးလိုက်ပါတယ်။ ဒီအခါ တက္ကသိုလ်ပြည်က အတတ်ပညာသင်ပြီး ရောက်လာတဲ့ ဘဏ္ဍာရာဇ်မင်းကြီးရဲ့သား မင်းညီနောင်ငါးဦးစလုံးကို သမီးတော်က ပန်းကုံးပစ်ပြီး ကြင်ယာရွေးပါတယ်။ မင်းကြီးခင်မျာ သမီးတော်ရဲ့ အပြုအမူကြောင့် ကြီးစွာရှက်ကြောက်တုန်လှုပ်ရပါတယ်။ ဒါပေမယ့် ကတိ ချွတ်ယွင်းမှာကို ပိုပြီး ရှက်ကြောက်တဲ့အတွက် မင်းသားငါးယောက်စလုံးနဲ့ သမီးတော်ကို လက်ဆက်ပေးလိုက်ရပါတယ်။ ပဥ္စပတီကာ အမည်ရတဲ့ ဒီမင်းသမီးနဲ့ပတ်သက်တဲ့ ထုံးဟောင်းသာခက အထင်အရှားရှိပါတယ် အရှင်မင်းကြီး'

'ဒါ့ကြောင့် ကိုယ်တော်လည်း ရှေးရှေးမင်းများကဲ့သို့ တရား (၁၀) ပါးကို ကျင့်တော်မူလေ့ရှိတဲ့အတိုင်း သားတော်လေး တေမိယကုမာရဖွားစ ဘပင် ကျွန်ုပ်ကို အလုံးစုံသော ဆုများပေးတော်မူခဲ့ပြီးဖြစ်ဖြစ်ပါ၍ ထွက်ပြီး ဆင်စွယ် မဝင်သလို ချမှတ်ပြီး အမိန့်တော်အား မချော်မကွေ့သင့်ပါဘူး။ သားတော်ဟာ ခြေလက်အင်္ဂါ တစ်စုံတစ်ရာ ချို့တဲ့ခြင်း မရှိပါဘူး။ ရိုင်းပြဆိုးသွမ်းသူ ကြမ်းကြုတ်ခက်ထန်သူလည်း မဟုတ်ပါဘူး သမာဓိကြီးခြင်းဖြင့်သာလျှင် ပျင်းရိသူ တွေဝေထိုင်းမှိုင်းသူအဖြစ် သူတစ်ပါးက အားမရ အလို မကျနိုင်တာကိုပဲ အပြစ်ဆိုချင် ဆိုနိုင်ပါတယ်။ ဒါကြောင့် အဖက်ဖက်က နှိုင်းချိန်ဆင်ခြင်ပြီး သစ္စာမပျက်အောင် ဆောင်နှင်းသင့်ပါတယ်။ လခွဲ (၁၅) ရက်ကိုမျှ များထင်ရင် (၇) ရက်တန်ရုံတော့ အရှင်ခွင့်ပြုသင့်လှပါပြီ'

ကာသိကရာဇ်မင်းကြီးသည် အကျဉ်းအကြပ်သို့ ဆက်ရောက်ရသည်ဖြစ်၏။ သားတည်းဟူသော သံယောဇဉ်ဖြင့် သနားခြင်းကြောင့် ဆုတ်နစ်သော ဒေါသသည် မင်းကြီး နှလုံးအိမ်ကို ရိုက်ပုတ်၏။ ပုဏ္ဏားတို့၏ အပြစ်ဖို့စကားကြောင့်လည်း အသက်အန္တရာယ် ဖြစ်မည်ကိုလည်း ကြောက်ရွံ့ခြင်း ဖြစ်ရ၏။

မိဖုရားကြီးတင်လျှောက်သော စကားအရ ကတိသစ္စာ[illegible] အလေးအမြတ်ပြုရန်လည်း မင်းကြီး ဆင်ခြင်သုံးသပ်သည်။ အတန်ကြာ[illegible] တိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



နေပြီးနောက် မင်းကြီးသည် လေးလံပြင်းထန်လှသော သက်ပြင်းနှင့်အတူ သားတော်သည် ဤမတုန်မလှုပ်အမူအရာမှ ထူခြားလျှင် ဖြစ်စေ မထူးခြားလျှင်ဖြစ်စေ (၇) ရက်မျှသာ ဟု သဘောထားလျက် မိန့်ဆိုတော်မူသည်။

'စန္ဒာဒေဝီ သင့်သားအမူအရာထူးခြားလာမယ်လို့တော့ ငါလုံးဝ မထင်ဘူး။ စင်စစ်တော့ ငါ ထီးနန်းမပေးလို။ သို့သော် သင့်ရဲ့တောင်းဆိုဝန်ကြားချက်အရ ငါကိုယ်တိုင်လည်း ကတိကို မဖျက်လိုတဲ့အတွက် ခုနစ်ရက်တော့ ငါ ခွင့်ပြုမယ်'

မယ်တော်မိဘုရားကြီးလည်း မဆိုင်းမတွပင် ပြုဖွယ်များ စီစဉ်တော့သည်။ သားတော်အား ပြည်ကြီးရှင်သခင် ဘုရင်မင်းတို့ ဆင်မြန်းအပ်သော အဝတ်တန်ဆာတို့ဖြင့် ဆင်ယင်စေကာ ရာဇပလ္လင်ဉာကင်ထီးဖြူရိပ်၌ တင်ထား စံနေစေ၏။ ဖွားဘက်တော် ငါးရာနှင့်တကွ မှူးမတ်ပုရောဟိတ်ပုဏ္ဏား အပေါင်းတို့ကိုလည်း ခံစားခြံရံစေသည်။ ထို့နောက် ထီးနန်း အပ်နှင်းကာ ရာဇာဘိသေကသဘင် ဆင်ယင်လျက် အဘိသေက သွန်းကြသည်။ တစ်ဆယ့်နှစ် ယူဇနာအဝန်းရှိသော ဗာရာဏသီဝန်းကျင် အလုံးကိုလည်း ခမည်းတော် ကာသိကရာဇ်မင်းကြီးက ထီးနန်းလွှဲအပ်သည်ဖြစ်၍ ယခုအခါ သားတော် တေမိယဘုရင်မင်းမြတ်သည် ရွှေထီးရွှေနန်း သိမ်းမြန်း အုပ်ချုပ်တော်မူပြီ၊ နှစ်သက်ရွှင်လန်း ချမ်းသာစွာဖြင့် ငြိမ်ဝပ်ကြစေဟု စည်လည်စေသည်။

ထို့နောက် တေမိမင်းကို တန်ဆာဆင်အပ်သော မင်္ဂလာဆင်တော်ဖြင့် တင်၍ ထီးဖြူဆောင်းကာ များစွာသော ဆင်မြင်းရထား ခြေသည်အလုံးအရင်း မှူးမတ်ဗိုလ်ပါအပေါင်း ခြံရံလျက် မြို့ကို လက်ယာရစ်လှည့်လျက် ထွက်စံ စံတော်မူစေ၏။

## ၈

ဗာရာဏသီ နန်းတော်၏ ဘုရင်မင်းမြတ် စက်ရာဆောင်ခန်းအတွင်း၌ မြင်ရကြားရသူတိုင်း နှလုံးထိခိုက်ဖွယ် အဖြစ်သနစ်တစ်ခု ပေါ်ပေါက်နေခဲ့သည်မှာ ခြောက်ရက်တိုင်တိုင် ရှိခဲ့လေပြီ။

တေမိယရာဇာသည် စက်မွေ့ရာ သလွန်ပေါ်၌ မလှုပ်မရှေ့ ပကတိငြိမ်သက် တိတ်ဆိတ်စွာ ထိုင်နေ၏။ သားဘုရင်၏ သလွန်အနီး ဝဲယာလှည့်ပတ်လျက် မျက်ရည်တို့ စိုရွှဲသော မျက်လုံးများဖြင့် တစာစာပြောဆို တောင်းပန်နေသူကား မယ်တော်စန္ဒာဒေဝီ မိဖုရားကြီးပင် ဖြစ်သည်။

မယ်တော်ကြီးသည် ခြောက်ည၌ပတ်လုံး မအိပ်မစက် ငိုရှိုက်လျက် တောင်းပန်စကားဆိုနေလေသည်။

'သားတော် မိခင်ရဲ့ ပူဆွေး ပူလောင်ခြင်းကို သားတော် မပျောက်ဖြေတော့ဘူးလား။ မယ်တော်ဟာ သားကို ဖွားမြင်လို့ အခါလည် တစ်နှစ်ကျော်ကစပြီး ဆယ့်ခြောက်နှစ်တိုင်တိုင် တစ်နေ့တစ်ရက်မှ အိပ်ချိန် စားချိန် မသိ၊ မျက်စိအစုံမှာလည်း မျက်ရည်စက်ယို၊ မပြတ်ငိုကြွေးခဲ့ရလို့ ကျိန်းစက် ကြေကွဲ သွေးခဲသွေးပေါက်များပင် တည်ခဲမတတ် ဖြစ်ရပြီကော သားတော်'

'မယ်မယ့်ကို ကြည့်လိုက်စမ်းပါ သားတော်။ ညှိုးကျဖျော့တော့ပြီး တစ်နေ့တစ်ခြား လျော့ပါးလာလိုက်တဲ့ ကိုယ်ခန္ဓာဟာ အခုအခါမှာ အသက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်သော ကျွန်ုပ်ပါတော့တယ်။ မယ်မယ် သည်းအူပြတ်မျှ လိုက်ဆူပူလောင်နေရတာကို သားမသိမဟုတ် သားအသိ ဖြစ်ပါတယ်'

'သားဟာ အင်္ဂါမှ မချို့မတဲ့၊ လက္ခဏာကောင်း အပေါင်းစုံညီပြီး ဘုန်းအာဏာ ပညာကျော်စောမယ့် ယောကျ်ားမြတ် ဖြစ်တယ်ဆိုတာကို မယ်မယ်သိပါတယ်။ ဒါပေမယ့် သားလိုရာ ဖွင့်ပြီး အခွင့်မဆိုတဲ့အတွက် မယ်မယ် ဘာမှမသိ၊ မချိနိုင် ရှိရပါတယ်။ မိခင်ကို သနားသောအားဖြင့် သားသည်သာ မိခင်ရဲ့ အားကိုအားထားရာ ဖြစ်ပါစေတော့ သားတော်'

'သားလို ဘုန်းပညာရှိသူ ယောကျ်ားမြတ်မျိုးမှ မယ်မယ်ရဲ့ ဆင်းရဲခြင်းကို ချမ်းသာအောင် မပြုရင် ဘယ်သူ့ကို မယ်မယ် အားကိုးရပါတော့မလဲ။ သမုဒ္ဒရာအလယ်မှာ သင်္ဘောပျက်လို့ ကိုယ့်အသက်ကိုယ်လုကြရတဲ့အခါမှာတောင် မိခင်ရဲ့ဆင်းရဲခြင်းကို မမြင်ဝံ့လို့ ကိုယ့်အသက်ကိုစွန့် အမိကို ပခုံးထမ်းပြီး အပြောကျယ်တဲ့ သမုဒ္ဒရာထဲ လက်ပစ်ကူးခတ်ကြပါသေးသကော သားတော်'

'သားတော်က ဘာကြောင့် မိခင်ရဲ့ ဆင်းရဲဒုက္ခကို မြင်ရက်ရှုစိမ့်နေနိုင်ရတာပါလဲ။ သစ်ပင်အသိုက်ထဲက မပျံနိုင်တဲ့ငှက်ငယ်ဟာ ဆာလောင်မွတ်သိပ်စွာ သူ့ရဲ့မိခင်ငှက်မကြီး အစာချိုပြန်အလာကို နေ့ရောက်လာနိုးနိုး၊ ညရောက်လာနိုးနိုးနဲ့ လည်တဆန့်ဆန့် တမျှော်မျှော် အာသာတောင့်တမပြတ်မစဲ ရှိပေမယ့် မိခင်ငှက်မကြီး မရောက်လာနိုင်တာကြောင့် အစာငတ်မွတ်စွာနဲ့ ပင်ပန်းကြီးစွာ အသက်ရှင်ရသလိုပါပဲ သားတော်'

'မယ့်မယ့် ဘဝမှာလည်း ငါ့သား ဒီညစကားပြောမလား။ နက်ဖြန်စကားပြောမလားရယ်လို့ ငံ့လင့်စောင့်စားရင်း အာသာမပြတ်သေးတဲ့အတွက်သာ ဒီမျှလောက် ကာလပတ်လုံး မယ်မယ်အသက်ရှင်နေနိုင်တာပါ။ မယ်မယ့် ပူပန်ဆင်းရဲခြင်းကို ကင်းကွယ်ပပျောက်စေဖို့ မောင့်မှာအလိုရှိတိုင်း ကြံဆောင် နိုင်းချိန်နိုင်တဲ့ အရွယ်ရောက်ရောက်ပါပြီ။ မယ်မယ့် ပရိဒေဝကို ဖြေဖျောက်ပါတော့ သားရယ်'

သလွန်တော်ပေါ်မှာ သားနှင့် ယှဉ်ထိုင်ကာ သားအား ဖွေ့ဖက်လျက် ငိုကြွေးငေ ‌ ‌ငင်းပန်ပြန်၏။ ဤသို့လျှင် ငါးရက်လွန်မြောက် ခြောက်ရက်တိုင်ရောက်ခဲ့လေ၊

မယ်တော်ဘုရား၏ မျက်ရည်များဖြင့် လိမ်းကျံစိုစွတ်သောတောင်းပန်စကားများသည် တေမိယကုမာရ၏ နားမှတစ်ဆင့် နှလုံးတော်အတွင်းသို့ ဝင်ရောက်ခဲ့ကြကားမှန်၏။ မယ်တော်ကြီး၏ တောင်းပန်စကားများတွင် အကျိုးအကြောင်း ခိုင်လုံစေ့စပ်သော အချက်အလက်များလည်း အပြည့်အဝ





ပါဝင်နေသည်။ မငြင်းဆန် မဖယ်ရှားနိုင်သော ယုတ္တိအကြောင်းများလည်း ပါဝင်ကြသည်။ ထို့ထက်မူ မိခင်၏မေတ္တာနှင့် ပရိဒေဝတို့၏ အလုံးအရင်းကြီးစွာဖြင့် ထိုတောင်းပန်စကားတို့ကို ပို့ဆောင်ပေးနေကြ၏။

ငါးည၌နှင့် ခြောက်ရက်တိုင်တိုင် သားတော်လျှောင်းသော သလွန်ထက်၌ ပိုက်ဖက်ခယမ်း မြည်တမ်းခံရသဖြင့် မယ်တော်ကြီးမှာလည်း စိတ်ရော လူပါ အားအင်ကုန်ခမ်းခဲ့ပြီ ဖြစ်သည်။ သို့သော် မိခင်ကြီးအပေါ် သနားစိတ် တနာစိတ်တို့သည် သဗ္ဗညုတာဉာဏ်တော်ကို ရှေ့ရှုလျက် ဖြည့်ကျင့်အပ်သော အဓိဋ္ဌာနပါရမီ၏ ရှေ့မှောက်တွင် လွင့်ပါးပြိုကွဲသွားကြသည်။ မရေမတွက်နိုင်သော ဘဝများစွာတို့တွင် ပရမတ္ထအဓိဋ္ဌာန်ဖြင့် နှန်းစံဘောင် ဖြည့်ဆည်းခဲ့လေသည့် ဆင်ခြင်နှလုံးသွင်းမှုသည် မိခင်အပေါ် သနားခြင်း စိတ်ကို နေရာမပေးတော့ပေ။

မိခင်အပေါ် သနားခြင်း ပြင်းပြစွာ ရှိတော်မူလျက်ပင် သံသရာစက်ရဟတ်၌ လူနတ်ဘဝအစုံစုံ မြင့်တုံယုတ်တုံ စုန်ဆန်မပြတ် ဆင်းရဲအစစ် မချစ်အပ်သောကိုယ်ကို အလိုညွှတ်၍ ဝဋ္ဋရေး၏ အပြစ်ကိုသာ ထင်ထင်ကြီး မြင်သည်ဖြစ်လေရကား

သုံးဖြာသော အဓိဋ္ဌာန်မြဲမှသာ အောင်ပွဲခံနိုင်မည်ဟူ၍ မိခင်ကြီးအပေါ် သနားခြင်းကို အများသတ္တဝါ ဝေနေယျအပေါ်၌ သနားခြင်းကရုဏာတိုင် ခိုင်ခိုင်ဆောက်ရန် ရည်သန်လျက် မယ်တော်အပေါ် မထောက်မညှာ သနားကရုဏာ မရှိသယောင် ပြကတေ့ သိမ်မွေ့တည်ကြည်စွာသာလျှင် မတုန်မလှုပ် နေတော်မူလေသည်။

*

ထီးနန်းစည်းစိမ် အပ်နှင်းကာ ကာသိကရာဇ်တိုင်း၏ အရှင်သခင်အဖြစ် ခွင့်ပြုခဲ့သော ခုနစ်ရက်ကာလသည်လည်း ပြီးဆုံးကုန်မြောက် အချိန်ရောက်ခဲ့လေပြီ။

ကာသိကရာဇ်မင်းကြီးသည် မယ်တော်ကြီးကိုယ်တိုင် သားဖြစ်သူအား ခြောက်ရက်လုံးလုံး နေ့နေ့ညည တောင်းပန် တိုးလျှိုးခဲ့သော်လည်း အကြောင်းမထူး၊ အရာမထင်သောအဖြစ်ကို ကောင်းစွာ သိတော်မူသည်။ ဤတွင် မဆွကတည်းက ရှိခဲ့သော နာကျင်ခံခက် အမျက်ဒေါသက မင်းကြီးအား ပိုမိုကြီးမားသော အလျှံအဝါတို့ဖြင့် လောင်မြိုက်ပြန်တော့၏။

ရာဇမာန်ထန်ပြင်းသော ဒေါသသည် အဆိုးအစွန်တိုင်ခဲ့ပေပြီ။ သားဟူသော အမှတ်ပျောက်ကွယ်ကာ ရန်သူကြီးသဖွယ် ထင်မြင်ခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကာသိကရာဇ်မင်းကြီးသည် မင်းမှုထမ်းများစွာအနက်မှ တစ်ယောက်သော သူအား ဆင့်ခေါ်လိုက်၏။ ထိုသူမှာ မှူးမတ်ဝန်ကြီးလည်း မဟုတ်၊ စစ်ရေးဗိုလ်ပါ သေနာပတိလည်း မဟုတ်။ ပါးကွက်အာဏာ စီရင်ရေးဆိုင်ရာ အမှုတော်ထမ်းလည်း မဟုတ်။ ထိုသူမှာ ရထားမှူးအမတ်တစ်ဦးဖြစ်၏။ သူ့အမည်ကား သုနန္ဒာ ဖြစ်သည်။

'သုနန္ဒာ'

'ဦးထိပ်ရွက်ပါအရှင်'

'သင်တစ်ကိုယ်တည်းသာ အမှုတော်ထမ်းရမယ့် အရာတစ်ခုရှိနေတယ်'

'ဦးထိပ်ရွက်ပါအရှင်'

'သင် စီမံခန့်ခွဲ အမှုးပြုရတဲ့ ရထားတွေအနက်က ကျက်သရေအကင်းမဲ့ဆုံးဆိုတဲ့ အမင်္ဂလာရထားကို ထုတ်။ မြင်းကောင်းတွေ မှန်သမျှဖယ်ရှားပြီး အမင်္ဂလာမြင်းကို တပ်'

မင်းကြီးအမိန့်ကို နာခံနေရသော်လည်း ဘယ်အရေးဆိုသည်ကို သုနန္ဒာ မတွေးတတ်နိုင်သဖြင့် ဆိတ်ဆိတ်နေကာ အမိန့်တော်ကို ဆက်လက်နားစွင့်၏။

'အဲဒီ အမင်္ဂလာရထားမှာ အမင်္ဂလာမြင်းကို တပ်ပြီး နက်ဖြန်မနက်မိုးသောက်ချိန်မှာ အမင်္ဂလာတံခါးကထွက်၊ ကြားလား'

'ဦးထိပ်ရွက်ပါအရှင်'

'ဒီရထားပေါ်မှာ တင်ဆောင် သယ်ယူသွားရမယ့် သူကတော့ အမင်္ဂသား ဖြစ်တဲ့ တေမိယပဲ။ အေး . . . မောင်မင်း ဆက်လုပ်ရမှာက အမင်္ဂလာတံခါးက ထွက်ပြီးလျှင် လုပ်တိုင်း သင်္ချိုင်းကုန်းမှာ အကျယ်လေးတောင် အစောက်နက်နက်ရှိတဲ့ အမင်္ဂလာကျင်းကို တူးရမယ်။ တွင်းတူးပြီးတဲ့အခါ သင် သယ်ယူသွားတဲ့ အမင်္ဂလာသားကို တူရွင်း၊ ပေါက်တူးအနောက်နဲ့ ဦးခေါင်းကိုရိုက်ခွဲပြီး တွင်းထဲပစ်ချ။ တွင်းစာ မြေမှုန့်ဖို့သိပ်ပြီး တွင်းရှိမှန်းမသိအောင်လုပ်၊ သင်းကို မြေမှုန့်မြေစာ မြေကြီးအစာဖြစ်စေပြီးမှ သင်မြစ်ဆိပ်ကိုသွား၊ ခေါင်းလျှော် ရေချိုး၊ အမင်္ဂလာအညစ်အကြေးတွေကို ဆေးကြောသန့်စင်ပြီး မြို့တွင်းကို ပြန်ဝင်လာခဲ့။ ဒီအမှုကိစ္စအားလုံးကို ဒုတိယလူ အဖော်အကူအညီမယူဘဲ သင်တစ်ယောက်တည်း လုပ်ရမယ် နားလည်လား'

မင်းကျင့်တရား ဆယ်ပါးကို စောင့်သော မင်းစင်စစ်ဖြစ်လျက်ပင် ကာသိကရာဇ်မင်းကြီးသည် ဆယ့်ခြောက်နှစ်ကာလပတ်လုံး သားဦးချစ်ခြင်း၊





သနားခြင်းတည်းဟူသော ကရုဏာပေမကို တည်မှီလျက် ဖြစ်ပေါ်ခံစားခဲ့ရသည့် စိတ်ညစ်နောက်ကျုခြင်း၊ ဒေါမနဿဇောများကြောင့်လည်းကောင်း၊ ဝိစိကိစ္ဆာကြီရာမသိ၊ ဉာဏ်မျက်စိလည်းကော၊ မှားမှန်ဝေဖန် သုံးသပ်နိုင်စွမ်း မရှိ ဖြစ်ခဲ့သည်တွင် ပညာရှိအမည်ခံ ပုဏ္ဏားတို့၏ မှားယွင်းဖောက်ပြန်သော အကြံပေးချက်များကြောင့် မင်းကြီး၏ ပင်ကိုမူလ သမ္မာဒိဋ္ဌိမှ ကင်းကွာကာ ဖောက်ပြန်သော အယူအတွေးဝင်ခဲ့ခြင်းကြောင့်လည်းကောင်း အမှန်သိဉာဏ် သီလလဇ္ဇီသဘာဝမှ ရွေ့လျောကာ မိစ္ဆာဒိဋ္ဌိ ဒုဿီလအလဇ္ဇီသဘာဝသို့ ကျဆင်းခဲ့ခြင်းကြောင့်လည်းကောင်း၊ လောကဝတ် ဓမ္မဝတ် ရာဇဝတ်တို့မှ ယွင်းသေမှောင့်မှားကား သားသတ်စေဟူ၍ အမိန့်ချစီရင်ခြင်း ဖြစ်လေတော့သည်။

ထိုသို့ ဖောက်ပြန် ထိတ်လန့်ကြောက်ရွံ့ခြင်းလည်း ကပ်ငြိသော ရာဇမာန်အာဏာသံဖြင့် မင်းကြီးသည် သားကို အမြန်ဖျောက်ဖျက်ပစ်မှ ကိစ္စငြိမ်းလွတ်တော့မည်ဟု တစ်ဖက်သတ်ဆုံးဖြတ်ခြင်း ဖြစ်၏။

သုနန္ဒာ ရထားမှူး အမတ်လည်း မင်းမိန့်ကိုသာ စ လယ် ဆုံး ဦးထိပ်ရွက်ရတော့မည့် အခြေအနေဖြစ်သဖြင့် သင့် မသင့်၊ မှန် မမှန် ဝေဖန်ခြင်းငှာ မစွမ်းနိုင်တော့ဘဲ ရထားအခင်းအကျင်းကိုသာ စီမံပြင်ဆင်လေသည်။ သုနန္ဒာရထားမှူး အမတ်လက်သို့ ဝ,ကွက်အပ်ကာ အပြီးတိုင်သုတ် သင်စီရင်ရန် အမိန့်ချမှတ်ပြီးပြီဆိုသော သတင်းသည် မယ်တော်စန္ဒာဒေဝီ မိဖုရားကြီးထံသို့လည်း အချိန်မဆိုင်းဘဲ ရောက်သွားခဲ့၏။

မယ်တော်ကြီးကား သည်းအူပြတ် လောင်ကျွမ်းရပေပြီ။

*

အမင်္ဂလာမြင်းကသော အမင်္ဂလာရထားသည် အဆင်သင့်ဖြစ်ပြီး ခုနစ်ရက်မြောက်နေ့သို့ ကူးပြောင်းပြီး သန်းခေါင်ကျော်အချိန်တွင် သုနန္ဒာ ရထားမှူးလည်း အစီအမံများကို စေ့စပ်သေချာအောင် စစ်ဆေးကာ တူရွင်းနှင့် ပေါက်တူးများကို ရထားပေါ်သို့ တင်လိုက်၏။

ဘုရင့်အမိန့်တော်အရ နံနက်မိုးသောက်ချိန်အရောက်တွင် တေမိယကုမာရအား ဤရထားပေါ် တင် ဆောင်ကာ သူသတ်ကုန်းသို့ သွားရတော့မည်။

ထိုအချိန်တွင် စန္ဒာဒေဝီမိဖုရားကြီးသည် သားထံပါးဝယ် ငိုသွပ်မခန်း မြည်တမ်းနေ၏။ မယ်တော်ကြီး ဦးစွာတွေးမိသည်မှာ ငါ့ထားသည်



www.burmeseclassic.com

www.burmeseclassic.com



ယခင့်ယခင်အခါက အလိုစမ်းခြင်းအမျိုးမျိုးတို့ကို ဖြတ်သန်းခဲ့ရာတွင် အသက်သေနိုင်မည်မဟုတ်ဟု သိမ်းအုပ်ခြင်းရှိသောကြောင့်သာ သည်းခံနိုင်ခဲ့သည်။ ယခုအကြိမ်ကား သတ်စေအမိန့်ကို ချမှတ်ခံခဲ့ရပြီးပြီ။

သုတ်သင် ကွပ်မျက်ရန် အစီအစဉ်များလည်း ပြုလုပ်နေပြီ။ သေမင်း၏ခံတွင်းဝသို့ ရောက်နေပြီ။ ဤသို့သောအချိန်မျိုးတွင် အသက်ဘေးကို ကြောင့်ကြ၍ သေအံ့သောအဖြစ်ကို မတုန်မလှုပ် နေနိုင်တော့မည် မဟုတ်ဟု ချော်သည်တွေး တွေး၏။

တစ်ဘက်ကလည်း ပြင်းထန်သော ဖခင်ဘုရင်ကြီး၏ အမိန့်နှင့် နိုင်ခြလွန်းသော သားတော်ကုမာရ၏အဖြစ်တို့ အကြားဝယ် နှလုံးသည်းပွတ်တို့ ယခုပင် ပေါက်ကွဲထွက်မတတ် ခံစားရသည်ဖြစ်၍ သားထံပါး ချဉ်းကပ်ပြန်လေသည်။

'သား . . . အခုတော့ မိခင်ရဲ့ ချစ်ခင်သမျှ အမှုဟာ အချည်းအနှီးဖြစ်ရတော့မှာလား။ သားက စကားမဆို၊ မတုန်မလှုပ်၊ မထောက်မညာနေခဲ့လို့ အခုအခါမှာ မောင့်ခမည်းတော်က သတ်စေအမိန့်ချခဲ့ပြီး နံနက်မိုးသောက်အချိန်မှာ အနောက်တံခါးကနေ မောင့်ကိုထုတ်ပြီး သုသာန်မှာ မြှုပ်သတ်ဖို့ အမိန့်ချခဲ့ပြီ။ ဒီတစ်ညဥ့်သာ သားကို မယ်တော်မြင်ခွင့်ရတော့မယ်။ မယ်မယ်ကို သနားသဖြင့် စကားပြောပါမှ သားလည်း အသက်ရှင်၊ မိခင်လည်း ချမ်းသာရာရပါမယ်။ စကားလေးတစ်လုံးစ တစ်ခွန်းစ ပြောလိုက်ပါတော့ သားရယ် ဒါဟာ မိခင်အိုကြီးရဲ့ နောက်ဆုံးတောင်းပန်းစကားပါ သားရယ်'

မယ်တော်ကြီး၏ သောကပရိဒေဝမီးလျှံစကားသည် တေမိယကုမာရထံသို့ ဆန့်ကျင်သော သက်ရောက်မှုဖြင့် တည်လေသည်။ မတုန်မလှုပ် မယိမ်းမယိုင်သော အဓိဋ္ဌာနပါရမီကို အမြင့်ဆုံးသို့ မြဲခိုင်စွဲမတ်စေရန် ဖန်တီးလိုက်သကဲ့သို့လည်း ဖြစ်သွားသည်။ တေမိယကုမာရ ဆင်ခြင်နှလုံးသွင်းကာ

'အို . . . အခုမှပဲ အလင်းကို တောင့်တတဲ့ကမ္ဘာဦးသူတို့ကို နေရောင်ဖြူအလင်းပြော့သလို ညှိုးနွမ်းတဲ့ကြာကို သီတာရေပြည့်တဲ့ အိုးနဲ့ သွန်းလောင်းသလို နွေနှောင်းရတု ရွက်သစ် ရွက်နုမထွက်နိုင်တဲ့ ပျိုးပင်ကို မိုးရာသီဦးမှာ မိုးစက်မိုးပေါက်တို့ ဖြိုးဖွေအုပ်မိုးလိုက်သလို ငါ့မှာ တစ်ဆယ့်ခြောက်နှစ်တိုင်တိုင် ကိုယ်တော်မကြည်မရွှင် လိုအင်မရောက် နောက်ကျို ကျဉ်းမြောင်းညောင်းညာတဲ့ စိတ်အလုံးဟာ အခုမှပဲ တစ်လုံးတစ်စုတည်း တစ်ခဏချင်း ပျောက်ကွင်းချမ်းသာလို့ ဝမ်းမြောက်ရတော့တယ်'

'နေ့ညအခါ နာရီမလပ် မပြတ်အားထုတ်အပ်တဲ့ လုံ့လထူး လုံ့လမြတ်ဟာ ယခုအခါမှာ အထွတ်အမြတ်ရောက်တော့မယ်'





ဟု တွေးကြံကာ မွှမ်းမွှမ်းနှံ့မျှ ရွှင်ပျနှစ်သက်ရှိတော့သည်။

မယ်တော်မိဖုရားကြီးကား ထိုသို့ ငိုကြွေးတောင်းပန်ရင်း သားတော်ထံမှ ထူးခြားမှု တစ်စုံတစ်ရာ မရသည့်အတွက် နှလုံးကွဲကာ သေကြေမတတ် အဆုံးစွန်သောထိခိုက်မှုဖြင့် နေရာမှာပင် လဲကျသွားတော့လေသည်။

မယ်တော်ကြီး၏ ရှုးသွပ်ခမန်း သေကြေလုနီးပါးအဖြစ်ကို မြင်တွေ့ရသော တေမိယကုမာရအဖို့ ကြင်နာသနားခြင်းဖြင့် ရင်နှလုံးဝယ် ငြီးငြီးလောင်သော မီးလျှံတို့ ကျွမ်းမြိုက် သကဲ့သို့ ခံစားတော့မည် မဟုတ်။ နှင်ထုတ်၍ မြို့ပြင်ရောက်လျှင် မိမိ၏ ယောကျ်ားကောင်း ယောကျ်ားမြတ်အဖြစ်ကို ကောင်းစွာ ပြသနိုင်တော့မည်။ ထိုအခါကျမှ အမိအဖကျေးဇူးကို ဆောင်တော့မည်ဟု ဉာဏ်သတိဖြင့် ထိန်းချုပ်သိမ်းဆည်းလျက် ငြိမ်သက်စွာသာ နေတော်မူ၏။ ဤသို့ဖြင့်ပင် တစ်ညဥ့်တာ ကုန်ဆုံး၍ နံနက် မိုးသောက်ခဲ့လေတော့သည်။

*

သုနန္ဒာရထားမှူးကား ဘုရင့်အမိန့်တော်ကို ဦးထိပ်ရွက်လျက် မြင်းဇောင်းထဲမှ အမင်္ဂလာအမှုများ၌ အသုံးပြုသော မြင်းလေးစီးကို ထုတ်ခဲ့၏။ စင်စစ်ကား အလောင်းတော် တေမိယကုမာရ၏ ပါရမီတော် ဘုန်းတော် အာနုဘော်ကြောင့် သမ္မာဒေဝနတ်တို့သည် သုနန္ဒာ၏အမြင်ကို လှည့်စားထားခဲ့ကြသည်။ ထို့ကြောင့် သုနန္ဒာက အမင်္ဂလာမြင်းဟု ယုံမှတ်ကာ ထုတ်ယူခဲ့သော မြင်းတို့သည် စင်စစ် မင်္ဂလာမြင်းကောင်းလေးစီးပင် ဖြစ်လေသည်။

ထိုနည်းတူစွာပင် သုနန္ဒာက အမင်္ဂလာရထားဆိုး ရထားပျက် အမှတ်ဖြင့် မြင်းလေးစီးတပ်ဆင်ထားသော ရထားသည်လည်း မင်္ဂလာရထားတော်ပင် ဖြစ်၏။ သုနန္ဒာသည် မင်္ဂလာမြင်းလေးစီးကို မင်္ဂလာရထားတွင် တပ်ဆင်ကာ နံနက်လေးချက်တီးအကျော်တွင် မင်္ဂလာအရှေ့တံခါးမှ ဝင်ခဲ့၏။

မှခ်နန်းတော်သို့ ရောက်သောအခါ နတ်တို့၏ လှည့်စားမှုဖြင့် အနောက်အရပ်ကို အရှေ့ဟုထင်ကာ မြင်းရထားကို ဝင်လာခဲ့သည့်လမ်းအတိုင်း ပြန်လှည့်ရှေ့ရှုလျက် ဆိုက်ထား၏။

ဤသို့ဖြင့် အမင်္ဂလာအနောက် တံခါးမဟုတ်တော့ဘဲ အရှေ့တံခါးမှပင် ပြန်ထွက်လေမည် ဖြစ်၏။

သုနန္ဒာသည် အရှေ့ဘက်သို့ ရထားလှည့်ထားကာ နန်းမဆောင်ဘက် တက်ခဲ့သည်။ အဆောင်အတွင်း တွေ့လိုက်ရသော မြင်ကွင်းကား ရင်ဆို့စရာပင် ဖြစ်သည်။ မယ်တော်မိဖုရားကြီးသည် သားဖြစ်သူအား ပိုက်ဖက်လျက်သားပင် အားအင်ကုန်ပြတ် လဲလျောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုမာရကား ပကတိ ငြိမ်သက်လျက်။

သုနန္ဒာသည် မိမိစိတ်ကို ထိန်းလျက် တုန်ရင်သောလက်အစုံတို့ကို မယ်တော်ကြီးရှေ့မှောက်၌ ပူးယှက်ရှိခိုးကာ လျှောက်လိုက်သည်။

'အရှင်နန်းမတော်ကြီးဘုရား၊ ကျွန်တော်မျိုးကြီးအပေါ်မှာ အမျက်တစ်စုံတစ်ရာ မဝင်စေချင်ပါ။ ဘုရင်မင်းမြတ်ရဲ့ အမိန့်အာဏာတော်အတိုင်း ထမ်းရွက်ရမယ့် ကျေးကျွန်ဖြစ်ပါတယ်။ ခွင့်ပြုတော်မူပါ။ လွှတ်ရာမှာ ရှောင်ခွာပေးတော်မူပါ သခင်မကြီးဘုရား'

မယ်တော်မိဖုရားကြီးကား တုန်ပြန်စကားလည်း မဆို။

သားအား ပွေ့ပိုက်ထားသော လက်တို့ကိုလည်း မဖယ်ရှား။

သုနန္ဒာကိုသာ ပြုံးကြောင် ရီဝေသော မျက်လုံးများဖြင့် ငေးစိုက်ကြည့်နေ၏။

သုနန္ဒာသည် ခေါင်းကို ခါယမ်းလျက် လေးလံစွာ သက်ပြင်းချကာ တေမိယကုမာရအပေါ်မှ မယ်တော်ကြီး၏လက်ဖျားသို့ အသာအယာ ဖြေယူဖယ်ရှားသည်။ အားအင်ကုန်ခမ်းနေသော မယ်တော်ကြီး၏လက်တို့သည်လည်း ရထားမှူး၏ ဖြည်းညှင်းသိမ်မွေ့သော ဖယ်ရှားမှုအောက်တွင် သက်မဲ့ဝတ္ထုပစ္စည်းနှယ် အလိုက်သင့် ပယ်ခွာသွားကြသည်။

ထို့နောက် သုနန္ဒာသည် ပဒုမ္မာကြာပန်းအစည်းတစ်ခုကို အပွင့်အရွက်များ ကြွေကျမသွားစေရန် ပွေ့ပိုက်သကဲ့သို့ သလွန်ဝေါမှ တေမိယကုမာရအား ပွေ့ပိုက်ချီသယ်ကာ နန်းဆောင်မှ ထွက်ခွာခဲ့လေသည်။

ထိုအခါမှာပင် တစ်ချိန်လုံးလုံး အရုပ်ကြိုးပြတ်ပမာ မိန်းမောနေခဲ့သော မယ်တော်ကြီးသည် ရုတ်တရက် သတိဝင်လာကာ ရင်အုံကို လက်အစုံဖြင့် ဆုလျက် ရှိုက်ကြီးတငင် ငိုကြွေးရင်း သုနန္ဒာနောက်မှ လိုက်လာ၏။ သို့သော် အသက်အရွယ်ကြီးရင့်ခြင်း၊ ညဉ့်ပေါင်းများစွာ အအိပ်မဲ့ကုန်ဆုံးခဲ့ရခြင်း၊ သောကပရိဒေဝမီးလျှံ၏ လောင်မြိုက်မှုကို ကာလရှည်ကြာစွာ ခံစားခဲ့ရခြင်းများကြောင့် မယ်တော်ကြီးသည် မုခ်နန်းတော်ဦး၌မှာပင် လူးလှိမ့်ငိုကြွေးရင်း လဲကျသွားလေသည်။

ဤတွင် တစ်ဆယ့်ခြောက်နှစ်လုံးလုံး အဓိဋ္ဌာနပါရမီကို အထွတ်တပ်လျက် မလှုပ်မရှား စကားမဆိုနေခဲ့သော တေမိယကုမာရသည် ပထမဆုံးအကြိမ်အဖြစ် မိမိ၏အဓိဋ္ဌာန်ကို ပယ်ဖျက်ချိုးဖောက်မိမတတ်ဖြစ်သွား၏။

မိခင်၏ပူလောင်ခြင်းသည် သား၏နှလုံးအိမ်သို့ ကူးစက်တောက်လောင်သွားကာ ထိုမှုပန်ခြင်းကို သည်းမခံနိုင်သဖြင့် လဲကျသွားသော မယ်တော်ကြီးကို တစ်ချက်မျှ စောင်းငဲ့တိမ်းလှည့်ကြည့်ကာ





'ငါ စကားမပြောရင် ငါ့မယ်တော်ဟာ ဤဝေဒနာနဲ့ပဲ နှလုံးကွဲလို့ သေပွဲဝင်တော့မယ် ထင်ရဲ့။ ငါ့ကြောင့် ငါ့အမိသေခဲ့သော် ငါ့မှာ တစ်သက်တာလုံးပဲ ပူဆွေးကြေကွဲစရာ ဖြစ်တော့မယ်။ အမိအသက်အတွက် ငါစကားပြောလိုက်တော့မယ်'

သို့သော် ထက်ကြပ်မကွာပါလာသော ဒုတိယအတွေးက ပထမအတွေးကို ဖယ်ရှားလိုက်ပြန်၏။ ဖြောင့်မတ်တည်ကြည်မှုကို ရယူလိုက်၏။

'တေမိယ သင်အခု စကားပြောလိုက်မယ်ဆိုရင် ဆယ့်ခြောက်နှစ်လုံးလုံး အားထုတ်ခဲ့သမျှဟာ ဒီတစ်ဒင်္ဂအတွက်နဲ့ အချည်းအနှီး အကျိုးမဲ့ဖြစ်တော့မယ်။ ဒီဝေဒနာနဲ့ သင့်မိခင်မသေနိုင်သေးဘူး။ သင့် မူလအတိုင်း မပြောမဆို တုံ့ဏှိဘာဝေနေ၊ ဒီလိုနေခြင်းဖြင့်သာ အမိအကျိုး နောင်များစွာ ပြုလုပ်နိုင်တယ်။ သတိထား'

နှလုံး ပူပန်ခြင်းတို့သည် သတိဖြင့်ချုပ်ခြင်း သည်းခံခြင်း အင်အားကြောင့် လျော့ပါးသက်သွားခဲ့လေသည်။

*

သုနန္ဒာ ရထားမှူးသည် ရထားထက်၌ တေမိယကုမာရကို တင်ဆောင်၍ အနောက်တံခါးဟု မိမိအမှတ်အသားရှိသော အရပ်သို့သာ မောင်းနှင်ခဲ့သည်။ စင်စစ်ကား အလောင်းတော်၏ ပါရမီဘုန်းတော်နှင့် နတ်တို့၏ အာနုဘော်ကြောင့် အနောက်တံခါးမှ မဟုတ်မူဘဲ အရှေ့တံခါးသာ စင်စစ်ဖြစ်လေသည်။

မင်္ဂလာတံခါးကို ရထားအဖြတ်တွင်ကား ကျွမ်းကျင်လိမ္မာလှသော ရထားမှူးဖြစ်ပါလျက် ရထားဘီးသည် တံခါးခုံ ခိုက်ငြိကာ ကျယ်လောင်သော အသံတစ်သံ ထွက်ပေါ်လာသည်။ ဤသည်ကား 'မင်္ဂလာတံခါးမှ မင်္ဂလာရထားစီးကာ ထွက်တော်မူလာသူကား မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ယောကျ်ားပေတကား' ဟူသော အမှတ်ဖြင့် ဟစ်ကြွေးအသံပေးခြင်းပင် ဖြစ်၏။

တေမိယကုမာရကား ရထားထက်သို့ ရောက်ခဲ့သော်လည်း ဝဲယာဝန်းကျင်ထက်အောက် ဘယ်ဆီသို့ မကြည့်ရှုဘဲ ပကတိသော မျက်လွှာဖြင့်သာ လိုက်ပါလာခဲ့သည်ဖြစ်ရာ ရထားနှင့်ခဲမှန်းပင် မသိချေ။ တံခါးခုံနှင့် ရထားဘီးတို့ ထိတိုက်၍ ရထားမြည်သောအသံကြားမှပင် မြို့တံခါးမှ ထွက်ပြီဟု၍ သိရှိလိုက်၏။ ထိုအသိနှင့်အတူပင် 'ငါ နှလုံးအလိုတော်ပြည့်တော့မယ်' ဟု အတိုင်းထက်အလွန် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရထားသည် အရှေ့မင်္ဂလာတံခါးကို ဖြတ်သန်း၍ အရှေ့အရပ်ဆီသို့ ထွက်ခွာလာ၏။ သုနန္ဒာကား အနောက်အရပ်သုသာန်ဆီသို့ မောင်းနှင်နေသည်ဟူ၍သာ စွဲမှတ်လျက် ဆက်လက် မောင်းနှင်ခဲ့သည်။ ဤသို့အားဖြင့်ပင် ဗာရာဏသီ၏ အရှေ့သုံးယူဇနာကွာသော တောအုပ်သို့ ချင်းနင်းရောက်ခဲ့သည်။

သုနန္ဒာကား ထိုတောအုပ်ကိုပင် ဗာရာဏသီ နေပြည်တော်အနောက်မျက်နှာ၏ လုပ်တိုင်းတစပြင်ဟု ယူမှတ်ကာ တောအုပ်အတွင်း တစ်နေရာ၌ ရထားဆိုက်လိုက်၏။ မြင်းများကိုလည်း ရထားမှ ချွတ်၍ လွှတ်ကျောင်းထားလိုက်သည်။

ထို့နောက် သုနန္ဒာသည် ရထားထက်၌ ပကတိသော ဣန္ဒြေဖြင့် ထိုင်နေသည့် တေမိယကုမာရထံ ချည်းကပ်ခဲ့၏။ ဘုရင့်အမိန့်တော်အတိုင်း သူ ဆက်လက်ဆောင်ရွက်ရတော့မည်။

တေမိယကုမာရကား ခုနစ်ရက်ကာလ ဘုရင်အဖြစ်ကို ရရှိထားသည်ဖြစ်၍ ပြည့်ရှင်မင်းတို့ ဆင်ထိုက်သမျှ လက်စွပ်၊ လက်ကောက်၊ ဘယက်၊ နားဋောင်း၊ နရကင်း၊ သရဖူ၊ ဝတ်လဲပုဆိုးစသည် အဖိုးထိုက်အဖိုးတန် အဝတ်တန်ဆာ ကောင်းဟူသရွေ့တို့ကို ဆင်မြန်းထား၏။ သုနန္ဒာသည်လည်း ထိုပြည့်ရှင်မင်း အဆင်တန်ဆာများကို ချွတ်ယူကာ အဝတ်ဖြင့် ထုတ်ဖွဲ့လိုက်၏။

ပြီးမှ တေမိယကုမာရအား ပုဆိုးတစ်ထည်ဖြင့် ဝတ်ဆင် ဖုံးလွှမ်းပေးသည်။

ထို့နောက် သုနန္ဒာသည် အသင့်ယူဆောင်လာသော ပေါက်တူး၊ တူရွင်း၊ ခြင်းတောင်းများကို ရထားပေါ်မှ သယ်ယူကာ မနီးမဝေး၌ လေးတောင်တွင်း တူးရန် စတင်ပြင်ဆင်လေသည်။

အချိန်အခါကား ကျရောက်လာလေပြီ။

အလောင်းတော် တေမိယကုမာရသည် တရားသဖြင့် လက်သို့ရောက်ပြီးသော မင်းစည်းစိမ်ကို စွန့်လွှတ်ခြင်းတည်းဟူသော ဒါနပါရမီ။

မြတ်သောအာရုံ၌ မိမိ၏စိတ်ကို ကောင်းစွာ တည်ဆိုက်ထားခြင်းတည်းဟူသော သီလပါရမီ။

ကာမဝိတက်သို့ မသက်မူ၍ ထွက်မြောက်ခြင်းကိုသာလျှင် ရှေ့ရှုဦးတည်နေသော နေက္ခမ္မပါရမီ။

မင်းပြုခြင်း၏အပြစ်၊ တောထွက်ခြင်း၏အကျိုးကို ရှုမြင်သုံးသပ်ခြင်းတည်းဟူသော ပညာပါရမီ။

မတွန့်မဆုတ်မယိမ်းမယိုင် အားထုတ်ခြင်းဟူသော ဝီရိယပါရမီ။





ချီးမွမ်းခြင်း၊ ဘေးဒုက္ခနှင့်ရင်ဆိုင်ရခြင်း၊ စည်းစိမ်သုခနှင့်တွေ့ကြုံရခြင်းတို့ကို သည်းခံခြင်းတည်းဟူသော ခန္တီပါရမီ။

ထီးချက်စောင့်နတ်သမီး၏ စကားကို ဝန်ခံ၍ မှန်သောစကားကို ဆောင်ခြင်းတည်းဟူသော သစ္စာပါရမီ။

မထေ့မဲ့မြင်ပြုခြင်း၊ ရှုံ့ရှာမုန်းတီး အပြုအမူ အပြောအဆိုများ၌ ဝိဟိံသဝိတက်၊ ဗျာပါဒဝိတက်တို့ကို ဖြစ်ပေါ်စေခြင်းတည်းဟူသော မေတ္တာပါရမီ။

သုခ၊ ဒုက္ခနှစ်ပါးတို့၌ တစ်ဖြောင့်တည်း လျစ်လျူရှုခြင်းတည်းဟူသော ဥပေက္ခာပါရမီ။

ဤကိုးပါးသော ပါရမီအရွေအရံတို့နှင့်တကွ။

အင်္ဂါသုံးပါး၊ မလိမ့်မယွင်း၊ ကောင်းစွာ ဆောက်တည်နေခြင်းဟူသော ပရမတ္ထပါရမီတော်ကို အထွတ်တပ်ကာ မွန်မြတ်စွာနေထိုင်ခဲ့လေသော ကာလအပိုင်းအခြား၏ အချိုးအကွေ့သည် ထင်ရှားဖြစ်ပေါ်တော့မည်ဖြစ်လေသည်။

သုနန္ဒာရထားမှူး၏ ပေါက်တူးသံ၊ တူရွင်းသံတို့ကား ချက်ကျမှန်ကန်စွာ ထွက်ပေါ်နေ၏။ မြေတွင်းသည်လည်း တစ်စတစ်စ အစောက်နက်လာသည်။ တောအုပ်အတွင်း၌ သုနန္ဒာရထားမှူး၏ မြေတွင်းတူးသံကို နီးနားဝန်းကျင် သစ်ပင် ခြုံပုတ်၊ နွယ်ပင်မြစ်အုပ်များ ချက်ကျမှန် ပွဲတင်ပြန်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၉

အလောင်းတော် တေမိယကုမာရသည် ရထားထက်မှာ ထိုင်နေရင်းမှပင် ဆင်ခြင်သုံးသပ်၏။

'ငါဟာ ယခင်ကတော့ ငါ့ရဲ့ပညာစွမ်းကို ထုတ်ပြချိန်မတန်သေးတဲ့အတွက် ပုံးလွှမ်းမြုပ်တိမ် အချိန်အခါအလျောက် ကျင့်သုံးခဲ့တယ်။ ယခု ငါ့ရဲ့ပညာစွမ်းနဲ့ ကိုယ်စွမ်းကို ထင်ရှားစွာ ပြသထုတ်ဖော်ဖို့ အချိန်ကျရောက်ပြီ'

'သို့သော် တစ်ဆယ့်ခြောက်နှစ်ကျော်ကာလပတ်လုံး ငါဟာ ပကတိ မလှုပ်မရှား တစ်ပါးသူထားတိုင်းသော ခြေလက်ကိုယ်အင်္ဂါများနဲ့သာ ငြိမ်သက်စွာ မလှုပ်မယှက် နေခဲ့တယ်။ ဒီတော့ မိမိဖာသာ လှုပ်ရှားဖို့ အားထုတ်နိုင်စွမ်း ရှိဦးမလား ဆိုတာကို ဦးစွာ စမ်းသပ်ကြည့်မှ ဖြစ်လေမယ်'

ကုမာရသည် ကိုယ်အနေအထားကို ပြင်လျက် လက်တစ်ဖက်ဖြင့် အခြားတစ်ဖက်ကို သုံးသပ်ဆုတ်နယ် ကြည့်သည်။ လက်အစုံကို ဆန့်တန်း၍ ပေါင်၊ တင်ပါး၊ သလုံးသား၊ ဖမိုးများကို ဖျစ်ညစ်ထိကိုင်သည်။ ထို့နောက် မိမိ၏ ခွန်အားအစွမ်းကို စမ်းသပ်ရန်အတွက် ရထားထက်မှ ဆင်းအံ့ဟု လက်ယာခြေမြှောက်၍ လက်ယာဖဝါးချိသောအခိုက်၌

ဘုန်းလောင်း ဘုန်းသစ် အပြစ်မရှိသော မြတ်သော ပါရမီတော်၏ တန်ခိုးအဟုန်ကြောင့် အသက်မရှိသော မြေကြီးအပြင်သည် ခြေဖဝါးအစုံ ချ





မည့်အရပ်တွင် သားရေနယ်အိတ်ထဲသို့ လေဖြည့်သွင်းလိုက်သည့်နယ် ပုံ့ပုံ့ကြွကြွ စုန့်စုန့်ထကာ ရထားအမြီးဘက်၌ အသင့်ငံ့လင့်လေသည်။

ကုမာရသည် ရထားမှဆင်း၍ မြေပေါ်သို့ ရောက်သောအခါ တောင်မြောက် နှစ်ခေါက်သုံးခေါက် လူးလာလျှောက်ကာ စကြံသွားပြီး မိမိကိုယ်မိမိ နားလည်လိုက်၏။

'သည်မျှလောက်ပင် ငါ့မှာ ခွန်အားရှိမယ် မထင်ခဲ့ဘူး။ အခုတော့ ငါ့မှာ နေ့ချင်းပင် ယူဇနာတစ်ရာကွာ အရပ်ကို အရောက်သွားနိုင်တဲ့ခွန်အား ရှိနေတယ်'

ဤသို့ စမ်းသပ်ပြီးမှ ဆက်လက်ဆင်ခြင် တွေးကြံ၏။

'သုနန္ဒ ရထားမှူးဟာ ငါကိုမဆန့်ကျင်ခဲ့ရင်တော့ အကြောင်းကိစ္စမရှိ။ အကယ်၍ ဆန့်ကျင်ခဲ့ရင် သူ့အစွမ်းကို နှိမ်နင်းနိုင်တဲ့ ငါ့ကိုယ်အစွမ်း ရှိရဲ့လား'

ခွန်အားကို စူးစမ်းစစ်ဆေးသော အားဖြင့် အလောင်းတော်ကုမာရသည် ရထားနောက်စွန်းကို လက်ဖြင့် ဆုပ်ကိုင်လိုက်၏။ ထို့နောက်ရထားကို မြှောက်ကိုင်ပင့်ချီကာ ဝဲယာထက်အောက် ဝှေ့ယမ်းလိုက်သည်။ မြင်းလေးစီးတပ်ရသော ရထားသည် ကလေးငယ်တို့လက်တွင်းမှာ ကစားစရာ ရထားရုပ်၊ လှည်းရုပ်ငယ်ပမာ အလောင်းတော်ကုမာရ ဆွဲမြှောက်ယမ်းခါတိုင်း လှုပ်ရှားလှည့်ပတ်နေလေသည်။

ဤသို့လျှင် ကိုယ့်အားစွမ်းကို ကိုယ်သိရှိ ယုံကြည်ပြီးနောက်တွင် တေမိယကုမာရသည် ရထားကို ပြန်ချထားလိုက်ပြီးနောက်

'ငါ့မှာ ဆင်ယင်ထားခဲ့တဲ့ အဝတ်တန်ဆာမှန်သမျှကို ရထားမှူးက ချွတ်ယူသိမ်းထုပ်ထားတယ်။ ပုဆိုးတစ်ထည်သာလွှမ်းပတ်ပေးထားတဲ့အတွက် ငါဟာ ယောကျ်ားရုပ် ပြီးရုံသာရှိနေတယ်။ ဘုန်းကျက်သရေ ပွင့်လန်းခြင်းအကြောင်းအတွက် ဝတ်ကောင်းတန်ဆာ ပြန်လည်ဆင်မြန်းမှ သင့်မယ်။ ဝတ်ကောင်းတန်ဆာဆိုတာ ဘုန်းဝန်းကျက်သရေအရှက်အင်္ဂါတစ်ပါး ဖြစ်ပေတယ်'

ပြည့်စည်းစိမ်၊ မင်းစည်းစိမ်ကိုပင်လျှင် မခင်တွယ် ပစ်ပယ်ခဲ့ပြီး ကာမှ ဝတ်စားတန်ဆာကို ဆင်မြန်းရန် ဤသို့ကြံစည်သည်ကား စင်စစ် ဂုဏ်သရေယူ၍ ဆောင်လျှင် အောင်မြင်လွယ်ခြင်းအကြောင်းကို အခွင့်အခါ လိုက်၍ အခိုက်အတန့်အဖြစ် အသုံးပြုခြင်း ဖြစ်လေသည်။ ရောက်ရှိ ကြုံတွေ့မည့် အမှုအမှန်ကို ကြိုတင်ကာကွယ်ဆင်ခြင်လျက် တစ်ဖက်က ရန်သူ အကြောင့်အကျ မရှိစေရန်၊ မိမိဘက်က ပြည့်စုံလုံခြုံစွာ စီမံထားနှင့်ခြင်းသည်ကား ယောကျ်ားကောင်းတို့၏ ဂုဏ်လက္ခဏာတစ်ရပ်ပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ အဝတ်တန်ဆာ ဆင်ယင်လိုသော နှလုံးဆန္ဒ ဖြစ်ပေါ်မှုသည်တွင် ပါရမီဘုန်း၏ အရှိန်အာနုဘော်ကြောင့် ပဏ္ဍုကမ္ဗလာ တင်းမာသည့် အခြင်းအရာအားဖြင့် သိရှိလေသော သိကြားနတ်မင်းသည် ဤသို့ ဆင်ခြင်လေသည်။

'ရထားမှူး သုနန္ဒသည် တေမိယကုမာရကို အဆွံ့ အ,အ အင်္ဂါချို့သူ အနုံညာဟူသော အစွဲဖြင့် မလေးမလောက် မကြောက်မခံ့ ရှိနေသည်။ ထိုသူ နှလုံးအစွဲကို လန့်ကြောက်ပျောက်ပြေစေအောင် ဘုန်းကျက်သရေ ကိုယ်စွမ်းပြလိုသည့် အလောင်းတော်မင်းသားသည် ယခုအခါ ဝတ်ကောင်းတန်ဆာကို လိုအပ်စွာပင် ဆင်ယင်ရန် ဆန္ဒရှိနေတော်မူပြီ'

'အစိဋ္ဌာန်ပါရမီတော်ဖြင့် သူမတူ မြဲမြဲကျင့်ကြံလေသော မင်းမြတ်ကုမာရအား လူမင်းတို့ဝတ်မြဲ ဝတ်စားတန်ဆာ သက်သက်မျှနှင့် မထိုက်တန်နတ်တို့ ဝတ်စားတန်ဆာဖြင့်သာ ထိုက်တန်တော့သည်။

သိကြားမင်းသည် ဝိသကြုံနတ်သားကို ခေါ်၍ တေမိယကုမာရအားနတ်ဝတ်တန်ဆာဖြင့် ဆင်ယင်ပေးရန် တာဝန်ပေးလိုက်၏။

ဝိသကြုံနတ်သားလည်း နတ်တို့တန်ဆာဝတ်လည်း ရတနာများနှင့်တကွ သုနန္ဒာ သိမ်းထုတ်ထားသော မူလဝတ်စားတန်ဆာများကို သင့်လျော်အောင် ပေါင်းစပ် ဆင်ယင်ပေးလိုက်လေသည်။

မိမိကိုယ်၌ ထိုသို့သော ထူးကဲသည့် အဝတ်တန်ဆာများ ရတ်ချည်းလွှမ်းခြုံ ဖြစ်ပေါ်သော ခဏ၌ တေမိယကုမာရသည် ငါ့အလိုကို သိကြားနတ်တို့ သိလေသည်။

ဤကား တရားကို ဆောင်ခြင်း၏ အထောက် အပံ့ဖြစ်ကာ တရားဆောင်း၏ အစောင့်အရှောက်ကို ပြန်လည်ခံစားခြင်းသာ ဖြစ်သည်ဟူ၍ မိမိကိုယ်ထက် တရား၌ မြတ်နိုးခြင်းကိုသာ ပိုမိုတိမ်းညွတ် နှလုံးသွင်းတော်မူ၏။

*

တေမိယကုမာရသည် သုနန္ဒ ရထားမှူးတွင်းတူး နေရာဆီသို့ သွားကာ တွင်းနားတွင် ရပ်လျက် စကားဆိုလိုက်၏။

'ရထားမှူးကြီး ဘယ်သို့ပါလဲ၊ လူသူလေးပါး မမြင်မတွေ့ခင်မှာ ရှေးအိုးမြုပ်ထားမယ့်အတိုင်း အမောတကော အပန်းကြီးစွာနဲ့ တွင်းတူးနေပါလား။ ဘာကြောင့်များ ဒီလောက် အပြင်းအထန်အားထုတ်ပြီး တွင်းတူးနေရသလဲ'





သုနန္ဒကား တွင်းသို့ အဆောတလျင် ပြီးအောင်တူး။ တေမိယကုမာရအား မြုပ်သတ်ကာ အလျင်အမြန်ပင် ပြန်ချင်နေသည်ဖြစ်၍ တွင်းထိပ်ဆီမှ အသံကိုကြားလျှင် ပြန်၍မျှပင် လှည့်မော်ကာ မကြည့်အား တွင်းထဲသို့သာ မျက်နှာထား၍ ပြန်ပြော၏။

'ငါတို့ အရှင်မင်းကြီးမှာ နှုတ်လည်း အ၊ နားလည်း ပင်း၊ ဆွံ့လည်း ဆွံ့၊ အင်္ဂါချို့တဲ့ သားဖွားခဲ့တယ်။ ဆယ့်ခြောက်နှစ်လုံးလုံး စကားပြောနိုး၊ နား ကြားနိုး၊ ခြေလက်လှုပ်ရှားနိုးနဲ့ အမျိုးမျိုး စမ်းသပ်တယ်။ စမ်းမှန်းမသိ၊ အသက်မရှိသူလို့ စကားမဆို၊ ကိုယ်မလှုပ်မရှားနဲ့ ဘာမှ မထူးခြားဘူးလေ။ သူများတွေလည်း အပင်းအဆွံ့ မရှိဘူး မဟုတ်။ ရှိကြရဲ သို့ပေမယ့် ငါတို့မင်းသားကတော့ လွန်ဆွန်းလှတယ်။ ဒါကြောင့် ပညာရှိများကလည်း ဆုံးဖြတ်၊ ငါတို့မင်းကြီးကလည်း ဆုံးဖြတ်၊ အားလုံးအကျိုးရှိစေအောင် မင်းတရားကြီး အမိန့်တော်နဲ့ အဲဒီကုမာရကို မြုပ်သတ်ဖို့ ငါ တွင်းတူးနေတာပဲ'

တွင်းတူးခြင်းကိုသာ လုံးပန်းလျက် တွင်းထက်ဝသို့ မော်၍ပင် မကြည့်မရှုနိုင် ဖြစ်နေသော ရထားမှူးအား စကားဆက်၍ ဆိုတော့၏။

'ရထားမှူး သင်ဘယ်လို ပြောလိုက်သလဲ၊ ကာသိကရာဇ် မင်းရဲ့သား ငါတေမိယကုမာရဟာ တစ်ပါးသော ဆွံ့အသူများနဲ့ မတူ၊ အမူထူးနေတာကို သိကောင်းသိသင့်ကြတယ်။ တကယ်တော့ ငါဟာ နွားလည်း မဟုတ်ဘူး။ နှုတ်လည်း မအဘူး။ ခြေလက်အင်္ဂါလည်း မဆွံ့ဘူး။ နားပင်း ဆွံ့အလို့ဆိုပြီး သင့်အရှင်မင်းကြီးက စေလွှတ်ခိုင်းထားကြောင်း သင်ဆိုတယ်။ မအ၊ မပင်း၊ မဆွံ့တဲ့သူကို သင်ဘာလုပ်မလဲ၊ အကြောင်းကို မစူးမစမ်းဘဲ စီရင်ခဲ့လျှင် သင်သာ တရားလက်လွတ် ဖြစ်မယ်။ သင်ဟာ မင်းကြီးရဲ့ အထူးရွေးကောက် တာဝန်ပေးခြင်းခံရသူ မဟုတ်လား။ ဂုဏ်ရှိ ဂုဏ်မဲ့ ရွေးချယ်ခြင်းအမှုမှာ သင်လိမ္မာသူ မဟုတ်လား။ သင်အခု မော်လိုကြည့်လိုက်စမ်း။ လှည့်မျှော်လို့ ကြည့်လိုက်စမ်း။ အယူတစ်မျိုးတည်းနဲ့ အစွဲသန်ပြီး မမှန်ကို အဟုတ်လုပ်ရင် သင်လည်း မတရားသူ ဖြစ်ချေတော့မယ်'

မြေတွင်းထဲမှ သုနန္ဒာသည် ပေါက်တူး တူရွင်းကို ဆုပ်ကိုင်ရင်းမှပင် တွေဝေ တုန့်ဆိုင်းသွား၏။

သူဘယ်သူလဲ၊ ဘယ်ကနေ ရောက်လာတာလဲ၊ သူ့ကိုယ်သူ ဂုဏ်မြှောက် ချီးမွမ်းနေပါလား ဟူ၍ တွေးကာ တွင်းထိပ်ဝသို့ လှည့်မျှော်၍ မော့ကြည့်သည်။

'ဟင် . . . သိကြားမင်းနှယ် တင့်တယ်လှပတဲ့ အသရေအဆင်းနဲ့ပါလား။ ဒီယောကျ်ား ဘယ်သူပါလိမ့်'



www.burmeseclassic.com

www.burmeseclassic.com



လူလား နတ်လား မဝေခွဲနိုင်ဖြစ်သွား၏။

'တင့်တယ်လှတဲ့ လုလင်၊ သင်ဟာ ငါ့တွင်းထိပ်ဝ ရောက်လာပြီး သင့်ကိုယ်သင် ဂုဏ်တင်ချီးမြှောက်ပြောဆိုတယ်။ သင်ပြောတိုင်းလည်း မှန်လှတယ်။ သင့်လိုအသွင်မျိုး ငါမမြင်ဖူးဘူး။ သင်ဘယ်သူလဲ ဒီမြေတောတောင်ကို စောင့်ကြပ်တဲ့ ဘုမ္မစိုး ရုက္ခနတ်လား ဟိမဝန္တာအိုင်ကြီး တောကြီးကို မှီတင်းနေထိုင်တဲ့ ဂန္ဓဗ္ဗနတ်လား ဒါမှမဟုတ်လည်း သိကြားမင်းလား'

သုနန္ဒကား ထူးကဲလှသော မြင်ကွင်းကြောင့် မိမိသည် ကာသိကရာဇ်မင်းကြီး၏ သားတော် တေမိယကုမာရ စင်စစ်ဖြစ်ကြောင်းကိုပင် မသိမကြား မမှတ်မိဘဲ ရှိနေခြင်း၊ မယုံမကြည်ရှိနေခြင်း၊ မမှတ်မသားဖြစ် နေခြင်းကို အလောင်းတော်သိသဖြင့် ထပ်မံ ပြောကြားရပြန်၏။

'ရထားမှူး သုနန္ဒ၊ သင်ဘယ်လို မေးပြန်သလဲ။ သင့်ကို ကျွန်ုပ်ပြောခဲ့ပြီးပြီ။ ကျွန်ုပ်ဟာ ဂန္ဓဗ္ဗနတ်သိကြားလည်း မဟုတ်ဘူး။ အခြားတစ်ပါးသူလည်း မဟုတ်ဘူး။ ဗာရာဏသီပြည်သူပြည်သားတို့ ဝပ်တွားပူဇော်ရာ ဥကင် ရွှေနန်း ရာဇပလ္လင်ထီးဖြူတည်ရာ နန်းတော်ကြီးဟာ ကျွန်ုပ်ရဲ့နေရပ်ဖြစ်တယ်၊ အမျိုးအနွယ်အားဖြင့်လည်း ကာသိကရာဇ်တိုင်းကြီးနှင့် ဘုရင်မင်းမြတ်ရဲ့ သားတော် တေမိယကုမာရဖြစ်တယ်။ ဒါကို သင်သိလျက်နဲ့ မထေမဲ့မြင်ပြုလို၍ မေးတာလား၊ မသိလိုမေးနေသလား၊ ဘာကြောင့် မိမိရဲ့ အရှင်သခင်ဖြစ်တဲ့ ကျွန်ုပ်ကို တွင်းတူးမြေမြှုပ်ပြီး သတ်ဖြတ်ဖို့ လုပ်ရမလဲ။ ရထားမှူးသုနန္ဒ၊ ကျွန်ုပ်ဟာ ကာသိကရာဇ်မင်းကြီးရဲ့ သားတော်အမှန်ဖြစ်ပေတယ်။ သင်လဲ ကာသိကရာဇ်မင်းကြီးကို အမှီပြုပြီး အသက်မွေးသူဖြစ်တယ်။ ဒီလိုဖြစ်ပါရက် သင်ကျွန်ုပ်ကို တွင်းတူးမြေမြှုပ်သတ်မယ်ဆိုရင် သင်တရားနဲ့မညီသောအမှုပြုတယ်လို့ မဆိုနိုင်ပေဘူးလား"

သုနန္ဒာရထားမှူးကား တေမိယကုမာရ၏ အသံသာယာခြင်း၊ အပြောအဆို ချိုသာခြင်း၊ စကားအသွားအလာ အကြောင်းအကျိုးဆက်စပ်ခြင်းတို့ဖြင့် ပြည့်စုံသော စကားများနှစ်ခြိုက်စွာ နားထောင်ရင်းငြိကပ်သက်နေ၏။ သို့သော် ယုံကြည်လက်ခံခြင်းကား မရှိသေးပေ။

တေမိယကုမာရသည်လည်း သုနန္ဒာသည် ထိုစကားမျှဖြင့် မယုံကြည်နိုင်ကြောင်း စသဖြင့် ထပ်မံ၍ ဟောပြောဆုံးမပြန်လေသည်။

"ရထားမှူးသုနန္ဒာ၊ သစ်ပင်ရိပ်တစ်ခုမှာ နေဖူးအိပ်ဖူး ခိုဖူးတဲ့ လူတစ်ယောက်ဟာ အဲဒီသစ်ပင်ရဲ့ အခက်အလက်အရွက်အဖူး၊ အမြစ်အခေါက် တို့ကို ဖျက်စီးလိုစိတ်နဲ့ မချိုးမပဲ့အပ်ဘူး၊ ချိုးဖဲ့ဖျက်ဆီးခဲ့ရင် ထိုသူဟာ ခင်ပွန်းပြစ်မှားတဲ့ သူယုတ်မာစစ်စင်ဖြစ်ပေတယ်"





"သူခပ်သိမ်းတို့ ခိုမှီရာ သစ်ပင်ဆိုတာ ခမည်းတော် ကာသိရာဇ်မင်းကြီးဖြစ်တယ်၊ ဒီသစ်ပင်ကြီးရဲ့ အခက်အလက်ကတော့ သားတော်ကျွန်ုပ် တေမိယကုမာရဖြစ်စတယ်။ သစ်ရိပ်ခိုသူကတော့ သင်သုနန္ဒာဖြစ်ပေတယ်"

"အသက်မရှိတဲ့ သစ်ပင်ကိုသော်ပင် မှီခိုဖူးခဲ့ရင် ကျေးဇူးကိုမချေဖျက်သင့်ဘူး၊ သက်ရှိလည်း ဖြစ်၊ လူသာမညမကတဲ့ မင်းသုံးခံအမှုထမ်း အသိအလိမ္မာနဲ့ ပြည့်စုံတဲ့ သင်ကဲ့သို့သောသူဟာ တိုင်းပြည်အုပ်စိုးသူ၊ ခပ်သိမ်းလူတို့အား ချမ်းသာပေးစွမ်းနိုင်သူ ကောင်းစွာ တရားဆယ်ပါးစောင့်သူဖြစ်တဲ့ သင်တို့ရဲ့ ကျေးဇူးသခင်ဘုရင်ကြီးရဲ့ အခက်အလက်ဖြစ်တဲ့ အပြစ်မဲ့ ကျွန်ုပ်ကို ဒီတောမှာ မြှုပ်သတ်မယ်ဆိုရင်တော့ မတရားမှုပြုတာ မဟုတ်ပေဘူးလား၊ သုနန္ဒာ၊ သင့်မှာ ကျွန်ုပ်ရဲ့ ခမည်းတော် ကျေးဇူးတော် အရိပ်အငွေ့နဲ့ ဘယ်လိုလုပ်ပြီး ကင်းနိုင်ပါ့မလဲ၊ ကျေးဇူးရှိတဲ့ အဆွေခင်ပွန်းကို ပြစ်မှားတဲ့အတွက် မျက်မှောင်မှာပင် ဘုန်းကြက်သရေ စည်းစိမ်ဆုတ်လျော့ခြင်း၊ အသက်ဆုံးရခြင်း စတဲ့ အပြစ်များစွာ ကျရောက်ကြောင်းကို သင်သိတယ် မဟုတ်လားသုနန္ဒာ"

သုနန္ဒာကား ဟောပြောဆုံးမသော တရားစကားတို့၌ ညွတ်နူးသက်ဝင်သည် မှန်သော်လည်း ထိုသို့ပြောနေသူသည် မင်းကြီး၏သားတော် စင်စစ်ဧကန်ဖြစ်သည်ဟု ယုံကြည်လက်ခံရန် မဝံ့မရဲ ဖြစ်နေသေး၏။သုနန္ဒာ၏ မရေရာသောအမူအရာကို တွေ့သောအခါ တေမိယကုမာရလည်း မိတ္တပူဇာတည်းဟူသော ဆယ်ဂါထာတို့ဖြင့် တရားလမ်းပြ ဆုံးမရန် အလို့ငှာ ရှေးဦးစွာ တရားစကားလမ်းကို ခင်းဖွင့်လေသည်။

"သုနန္ဒာရထားမှူး၊ ဤလောကမှာ ချစ်ခြင်းမေတ္တာကို တစ်နေ့တခြားပွားစေအပ်သူ အရေအတွက် တစ်ကျိပ်ရှိတယ်၊ ထိုတစ်ကျိပ်ကတော့ မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ကိလေသာကုန်ပြီးသော ရဟန္တာ၊ လက်ယာရံ လက်ဝဲရံဖြစ်သော အဂ္ဂသာဝက၊ အမိ၊ အဘ အရွယ်ပြီးခြင်း၊ အမျိုးပြတ်ခြင်း၊ ပညာကြီးခြင်း၊ သီလသမာဓိဂုဏ်ရှိခြင်းစတဲ့ ဂုဏ်တို့ကြောင့် အလေးအမြတ် ပြုအပ်သောသူ၊ အကျိုးအကြောင်းကို ဆုံးမပဲ့ပြင် သွန်သင်ပေးတတ်သောသူ၊ ထမင်းအဖျော်အိပ်ရာနေရာအဝတ်ပုဆိုးစသည် တစ်စုံတစ်ခုပေးဖူးသောသူ၊ သူခပ်သိမ်းတို့ကို ကုသိုလ်တရား ပွားများစေခြင်းငှာ တရားဟောပေးသော သူ၊ ဤတစ်ကျိပ်တို့ဟာ အဖန်တလဲလဲ ချစ်ခြင်းမေတ္တာကိုသာ ပွားစေအပ်တဲ့အတွက် အဆွေခင်ပွန်းတို့မှာ ပြစ်မှားလိုသောအားဖြင့် ဘယ်သူ့ကိုမှ ချစ်ခြင်း မေတ္တာ မပျက်အပ်ဘူး၊ ချစ်ခြင်းမေတ္တာကို ဖျက်သောအားဖြင့် ပြစ်မှားမိခဲ့ရင် ပစ္စုပ္ပန်သံသရာတို့မှာ အပြစ်ကြီးစွာ ဖြစ်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



သုန္နွာသည် ငေးစိုက်နားထောင်နေ၏။ သူ၏နှလုံးတို့ကား ကုမာရအရှင်၏ တရားစကားအလျှင်၌ နူးညွတ်ပျော်ဝင်ခဲ့လေပြီ။

"ဘယ်လိုအပြစ်တွေ ကြုံရသလဲဆိုတော့ စည်းစိမ်အဝတ်အစားခေါင်းပါးချို့တဲ့ခြင်း၊ အထီးကျန်သော ကိုယ်ရှိခြင်း စသည်တို့ဖြစ်တယ်။ ဒီအဆွေခင်ပွန်း ဆယ်ပါးတို့ကို ချစ်ခြင်းမေတ္တာမပျက်မယွင်းဘဲ မြတ်နိုးပူဇော်တတ်သူများမှာတော့ စည်းစိမ်အဝတ်အစားပွားများ တိုးတက်ခြင်း၊ မိမိ၏အိမ်ဂေဟာအိပ်ရာနေရာမှ ကင်းလို့ အရပ်တပါးရောက်သော်လည်း စီးပွားချမ်းသာကို အလိုရှိသော အသင့်အနေနဲ့ အသက်စည်းစိမ်ရှင် ခင်ပွန်းစစ်ဖြစ်တဲ့ ခမည်းတော်မင်းကြီးအပေါ်ပြစ်မှားခြင်းဖြစ်ပေမယ့် ကျွန်ုပ်ကို သတ်ဖြတ်ခြင်းဆိုတဲ့အမှု မပြုလေနဲ့၊ မကြံလေနဲ့၊ တရားနဲ့မလျော်ပေဘူး သုန္နွာ"

သုန္နွာသည် နားလည်သဘောပေါက်လျက် ခေါင်းညိတ်လေသည်။

သုန္နွာ၏ ညွတ်နူးသက်ဝင်ခြင်းကို သိသောအခါ တေမိယကုမာရသည် တရားရေအလျဉ်ကို ထပ်မံ၍ သွင်သွင်သွန်းလောင်း၏။

*

"ဆက်ပြီးနာ ဦးသုန္နွာ၊ အဆွေခင်ပွန်းလောင်းတို့ကို ပြစ်မှားသူဟာ ရောက်လေရာအရပ်ဒေသတိုင်းမှာ သူခပ်သိမ်းတို့ရဲ့ ကဲ့ရဲ့ခြင်းကို ခံကြရတယ်။ မပြစ်မှားသူ မြတ်နိုးသူမှာတော့ သွားလေရာရာ ဒေသတို့မှာ သူခပ်သိမ်းတို့ရဲ့ ချစ်ခြင်းမြတ်နိုးခြင်း၊ လာဘ်ပူဇော်သက္ကာရပြုခြင်းတို့ကို ခံယူရရှိလေတယ်"

ဆက်လက်၍ အကျိုးထူးကို ပြဆိုသောအားဖြင့် ဆုံးမ၏။

သုန္နွာ၊ အဆွေခင်ပွန်းတို့ကို ကံသုံးပါးတစ်ပါးပါးနဲ့ ပြစ်မှားသူမှာ နိုးသူတစ်ပြတို့ ညင်းဆဲခြင်းခံရတယ်။ ရန်သူမျိုးငါးပါးတို့နဲ့တွေ့ကြုံဆင်းရဲရတယ်။ ခိုးသူတို့လည်း မညှင်းဆဲနိုင်ဘူး၊ မင်းပြစ်ဒဏ်လည်း မကျရောက်ဖူး၊ ရန်သူမျိုးငါးပါးနဲ့ တွေ့ကြုံသည်တိုင် ဘေးရန်တို့ကို လွန်မြောက်နိုင်ပေတယ်"

"နာဦး သုန္နွာ၊ အဆွေခင်ပွန်းကို ပြစ်မှားသူဟာ အရပ်တစ်ပါးမှ ပရိသတ်ထဲမှ မိမိအိမ်ဂေဟာ ပြန်ရောက်တဲ့အခါမှာ မရွှင်မလန်း၊ ပုပ်ညစ်ညှိုးသမ်း၊ စိတ်ဝမ်းမသန့်မသက်၊ အမျက်ရဲ့ ပူလောင်ခြင်းနဲ့သာ လာရတယ်။ ပရိသတ်အလယ် ဝင်လာတဲ့အခါမှာလည်း မိမိအပြစ်ကို သူတစ်ပါးတို့က ပြောဆိုခြင်း၊ စောင်းမြောင်းကဲ့ရဲ့ခြင်း စတဲ့ မနှစ်မြို့ဖွယ်ရာများကိုသာ ခံရတယ်၊ ဆွေစဉ်





မျိုးဆက် အမွေအနှစ်စည်းစိမ်တို့ကိုလည်း လက်လွှတ်ဆုံးရှုံးရတယ်။ အဆွေခင်ပွန်းတို့ကို မပြစ်မှားသူ၊ မြတ်နိုးသူများမှာတော့ ထိုအပြစ်များနဲ့ ဆန့်ကျင်တဲ့ ကောင်းကျိုးများကိုသာ ခံစားရပေတယ်။ ဘာတွေလဲဆိုတော့ အပြင်အပမှနေ၍ မိမိအိမ်ပြန်ရောက်တဲ့အခါမှာ အပြစ်မရှိ စင်ကြယ်တဲ့အတွက် စိတ်လက်ရွှင်လန်း စိတ်ဝမ်းကြည်သာစွာနဲ့ အိမ်ဝင်ရတယ်။ ပရိသတ်အလယ်မှာ မိမိရဲ့ဂုဏ်ကျေးဇူး ချီးမွမ်းပြောဆိုခြင်းကို ခံယူရတယ်။ သူခပ်သိမ်းတို့ရဲ့ နှစ်လိုခြင်းကို ရရှိတယ်။ အမျိုးအဆွေတို့ရဲ့ အမွေအနှစ်စည်းစိမ်တို့နဲ့ ပြည့်စုံတယ်၊ အဆွေအမျိုးအပေါင်းအဖော်တို့ထက် ပိုမိုကြီးမြတ်သော အဖြစ်ကို ရောက်ရတယ်။ ဒါကြောင့် အဆွေခင်ပွန်းစင်စစ်ဖြစ်လေတဲ့ ကျွန်ုပ်ကို မပြစ်မှားလေနဲ့လို့ ကျွန်ုပ်ဆိုရပေတယ်"

ရထားမှူးသုန္နွာသည် သက်ပြင်းသက်မကိုသော်မှ ရှိုက်ရှုခြင်းမရှိတော့ဟု ထင်ရသယောင်ပကတိ ငြိမ်သက်နေ၏။ မိတ္တပူဇာ ဒေသနာတရားသည် သုန္နွာအား အလင်းစက်ဝန်းထဲသို့ တစ်စတစ်စ်ဆွဲခေါ်ပို့ဆောင်နေပေပြီ။

"နားထောင်ဦး သုန္နွာ၊ အဆွေခင်ပွန်းကို ပြစ်မှားသူတို့ ခံစားကျရောက်ရတဲ့ အပြစ်ဘေးကို ကျွန်ုပ်ပြောပါဦးမယ်၊ ခင်ပွန်းပြစ်မှားသူဟာ သူတစ်ပါးတို့ရဲ့ ပစ္စည်းနဲ့ ဝန်တိုခြင်း၊ နှုတ်ဝစီခန်းလည်း ကြမ်းကြုတ်ခြင်း၊ စိတ်နှလုံး ပြုစုစောင်းမြောင်းခြင်းတို့ကို ပြုလုပ်တတ်တဲ့အတွက် မိမိကိုယ်တိုင်သည်လည်း သူတစ်ပါးတို့ရဲ့ ရှုတ်ချကဲ့ရဲ့မှုကို ခံရတတ်တယ်။ သူတစ်ပါးတို့ကို ဂုဏ်ရှိ ဂုဏ်မဲ့မရွေး မလေးမစား ပြုတတ်တဲ့အတွက် အပြန်အလှန်အားဖြင့် မိမိမှာလည်း သူတစ်ပါးတို့၏ အစွပ်အစွဲကိုခံရတတ်တယ်။ သူတစ်ပါးတို့ကို မြတ်နိုးတနာ ပူဇော်သက္ကာ မပြုတဲ့အတွက် မိမိကိုလည်း သူတစ်ပါးတို့က မြတ်နိုးတနာ ပူဇော်သက္ကာ မပြုကြလေဘူး။

"မိမိထက်ကြီးမြတ်သော သူတို့အပေါ် မကျိုးမနွံ စောင်မာန်မချိုး၊ ရိုကျိုးနှိမ့်ချ ရှိခိုးဝတ်ကျင့်အခွင့်မပြုတဲ့အတွက် မိမိကိုလည်း သူတစ်ပါးတို့ ကျိုးနွံခြင်းမရှိ၊ စောင်မာန်ကဲလွန်ပြီး မရိုမလေး အခွင့်ပေးတတ်တယ်။ ဒီလိုပူဇော်ခြင်း၊ လေးမြတ်ခြင်းတို့မှကင်းတဲ့ အဆွေခင်ပွန်း ပြစ်မှားသူဟာ အခြွေအရံကင်းခြင်း ကျေးဇူးသတင်းဆုတ်ယုတ်ခြင်းဘဝသို့ ရောက်ရတယ်။ သုန္နွာရထားမှူး အဆွေခင်ပွန်း မပြစ်မှားသူမှာတော့ သူတစ်ပါးတို့ကို မိမိက ပေးကမ်းချီးမြှောက်သလို သူတစ်ပါးတို့ရဲ့ ပေးကမ်းချီးမြှင့်မှုကို ခံယူရတယ်။ သူတစ်ပါးကို မိမိက အလေးအမြတ်ပြုသည့်နည်းတူ မိမိကိုလည်း သူတစ်ပါးတို့က အလေးအမြတ်ပြုခြင်း ခံရတယ် ဒီလိုသက္ကာရဂုဏ်၊ ဂါရဝဂုဏ်တို့နဲ့ ပြည့်စုံတဲ့အတွက် မိမိရဲ့ ကျေးဇူးသတင်း ကျော်စောခြင်းတို့ ဖြစ်ပေါ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



တေမိယကုမာရသည် ကားအလျဉ်ကို ခေတ္တတန့်ရပ်၍ သုနန္ဒာရထားထိန်းကို ငဲ့စောင်းကြည့်လိုက်၏။ သုနန္ဒာ၏ မျက်နှာပြင်ကား အနယ်မှုံတို့ တစ်စတစ်စ ငြိမ်သက်သော ရေမျက်နှာပြင်နှယ် ကြည်လင်နေလေသည်။

အလောင်းတော်သည် မိတ္တပူဇာဒေသနာကို ထပ်မံထင်လင်းစွာ ပြလိုသေးသဖြင့် ဆက်လက်မိန့်ဆို၏။

“ရထားမှူး သုနန္ဒာ၊ အဆွေခင်ပွန်းတို့ကို ပြစ်မှားသူဟာ အဆိပ်မဲ့တဲ့ မြွေနဲ့တူတယ်၊ ကြောက်ရွံ့ခန့်ညားဖွယ် ဂုဏ်အရှိန်အဝါရှိတဲ့အတွက် တစ်ပါးသူတို့ရဲ့ မထေမဲ့မြင်ပြုမှုကို ခံရတယ်။ ကြည်ညိုဖွယ် ဂုဏ်မဲ့တဲ့အတွက် မထင့်မတယ် ဖြစ်ရတယ်။ မိမိမှာရှိတဲ့ ဘုန်းကျက်သရေတို့ကို စွန့်ပစ်ရတယ်။ အဆွေခင်ပွန်းလို့ မပြစ်မှားသူမှာတော့ မီးတောက်မီးလျှံကဲ့သို့ ဘုန်းအာဏာတောက်ပတယ်။ တန်ခိုးရှိတဲ့နတ်များလို သူခပ်သိမ်းတို့ နှစ်လိုဖွယ်ကို ဆောင်တတ်တဲ့အတွက် တင့်တယ်မှုရှိပေတယ်။ ဒါကြောင့် သင်ရထားမှူးဟာ အဆွေခင်ပွန်းစစ်စစ်ဖြစ်တဲ့ ကျွန်ုပ်ကို မပြစ်မှားလေနဲ့ ရထားမှူး”

“ဆက်ပြီးနားထောင်ဦး သုနန္ဒာ၊ အဆွေခင်ပွန်းကို မပြစ်မှားသူတို့မှာ ခြွေရံသင်းပင်း စည်းစိမ်ဥစ္စာများဟာ မပျက်စီးမဆုံးပါးတဲ့အပြင် ဆန်းသစ်သော လဝန်းကဲ့သို့ တစ်နေ့တခြား တိုးပွားစည်ပင်ပြန့်ပြောခြင်း ဖြစ်လာတယ်။ ‘လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေတို့မှာ စိုက်ပျိုးလုပ်ကိုင်တတ်ဆိုရင်လည်း ရေမြေမိုးတို့ရဲ့ အန္တရာယ်မှ ကင်းရှင်းပြီး စိုက်ပျိုးပြုစုလေတိုင်း ပွားစီးပြည့်ဖြိုးလာတယ်။ ဆောင်ရာဆောင်တိုင်းသော အခွင့်အလမ်းတို့မှာလဲ အနှောင့်အယှက်ကင်းစွာနဲ့ ပြီးမြောက်အောင်မြင်လာရတယ်။ ဒီလိုရရှိလာတဲ့ အကျိုးစီးပွားကိုလည်း အပျက်အစီးမရှိ သုံးဆောင်ခံစားရပေတယ်။

ထပ်ပြီးနားထောင်ဦး သုနန္ဒာ၊ အဆွေခင်ပွန်းတို့ကို မပြစ်မှားသောသူဟာ အကယ်တန္တ ဘေးရန်တစ်ခုခုကြောင့် တောင်ကမ်းပါးသစ်ပင်မြင့်စသည်တို့မှ ကျသည်ပဲဆိုစေဦး၊ တနည်းအားဖြင့် ပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတို့မှ ယုတ်လျော့ရွေ့လျားသည်ပဲ ဆိုစေဦး၊ အဆွေခင်ပွန်းကောင်းရဲ့ အထောက်အပံ့ကို မရခဲလို့ သေဆုံးရသည်ပဲဆိုစေဦး၊ တမလွန်ဘဝမှာ သုဂတိဆိုတဲ့ နိဝင်ရာ အရပ်ကောင်းလို့ ရတတ်တယ်။ ရှေးရှေးအကုသိုလ်ကံကြောင့် မကောင်းခြင်းဥစ္စာကို တွေ့စေကာမူ ပစ္စုပ္ပန်ကံတရားမှာ ကိုးကွယ်ရာမဲ့မဖြစ်ဘူး၊ ဒါကြောင့် အသင်ရထားမှူးဟာ အဆွေခင်ပွန်းစစ်ဖြစ်တဲ့ ကျွန်ုပ်ကို မပြစ်မှားလေနဲ့လို့ကျွန်ုပ်ဆိုခြင်း ဖြစ်ပေတယ်”

‘နားထောင်ဦး ရထားမှူးသုနန္ဒ၊ အဆွေခင်ပွန်းကို မပြစ်မှားသူဟာ ခိုင်ခံ့လှစွာသော သစ်ပင်ကြီးကို လေပြင်းလေဆိုး တိုးဝှေ့တိုက်ခိုက်သော်လည်း





မယိမ်းမယိုင် ကြံ့ကြံ့ခံနိုင်သကဲ့သို့ ရန်သူအပေါင်းတို့ မနှိပ်စက်နိုင်တဲ့ အကျိုးကို ခံစားရတယ်။ အဆွေခင်ပွန်းကို ပစ်မှားသူတို့သာလျှင် အခြေအမြစ်မခိုင်တဲ့ သစ်ပင်မြစ်မှိုက်တို့ လေတိုက်မခံနိုင်သလို ရန်သူက အခွင့်သာတိုင်း နှိပ်စက်တာကို ခံရလေတယ်။ ဒါကြောင့် အပြစ်အကျိုးများကို ခွဲခြားပြဆို ဟောကြားတဲ့ ကျွန်ုပ်ကို သင်နှိပ်စက်လို့ မရနိုင်ဘူး။ သင့်မှာသာလျှင် အပြစ်များစွာ ကျရောက်မှာ ဖြစ်တယ်။ နှလုံးသဘောထား ဖြောင့်မတ် မှန်ကန်ပါစေ သုနန္ဒ’

မဟာကုသိုလ်ဉာဏ်ဖြင့် ကျက်စား၍ဟောအပ်သော ဤဒေသနာကား သဗ္ဗညုအထွတ်သို့ရောက်တော်မူချိန်၊ သဗ္ဗညုဉာဏ်ဖြင့် ကျက်စား၍ ဟောတော်မူသည့်ဒေသနာတော်နှင့် အတ္ထနယအနက်အားဖြင့် အတူပင်ဖြစ်၏။

ဤသို့လျှင် အလောင်းတော်ကုမာရသည် ရဲရင့်သာယာစွာသော တရားအသံတော်ဖြင့် ဟောကြားလေရာတွင် ထိုအရပ်၌ ရှိလေကြလေသည့် ဘုမ္မစိုး၊ ရုက္ခစိုးနတ်တို့၏ ကောင်းချီးပေးသံများဖြင့် ထက်ဝန်းကျင်အရပ်သို့ ပဲ့တင်ထပ်စေလေသည်။

မိတ္တပူဇာ ဒေသနာဂါထာတို့သည် တောအလုံးသို့ ပျံ့ရိုက်သည်သာမက ရထားမှူးသုနန္ဒ၏ ရင်နှလုံးပျောင်းညွတ် ဆွတ်ပျံ့လေသည် ဖြစ်ရာတွင် အလောင်းတော်ကုမာရအား မင်းတရားကြီး၏ သားတော်အရှင်သား စင်စစ်ဖြစ်သည်ဟု အမှတ်သညာ၌ စွဲတင်ဖို့ပင် သတိမရဘဲ ဤပုဂ္ဂိုလ်ကား အဆင်းအားဖြင့် တင့်တယ်ပေစွ။ အသံအားဖြင့်လည်း သာယာပေစွ။ တရားစကားအားဖြင့်လည်း ကောင်းပေစွဟူ၍သာ ငြိမ်သက်စွာဖြင့် နာယူခဲ့လေသည်။

ဒေသနာစကားတို့ အဆုံးသပ်ပြီးမှပင် သုနန္ဒသည် ပုဂ္ဂိုလ်၌ အစွဲပြုအမှတ်ယူကာ ဒီအရှင်ဟာ ဘယ်သူပါလိမ့်၊ သူ့ကိုယ်သူကိုတော့ အရှင့်သားလို့ ဆိုပေတာပဲ။ အကြောင်းရင်း အဖြစ်မှန် သိရအောင် ငါမေးစမ်းလေဦးမှဟု ထင်ထင်ရှားရှား စိတ်ကူးရ၏။

ထို့ကြောင့် တွင်းထဲမှတက်ကာ ရထားဆီသို့ ဦးစွာ သွားကြည့်သည်။ ရထားထက်တွင် တေမိယကုမာရလည်း မရှိ။ မိမိချွတ်ယူထုပ်ပိုးထားသော ဝတ်လဲတန်ဆာအထုပ်လည်း မရှိသည်ကို တွေ့လိုက်ရ၏။ ထိုအခါမှပင် ဒီပုဂ္ဂိုလ်ဟာ သူဆိုတိုင်းငါတို့အရှင့်သားများ ဖြစ်နေရော့သလားဟု အတွေးရောက်လေသည်။ သို့ဖြင့် တွင်းတူးရာသို့ ပြန်လာကာ ခပ်လှမ်းလှမ်းမှနေ၍ မျက်နှာတော်ကို အကဲခတ်မှု ကြည့်ဆင်ခြင်၏။

ထိုအခိုက်မှာပင် သုနန္ဒလည်း စေ့စေ့တပ်အပ် သိတော့၏။

‘အို ငါတို့အရှင့်သား တေမိယကုမာရ စင်စစ်ပါကလား



www.burmeseclassic.com

www.burmeseclassic.com



အသံမထွက်ဘဲ မြည်တမ်းလျက် သုနန္ဒသည် ခြေတော်ရင်းသို့ ဝပ်စင်းကာ လက်အစုံထိပ်မိုးလျက် အလောင်းတော်ကုမာရ၏ ခြေဖမိုးထက် နဖူးအုပ်တင်လေတော့သည်။ ထို့နောက် သုနန္ဒထံမှ တတွတ်တွတ်လျှောက်တင်စကားတို့ ထွက်ပေါ်လာ၏။

*

'ကာသိကရာဇ်မင်းကြီးသခင် အရှင့်သားတော်ဘုရား။ ကျက်သရေနဲ့ပြည့်စုံတဲ့ ကိုယ်တော်မြတ် စင်စစ်ဖြစ်ပါလျက် ကျွန်တော်မျိုးတို့ဟာ အရှင့်အရှင့်အပေါ်မှာ ကံသုံးပါးတို့နဲ့ ပြစ်မှားခဲ့ကြပါပြီ။ မှားခဲ့သမျှအမှုတို့ အမှန်ဖြစ်ဖို့ အရေးကတော့ ယခုပင်နေပြည်တော်သို့ ပြန်ပါမှ ဖြစ်ပါတော့မယ် အရှင်။ ကျွန်တော်မျိုးတို့ကို သနားသဖြင့် နေပြည်တော်သို့ ပြန်လာလိုက်ကြွတော်မူပါအရှင်၊ သိကြားနတ်မှူးနဲ့ မခြား ကိုယ်တော်ရဲ့ တင့်တယ်ခြင်း၊ အသံတော်၏ သာယာခြင်း အကျိုးအကြောင်းကို ညွှန်ပြသော တရားစကားတို့၌ လိမ္မာခြင်းဆိုတဲ့ ဂုဏ်တွေနဲ့ ပြည့်စုံလှပါတဲ့ အရှင်။ အများသူငှာ အကျိုးတို့ကို ဆောင်ရွက်တော်မူနိုင်တဲ့ ကိုယ်တော်ဟာ ထီးဖြူဆောင်းလို့ မင်းပရိသတ်တို့အလယ်မှာ ဧကရာဇ်မင်းစည်းစိမ်နဲ့ တင့်တယ်စံပယ်ပြီး သူခပ်သိမ်းတို့အကျိုးကို ဆောင်တော်မူဖို့ နေပြည်တော်သို့ ပြန်ကြွပါအရှင်'

အထူးထူးသော လှိုင်းတံပိုး၏ လှုံ့လိမ့် ပြေးဝင်ခြင်းများကို ကျောက်ဆောင်သည် မလှုပ်မရှေ့၊ ကြံ့ကြံ့ရပ်တည်လင့်သကဲ့သို့ ရထားမှူး၏ အထွေထွေရာရာ လျှောက်ပန်ချက်များကို အလောင်းတော်ကုမာရက တုံ့ပြန်၏။

'သုနန္ဒ၊ ယခု တောအရပ်သို့ ကျွန်ုပ်ရောက်နေတာဟာ သင်တို့ မှူးမတ်ပြည်သူအများက ထီးနန်းမစံစေလိုတဲ့အတွက် ရောက်နေတာ မဟုတ်ဘူး။ မယ်တော် ခမည်းတော်၊ ဆွေတော်မျိုးတော်တို့က ထီးနန်းမခံစေလိုလို့ ရောက်နေတာလည်း မဟုတ်ဘူး။ မည်သူ တစ်စုံတစ်ယောက်ရဲ့ ပို့ဆောင်နှင်ထုတ်မှုကြောင့်မှ ကျွန်ုပ် ဤတောကို ရောက်နေတာ မဟုတ်။ ငရဲဘေးကို ကြောက်ခြင်းဖြင့်သာ မကောင်းမှုဒုစရိုက်တည်းဟူသော ငရဲ၏ အောင်လံကို စိုက်ထူခြင်းရှိတဲ့ပြည့်စည်းစိမ်ကို မြင်ရသောအခါ အောက်ခွင် ငရဲသို့ မကပ်လိုတဲ့ ကျွန်ုပ်ရဲ့စိတ်သည်ပင် ကျွန်ုပ်ကို နှင်ထုတ်လို့ တောအရပ်သို့ ရောက်ခြင်းဖြစ်တယ်။ မိဘဆွေမျိုးများမှစ၍ သူခပ်သိမ်းတို့ အကျိုးစီးပွားကို ဆောင်လိုလှပေမယ့် အဓမ္မစရိုက်နဲ့ ပြွမ်းတီးတဲ့ မင်းစည်းစိမ်ကို ယမမင်း လက်တွင်း ခံခြင်းမလှခံသလို ကျွန်ုပ်မခံလိုဘူး သုနန္ဒ'





အလောင်းတော်ကုမာရ၏ ပြတ်သားလှသော စကားတို့ ကြားရသောအခါ သုနန္ဒသည် အခက်ကြုံသွားတော့သည်။ ထပ်မံလျှောက်ထားရန် စကားတို့ မရှိဖြစ်သွား၏။ သို့သော် မင်းရေးမင်းမှု၌ လိမ္မာသူလဲဖြစ်၊ အလောင်းတော်ကုမာရ၌ မြတ်နိုးကြည်ညိုခြင်းခဲ့ပြီးလည်း ဖြစ်သော သုနန္ဒသည် လက်မလျှော့ပေ။

ဘုန်းကြီးသော ပုဂ္ဂိုလ်ဆိုတာ တစ်ပါးသူတို့ ဆင်းရဲမှုကို ကြားရမြင်ရရုံနဲ့ မိမိကိုယ်ပိုင်ခံရသလို အလွန်သနားတတ်ကြပေတယ်။ ချမ်းသာအောင် ဆောင်ချဉ်းပေးလိုတဲ့ သဘောထား ဓမ္မတာ ရှိရိုးဖြစ်ပေတယ်။ ဒါကြောင့် အရှင့်သားရဲ့သနားကရုဏာကို ငါ လှုပ်နိုးရပေမယ်လို့ စိတ်ကူးလိုက်၏။

'အရှင့်သားတော်ဘုရား။ ပြည့်စည်းစိမ်မှာ အပြစ်ကို မြင်တော်မူလို့ မခံစားလိုခြင်းကို သိရပါပြီ အရှင်။ သို့သော်လည်း ဆင်းရဲသောသူ၊ အလိုမပြည့်သောသူ သူတို့ကို မြင်တွေ့ရလျှင် ချမ်းသာကြောင်း အလိုပြည့်ကြောင်း ကောင်းစွာ သူတစ်ပါးတို့စီးပွားကို ဆောင်တော်မူလိုတဲ့ နှလုံးတော်မြတ်ရှိသူ ဧကန်ဖြစ်တော်မူတယ်ဆိုတာ ကျွန်တော်မျိုးနားလည်ပါတယ်။ ကိုယ်တော်မြတ်၊ တိုင်းပြည်မပြန်ဘူးဆိုရင် ကျွန်တော်မျိုးမှာ ရာဇဒဏ် အန္တရာယ် စုပေါင်းကျရောက်ပြီး ဒုက္ခကြီးစွာ ရောက်ရမှာကို သနားသဖြင့် ကယ်မတော်မူတဲ့အနေနဲ့ ပြည်တော်ပြန်တော်မူပါမယ့်အကြောင်း အသနားခံဝံပါတယ်ဘုရား'

လျှောက်ထားချက်ကို ခေတ္တရပ်ဆိုင်း၍ အလောင်းတော်၏ မျက်နှာကို စောင်းငဲ့အကဲခတ်ကြည့်၏။ တေမိယကုမာရ ငြိမ်သက်စွာရှိနေသည်ကို မြင်ရသော် သုနန္ဒသည် အနည်းငယ် အားတက်လာပြီး ဆက်လက်လျှောက်ထားလေသည်။

'ကိုယ်တော်မြတ်ဘုရား၊ ယခု တောအရပ်သို့ ပို့ဆောင်ရာမှာလည်း ခမည်းတော် မယ်တော်တို့သဘောဆန္ဒ အမိန့်တော်နဲ့ ကျွန်တော်မျိုးပို့ဆောင်ရခြင်းဖြစ်ပါတယ်။ ကိုယ်တော်မလိုက်ပါဘဲ ကျွန်တော်မျိုးချည်းသာ ပြန်ခဲ့ခဲ့ရင် နန်းတော်ရောက်တဲ့အခါ ခမည်းတော်မြတ်က အမေးတော်ရှိတဲ့အခါ ယခု ကိုယ်တော်ဟောကြားတဲ့ မိတ္တပူဇာဂါထာတို့ကို ကျွန်တော်မျိုးအကုန် အစင်ပြန်ကြားလျှောက်ထားရမှာ ဖြစ်ပါတယ်။ ဒီအခါမှာ ခမည်းတော်မင်းကြီးဟာ သားချစ်ခြင်းဖြင့် ကျွန်တော်မျိုးအပေါ် အမျက်ဝင်လို့ ငါ့သားတော် ယောကျာ်းမြတ်ကို နှင်ဘောက်မဲ့ကြောင့် ပစ်ထားခဲ့ရသလဲဆိုပြီး ရာဇမာန်စွဲမှုဖြင့် ကျွန်တော်မျိုးကြီးမှာ သဲကမ်းရေဝှေ့ တွေ့ရတော့မှာ အမှန်ပါဘုရား။ ဒီအပြင်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှေးဘနဦးကာတည်းက သဘောမတူခဲ့တဲ့ မယ်တော်ကြီး ရဲ့ အမျက်ဆိုရင်တော့ ပြောဖွယ်မရှိ ပကတိ ပြင်းထန်ပါလိမ့်မယ်ဘုရား။ ကျွန်တော်မျိုးကို သနားတော်မူလို့ ကိုယ်တော်မြတ်အတူတကွ ပြည်တော် လိုက်ခဲ့ပါမယ် ဆိုရင်ဖြင့် မယ်တော်ခမည်းတော်တို့ကိုလည်း ကျွန်တော်မျိုး တောင်းပန်လို့ အရှင်ပြန်လည်လိုက်ပါခဲ့ပါပြီလို့ လျှောက်ကြားတဲ့အခါ ကျွန်တော်မျိုးမှာ အရှင်တို့ရဲ့နှစ်သက်မြတ်နိုးခြင်းကို အတိုင်းထက်အလွန်ခံယူ ရမှာ မလွဲပါဘုရား'

'ဤမျှသာမကပါဘုရား။ ကျွန်တော်မျိုးတို့ ဆုကြီးလာဘ်ကြီးများနဲ့ ပေးကမ်းချီးမြှောက်နေဦးမှာလည်း ဖြစ်ပါတယ်။ နန်းတွင်းနေအပေါင်းတို့ကတော့ အရှင့်မွားဘက်ရွှေဘော် အမတ်ငါးရာတို့ကတော့ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ မင်းမှူး၊ သင်းမှူး၊ မင်းကြီး၊ စိုးကြီး အသီးသီးသော ပြည်သူအပေါင်းတို့ကတော့ တိုင်းကြီးနိုင်ငံအတွင်း မြို့ရွာနိဂုံး ဇနပုဒ်အသီးသီးမှာ နေကြသူတွေကတော့ ကျွန်တော်မျိုးကို ကျေးဇူးအတင်ကြီးတင်လို့ အသီးသီးချီးမြှောက်ပူဇော်ကြမှာ စေကန်ပါဘုရား၊ ဒီအခါမှာ ကျွန်တော်မျိုးကြီးဟာလည်း ရာဇဒဏ်မှ လွတ်မြောက်တဲ့အပြင် ကျန်းမာရွှင်လန်းလို့ များစွာ အကျိုးစီးပွားရှိမှာ မုချဖြစ်ပါတယ်ဘုရား။ တစ်ပါးသူ အကျိုးစီးပွားဖြစ်သည်ကို မြင်တော်မူလိုလှတဲ့ ကိုယ်တော်ဟာ အစဉ်သနားခြင်းကို ရှေ့ရှုလို့ ပြည်တော်ပြန်ကြွသင့်လှပါကြောင်း ရွှေဖဝါးတော်မြတ်အောက် အသနားခံလျှောက်ထားဝံ့ပါတယ်ဘုရား'

၁၀

သနားခြင်းကို နှိုးဆော်ကာ ပြည်သို့ပြန်လိုက်ပါရန် ကျိုးကြောင်းပြလျှောက်ထားနေသော သုနန္ဒ၏စကားအဖျား အမြစ် အသွားအလာတို့ကို ဆစ်ဆစ်ပိုင်းပိုင်း အမှန်အတိုင်း သိမြင်နေသော အလောင်းတော်ကုမာရသည်လည်း ရင့်ကျက်လှသော ဉာဏ်ဖြင့် မိန့်တော်မူ၏။

'သုနန္ဒ ပညာရှိတို့မည်သည်မှာ နှစ်ဦးနှစ်ဖက်စလုံးရဲ့ အကျိုးစီးပွားကို မြင်တတ်ရတယ်။ သင် အခုလျှောက်တင်ခဲ့တဲ့ စကားမှာ သင်ဟာ ကျွန်ုပ်ရဲ့အကျိုးကို မကြည့်။ သင့်ရဲ့အကျိုးကိုသာ ကြည့်တယ်။ ဘာကြောင့်လဲဆိုတော့ သင်နားထောင်ဦး၊ ပြည့်ရှင်မင်းတို့စကားမှာ ထွက်ပြီးသည်ကို ဝင်စေလို့ နှစ်ခွန်းဒွိဟာမရှိတာ သင်သိတယ်မဟုတ်လား။ ယခု ခမည်းတော် မယ်တော်တို့ဟာ ငါ့ရဲ့အလိုကို မသိပေမယ့် သိသကဲ့သို့ ငါ့ကို ပြည်ထီးနန်းနဲ့ မတန်ဆိုပြီး စွန့်ပစ်နှင်ထုတ်လိုက်ကြတယ်။ ငါကိုယ်တိုင်လည်း သင်ရထားမှူး ငါ့ကို ရထားနဲ့ထုတ်ဆောင်တဲ့အချိန်ကစလို့ မင်းစည်းစိမ်ကပ်ငြိခြင်းကင်းပြီး ရာဇလက်မှ လွတ်မြောက်ပြီးသောလကဲ့သို့ ငါ့အလိုပြည့်ပြီဆိုပြီး ဝမ်းမြောက်ခြင်းနှင့် ဒီတောအရပ်မှာ နှလုံးချလိုစိတ် ဒုန်းဒုန်းချအားရရွှင်လန်း ရှိခဲ့ပြီးဖြစ်တယ်။ ငါ့ဘုန်းကံဆော်နှိုးလို့ မယ်တော်ကြီးလည်း သင့်ကို တစ်စုံတစ်ရာ ရှုံးသိမ်းတားခြင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိခဲ့တော့ဘူး။ ငါ့သားတော် ရဟန်းပြုလို့က ပြုပါစေတော့ လွှတ်လိုက်ဘိသကဲ့သို့ ရှိပေတယ်။ ဒီလိုဖြစ်ပါလျက် ထွက်မြောက်ပြီးသော လပြည့်ဝန်းဟာ ဘာကြောင့် ရာဟုခံတွင်းထဲ တစ်ဖန်ပြန်ပြီး ဝင်ရမှာလည်း သုနန္ဒ။ ထွက်မြောက်ပြီးသော ငါလည်း ပြည်စည်းစိမ်ကာမဂုဏ် ခံတွင်းသို့ တစ်ဖန်ပြန်ပြီး မဝင်ပြီ။ တောင့်တတိုင်းရအပ်သော ဤတောအရပ် မှာ ငါတစ်ယောက်တည်း ရဟန်းပြုလို့ ချမ်းသာစွာ နေတော့မယ် ရထားမှူး'

တေမိယကုမာရသည် ရထားမှူးအား ထိုသို့ ဆိုတော်မူသော မိမိကိုယ်တော်တိုင်၏စကားကိုပင်လျှင် နှစ်သက်ခြင်းပြင်းစွာရှိတော်မူ၍ ပီတိအဟုန်တို့ဖြင့် ဥဒါန်းကျူးစကားကို ဆက်လက် မိန့်တော်မူ၏။

'မိမိ၏ ရည်စူးတိုင်းသော အကျိုးကိုလိုလျှင် ထိုအကျိုးနှင့်တန်ရာ အကြောင်းကို ကောင်းစွာသော သတိပညာ၊ ကောင်းစွာသော သမာဓိတို့ဖြင့် မကင်းမကွာ အားထုတ်ကြကုန်သော သူတို့အား မပွားစီး မပြီးသေးသော နှလုံး၏အလိုတို့သည် တက်တိုးပွားစီးပြီးမြောက် လွယ်သည်သာ စင်စစ် ဖြစ်ဘိတကား၊ ငါ့အားလည်း မဆုတ်မနစ် တစ်ဆယ့်ခြောက်နှစ်ကျော်ပြုခဲ့သမျှသော ကြိုးစားအားထုတ်မှု လုံ့လ၏အကျိုးထူးကို ရထားမှူး အာဘော်ပြုလေသည်နှင့် ယခုစေန် အဆောတလျင် မကြာအမြန်ပင် ရပေတော့မည် တကား'

နှစ်သက်ခြင်း ပီတိအဟုန်ဖြင့် မြည်တမ်းလိုက်သော ဥဒါန်းစကားသည် ရထားမှူး သုနန္ဒအတွက် တွေးစရာတစ်ခုဖြစ်လာသည်။ သုနန္ဒတွေးပုံကား 'အရှင့်သားဟာ အသံရဲ့ သာယာနာပျော်ဖွယ်ရှိခြင်း၊ စကားအသုံးအနှုန်း ပြေပြစ်ခြင်းတို့နဲ့ ပြည့်စုံလှစွာ အခု ဝမ်းမြောက်စကား ဆိုပြန်ပြီ။ ဒီလိုပြောနိုင်ဆိုနိုင်ပါရဲ့နဲ့ ဘာကြောင့်များ တစ်ဆယ့်ခြောက်နှစ်လုံးလုံး စကားမပြော နားမကြားဟန် အဆွံ့အပင်း အ,အလို နေခဲ့တာပါလိမ့်။ ကာမဂုဏ်အငြိမ်ကို ငြီးငွေ့ကြောက်ရွံ့တဲ့သူတွေရှိပါရဲ့။ သူတို့တွေဟာ ငယ်စဉ်ကတည်းကပဲ ရဟန်းပြုသူ ပြုကြ။ တောထွက်သူထွက်ကြနဲ့ ကြားဖူး ကြုံဖူးပါရဲ့။ အခု အရှင့်သားလို ငင်ကိုက မဆွံ့မအပါဘဲနဲ့ အဆွံ့ အ,အ အယောင်ဆောင် စကားမပြောဘဲ နေတယ်ရယ်လို့တော့ မကြားဖူး မကြုံဖူးပါဘူး။ အင်း . . အရှင့်သားဟာ စကားမပြောဘဲနေခြင်းဟာ အကြောင်းတစ်ခုခု ရှိရာသေးတယ်။ ငါသိရ အောင် မေးလျှောက်မှဘဲ'

ဟု တွေးမိလေသည်။

သုနန္ဒကား မိမိအတွေးတွင် ထင်မြင်ပေါ်ပေါက်လာသမျှတို့ကို ကြာရှည်စွာ ထိန်းသိမ်းမြိုသိပ်ထားတတ်သူမျိုး မဟုတ်သည့်အတွက် မဆိုင်းမတွပင် နှုတ်မှ ထုတ်ဖော်မေးလိုက်၏။





'အရှင့်သားတော်ဘုရား၊ ကိုယ်တော်ရဲ့ အသံတော်ဟာ နားလို့မရောင့်ရဲအောင် အလွန်သာယာလှပါတယ်။ မြွက်တော်မူသမျှ စကားလုံးများဟာလည်း အကြောင်းအကျိုးနဲ့စပ်လို့ အဆိုက်အလိုက် အထားအသိုလည်း သန့်ရှင်း ပြေပြစ်ကျစ်လျစ် တင့်တယ်လှပါတယ်။ သို့ပါရက်ကနဲ့ မယ်တော် ခမည်းတော်တို့ နှလုံးကြေကွဲ ပြတ်ဝင်လုမတတ် ဆယ့်ခြောက်နှစ်ကာလပတ်လုံး နေ့နေ့ညည အခါမစဲ တောင်းပန်ခဲ့ကြတာကို ဘာကြောင့်များ အရှင့်သား ကိုယ်တော်တိုင် မပြောမဆို နေနိုင်ရက်ပါသလဲ။ ကိုယ်တော်ကဲ့သို့သော ပညာရှိဟာ မိဘတို့အား သနားဖွယ် ဖြစ်နေတာမြင်ရက်နဲ့ပင် စကားမပြောဘဲ အကြောင်းမဲ့နေတာဟာ သင့်တော်ပါသေးရဲ့လားဘုရား။ စကားပြောဆိုလိုက်လို့ ဘယ်လိုများ အပြစ်တွေ့ဖြစ်မှာမို့လဲ ဘုရား'

*

တေမိယကုမာရသည် အဆုံးအစွန်လျှင် တည်ငြိမ်လေးနက်သော မျက်နှာဖြင့် ရထားထိန်းသုနန္ဒကို တစ်ချက်မျှ စောင်းငဲ့ကြည့်လိုက်၏။

ထို့နောက် သုနန္ဒထံမှ မျက်စိလွှဲဖယ်လျက် အဝေးဆီသို့ ငေးမျှော်ယောင်ပြုလျက် တစ်လုံးချင်း ပြတ်သားရှင်းလင်းစွာ မိန့်ဆိုလေသည်။

'သုနန္ဒ။ ကျွန်ုပ်ဟာ သဏ္ဌာန်အားဖြင့် လက္ခဏာချို့တဲ့တဲ့ နားပင်း ဆွံ့အ မဟုတ်လေဘဲ သူဆွံ့၊ သူအ၊ သူအပင်းတို့ကို သူမလိုအောင် ကိုယ်လိုလျှို့ဝှက်ပြီး မပျက်သောအမိဋ္ဌာန်နဲ့ ဘာကြောင့်နေခဲ့သလဲဆိုတာ သင်နားထောင်ပေတော့'

'ကျွန်ုပ်ကို ဖွားမြင်လို့ တစ်လအရွယ်မှာ ထီးဖြူအောက်နေရင်း နောက်နောက်မှာ ဖြစ်ခဲ့ဖူးသော ဘဝကို ဇာတိဿရဉာဏ်နဲ့ ပြန်၍ ဆင်ခြင်ကြည့်တဲ့အခါ'

'ဤပြည်မှာ ဤယခုသို့ပဲ ထီးရိုးနန်းနွယ်ဖြစ် မင်းပြုလုပ်ခဲ့ရတာကို တွေ့ရတယ်။ အနှစ်နှစ်ဆယ်လုံးလုံး မင်းစည်းစိမ်ခံစားခဲ့ပြီး အတွင်းရန်သူကလူနိမ်နင်း အတင်းငါ့ကိုယူဆောင်တဲ့အတွက် အနှစ်ရှစ်သောင်းတိုင်တိုင် ငရဲမှာ ဆင်းရဲခံခဲ့တာကို ကျွန်ုပ်ပြက်ပြက်ထင်ထင် ပြန်မြင်တယ်။ ဒီ ငရဲဆင်းရဲဟာ အခုပင်ခံရသေးသလို ထိတ်လန့်ပြင်းစွာဖြစ်ခဲ့တာကြောင့် နှစ်လိုဖွယ်ကာမဂုဏ်နဲ့ ပြည်စည်းစိမ်၊ စမြိန်စာထုပ်ကို အပုတ်အစပ်၊ ညီနံ့နံ ရွံရှာခြင်းသံဝေဂရပြီး လွှတ်ခွင့်ကို ကြံခဲ့ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှ မယ်တော်ခမည်းတော်တို့ရဲ့အချစ်ကို မနှစ်လိုအောင်ပြုမှ အမှုလိုရာရောက်တော့မည်လို့ အကြံကောင်း အကြံမြတ်ကို နတ်ကောင်းနတ်မြတ်တို့မလို့ ကြံမိရှိခဲ့ပေတယ်။ ဒီလိုနဲ့ပဲ သူဆွံ့ သူအ,လိုနေခဲ့ပြီး မိခင်ဖခင်တို့ကလည်း မစွန့်ပစ်တာကြောင့် တစ်ဆယ့်ခြောက်နှစ်လုံးလုံး ကြာမြင့်စွာနဲ့ အမိဋ္ဌာန်မပျက် ငါနေခဲ့တယ်'

ခမည်းတော်ရင်ခွင်ထဲမှာ ကျွန်ုပ်ရှိစဉ်ကလည်း ခိုးသူလေးယောက်တို့ကို ခမည်းတော်မင်းကြီးက ရာဇဒဏ်ခံစေဖို့ အသီးသီးအမိန့်တော်ချခဲ့ရာမှာ ထောင်နှောင်အိမ်မှာ သံခြေကျင်းနဲ့နေစေ။ လှံနဲ့ထိုးပြီးဆားပက်ခံစေ။ တံကျင်လျှိုခံစေ၊ ကြိမ်ဒဏ်တစ်ထောင်ခတ်စေဆိုပြီး ကြောက်စရာကောင်းတဲ့ အမိန့်တွေကို ကျွန်ုပ်ဟာ တပ်အပ်ကြားရမြင်ရတယ်။ ဒီအခါမှာ အပြစ်ကြီးစွာကိုပါ ဆက်မြင်တာကြောင့် တောင့်တတိုင်းသော အကျိုးမပြည့်မီ ကာလပတ်လုံး အပင်း၊ အဆွံ့၊ အ,အလို ပြုကျင့်ခဲ့တယ်။ တစ်ပါးသူတို့ မပြုစုလိုတဲ့အတွက် ကိုယ်အလိုပင် ကျင်ကြီးကျင်ငယ် ပြိုးပြွမ်း အသက်ဆုံးရှုံးစေဦး နှလုံးသွင်းမြတ်သော ငါသည် နတ်ပြည်လူ့ရွာ ချမ်းသာကေန် နိဗ္ဗာန်သုခကို မရရှိမည် မဟုတ် ကြမ်းကြုတ်သော အမှုကိုဆောင်ပြီး နောင်အခါအမြဲ ငရဲမီးလျှံဖြင့် ငြိမ်းရလတ္တံ့မည်ထက် မြတ်လှသေးတယ်လို့ အယူတစ်ချောင်းတည်းနဲ့ ကောင်းစွာ ကြပ်ကြပ် ဆောက်တည်ပြီး တစ်ရက်မကင်း ကြီးငယ် အလိုတင်းကြသမျှ ဒုက္ခအပေါင်းတို့ကို သည်းခံနိုင်တဲ့အစွမ်းနဲ့ နေလာလိုက်တာ အခုအခါ လိုရာချမ်းသာရောက်ရပြီ သုနန္ဒ'

အလောင်းတော် တေမိယကုမာရသည် ရထားထိန်းအား ရှည်လျားစွာ ရှင်းလင်းမိန့်ဆိုပြီး ဝဋ်ဆင်းရဲ၏ အပြစ်များစွာတို့ကို ပညာဂုဏ်အစွမ်းဖြင့် ဆက်လက်ဆုံးမ ပြဆိုလေသည်။

'သုနန္ဒ။ ငါဟာ အပါယ်ဘေးကို မြင်လို့ သက်သက်မဲ့ စကားမဆိုဘဲ နေခဲ့တာ မဟုတ်သေးဘူး။ ဝဋ်ဘေးကိုလဲ မြင်တဲ့အတွက် စကားမဆိုဘဲ နေခဲ့ခြင်း ဖြစ်တယ်။ ဘယ်လို ဝဋ်ဆင်းရဲလဲ နာလော့ သုနန္ဒ'

'ဝဋ်ဆင်းရဲမှာ ကျင်လည်ရသမျှသော သတ္တဝါတို့ရဲ့ ဖြစ်ခြင်းဆိုတာ နားထောင်။ အဖျားအနာစတဲ့ အန္တရာယ်ဥပါဒ် ကပ်ငြိနှိပ်စက်ခြင်း၊ အသုံးအဆောင် စည်းစိမ်ဥစ္စာ ခေါင်းပါးဆုတ်ယုတ်ခြင်း၊ ဒီလိုအပြစ်တွေကြောင့် ဆင်းရဲငြိုငြင်ကြီးစွာနဲ့ မိမိမြန်မြန်သေလိုသော်လည်း မသေရ။ ငြိုငြင်ဆင်းရဲလျက်ပင် တည်းတတွားတွား အသက်ရှင်ရတယ်။ အနာအဖျား ဥပါဒ်မရှိလို့ ချမ်းသာခြင်း ပစ္စည်းဥစ္စာကြွယ်ဝခြင်း စသည်များနဲ့ ပြည်စုံတဲ့အခါမှာလည်း ဒီလို ချမ်းသာခြင်းတို့ကြောင့် ငါအသက်ရှည်ရ ရှင်ရပါလို၏ ဆိုလို့လည်း မရှင်ရ၊





အသက်တိုရတယ်။ စည်းစိမ်တို့လည်း တိုရတယ်။ ဒါကြောင့် မိမိလိုရာကို တစ်ခုမှမလိုက် မကြိုက်မနှစ်သက်ဖွယ်ရာသာဖြစ်တယ်။ ဒီလို ဆင်းရဲနဲ့ယှဉ်တဲ့ ဒီအသက်ကို ဘယ်ပညာရှိက ငါ့ကိုယ်လို့မှတ် အလေးအမြတ်ပြု အသက်ရှင်လိုခြင်းကို အကြောင်းအပြုစွဲလို့ သူ့ကိုညှင်းဆဲ သတ်ဖြတ် ခိုးယူလုယက် မဟုတ်မမှန်ပြော စတဲ့ အပါယ်လားကြောင့် မကောင်းမှုဒုစရိုက်ကို အဆွေခင်ပွန်း ဖွဲ့ဝံ့ပါသလဲ သုနန္ဒာ'

'နားထောင်သုနန္ဒာ။ ဒီလို အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲတို့ကို မြင်ရတွေ့ရပါလျက်နဲ့ပဲ သုခကိုရတဲ့အခါ ချမ်းသာကာ၍ မိုက်ခြင်း၊ မက်မောခြင်းများ ဖြစ်လာပြန်တယ်။ ဒီအခါမှာ ငါသည် မဆင်းရဲနိုင်ပြီ ဒီချမ်းသာမှာ မြဲပြီလို့ နှလုံးဖောက်ပြန် အယူစွဲပြန်တယ်။ ဒီတော့ မမြဲခြင်း၊ ဆင်းရဲခြင်း ကိုယ်မဟုတ်ခြင်း သဘောတွေကို အဖန်ဖန်နှလုံးနူး၊ အထူးသိမြင်တဲ့ ဉာဏ်ထူးဝိပဿနာကို မရနိုင်ဖြစ်ရလေတယ်။ သစ္စာလေးပါးကို မျက်မှောက်မပြုရဘဲ တဝဲဝဲလည်လည်နဲ့ ခန္ဓာဆုံးရာ ငြိမ်းရာသို့ မရောက်နိုင် ဖြစ်ကြရတော့တယ်။ ဒီကြားထဲ ပါဏာတိပါတစတဲ့ မကောင်းမှုဒုစရိုက်တွေ ပြုမိပြန်ပြီဆိုမှဖြင့် အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲတို့က ဘယ်သောအခါမှ လွတ်မြောက်ဖို့ လမ်းမမြင်တော့ဘူး'

'ဒါကြောင့် မကောင်းမှုပြုဖို့ မဝံ့တဲ့အတွက် သံသရာမှ လျင်လျင်ထွက်ဖို့ ငါဟာ ဆယ့်ခြောက်နှစ်လုံးလုံး လုံ့လအစွမ်းပြုခဲ့တယ်။ အခုငါ့အလိုရှိတိုင်း အပြီးရောက်တော့မယ်။ တောအရပ်သို့ ထွက်မြောက်ပြီးတဲ့ငါအားရာဟုခံတွင်းမှ လွတ်သော လပြည့်ဝင်းလို အငြိအစွန်း ဘေးရန် မတွယ်မကပ်စင်ကြယ်ခြင်းသို့ ရောက်ပြီ။ ယခုငါတစ်ယောက်ထီးတည်း ရဟန်းပြုနေတော့မယ်။ အပါယ်ဆင်းရဲကို ဘေးဟုမထင် အလွန်ပင် အရဲကြူးသော သင် တို့လို ငါက ဘေးသိလျက်နဲ့ အရဲမကြူးနိုင် မရဲဝံ့နိုင်ပြီဘူး သုနန္ဒ'

တေမိယကုမာရ အရှင်မြတ်၏စကားအဆုံး၌ ဝယ် သုနန္ဒရထားမှူးသည် ငိုင်ကျသွား၏။ အလောင်းတော်၏ စကားတို့သည် ရထားမှူး၏နားမှ တစ်ဆင့် နှလုံးအတွင်းသို့ ဖောက်ထွင်း ဝင်ရောက်သွားခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

သုနန္ဒသည် မျက်နှာကို အောက်သို့ ငုံ့ရိုက်လျက် မြေပြင်မှ မခွာ တောမ်းပြန်လည်၍ ခေါင်းမော့မလာတော့ဟု ထင်ရလောက်အောင်ပင် ငြိမ်သက် နေ၏။ ထိုသို့ ငြိမ်သက်နေရာမှ သူ၏ရင်အုံနှင့် ပခုံးသားအစုံတို့မှာ မကြာမီပင် ခုံးကြွလှုပ်ရှားလာကြသည်။ မျက်နှာပြင်ထက်ရှိ နှားထင်ကြော၊ သွေးကြော များလည်း ထင်းထင်းပေါ်လွင် ထကြွလာကြ၏။

သုနန္ဒ၏ ရင်ထဲ ဦးနှောက်ထဲ၌ အတွေးများ၊ ခံစားမှုများ ဗလောင် ဆူလေပြီ။

'အရှင့်သား တေမိယကိုယ်တော်ဟာ အမျိုးဇာတ်အားဖြင့်လည်း အမျိုးသုံးပါးတို့ရဲ့ ဦးစွန်း မြင့်မြတ်လှသူ။ စည်းစိမ်ဥစ္စာဆိုရင်လည်း သူခပ်သိမ်း တို့ရဲ့ သခင်။ အရွယ်တော်နဲ့ ကြည့်ဦးမလား။ နံနက်အခါ တက်သစ်သော နေလုလင်ကဲ့သို့ မြူးရွှင်ပျော်ပါး အားကိုးချိန်အရွယ် ရန်စွယ်ရန်မြိတ်တို့ကို လည်း အနိုင်ယူ အစွမ်းပြ ဘုန်းကျက်သရေလှတဲ့အချိန် အဆင်း၊ အသံ၊ စကားပြောပုံဆိုပုံ ကြည့်ဦးမလား လူမင်းမတူ၊ သိကြားမင်းလို့ မှတ်ယူလောက် တဲ့အထိ ကြည်ညိုဖွယ်ဆောင်သူ'

အတွေးအဆုံးဝယ် သုနန္ဒသည် ဆုံးဖြတ်ချက်ကိုလည်း တစ်ပြိုင် တည်းချလိုက်နိုင်ခဲ့၏။





'ဒီလိုအဖက်ဖက်က ပြည့်စုံဂုဏ်မြောက် ကဲမောက်သော အကောင်း တရားများနည်းချည်း ရရှိပိုင်ဆိုင်ထားသူ ကိုယ်တော်ဖြစ်ပါလျက်နဲ့ သူဟာ နတ်စည်းစိမ်အလား ပြည်စည်းစိမ်ကျက်သရေကို အသေကောင် တံရွှာန်လို ပုပ်နံ့တဲ့ နှလုံးထား အသုံးကောမပြု စွန့်ပစ်ဖယ်ရှားပြီး မပျက်တဲ့ အဓိဋ္ဌာန် နဲ့ အားထုတ်ပြီး ရဟန်းပြုအံ့ယို့ တောထဲသို့ ဝင်နိုင်သေးတယ်'

'ငါ သုနန္ဒ ကြည့်စမ်းပါဦး။ သူ့ရဲ့အခြွေအရံ အစေအပါး သူခိုင်း တာလုပ်ရတဲ့သူ စိတ်ပိုင်ကိုယ်စိုး မရှိ သတိမြဲမြဲမှ ဒဏ်ဘေးလွတ်ရုံမျှရှိတဲ့ အသက်တွေ ငြိငြင်လှစွာသော မင်းယောကျ်ား ငါ ငါ သူ့ကျွန်ခံလို့ ဘယ်လို လုပ် အကျိုးရှိတော့မလဲ အရှင့်သားနဲ့အတူ တောဝင်ပြီး ရဟန်းပြု တောမှာပဲ နေတော့မယ်'

'တိုင်းကြီးသခင် အရှင့်သား အရှင့်မယ်တော် ခမည်းတော်တို့မှာ ကိုယ်တော်ရဲ့ တင့်တယ်ခြင်း ကျက်သရေကို မမြင့်မတွေ့ကြရရှာသေးတဲ့ အတွက် တိုင်းပြည်သို့ပြန်ပါမယ့်အကြောင်း အထူးထူးသော အကြောင်းပြချက် များနဲ့ ကျွန်တော်မျိုး သုနန္ဒတောင်းပန်လျှောက်ထားခဲ့ပါတယ်။ သို့သော်လည်း အရှင့်သားက တိုင်းတော်ပြည်တော်ခမည်းတော်တို့ထံ မပြန် ဒီတော အရပ်မှာပဲ ရဟန်းပြုတော်မူမယ်ဆိုရင် ကျွန်တော်မျိုးလည်း တစ်ယောက်တည်းချင်း ပြည် တော်မပြန်လိုပါ။ ကိုယ်တော်ထံမှာပဲ ရဟန်းပြုပြီး အတူတကွ နေလိုလှပါ တယ်။ သနားခြင်းကို ရှေ့ရှုတော်မူပြီး သင်လဲငါထံမှာ ရဟန်းပြုနေလော့ဆိုတဲ့ အမိန့်တော်ကို ကျွန်တော်မျိုး ဦးထိပ်ထက်ဆင်ရွက်လိုပါတယ် ဘုရား'

*

စိတ်အား ထက်သန်စွာ လျှောက်ထားတောင်းပန်လေသော သုနန္ဒ စကားကို ကြားလျှင် တေမိယကုမာရလည်း ရှေ့နောက်နီးဝေး မျှော်တွေးကာ ကြောင်းကျိုး ဆင်ခြင်တွက်ဆပြန်၏။

'အင်း . . . သုနန္ဒကိုသာ ရဟန်းပြုခွင့်ပေးလိုက်မယ်ဆိုရင် မယ် တော် ခမည်းတော်တို့ထံ အကြောင်းပြန်ကြားမယ့်သူ မရှိ ဖြစ်တော့မယ်။ အကြောင်းမသိကြရင် ဒီကိုလည်းလာကြမှာ မဟုတ်ဘူး။ မလာကြရင် မယ် တော် ခမည်းတော်တို့ အကျိုးစီးပွားယုတ်လေရော့မယ်။ နောက်တစ်ကြောင်း က ဤရထား ဤမြင်းနဲ့ ငါဝပ်ဆင်အပ်တဲ့ ဤအဆင်တန်ဆာတို့သည်း အကျိုးမဲ့ ပျက်စီးလေမယ်။ ခပ်သိမ်းလူတို့ကလည်း ဘယ်လိုထင်ကြ ပြောကြ လေမလဲ။ တေမိမင်းကို ရထားမှူး သုနန္ဒထုတ်ဆောင်သွားခဲ့တာ သုသာန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဖွတ်ချော်ရာ လက်စလက်န မရှိ။ သတင်းလည်း မကြားရ။ ရထားမှူးလည်း ပြန်မလာ။ နှစ်ယောက်စလုံး ဘီလူးအစားခံရသလား။ ရန်သူ ဖမ်းသွားသလား။ ဘယ်လိုပါလိမ့်ဆိုပြီး အားလုံး သူတို့ အကြံရခက် အဖြေမတွေ့ဖြစ်ကြရှာမယ်။ ဒီလိုသာဆိုရင်ဖြင့် ငါ့ကို နောက်နောင်မြတ်သောတရားကိုတော့ မြော်မြင်တတ်သား ဒါပေမယ့် မျက်မှောက်ရောက်အံ့သော ကိုယ့်အပြစ်ကို တော့ မမြင်တတ်ပါလားလို့ ကဲ့ရဲ့ဖွယ်ရာ မဖြစ်အောင် ဒါကြောင့် . . .'

*

တေမိယကုမာရသည် သုနန္ဒ၏ ရှေ့တွင် ခမ်းနားစွာ ရပ်လျက် လက်ကိုပိုက်လျက် ပြတ်သွားစွာ မိန့်လိုက်၏။

'ရထားမှူး သုနန္ဒ၊ သံသရာဝဋ်ကျွတ်လွတ်ကြောင်း အလိုရှိတဲ့သင့်ကို သင်တောင်းပန်တဲ့အတိုင်း ရဟန်းပြုထိုက်လှပေတယ်။ ခွင့်ပြုသင့်ပေတယ်။ ဒါပေမယ့် သင့်ကို ယခု ရဟန်းမပြုသာသေးဘူး။ သင်ဟာ သီးခြားကင်းလွတ်နေတဲ့ သာမန်လူ မဟုတ်ဘူး။ အခွင့်နဲ့ စေလိုလာရတဲ့ မင်းခယောကျ်ား ဖြစ်တယ်။ တကယ်လို့ သင်သာ ရဟန်းပြုရင် မင်းဘဏ္ဍာဖြစ်တဲ့ ဒီရထား၊ ဒီမြင်းနဲ့ ကျွန်ုပ်ရဲ့ ဝတ်လဲတန်ဆာအပေါင်းဟာ သင့်မှာ ကြွေးမြီ အဖြစ် တင်မှာဖြစ်ပေတယ်။ မြီတင်သော လူကို ဘုရားအစရှိတဲ့ သူတော်သူ မြတ်တို့ ချီးမွမ်းလေ့မရှိဘူး။ ဒါကြောင့် ပြည်သို့ပြန်ပြီး မင်းဘဏ္ဍာအားလုံး မင်းကြီးထံ ဆက်သအပ်နှင်းဦး။ သင့်ကိုယ်သင်မြီကင်းအောင် ပြုပြီးမှ ကျွန်ုပ် ထံပြန်လာခဲ့ပါ။ မြီမတင်သော သူတို့ကို ရဟန်းပြုခြင်းဌာသာ ဘုရားအစရှိသော သူတော်သူမြတ်တို့ ချီးမွမ်းခြင်း ဖြစ်ပေတယ်'

သုနန္ဒတံခါးမှူးသည် ခေါင်းတဆတ်ဆတ် ညိတ်လေသည်။ သို့သော် အကျအပေါက်မရှိအောင် တွေးခေါ်မြော်မြင်တတ်သူ ဖြစ်လေရကား သုနန္ဒ ဤသို့ တွေးပြန်၏။

'အရှင်သား စကားမှန်ပေတယ်။ ဒါပေမယ့် ပညာကြီးသူတို့စကားကို ပညာငယ်သူတို့ သတိမဲ့လိုက်နာလွယ်ရမှာကတော့ သိတ်စိတ်မချရဘူး။ ဘယ်လို အကြံနဲ့ အမိန့်ရှိသလဲ မပြောနိုင်ဘူး။ ငါကိုယ်တိုင် ပြည်ပြန်သွားနိုက်မှာ အရှင်သားက တစ်ခြားအရပ် ထွက်သွားခဲ့သော် မယ်တော် ခမည်းတော်တို့ကလည်း ငါ့စကားနဲ့သားကို ဖူးမြင်ကြမယ်ဆိုပြီး လိုက်လာလို့ မတွေ့ခဲ့သော် ငါပဲရာဇဒဏ်သင့်ဦးမယ်။ ဒါကြောင့် ချည်တိုင်စကားရမှ စိတ်ချပြီး ငါသွားဝံ့မယ်။ ပဋိညာဉ်ရအောင် တောင်းမှ'





'အရှင့်သား ကိုယ်တော့်အမိန့်တော် ဦးထိပ်ရွက်ပြီး အကျွန်ုပ်ပြည်တော်ပြန်ပါမယ်။ သို့သော် လျှောက်ခွင့်ပြုပါ။ ပြည်တော်ပြန်ပြီး အကျွန်ုပ်အား မယ်တော်ခမည်းတော်တို့ကို ကြောင်းကျိုးစုံလင် ပြန်ကြားလျှောက်ထားပြီး အရှင်နှစ်ပါးတို့ကို ပင့်ချီလို့ မကြာမီပဲ ဒီအရပ် ပြန်လာပါမယ်။ အကျွန်ုပ်တို့ မရောက်မီ ကာလပတ်လုံး အရပ်တစ်ပါးသို့ မသွားမရွေ့ဘဲ ဒီအရပ်မှာပဲ စံနေတော်မူပါမယ်ဆိုတဲ့ ကိုယ်တော်ရဲ့ ပဋိညာဉ်ကို ကျွန်တော်မျိုး သုနန္ဒ နှလုံးပိုက်လိုလှပါတယ် ဘုရား'

တေမိယကုမာရသည် ကြည်စင်သော အပြုံးကို ဖြစ်စေလျက် တောင်းဆိုချက်ကို လိုက်လျောလေသည်။

'သုနန္ဒ သင့်အလိုနဲ့ ငါအကြံတို့ အလွန်ပင် ကိုက်ညီပေတယ်။ ငါ ကိုယ်တိုင်လည်း ဒီအရပ်ကို ရောက်လာမယ့် မယ်တော် ခမည်းတော်တို့ကို ဖူးမြင်ချင်တယ်။ ဘယ်သူများ ဆောင်ယူပင့်ချီလာပါသလဲလို့ ငါတောင့်တပါတယ်။ ဒါကြောင့် သင့်လျှောက်ထားသလိုပဲ ဒီအရပ်မှာ ငါနေပါမယ်။ သင်သာ ကြောင့်ကြမယ့် သွားပါလေ။ ပြည်သို့ရောက်ရင် ငါ့ရဲ့သတင်းမေး စကားကို လျှောက်ကြားပါလေ။ မိဘနှစ်ပါးကို ထိပ်တင်လက်စုံချီလို့ ငါရှိခိုးကြောင်းကိုလည်း လျှောက်ပါလေ။ ဆွေတော်မျိုးတော်တို့ကိုလည်း တစ်ဆယ့်ခြောက်နှစ်ကျော်ကာလပတ်လုံး ငါကိုအကြောင်းပြုပြီး ကိုယ်စိတ်မရွှင်မလန်း မကြည်ဖြစ်ခဲ့တာတွေအတွက် ကန်တော့ပူဇော်လိုက်ကြောင်း ပြောပါလေ။ ဒီလို ပြောဆိုလျှောက်ထားပြီး၍ မယ်တော်တို့ကို ကောင်းစွာချီးပင့်ပြီး ဒီနေရာကို ပြန်ခဲ့ပါ သုနန္ဒ'

တေမိယကုမာရသည် သုနန္ဒအား ထိုသို့မှာကြားပြီးနောက် နေပြည်တော်သို့ ရှေ့ရှုမျှော်မှန်းကာ မယ်တော် ခမည်းတော်တို့ကို အာရုံပြုလျက် ထိခြင်းငါးပါးဖြင့် ရှိခိုးလေသည်။

သုနန္ဒလည်း အလောင်းတော်၏ ခြေဖမိုးအစုံကို ပွေ့ဖက်ဦးခိုက်လျက် လက်ယာရစ်လှည့်ရှိခိုးပြီးမှ ရထားကိုပြင်ကာ ဗာရာဏသီသို့ မောင်းနှင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၃

မယ်တော် စန္ဒာဒေဝီမိဖုရားကြီးကား သုနန္ဒာရထားမှူးက သားတော်အား ရထားဖြင့် တင်ဆောင်ထုတ်ယူသွားသည့်အချိန်မှစ၍ အရှေ့မုခ် နန်းတော်ပြတင်း၌သာ အစွဲအမြဲတည်ရပ်လျက် ရထားလာမည့်လမ်းကို မျှော်၍ နေ၏။ မျှော်စောင့်လင့်နေသော တစ်ချိန်လုံးလုံးလည်း မယ်တော်ကြီးသည် ချစ်ခြင်းဖြင့်ပူပန်သော နှလုံးကို မဆည်တန့် မဆောက်တည်နိုင်သည် ဖြစ်၍ ထိုမှ ဤမှ လျှောက်လှမ်းကာ ညှိုးငယ်စွာရှိလေသည်။

သုနန္ဒာရထားမှူးလည်း ခရီးအစဉ်အတိုင်း လာခဲ့ပြီးနောက် အရှေ့နန်းတော်တံခါးဝ၌ ရထားဆိုက်လေသည်။ မယ်တော်ကြီးသည်လည်း အစဉ်မပြတ် စောင့်ကြည့်လျက်ရှိသည်ဖြစ်သောကြောင့် တစ်ယောက်တည်းသာ ပြန်လာသော ရထားမှူးကို မြင်လျှင်ပင် ရင်ကို လက်အစုံဖြင့် တီးကာ ရှိုက်ကြီးငိုကြွေးလျက် ရှေ့မှောက်သို့ ရထားမှူး ဆိုက်ရောက်သံတော်ဦးတင်မည်ကိုပင် မစောင့်နိုင်ဘဲ အရူးသောတလျှင့် ဆင်းသက်ခဲ့၏။

[illegible] နန်းရင်ပြင်တွင် တွေ့[illegible]သောအခါ မယ်တော်ကြီးသည် ရှိုက်ငင်သံ ဗလုံးဗထွေးဖြင့် စစ်မေးလေတော့သည်။

[illegible] ရထားမှူး၊ သင် အခု ရထားချည်းသာ ပြန်လာခဲ့ပြီ။ သင် ငါ့ရင်သွေးကို မြှုပ်သတ်ခဲ့ပြီမဟုတ်လား။ ငါ့သားရတနာဟာ အခုအခါမှာ မဟာပထဝီ





မြေကြီးအစာ ဖြစ်သွားပြီလား၊ ငါ့သားရဲ့ ပျက်စီးခြင်းကို အလိုရှိကြတဲ့ ရန်သူတို့ အခုတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပြီမဟုတ်လား။ ပြောစမ်းပါ သုနန္ဒာ မင်း ငါ့သားကို သတ်ခဲ့ပြီမဟုတ်လား၊ သားရှိမိခင် ငါ ဘယ်လိုဆက်ပြီး အသက်ရှင်နိုင်တော့မှာလဲ'

ရထားမှူးသုနန္ဒာသည် မယ်တော်ကြီး၏ လောင်မြိုက်ခြင်းကို တွေ့လိုက်ရသဖြင့် ရုတ်တရက် မည်သို့မျှ စကားမဆိုနိုင် ဖြစ်နေ၏။

'ပြောစမ်းပါ ရထားမှူး၊ ငါ့သားဟာ တကယ်ပဲ ဆွံ့အနေသလား၊ တွင်းတူးပြီး မြှုပ်သတ်ဖို့ မင်းက ညွှင်းဆဲနှိပ်စက်လိုက်တဲ့အခါမှာ ငါ့သားဟာ ညည်းညူတဲ့အသံလေးကိုမှ မပြုဘူးတဲ့လားဟင်။ ငါ့သားရဲ့ ခြေလက်တွေကို မင်း တွင်းထဲချတဲ့အခါမှာကော ငါ့သားလေးဟာ နည်းနည်းလေးမှ ခြေလက်တွေကို မလှုပ်ရှားဘူးတဲ့လား၊ ဟုတ်တိုင်းမှန်ရာ ပြောစမ်းပါ ရထားမှူးရဲ့'

သုနန္ဒာရထားမှူးကား မင်းမှုရေးရာ၌ လိမ္မာကျွမ်းကျင်သော မင်းခစားဖြစ်၏။ စင်စစ်မှု မယ်တော်ကြီးအား ဟုန်းဟုန်းလောင်မြိုက်နေသော အပူမီးတို့ သက်သာငြိမ်းစေရန် ဟုတ်တိုင်းမှန်ရာကို ရုတ်ချည်းပင် လျှောက်တင်ရန် ဖြစ်သော်လည်း သုနန္ဒာသည် ထိုသို့မလျှောက်ချေ။

သားတော် တေမိယကုမာရ မသေမပျောက်ဖြင့် ကျွန်ရှိခဲ့ပါကြောင်းကို တိုက်ရိုက်လျှောက်တင်လိုက်လျှင် မယ်တော်ကြီးသည် သား၏ အသက်ရှင်ခြင်းကိုမေ့လျက် အဘယ်ကြောင့် ငါ့သားကို သင်ပစ်ထားခဲ့သလဲဟူ၍ မိခင်တို့ချစ်ခြင်း၊ သနားခြင်း၌ မင်းတို့၏ ရာဇမာန်တင်ကာ ရာဇဝတ်ဒဏ် ပေးရာချေသည်ဟု ရထားမှူး စဉ်းစား၏။

ထို့အပြင် မယ်တော်ကြီးသည် ဤမျှ ငိုကြွေးပူလောင်ရုံမျှဖြင့်လည်း အသက်သေဖွယ်မရှိတော့ပြီဟု တွေးကာ ရထားမှူးသည် ဖြစ်ကြောင်းကုန်စင်ကို မလျှောက်တင်ဘဲ . . .

'သခင်မဘုရား၊ ကျွန်တော်မျိုးကြီးကို သနားသဖြင့် ဘေးမဲ့ပေးတော်မူပါ၊ ဖြစ်ခဲ့ကြားခဲ့သမျှ သားတော်အကြောင်းကို စုံစေ့စွာ လျှောက်တင်ပါမယ်ဘုရား'

ဟုသာ သံတော်ဦးတင်လိုက်၏။

ရထားမှူး၏ အခွင့်တော်စကားကို ကြားလျှင် မယ်တော်ကြီးလည်း မျက်ရည်တို့ကိုထိန်းသိမ်းကာ . . .

'ရထားမှူး၊ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် သင့်ကို အခွင့်ပေးအပ်ခဲ့ပြီးသားဖြစ်တယ်။ ကျွန်ုပ်ဟာ သင့်ကို ဘယ်လိုလုပ်ပြီး အပြစ်ပေးပါ့မလဲ၊



www.burmeseclassic.com

www.burmeseclassic.com



အိုသော် သင်တောင်းဆိုတဲ့အတွက် ဘေးမဲ့ခွင့်ပြုတယ်၊ ဘာမှ ကြောက်ရွံ့နေစရာမလိုဘူး၊ သင်မြင်ခဲ့ ကြားခဲ့တဲ့အတိုင်းသာ မခြွင်းမချန်လျှောက်ပါ'

ဟု ခွင့်ပြုလိုက်၏။

သုနန္ဒာရထားမှူးသည် ထိုအခါမှပင် သားတော်ကုမာရသည် ဆွံ့အ၊ အ,အ၊ အပင်း မဟုတ်ပါကြောင်း။ သာယာနာပျော်ဖွယ် ပြေပြစ်စွာ စကားပြောဆိုပါကြောင်း။

ဘုန်းပညာ ကျက်သရေ တောက်ပထွန်းလင်းသူ ဖြစ်ကြောင်းမှ အစချီလျက် တွင်းနဖူး၌ မိမိတို့ အချီအချပြောဆိုခဲ့သည်များကို အစုံအလင် သံတော်ဦးတင်လေတော့သည်။

'နောက်ဆုံးမှာတော့ အရှင့်သားကို ပြည်တော်ပြန်လိုက်ပါဖို့ ကျွန်တော်မျိုး အကြိမ်ကြိမ် တောင်းပန်လျှောက်ထားပါတယ်ဘုရား၊ သို့သော် အရှင့်သားတော်ဟာ ဇာတိဿရဉာဏ်နဲ့ ရှေးဘဝ ဘဝအဖြစ်တို့ကို သိမြင်တာမို့ ငရဲဘေးကို ကြောက်ထိတ်လှတဲ့အတွက် ပြည်တော်သို့ ပြန်လည်မလိုက်ပါဘဲ ကျွန်တော်မျိုးကိုသာ တရားဟောပြောဆုံးမပြီး နေရစ်တော်မူခဲ့ပါတယ်။ အရှင့်မယ်တော် ခမည်းတော်နှစ်ပါးကိုလည်း လက်အုပ်ချီ ရှိခိုးဦး တင်ကြောင်းနဲ့လည်း အမှာပါးတော်မူလိုက်ပါတယ်ဘုရား'

ရထားမှူး၏ စကားဆုံးသောအခါ မယ်တော်ကြီးသည် နှစ်ကာလ ရှည်ကြာစွာပင် သားတော်ကြောင့် ကိုယ်စိတ်နှလုံး ဆင်းရဲပူပန်ခဲ့ရာမှ ရထားမှူး၏စကားကြောင့် ခဏချင်း ချမ်းသာရာရလိုက်၏။

သို့သော် ပင်လယ်သမုဒ္ဒရာမြစ်ရေအပြင်၌ မျောလေသူအား ငှက်ကျွန်တောင်ဟုန်ပေးလျက် လာလတ်သော် ကြီးစွာထိတ်လန့်စဉ်ခဏ ထိုငှက်ကျွန်ပင်လျှင် မျောသူကိုဆယ်တင်၍ ကုန်းထက်၌ တင်သည်ရှိလျှင် ချမ်းသာခြင်းမြန်လှသဖြင့် အထိတ်အလန့် မပြေနိုင်ဘဲ အံ့သြသည်ထက် ငေးငိုင်ရသကဲ့သို့။

မယ်တော်ကြီး ခံစားခဲ့ရသော ဆင်းရဲပူပန်ခြင်းသည်လည်း အဟုန်အရှိန်ကြီးမားလှသည်ဖြစ်၍ ဆင်းရဲဒဏ်ဟောင်း အဟုန် မကုန်တတ်နိုင်သေးသဖြင့် ရေအေးအရှိန်ကြောင့် မီးအပူကြီး ငြိမ်းစေကာမူ ခဏချင်း အငွေ့မစဲနိုင်၊ ငေးငိုင်လျှာသာ အရသာကို မခံစားနိုင်ဘဲ ရှိပေသည်။

ထိုအဖြစ်ကို မြင်သိသော သုနန္ဒာလည်း အလုံးစုံသောအမှုတို့ ပြီးပြေအောင် ဆက်လက် သံတော်ဦးတင်လိုက်၏။

'သခင့်မယ်တော်ဘုရား၊ သားတော်ကုမာရဟာ အလွန်ထူးမြတ်တဲ့ ပညာရှင် ယောကျာ်းကောင်းဖြစ်ပါတယ်။ မိမိအလိုရှိရာသို့ တိုင်ပင်ဆွေးနွေးဖော် ဆွေးနွေးဘက်မရှာဘဲ ကိုယ်တော်တိုင်သာ တစ်စိတ်တည်းနဲ့ သိနိုင်သူလည်း ဖြစ်ပါတယ်။ ဒါကြောင့် မိမိကိုယ်တော်ရဲ့ အဆင်းအချင်း မွန်မြတ်ပြည့်စုံခြင်း လက္ခဏာတွေကို တစ်ပါးသူ မသိမမြင်စေရအောင် ဖုံးကွယ်ပယ်ဖျောက်ထားပြီး အဆွံ့၊ အ,အလို့ သူခပ်သိမ်းတို့ထင်မြင်အောင် တမင်လှည့်စားခဲ့တာဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ မိမိအလိုရှိရာကို ရရှိအောင် ဆောင်ရွက်အားထုတ်သူဖြစ်ပါတယ်။ ဒီလို ယောကျာ်းထူး ယောကျာ်းမြတ်ကို တောတောင်ထဲမှာ ကျွန်တော်မျိုး တစ်ယောက်တည်းချင်းသော်မှ ဖူးမြင်အံ့သြမဆုံး ကြည်ညိုရောင့်ရဲမဆုံး ဖြစ်ရပါတယ်။ သခင့်မယ်တော် ခမည်းတော်တို့သာ ဆိုရင် အဘယ်မှာ ဆိုဖွယ်ရှိပါတော့မလဲဘုရား'





မယ်တော်ကြီး၏ အပူငွေ့ အကြွင်းအကျန်တို့သည် တစ်စတစ်စ ပြေလျော့လာပြီဖြစ်၏။ ရထားမှူး ဆက်လက်လျှောက်တင်လေသည်။

'သခင်မြတ်မယ်တော်ဘုရား၊ ကျွန်တော်မျိုးကြီးဟာ ယခုနန်းတော်သို့ ပြန်လာရာမှာ အရှင့်သားတော်ထံ ပဋိညာဉ် တောင်းခံခဲ့ပါတယ်။ ဒီအရပ်မှာပဲ နေတော်မူပါ၊ စောင့်တော်မူပါ၊ အခြားတစ်ပါးအရပ်သို့ ဖဲခွာသွားတော်မမူပါနဲ့။ မယ်တော် ခမည်းတော်တို့ကို အကြိုထောက် အခေါ်ယူထားပြီး တစ်ခေါက်အရောက် ပြန်ခဲ့ပါမယ်၊ အညီအညွတ် စုံစုံလင်လင် ဖူးတွေ့ကြပါမယ်လို့ ကျွန်တော်မျိုးကြီး တောင်းခံခဲ့ပါတယ်။ ဒီအခါမှာ အရှင့်သားတော်ကလည်း

'ရထားမှူး၊ ငါကလည်း မယ်တော် ခမည်းတော်တို့ကို ဖူးမြင်လိုလှပြီ ဖြစ်ပေတယ်၊ ဒါကြောင့် မယ်တော်ခမည်းတော်တို့ကို ဒီနေရာအရောက် သင်ခေါ်ယူဆောင်ကျဉ်း ပင့်လျှောက်ခဲ့ပါ။ သင်တို့မရောက်သမျှ ကာလပတ်လုံး ဒီအရပ်မှာပဲ ငါစောင့်လင့်နေပါမယ်လို့ ဝန်ခံတော်မူလိုက်ပါတယ်ဘုရား၊ အရပ်တစ်ပါးသို့ ဖဲခွာသွားမှာကို စိုးရိမ်တော်မူပါနဲ့ဘုရား၊ ကျွန်တော်မျိုး ခရီးညွှန် ပို့ဆောင်ပါမယ်ဘုရား၊ မကြာခင်မှာပဲ ကြွဖြစ်အောင် ကြွတော်မူမှ သင့်မြတ်မယ်ထင်ပါတယ်ဘုရား'

'သုနန္ဒာရထားမှူး'

'ဘုရား'

'မောင်တော် ကာသိကရာဇ်မင်းကြီးထံ ယခုပဲ လျှောက်ကြားပြီး သားတော်ထံ သွားကြဖို့ပဲ၊ ယခုပဲ စီမံကြစို့'

www.burmeseclassic.com

www.burmeseclassic.com

## ၁၄

အလောင်းတော် တေမိယကုမာရလည်း ရထားမှူး ပြန်သွားပြီးသည့်နောက်၌ တောအရပ်၌ တစ်ကိုယ်တည်း စံနေရင်းပင် ကြံစည်ဆင်ခြင်တော်မူ၏။

'မယ်တော် ခမည်းတော်တို့သာ ရထားမှူးရဲ့ ခေါ်ပင့်မှုကြောင့် ငါ့ထံ မကြာမတင် ရောက်လာချေတော့မယ်။ မယ်တော် ခမည်းတော်တို့ကို အတွေ့ခံရာမှာ ငါဟာ ယခုကိုယ်အဖြစ်နဲ့ အတွေ့ခံလို့ အကျိုးမရှိဘူး၊ ရဟန်း အဖြစ်နဲ့ တွေ့စေရမှသာလျှင် မိဘတို့အား များစွာသောအကျိုးကျေးဇူးရှိမှာ ဖြစ်ပေတယ်။ အဘယ်သို့နည်းနဲ့ ငါရသေ့ ရဟန်းပြုရမလဲ'

တေမိယကုမာရ၊ ထိုသို့ ကြံစည်အောက်မေ့တော်မူသောခဏ၌ပင် အလောင်းတော်ဟို့၏ အာနုဘော်ကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာသည် မှုပြင်းတင်းမာသော အခြင်းအရာကို ပြလေ၏။

သိကြားမင်းလည်း နတ်တို့ အာနုဘော်ဖြင့် ဆင်ခြင်သောအခါ အဖြစ်မှန်ကို သိရသည်နှင့် ဝိသကြုံနတ်သားကိုခေါ်၍ မှာကြားလေသည်။

'ဝိသကြုံနတ်၊ အလောင်းတော် တေမိမင်းသားမှာ ရဟန်းပြုလိုတဲ့ ဆန္ဒ ဖြစ်ပေါ်နေပြီ။ ဒါကြောင့် နေရာ၊ ကျောင်းသင်္ခမ်း၊ ရဟန်း ပရိက္ခရာ အလုံးစုံတို့ကို ဖန်ဆင်းပေးပါလေ'

ဝိသကြုံနတ်သားလည်း အလောင်းတော် တေမိယကုမာရရှိရာ တောအုပ်သို့ ဆင်းသက်ခဲ့ကာ အချင်းသုံးယူဇနာရှိသော ထိုအဝန်းဒေသ၌





ကြီးကျယ်စွာသော ကျောင်းသင်္ခမ်းတစ်ခု ဖန်ဆင်း၏။ ကျောင်းသင်္ခမ်း၌ ပရိသတ်တို့ ညီလာခံရာ၊ လေညင်းခံရာ၊ ကမ္မဋ္ဌာန်းရှုရာ၊ သမာပတ်ဝင်စားရာ စသော ညဥ့်နေရန် နေ့နေရန် တိုက်ခန်းများကိုလည်း ဖန်ဆင်း၏။

ထိုမျှသာမက ပြတင်းလေသာစမုတ်၊ ကုဋီတို့ကိုလည်းကောင်း၊ ကျောင်းတော်ဦး၌ စင်္ကြန်ကိုလည်းကောင်း၊ ကျောင်းနှင့် မနီးမဝေးတွင် ကြာငါးမျိုးတို့ဖြင့် တင့်တယ်သာယာသော ရေကန်ကိုလည်းကောင်း ဖြစ်ပေါ်စေပြန်၏။ ထို့အပြင် ရာသီအခါမရွေး ချိုမြိန်စွာ စားသုံးနိုင်သည့် စားပင်သီးပင်များဖြင့်လည်း ပြည့်စုံစေပြန်သည်။

စင်္ကြန်အတွင်း လမ်းများတွင်လည်း နုညက်သော သဲအပြင်တို့ကို ဖြူးလျက် သပိတ်၊ သင်းပိုင်၊ ဒုကုဋ်၊ ရေသနပ်၊ ဝါးရင်းတောင်ဝှေး၊ အသီးအရွက်ချက်ပြုတ်ရန် မြေအိုးမြေခွက်မှအစ မကြွင်းမကျန်ရအောင် ရသေ့ရဟန်းတို့ အသုံးအဆောင် ပရိက္ခရာတို့ကို ဖန်ဆင်းလျက် ကျောင်းတွင်း၌လည်း ကမ္ပည်းတိုင်စိုက်ထူ၏။

ကမ္ပည်းတိုင်၌

'အကြင်မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးမျိုး၊ သူကြွယ်မျိုးစသော သူတို့သည် ကာမဂုဏ်ကို ငြီးငွေ့၍ ရသေ့ရဟန်း ပြုကြလိုငြားအံ့၊ ထိုသူတော်ကောင်းတို့သည် ဤကျောင်း၌ရှိသော အလုံးစုံသော ရဟန်းအသုံးအဆောင်တို့ကို အလိုရှိတိုင်းယူ၍ ရဟန်းပြုကြပါစေသတည်း'

ဟု ကမ္ပည်းအက္ခရာ ရေးထင်စေ၏။

ထို့နောက် ဝိသကြုံနတ်သားသည် သူတော်သူမြတ်တို့ သီတင်းသုံးမည့် ပရိဝုဏ်ဝိဟာရဝန်းကျင်နှင့် ကိုက်ညီစေရန် ကျောင်းဒေသသုံး ယူဇနာအဝန်းအတွင်း၌ မည်သည့် ခြင်္သေ့၊ ကျား၊ သစ်၊ ဝံ၊ အောင်း၊ ကြံ့၊ ဆင် အစရှိသော သားရဲတို့ကိုမျှလည်းကောင်း၊ မနှစ်လိုဖွယ် အသံအော်မြည်တတ်သည့် ငှက်ဆိုး ငှက်ရဲတို့ကိုမျှလည်းကောင်း၊ ချဉ်းကပ်ကျက်စားခြင်း မပြုနိုင်အောင် နှင်ထုတ်လျက် မိမိနေရာ တာဝတိံသာသို့ ပြန်သွားလေသည်။

*

အလောင်းတော် တေမိယကုမာရသည်လည်း ရဟန်းပြုလိုသော နှလုံးညွတ်ပြီးသည့်နောက် ဝန်းကျင်ကို ရှုမြင်သုံးသပ်လေသော် မနီးမဝေးသော အရပ်၌ ဝိသကြုံနတ်သား ဖန်ဆင်းထားခဲ့သော ကျောင်းသင်္ခမ်းကိုမြင်၏။ ဤတွင် အလောင်းတော်ကုမာရသည် သူခပ်သိမ်းတို့ တန်ခိုးမြင့်ပြီး စေအပ်



www.burmeseclassic.com

www.burmeseclassic.com



သော ဝတ္ထု၊ ကိုယ်ဖြင့်ပြီးစေအပ်သော ဝတ္ထု၊ နှုတ်ဖြင့်ပြီးစေအပ်သော ဝတ္ထု၊ အလုံးစုံ ထိုထိုသော ကျက်သရေမျိုး ဟူသည်ကား ကုသိုလ်သမ္ဘာရနှင့် ပြည့်စုံသော ဘုန်းရှင်တို့၌သာလျှင် စုဝေးပေါင်းဆုံ ရောက်ရှိပေါ်လွင်ရာ၏။

ကုသိုလ်တရားတို့၏ အာနုဘော်သည်ကား အလွန်အံ့ဩဖွယ်ရှိစွဟု ဝမ်းမြောက်စွာ နှလုံးစွဲလျက် သိကြားမင်း ဖန်ဆင်းအပ်သည်ရှိသော အဖြစ်ကို သိမြင်၍ ကျောင်းသခ်မ်းအတွင်းသို့ ဝင်ခဲ့လေသည်။

အတွင်းသို့ရောက်လေသော် ကမ္ဗည်းအက္ခရာ ရေးထိုးထားသော ကျောက်စာတိုင်ကို တွေ့မြင်ဖတ်ရှုကာ အရှင်မရှိသော သက္ကဒတ္တိယကျောင်းဖြစ်သည်ကို သိရလေသည်။ ထို့ကြောင့် နတ်တို့တန်ခိုးဖြင့်ဖြစ်သော ချိပ်ရည်အဆင်းရှိ လျှော်တေသင်္ကန်းတို့ကို ယူ၍ကာ တစ်ထည်ကို သင်းပိုင် အဖြစ်တစ်ထည်ကို လက်ကန်တော့စံပယ်တင်ဝတ်ရုံအဖြစ် ဆင်ယင်ကာ သစ်နက်ရေသင်္ကန်းကို လက်ဝဲပခုံးထက် ဒုကုဋ်တင်လျက် ဦးခေါင်းထက် ဆံကျစ်အဝန်းကို စွပ်ဖွဲ့၍ ရဟန်းအသွင် ယူတော်မူလေသည်။

ထို့နောက် ငြိမ်သက်သော ပကတိဣန္ဒြေဖြင့် ကျောင်းထဲမှထွက်၍ စင်္ကြံ၌ ထိုမှဤမှ လူးလာပြန်ခေါက်လျှောက်ရင်း

'သြော် ချမ်းသာစွ၊ ချမ်းသာစွ'

ဟူ၍ ဝမ်းမြောက်ဥဒါန်း ကျူးတော်မူ၏။

စင်္ကြံသွားပြီးနောက် ကျောင်းအတွင်းပြန်ဝင်ကာ ပျဉ်အခင်း၌ စံနေလျက် သတ္တဝါပညတ်ကို အာရုံပြု၍ ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းကို ထိုနေ့ပတ်လုံး အားထုတ်တော်မူလေသည်။

ဘုရင့်သားတော်ငယ် ဘဝကာလပင် တစ်ဒင်္ဂဉာဏ် သမာဓိ၏ ရင့်ကျက်တော်မူခြင်းကြောင့် ထိုနေ့ချင်း မကြာမမြင့်မီပင်လျှင် တစ်ထိုင်ချင်းဖြင့် သမာပတ်ရှစ်စဉ်၊ အဘိညာဉ်ငါးရပ် မြတ်သော မဟဂ္ဂုတ် စည်းစိမ် ချမ်းသာကို ရရှိလေသည်။

ညဉ့်ချမ်းတိုင်သောအခါ ပျဉ်အခင်းနေရာမှ ထွက်ပြီးလျှင် စင်္ကြံဦး၌ နတ်ဖန်ဆင်းသော သစ်ပင်မှ သစ်ရွက်တို့ကို ဆွတ်တော်မူလျက် နတ်တို့ဖန်ဆင်းသော သပိတ်ခွက်၌ပင် ထည့်၍ မချက်မပြုတ် အစိမ်းသက်သက်ဖြင့် ဆားလည်းမရှိသော ထိုသစ်ရွက်တို့ကို ရေနှင့်ရောနှော၍ကာ နတ်သုဒ္ဓါ အမြိုက်ရည်ကို သောက်စားသူနှယ် အမြိန်အယှက် ဘုဉ်းပေး၍ ကိုယ်လက် ဝမ်းစာ ပြည့်တော်မူသည်။

ထို့နောက် ဗြဟ္မဝိဟာရ တရားလေးပါးတို့ကို ပွားများစေ၍ သမာပတ်ချာန်ချမ်းသာဖြင့် စံနေတော်မူလေသည်။





ထိုအချိန်၌ နေပြည်တော်တွင်းကား ခမည်းတော် ကာသိကရာဇ်မင်းကြီးသည် သားတော်၏ အကြောင်းခြင်းရာတို့ကို သုနန္ဒာရထားမှူးထံမှလည်းကောင်း၊ မိဖုရားကြီးထံမှလည်းကောင်း ကြားသိရပြီးဖြစ်၍ သား၏ချစ်ခြင်းနှင့်အတူ ရာဇမင်းတို့၏ မာန်ဖြင့် ဝင့်ထည်လျက် ကြုံးဝါးရေရွတ်နေ၏။

'ဒီလို ဘုန်းကျက်သရေနှင့် ပြည့်စုံလှတဲ့ သားတော်ဖြစ်ရဲ့နဲ့ ဘောက်မဲ့ကြောင့် ငါ့သားတော်ဟာ တောအရပ်မှာ နေရမှာလဲ၊ အခုပဲ ငါကိုယ်တိုင်ဗိုလ်ပါအလုံးအရင်းနဲ့ သားတော်ဆီ သွားရမှာပေါ့။ အကြောင်းမျိုးစုံရှင်းပြပြီး တိုင်းပြည်ပြန်အောင် ဖြားယောင်းသွေးဆောင်လို့ အဘိသိက်သွန်းပြီး မင်းပြုစေရမှာဖြစ်တယ်။ ငါ့သားတော်ကို ငါ့ထီးနန်းပလ္လင်တင်ဖို့ ငါအခုပဲ ထွက်မယ်။ ကောင်းကင်ပျံသွားတဲ့အရာကို မြေကလိုက်ဖမ်းလို့ မဖြစ်ရှိကောင်းရှိမယ်၊ ငါ့သားတော်ကိုတော့ ငါပြန်လည်ပြီး အမိအရ ခေါ်ဆောင်ရလိမ့်မယ်၊ ဝန်ရှင်တော် သေနာပတိအမတ်ကြီး အခုပဲ အခစားဝင်စေ'

သေနာပတိအမတ်ကြီး အခစားရောက်သောအခါ မင်းကြီးသည် အမိန့်တော်များကို ထုတ်ပြန်လေ၏။

'ဝန်ရှင်တော် သေနာပတိအမတ်ကြီး သားတော် တေမိယမင်းထံသို့ ကျွန်ုပ် အခုပဲ ထွက်ချီတော်မူမယ်။ နန်းတော်ကနေ သားတော်ရှိရာ တောအရပ်ဟာ သုံးယူဇနာခရီး ကွာဝေးတယ်လို့ သိရတယ်။ ဒီခရီးကို ဆင်၊ မြင်း၊ ရထား၊ ခြေလျင်၊ ဗိုလ်ထုအလုံးအရင်းသွားသာအောင် သင်ကြီးကြပ် စီမံရမယ်။ ခရီးတစ်လျှောက် ပြေပြစ်သာယာအောင် သုတ်သင်သန့်ရှင်း ခင်းကျင်းရမယ်။ မြင်းစီး၊ ဆင်စီး၊ ရထားစီး သူရဲတို့ကိုလည်း ခိုင်ခံ့စွမ်းသန်သူ လျင်မြန်ထက်မြက်သူများချည်းသာ ဖြစ်ပါစေ။ မစွမ်းမသန်သူတွေ မပါဝင်စေနဲ့။ ဝင်းမှူးအိပ်ဖန် ကိုယ်ရံ ဗိုလ်မှူး သင်းမှူး အကြီးအကြပ် မပြတ်မလတ် စည်းဝေးခင်းကျင်းစေရမယ်။ သဘင်သည်တို့ကိုလည်း တူရိယာမျိုးစုံလင်စွာနဲ့ ပွဲသဘင်ခံစေရမယ်။ ကိုယ်လုပ်မိဖုရား နန်းသူနန်းသားတို့ကိုလည်း ဆိုင်ရာ ဝေါယာဉ်ရထားတို့နဲ့ စီးနင်းလိုက်ပါကြပါစေ။ သားတော်ရဲ့ ဖွားဘက်တော် အမတ်သားငါးရာတို့ကိုလည်း တစ်ဦးမကျန် လိုက်ပါစေ ဖို့ ဆော်ဩ။ သူဌေး၊ သူကြွယ်ပုဏ္ဏား ပုရောဟိတ် ပြည်သူပြည်သား အပေါင်းရှိရှိသမျှ မြို့ရွာနိဂုံး ဇနပုဒ်တို့မှာ နေကြသူများလည်း မည်သူမဆို လိုက်ပါလိုသမျှ လိုက်ပါကြစေ။ အလုံးစုံအမြန်ပြီးစီးအောင် သင်ခန့်ထား စီရင်ရမယ်။ ငါ့သားတော်ကို ငါအဆုံးအမပေးပြီး နေပြည်တော်ကို ပြန်လည်ခေါ်ယူ ရာဇာဘိသေကာဘိသိက်မြှောက်ဖို့ ငါတို့ အခု ထွက်တော်မူမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဝန့်ရှင်တော် သေနာပတိအမတ်ကြီးသည် မင်းကြီး အမိန့်တော်ထားသည့်အတိုင်း အစေ့အစပ် စီရင်ခင်းကျင်းရသည်ဖြစ်၍ သုံးရက်တိုင်မှ ပြင်ဆင်ပြီးလေသည်။ လေးရက်မြောက်သောနေ့တွင် အစခပ်သိမ်း အဆင်သင့်ဖြစ်ကြလေပြီ။

ရထားမှူး သုနန္ဒသည်လည်း သိန္ဓောမြင်းကသော ရထားကို ကောင်းမွန်စွာ ပြည့်စုံစွာဆင်ယင်ပြီး နန်းတော်အရှေ့မုခ် တံခါးဝ၌ ရပ်ခဲ့ကာ မင်းကြီး စံနန်းသို့တက်၍ ထွက်စံရန် အလုံးစုံသော စစ်အင်္ဂါခင်းကျင်း ပြီးစီးပါကြောင်း သံတော်ဦးတင်လေသည်။

ကာသိကရာဇ်မင်းကြီးကား သားထံရောက်လိုသော၊ သားကိုတွေ့လိုသော အာသာဇောကြောင့် ရာဇက္ကန္ဒြေကိုသော်မျှပင် မငဲ့ကွက်နိုင်အောင် ဖြစ်နေ၏။

'သုနန္ဒ၊ မင်းပြင်ထားတဲ့ ရထားကတော့ ဟုတ်ပါပြီ၊ ကျန်တဲ့ ရထား၊ ဆင်၊ မြင်းများမှာကော သန့်သန့်မြန်မြန် ရှိကြရဲ့လား၊ အသေအချာ စစ်ဆေးဦး၊ ဆူဖြိုးလွန်းတဲ့ မြင်းများက အသွားနှေးတတ်တယ်၊ ကြုံလှီလွန်းတဲ့ မြင်းများကျပြန်တော့လဲ အားနွဲ့ပြီး ခရီးအရှည် မလိုက်နိုင်ကြဘူး။ မင်းတို့မြင်းတွေဟာ သန့်လဲသန့်၊ စွမ်းလဲစွမ်း၊ မြန်လဲမြန်မှဖြစ်မယ်၊ ကြားလား'

'အရှင်မင်းကြီး၊ ကြုံလွန်း၊ ဆူလွန်းလှတဲ့ မြင်းတွေ၊ အပြည့် ချို့ယွင်းချက်ရှိတဲ့မြင်းတွေ တစ်စီးတလေမျှ မရှိပါဘုရား၊ စွမ်းမြန်သန်မာတဲ့ သိန္ဓောမင်္ဂလာမြင်းကောင်းတွေချည်း ကျွန်တော်မျိုးတို့ ရထား ကထားကြပါတယ်၊ မြင်းရထားကြောင့် ခရီးဖင့်မှာကိုတော့ စိုးရိမ်တော်မမူပါနှင့်ဘုရား'

သုနန္ဒာ၏လျှောက်တင်ချက်ကို ကြားရသော မင်းကြီးသည် စိတ်ချသွားဟန်ဖြင့် ခေါင်းဆတ်ညိတ်သည်။

'အေး ကောင်းတယ်၊ ကောင်းတယ်၊ မိဖုရားကြီးနှင့်တကွ နန်းတော်သူတွေကော ပြင်ဆင်ပြီးကြပြီ မဟုတ်လား၊ အခုပဲ ထွက်ကြစို့ ဆော်သြ သုနန္ဒ'

'မိန့်တော်မူပါအရှင်'

'ရတနာသသား မြီးယပ်၊ သင်းကျစ်၊ သန်လျက်၊ ခြေနင်း၊ ထီးဖြူ မင်းမြောက်တန်ဆာငါးပါးကော ငါစီးမည့် မြင်းရထားမှာ တင်လာခဲ့၊ ငါ့သားငယ်တော်ကို အဲဒီတောအရပ်မှာပဲ အဘိသေက သွန်းမြောက်ပြီး ထီးနန်းအပ်နှင်းရမယ်၊ ကာသိကရာဇ်တိုင်းရဲ့ ဘုရင်မင်းမြတ်အဖြစ် သားတော်ကို ပြန်ခေါ်ခဲ့ရမယ်မဟုတ်လား၊ မင်းမြောက်တန်ဆာငါးပါးကို အသေအချာ အတင့်အတယ် ဆောင်ယူခဲ့ ကြားလား၊ အပြန်ခရီးမှာ မင်းရထားပေါ်ကို လိုက်ပါမယ့်





သူဟာ တေမိယကုမာရ မဟုတ်တော့ဘူး၊ တေမိယဘုရင်မင်း မြတ်ဖြစ်နေပြီ၊ သိလား၊ ကိုင်း ကိုင်း ဝန်ရှင်တော်မင်းကြီးတို့ ဘက်ကလည်း အားလုံးအသင့်ရှိကြစေ၊ အခုပဲ ထွက်မယ်၊ လာ သုနန္ဒ၊ အရှေ့မုခ်မှာ ရပ်ထားတဲ့ မင်းရဲ့ ရထားဆီ သွားကြစို့၊ ဟော့ ဟော့ ဗာရာဏသီ အရှေ့တံခါးကနေ သားတော်ရှိရာ အရပ် ဘယ်လောက်ကွာတယ်'

'သုံးယူဇနာပါ အရှင်'

'အေး . . . အေး . . . သုံးယူဇနာ၊ ကိုင်း . . . ကိုင်း . . . တို့ရဲ့ ရထားကပဲ ရှေ့ကဦးဆောင်ပြီး ထွက်ကြမယ်၊ ဟဲ့ . . . စန္ဒာဒေဝီမိဖုရားကြီးကော'

'အရှင်ရဲ့ ရထားနောက်က မင်္ဂလာရထားမှာ စီးနင်းလိုက်ပါဖို့ အဆင်သင့်ရှိနေကြပါတယ်အရှင်'

'ကောင်းတယ်၊ ကောင်းတယ်၊ ကိုင်း . . . သွားကြစို့၊ သားတော်ရှိရာကို'

www.burmeseclassic.com

www.burmeseclassic.com

## ၁၅

အလောင်းတော် တေမိယရှင်ရသေ့ ကျောင်းသင်္ခမ်းအနီးသို့ ရောက်ကြသောအခါ သင့်တော်ရာအရပ်၌ သစ်တပ်တဲနန်း စခန်းချလိုက်ကြ၏။

တေမိယရှင်ရသေ့သည် ခမည်းတော်၊ မယ်တော်တို့ ရောက်ရှိကြောင်း သိလျှင် မင်းတို့နှင့် ထိုက်တန်သောနေရာကို အသင့်ပြင်ဆင် ခင်းကျင်းထားလေသည်။ မင်းကြီးလည်း သစ်တပ်တဲနန်း၌ ရထား၊ ဆင်၊ မြင်း စစ်အင်္ဂါတို့ကို ထားခဲ့ရာ မှူးမတ်အခြွေအရံများနှင့်တကွ ခြေလျင်ခရီးဖြင့်ပင် ကျောင်းသင်္ခမ်းရှိရာသို့ သွားခဲ့သည်။ ကျောင်းသင်္ခမ်း ပရိဝုဏ်အတွင်းသို့ အဝင်တွင် အပေါ်ရုံကို လက်ကန်တော့စံပယ်တင်လျက် သင့်တင့်ရာ အရပ်မှနေပြီး သားတော်ရှင်ရသေ့ကို လက်အုပ်ချီလေသည်။

ဘုရားအလောင်း ရှင်ရသေ့သည် ခမည်းတော်ကိုမြင်လျှင် ပကတိသော ဣန္ဒြေဖြင့်ပင် ပဋိသန္ထာရစကားကို ဆို၏။

'ခမည်းတော် အပြစ်ဘေးဒဏ်၊ ရန်မာန်ခပ်သိမ်း ကင်းငြိမ်းပါရဲ့လား၊ ကိုယ်တွင်းကိုယ်ပ အန္တရာယ်၊ အဖျားရောဂါ၊ ရောဂါခပ်သိမ်း ကင်းငြိမ်းပါရဲ့လား၊ ခပ်သိမ်းသော နန်းတော်သူ၊ နန်းတော်သားအပေါင်းတို့ အနာမရှိ ချမ်းသာကြပါရဲ့လား၊ ခမည်းတော်၊ မယ်တော်တို့ အနာမရှိ ချမ်းသာ ကြပါရဲ့လား'





'သားတော်၊ ခမည်းတော်၊ ခပ်သိမ်းသော နန်းတော်သူ၊ နန်းတော်သား၊ မောင့်မယ်တော်တို့အားလုံး အပြစ်အနာမရှိ ချမ်းသာကြပါတယ် သားတော်'

'ခမည်းတော် နေ့စဉ်မပြတ် ကုသိုလ်တရားကို အောက်မေ့ခြင်း၊ အပ္ပမာဒတရားတည်းဟူသော မသေရည်ကို သောက်ရပါရဲ့လား၊ ကာမဂုဏ်ငါးပါးမှာ မူးယစ်ပြီး ကုသိုလ်မေ့လျော့ကြောင်းဖြစ်သော သေရည်ကို မသောက်ရှောင်ကြဉ်နိုင်ပါရဲ့လား'

'ချစ်သား၊ ခမည်းတော်ဟာ အပ္ပမာဒတည်း ဟူသော မသေရည်ကို သောက်ပါတယ်၊ တစ်ပါးသူတို့ကိုလည်း သောက်စေပါတယ်၊ မေ့လျော့ကြောင်းဖြစ်သော သေရည်ကို မသောက်ပါ၊ တစ်ပါးသူတို့အားလည်း မသောက်စေပါဘူး သားတော်'

'ခမည်းတော်၊ မုသာဝါဒတည်းဟူသော ပျက်ပြယ်တောက်တဲ့ ခါးစပ်သော အရသာတို့ကို မစားဘဲ သစ္စာတည်းဟူသော ချိုအေးလေးနက်တဲ့ အရသာကောင်းတို့ကို စားသုံးပါရဲ့လား'

'သားတော်၊ မုသာဝါဒတည်းဟူသော အရသာဆိုးကို ခမည်းတော်တို့ မစားပါ၊ သစ္စာတည်းဟူသော အရသာကောင်းကို စားပါတယ်၊ တစ်ပါးသူတို့ကိုလည်း စားစေပါတယ်'

'ခမည်းတော်၊ အမျက်ထွက်ခြင်း၊ အမြင့်မှားခြင်း စတဲ့ ဆူးညှောင့်ခလုတ် ခြုံပိတ်ပေါင်းထူထပ်ရာ ဒုစရိုက်ခရီးဆိုး ခရီးကြမ်းကို မသွားနဲ့၊ သနားခြင်း၊ သည်းခံခြင်း စတဲ့ အမွေးအထုံတရားတို့နှင့် ခင်းဖြန့်အပ်သော မင်းကျင့်တရား လမ်းကောင်းကို သွားပါရဲ့လား'

'သားတော်၊ ဒုစရိုက်လမ်းဆိုးကို ခမည်းတော် မသွားပါ၊ သုစရိုက်မင်းကျင့်တရားလမ်းကောင်းမှသာ ခမည်းတော် သွားပါတယ်၊ တစ်ပါးသူတို့ကိုလည်း သွားစေပါတယ်'

'ခမည်းတော်၊ ဝန်တိုပိတ်ခြင်း၊ စဉ်းလဲခြင်းဖြင့် မနပ်မသိုးစေဘဲ လှူဒါန်းပေးကမ်း၊ စွန့်ကြဲသင်္ဂြိုဟ်ထောက်ပံ့ခြင်းဖြင့် ပစ္စည်းကို ဆေးကြောထုတ်လှမ်း သန့်ပြန့်စေခြင်းအမှုမှာ ခမည်းတော် နှလုံးမွေ့လျော်ပါရဲ့လား'

'သားတော်၊ ဝန်တိုပိတ်ခြင်းဖြင့် မပုပ်မသိုး အကျိုးမဲ့ ပေးကမ်းသင်္ဂြိုဟ်ခြင်းတည်း ဟူသော သုံးဆောင်ထုတ်လှမ်းဖြန့်ခင်းခြင်းနှင့် ခမည်းတော် နှလုံးမွေ့လျော်ပါတယ်၊ တစ်ပါးသူတို့ကိုလည်း မွေ့လျော်စေပါတယ်'

မှူးမတ်အခြံအရံတို့သည် တေမိယရှင်ရသေ့ငယ်ကို ဖူးမြင်ရခြင်း၌ လည်းကောင်း၊ တစ်ခါမှ မကြားနာခဲ့ရသော အသံကို ကြားရခြင်းဖြင့် လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်၍ ထူးခြားမွန်မြတ်သော ပဋ္ဌိသန္ဓာရစကားတို့ကို နာရခြင်းဖြင့် လည်းကောင်း အံ့သြနှစ်သက်ခြင်းကြီးစွာဖြင့် ဆိတ်ဆိတ်ခစားနေကြလေ၏။

ဘုရားအလောင်းရှင်ရသေ့သည် ဆက်လက်၍ မင်းပရိသတ်တို့၏ ကျန်းမာကြောင်း၊ မြို့ရွာနိဂုံး မင်းနေပြည်မှ တိုင်းသားပြည်သူတို့၏ ဘေးဥပဒ်ကင်းစေခြင်း၊ ကျန်းမာငြိမ်းချမ်းခြင်းတို့ကို ပျူငှာချိုသာစွာ မေးမြန်းနှုတ်ဆက်လေသည်။ ခမည်းတော်မင်းကြီးလည်း မေးလေသမျှ သာရ ဏီယစကားတို့ကို လျှောက်ပတ်စွာ ဖြေ၏။

ထို့နောက် အထူးသဖြင့် ပဋ္ဌိသန္ဓာရပြုလိုသည်ဖြစ်၍

'ခမည်းတော်၊ အခု ကျောင်းသင်္ခမ်းသို့ လာရောက်ခြင်းဟာ အကျိုးမဲ့မဖြစ်စေနှင့်၊ ကောင်းသောလာခြင်း၊ အကျိုးရှိသောလာခြင်း ဖြစ်စိမ့်သောငှာ ခမည်းတော်နှင့် မင်းနေရာပလ္လင်ကို ခင်းထားပါတယ်၊ မင်းတို့နေရာ ပလ္လင်ပေါ်မှာ ထိုင်ပါ'

ဟု ဆိုလေသည်။

မင်းကြီးသည် သားတော်ဖြစ်သော်လည်း ဘုရားအလောင်း ရှင်ရသေ့အား ရိုသေခြင်းဖြင့် ခင်းထားအပ်သော ပလ္လင်တွင် မထိုင်ဘဲရှိပါစေတော့ သားတော်ဟု လျှောက်သည်။ ထိုအခါ ဘုရားအလောင်း တေမိယရှင် ရသေ့က

'မှူးမတ်တို့၊ ခမည်းတော်ဟာ မင်းနေရာမှာ မထိုင်လိုလျှင် ငါထိုင်တဲ့နေရာနှင့်အတူတူ ဟောဒီမြက်ဖျာကို ဖြန့်ခင်းကြပါ၊ ခမည်းတော်လည်း စံနေတော်မူပါ'

ဟု ဆိုပြန်၏။ မြက်ဖျာခင်းပြီးနောက်

'ခမည်းတော်၊ ဒီမြက်ဖျာဟာ တောမှာနေတဲ့ သားတော်တို့အတွက် မြတ်သောနေရာ အခင်းဖြစ်ပါတယ်၊ ထိုင်တော်မူပါ၊ ဟောဒီ သောက်တော်ရေ၊ သုံးဆောင်တော်ရေများကိုလည်း အလိုရှိတိုင်း သုံးဆောင်တော်မူပါ'

ဟု ဆိုပြန်လေသည်။

မင်းကြီးက ရိုသေသောအားဖြင့် မြက်ခင်း၌ မနေဘဲ မြေပြင်၌သာ နေမြဲနေလေသည်။ ဤတွင် ရှင်ရသေ့သည် ကျောင်းတွင်းသို့ဝင်၍ မိမိသုံးဆောင်မြဲဖြစ်သော သစ်ရွက်ရေခွက်ကို ယူဆောင်ခဲ့ပြီး တည်ခင်းပြောဆို၏။

'ခမည်းတော်၊ ဒီအရည်ဟာ သစ်ရွက်များကို ရေနှင့် ရောနှောနယ်ထားတဲ့ အရည်ဖြစ်တယ်၊ ဒီအစာဟာ တောမှာနေတဲ့ သားတော်တို့အတွက် မြတ်သော ဘောဇဉ်ဖြစ်တယ်၊ သားမျှပင်မခပ်၊ ရသတဏှာဖြင့် တပ်မက်ခြင်း အလျဉ်းကင်းပြီး ကိုယ်လက်မျှတခြင်းကို ဆောင်ပါတယ်၊ ကိလေသာကို ခေါင်းပါးစေခြင်းငှာ အလိုရှိကြကုန်တဲ့ သူများနှင့် အလွန်လျောက်ပတ်တဲ့ အစာဖြစ်ပါ





တယ်၊ ဒီသစ်ရွက်ဟာ ဒီမှာ မရှားပါဘူး၊ အလိုရှိတိုင်း ရပါတယ်၊ စိတ်အားလိုရာအတိုင်းသာ သုံးဆောင်တော်မူပါ'

ကာသိကရာဇ်မင်းကြီးသည် တွန့်ဆုတ်သွားလေသည်။ မှူးမတ်များလည်း သစ်သားခွက်ထဲမှ သစ်ရွက်ရေကိုကြည့်၍ တုန်လှုပ်သွားကြဟန်ရှိ၏။

အတန်ငယ် တိတ်ဆိတ်နေပြီးမှ မင်းကြီးက

'ချစ်သား၊ ခမည်းတော်တို့ဟာ သစ်ရွက်စားသူများ မဟုတ်ပါ၊ မလေးထမင်းကိုသာ စားကြပါတယ်၊ ဒါပေမယ့် သားတော်ချီးမြှင့်တဲ့အစာကို ခမည်းတော် ယူပါ့မယ်'

သစ်ရွက်ရေကိုယူလျက် မင်းကြီးသည် သင့်တင့်ရာ၌ ချထားလိုက်လေသည်။

ထို့နောက် ခွက်ထဲမှ သစ်ရွက်များကို လက်ထဲသို့ ယူဆောင်တင်ထားကာ

'သားတော်၊ ဒီသစ်ရွက်တွေကိုပဲ စားပါသလား'

ဟု မေး၏။

'မှန်တယ် ခမည်းတော်၊ ဒီသစ်ရွက်တို့ကို စားပြီး ဒီအရည်ကို သုံးဆောင်ပါတယ်၊ ရဟန်းတို့နှင့် လျောက်ပတ်တဲ့အစာဖြစ်ပါတယ်'

မင်းကြီးသည် ထိခိုက်တုန်လှုပ်လျက် မည်သည့်စကားမျှ မဆိုနိုင်ဖြစ်နေ၏။ မည်သူမျှလည်း စကားဝင်ဆိုမယ့်သူ မရှိ။ သို့သော် ထိုတိတ်ဆိတ်နေမှုသည် အကြောင်းအားလျော်စွာ အကျဉ်းအကြပ်ထဲမှ လွတ်မြောက်လာ၏။ အကြောင်းမူကား စန္ဒာဒေဝီ မိဖုရားကြီး ရောက်ရှိလာသောကြောင့် ဖြစ်လေသည်။

သားနှင့်အဖတို့၏ တွေ့ဆုံခန်းသည် ပဋ္ဌိသန္ဓာရ ပိယဝါစာတို့ဖြင့် အေးဆေးငြိမ်သက်စွာ ရှိသော်လည်း မိခင်နှင့်တွေ့ဆုံခန်းကား ထိုသို့ မဟုတ်တော့ပေ။

သားတော် တေမိယ၏ အဓိဋ္ဌာန်ပါရမီလျှင် ဗဟိုပြုသော အခြားပါရမီတို့ ခြံရံသည့် နေထိုင်ခြင်းကို မသိနိုင်ခဲ့သဖြင့် နှစ်ပေါင်းများစွာပင် ရှုးသွပ်ခမန်း၊ သေပွဲဝင်လုမတတ် သောကပရိဒေဝကို ကြီးစွာခံစားခဲ့ရလေသည့် မယ်တော်ကြီးစန္ဒာဒေဝီကား ကျောင်းသင်္ခမ်းသို့ ရောက်လျှင် သားတော်ကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ခုတ်လှဲပိုင်းဖြတ်ခြင်း ခံလိုက်ရသော ငှက်ပျောပင်နှယ် လဲပြိုကျသွားကာ မူးမိုင်မိန်းမောခြင်းသို့ ရောက်ရလေသည်။

သားကို မြင်ရခြင်း၌ နှလုံးဝမ်းမြောက်ခြင်းကိုဖိလျက်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ဗျာပါဒတို့၏ တိုးဝှေ့မှုကြောင့် မယ်တော်ကြီးသည် ထိုသို့ လဲကျမေ့မြော သွားခြင်းဖြစ်၏။ အခြွေအရံတို့လည်း မိဖုရားကြီးအား သတိပြန်လည် ဆိုက်တည်စေအောင် ပြုစုကုသကြရလေသည်။

မယ်တော်မိဖုရားကြီးသည် လဲပြိုမိန်းမောရာမှ သတိလည်၍ လာပြီးနောက် လဲရာမှထလျက် သားရှင်ရသေ့၏ ခြေအစုံကို ဆုပ်ကိုင်ကာ မဆည်တန့်နိုင်သော ရှိုက်ငိုခြင်းဖြင့် အားပါးတရ ငိုကြွေးပြီးနောက်မှ ခြေကို လွှတ်လေသည်။

ထို့နောက်ကား စကားမဆိုနိုင်သေးဘဲ သည်းစွာရှိုက်ရင်း အသက်ကို မှျင်းမှျင်းရှူလျက် ဆောက်တည်နိုင်အောင် ကြိုးစားနေရလေသည်။

ခမည်းတော်မင်းကြီးသည် ထိုအချိန်တိုင်ပင် မိမိလက်တွင်းရှိနေသေးသည့် သစ်ရွက်တို့ကို ငုံ့ကြည့်လိုက်၏။ ထို့နောက် ထိုသစ်ရွက်တို့ကို မိဖုရားကြီးထံ ပြလိုက်ပြီး

'နှမတော်၊ သင့်သားစားတဲ့ အစာကို ကြည့်လိုက်စမ်းပါဦး၊ သူဟာ ဒီသစ်ရွက်တွေကိုပဲ ရေနဲ့နှောနယ်ပြီး စားသတဲ့'

ဟု မချိတင်ကဲ ရေရွတ်လေသည်။

မယ်တော်ကြီးသည် မင်းကြီးထံမှ သစ်ရွက်များကို ယူကာ

'အို ဒါတွေကိုပဲ သူစားသတဲ့လား'

ဟု မြည်တမ်းရင်း အခြွေအရံမောင်းမတို့ထံသို့ ဆက်လက်ပြသလိုက်ပြန်၏။

'ကြည့်ကြစမ်း၊ ကြည့်ကြစမ်း၊ မယ်မင်းတို့၊ ဒါဟာ ငါ့သားတော်လေးစားတဲ့ အစားအစာတွေတဲ့ ကြည့်ကြစမ်း'

မောင်းမတို့လည်း မယ်တော်ကြီးထံမှ သစ်ရွက်များကို တစ်ဆင့်တစ်ဆင့်ယူကာ လက်ဖဝါးပေါ်၌ တင်ရင်း မြည်တမ်းကြပြန်လေသည်။

'ကြည့်ကြစမ်းပါ အမိတို့၊ ဒါဟာ တို့အရှင့်သား စားတော်မူတဲ့ အစာတဲ့၊ ဒါဟာ တို့အရှင့်သားရဲ့ ဘောဇဉ်ဖြစ်တဲ့ သစ်ရွက်တွေဖြစ်တယ်၊ အို အရှင့်သားတော်ဟာ အမျိုးအရွယ် စည်းစိမ်နဲ့ ပြည့်စုံသူတို့ ကျင့်ကြံနိုင်ခဲ့တဲ့အကျင့်ကို ပြုနိုင်သူပါလား၊ အင်မတန်ခေါင်းပါးတဲ့ အကျင့်ကို ကျင့်ပြီး မွန်မြတ်လှပါလား'

မောင်းမတို့သည် ထိုသို့ရေရွတ်ကြပြီး ဟင်းလျာရွက်များကို ဦးခေါင်းထိပ်ထက်သို့ တင်ကာ လက်အုပ်ချီရှိခိုးကြလေသည်။ ထိုအခြင်းအရာများကို ကြည့်နေရာမှ ခမည်းတော်မင်းကြီးသည် တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် သားရှင်ရသေ့ဘက်သို့ လှည့်ကာ ဤသို့ဆို၏။





'သားတော်၊ အခု ခမည်းတော်ရဲ့စိတ်ထဲမှာ အလွန်ထူးခြားတဲ့ အံ့ဖွယ်သရဲအဖြစ်တစ်ခုကို ထင်မြင်လာတယ်၊ သားတော် နားထောင်ပါ၊ ဘယ်လိုလဲဆိုတော့ သားတော်ဟာ လူမနီးတဲ့ ဒီတောအရပ်မှာ အဖော်မဲ့ တစ်ကိုယ်တည်းနေပြီး ဟောဒီသစ်ရွက်တွေကိုသာ စားသုံးတယ်၊ ဆားလည်းမခပ်၊ ပြုတ်ဖျော်ခြင်းလည်း မပြုတဲ့အတွက် သစ်ရွက်တွေဟာ နူးနပ်ညှံ့ပျောင်ခြင်းလည်း မရှိ၊ အရသာဆိုတာ ဝေး၊ အနံ့အသက်မျှပင် မကောင်းလှတဲ့ ဒီသစ်ရွက်စိမ်း အစာကြမ်းကို သားတော် မှီဝဲတယ်၊ ဒီလိုရှန့်ကြမ်းတဲ့ အစာကို စားရပါရက်နဲ့ သားတော်ရဲ့အရောင်အဆင်းဟာ ရှေးကထက် ပိုပြီး သိသာထင်ရှားစွာ ကြည်စင်ဝင်းမွတ်လို့ တင့်တယ်နေတာ တွေ့ရတယ်၊ ဒါဟာ ဘယ်လိုအကြောင်းကြောင့်လဲဆိုတာ ခမည်းတော်အဖို့ တွေးကြံမရနိုင် ဖြစ်နေတော့တယ်သားတော်'

မင်းကြီး၏ အမေးစကားသည် မယ်တော်ကြီးမှအစပြု၍ မှူးမတ် အခြွေအရံများ၊ မောင်းမများအားလုံးအတွက် တစ်ခုတည်းသော အာရုံစိုက်စရာ အကြောင်းအရာဖြစ်သွား၏။

တိတ်ဆိတ်စွာ ငံ့လင့်နေကြသော ပရိသတ်သည် ဘုရားလောင်း၏ အဖြေစကားသံကို ကြည်လင်ရှင်းပြတ်စွာ ကြားနာကြရလေပြီ။

'ခမည်းတော်၊ အရောင်အဆင်းဆိုတာ စိတ်နှလုံး ငြိမ်သက်သူမှသာ ထွက်ပေါ်လေ့ရှိတယ်၊ အိပ်မှု၊ စားမှု စသည်တို့မှာ အလိုမပြည့်နိုင်သောသူ၊ ရောင့်ရဲလွယ်ခြင်း မရှိနိုင်သော သူတို့မှာ အရောင်အဆင်းပျက်တယ်၊ စည်းစိမ်ဥစ္စာမှာ ကြောင့်ကြစိုးရိမ်ကြီးတဲ့အတွက် နှလုံးထိတ်သော သူတို့မှာလည်း အရောင်အဆင်းပျက်တယ်၊ သည်မျှမကသေးဘူး ခမည်းတော်၊ လွန်လေပြီးသည်ကို တွေးကြံပြီး စိုးရိမ်တတ်သူ၊ လာလတ္တံ့သော အနာဂတ်ကို တွေးကြံပြီး စိုးရိမ်တတ်သူတို့ဟာလည်း နှလုံးအသင့်အတင့် မထားတတ်တဲ့အတွက် မလိမ္မာသူများဖြစ်ကြပြီး ကျူရိုးကျူပင်ကို ကောင်းကင်သို့ နုတ်လွှင့်ပစ်လိုက်သလို မိမိတို့အဆင်းကို မိမိတို့ပင် ဖျက်ဆီးခြင်းဖြစ်ပေတယ်။

'ခမည်းတော် ကျွန်ုပ်မှု ရှန့်ကြမ်းလှစွာသော မြက်အခင်းမှာ အိပ်စက်လျက်ပင် ဤအခင်းထက်သာသော အိပ်ရာကိုရသော် ကောင်းလေစွ ဆိုပြီး တောင့်တစိုးရိမ်ခြင်း မရှိဘူး၊ အိပ်ရာ၊ အခင်းမှာ အဆိုးအကောင်းကို အမှတ်မပြုဘူး၊ ဒါကြောင့် ကြမ်းသည်၊ ရှန့်သည်၊ မာသည်လို့ ကျွန်ုပ် မထင်၊ ဒီမြက်အခင်းနဲ့ပင်လျှင် အဆင်းဟာ သန့်စင်ဝင်းပလေတယ်။

'ခမည်းတော် ဟောဒီကျောင်းသခ်မ်းမှာ သပိတ်၊ သင်္ကန်း စတဲ့ ရဟန်းအသုံးအဆောင် ပရိက္ခရာများ ရှိတယ်၊ သို့သော် ဒီပရိက္ခရာများကို



www.burmeseclassic.com

www.burmeseclassic.com



စျေးတော်ပျက်စေရအောင် ထီးနန်းမှာ ရွှေလုံ၊ ရွှေမား စသည်များ၊ အစောင့် အရှောက်သားသလို ဘယ်လိုအစောင့်အရှောက်မျိုးမှ မထားပါဘူး၊ သူတစ်တင်း ချက်ဆိုသိမ့်သောအားလို့လဲ နှလုံးထား မရှိ၊ ပစ္စည်းပရိက္ခရာတို့အတွက် စိုးရိမ်ခြင်းအရှိတဲ့ အကြောင်းကလဲ အဆင်းဟာ သန့်စင်ဝင်းပလေတယ်။

'ခမည်းတော် ဆိုခဲ့ပြီးသော အကြောင်းများကြောင့် အရောင် အဆင်း ထင်းကြည်စေပြီး ကြည်ညိုနိုင်ဖွယ် တင့်တယ်ခြင်းဖြစ်ရတယ်၊ ဒီမျှမကသေးဘူး ခမည်းတော်၊ ငါဟာ ဆွံ့ယောင် အယောင်မပြဘဲ နန်းစည်းစိမ် ကာမဂုဏ်ညည်းခံတို့ ခံစားပြီး အခု ဆယ့်ခြောက်နှစ်ရွယ်ကျော်မှ ရဟန်းပြုခဲ့ရင် ဘုရင့်သားတော်ဖြစ်ကျိုးလည်း နပ်ပေလိမ့်မယ် စသည်ဖြင့် လွန်ခဲ့သော အမှုကို သင့်သည် မသင့်သည် ကြံအောက်မေ့လို့ စိုးရိမ်ခြင်း မဖြစ်ပါဘူး၊ ယနေ့ ဤအစားကို စားရပြီး နက်ဖြန် ဘယ်အစာစားရမလဲ စသည်ဖြင့် အစား၊ အဝတ်၊ အိပ်ရာ၊ နေရာ၊ အသုံးအဆောင်၊ အဖော်၊ အပေါင်း၊ စည်းစိမ်ခြွေရံတို့ကို တည်မှီပြီး အနာဂတ်မှာ ဖြစ်အံ့သည်ကိုလည်း အဖန်တလဲလဲ ကြံအောက်မေ့လို့ စိုးရိမ်ခြင်းမဖြစ်ပါ။

'ယနေ့သော် ယနေ့ အလျောက်၊ နက်ဖြန်သော် နက်ဖြန်အလျောက် ရသမျှပစ္စည်းနဲ့သာ ရောင့်ရဲစေတယ်၊ ဒီလိုစိုးရိမ်ခြင်းကင်းမဲ့ပြီး ရောင့်ရဲလွယ်ခြင်းကြောင့်လည်း အရောင်အဆင်းဟာ ကြည်ညိုဖွယ်တင့်တယ်ခြင်း ဖြစ်စေပါတယ်။

'ခမည်းတော်၊ သားတော်ဟာ နူးညံ့သော အာရုံ၊ ကာမဂုဏ်တို့နဲ့ မစပ်မယှက်ဘဲ အဆင်းအရောင် ကြည်ညိုဖွယ်နဲ့ ပြည့်စုံခြင်းကို ခမည်းတော်မြင်ရတဲ့အတွက် သြော် ငါ့သားဟာ လွန်ခဲ့ပြီးတာကို ဖြစ်စေ၊ လာလတ္တံ့ကိုဖြစ်စေ အကျိုးမဲ့ အဖန်တလဲလဲ ကြံအောက်မေ့ရင်း စိုးရိမ်ပူပန်တတ်တဲ့ မလိမ္မာသူ၊ မိုက်မဲသူ၊ ပြိန်ဖျင်းသူမဟုတ်ပါတကားလို့ အံ့ဖွယ်သရဲဖြစ်ခြင်းအကြောင်းတရားကို ရှာကောင်းတယ် မဟုတ်ပါလား ခမည်းတော်'

မယ်တော်၊ ခမည်းတော်နှင့် ပရိသတ်အားလုံးကား ဘုရားလောင်း၏ ခမ္မစကား၌ ညွတ်နူးသက်ဝင်သွားကြလေသည်။ အားလုံးပင် နားလည်သဘောပေါက်စွာ ခေါင်းညိတ်ခြင်း၊ မျက်လွှာပိတ်ခြင်း စသည်တို့ကို ပြုကြ၏။

သို့သော် ခမည်းတော်မင်းကြီး၌ နောက်ထပ်တစ်ခုသော အတွေးအကြံသည် ပေါ်ပေါက်လာ၏။ ထိုအတွေးကား

'ငါ့သားဟာ ငါ့ကို ဖခင် ဆိုတဲ့အမှတ်နဲ့ ခမည်းတော်လို့ပဲ ခေါ်ဝေါ် သုံးစွဲလေသေးတယ်၊ ရသေ့ရဟန်း ပြုပြီးပေမယ့် ငါ့သားဟာ မိဘ၌ ချစ်ခြင်းကို မစွန့်သေးဘူး၊ ဒါဟာ မင်း အဖြစ်ကို အပ်နှင်းရင် သူ လက်ခံမယ်ဆိုတဲ့





အခြေအနေပဲဖြစ်ပါတယ်၊ ဟော ဒီနေရာမှာပဲ ငါ့သားကို အဘိသိက်သွန်းပြီး မြို့တော်ကို ချီပင့်သွားရမယ်'

ဟူ၍ ဖြစ်၏။ ထိုအတွေးဖြင့် မင်းကြီး၏ မျက်လုံးများသည် တက်ကြွသော အရိပ်အရောင်များဖြင့် စိုစွတ်တောက်ပလာပြီးနောက် မဆိုင်းမတွ ပင် ဆိုလေတော့သည်။

'ချစ်သားတော်၊ နားထောင်စမ်းပါလှည့်၊ ယခု ခမည်းတော်ထံမှာ မောင့်ဘိုးတော်ထံက ထီးမွေနန်းမွေကို ဆက်ခံပြီး ကြီးကျယ်လှတဲ့ ပြည် စည်းစိမ်ကို ရရှိပိုင်ဆိုင်ထားပါတယ်၊ ဒီစည်းစိမ်ကို သားတော်ကလွဲလို့ ခံယူ ထိုက်သူမရှိလေဘူး၊ ဒါကြောင့် ဟောဒီတောအရပ်မှာ သားတော်ဟာ စကား ပြောပြီး ဆွံ့ခြင်း၊ အခြင်း၊ ပင်းခြင်း အလျှင်းမရှိဘူးလို့ ရထားမှူး သုနန္ဒာ လျှောက်လို့ ခမည်းတော် သိရလာကတည်းက ငါ့သားကို ငါကိုယ်တိုင် ပင့် ဆောင်မယ်ဆိုပြီး အလုံးအရင်း စစ်အင်္ဂါခင်းပြီး ခမည်းတော် လာခဲ့တယ်၊ အခုပါသမျှ ဆင်မြင်းရထား ဗိုလ်ပါရဲမက် တပ်အလုံးကို ချစ်သားထံ ခမည်း တော် အပ်နှင်းပါတယ်။

'ဒါတင်မကသေးဘူး သားတော်၊ ကာသိကရာဇ်ဟိုင်းကြီး ဗာရာ ဏသီပြည်ကြီး စည်းစိမ်ရေမြေနဲ့တကွ အလုံးစုံ ခမည်းတော်ပိုင်သမျှကိုလည်း သားတော်ထံ အပ်နှင်းပါတယ်၊ နတ်ကညာတမျှ လှပနုနယ်ပြီး နှလုံးအလို ကို ပြီးစေနိုင်တဲ့ နန်းသူတစ်သောင်း ခြောက်ထောင်တို့ကိုလည်း အလုပ်အကျွေး အဖြစ် သားတော်ထံ အပ်နှံပါတယ်၊ ဒီအရပ် ဒီဒေသ၊ ဒီနေရာမှာပဲ မင်း မြှောက်တန်ဆာငါးပါးနဲ့တကွ အဘိသေကကို ခံယူ၊ ရံရွှေအပေါင်းခြံရံလို့ ပြည် တော်ပြန်ဝင်ပြီး ထီးနန်းစည်းစိမ်ကို စိုးစံပါလို့ ခမည်းတော် တိုက်တွန်းပါတယ်'

အားလုံး၏အကြည့်များသည် ဘုရားလောင်းထံသို့သာ စုရုံးရောက် ရှိနေကြလေသည်။ ဘုရားလောင်းကား မျက်လွှာအစုံကို ချလျက်ပင် မလှုပ် မရှားရှိနေ၏။

မင်းကြီးသည် သက်ပြင်းကို တစ်ချက် ရှူရှိုက်လျက် ဆက်လက် ပြောဆိုပြန်သည်။

'သားတော်၊ သားတော်ဟာ အခု ပထမအရွယ်သာ ရှိပါသေးတယ်၊ ဒီအရွယ်နဲ့ လိုက်လျောမှုဟာ ကာမဂုဏ်စည်းစိမ်သာ ဖြစ်ပါတယ်၊ ငြီးငွေ့ လောက်တဲ့ အရွယ်ရောက်တဲ့အခါမှသာ ရဟန်းပြုလိုလည်း ပြုလို့ရပါတယ်၊ အခုတော့ အရွယ်နဲ့မတန်သေး၊ မမျှသေးပါဘူး၊ ပြည်တော်ပြန်ပြီး မင်းပြုတဲ့ အခါ သားတော်ရဲ့ ဘုန်းကံကြောင့် ထီးဖြူဆောင်းချင်း မင်းတစ်ပါးတို့က ခန့်ညားလေးမြတ်စွာနဲ့ သားတော်ထံကို သမီးကညာများ ဆက်သကြလိမ့်



www.burmeseclassic.com

www.burmeseclassic.com



[illegible]အရွယ်မှာနေလို့ ဘယ်လိုများ ထူးခြားမှာလဲသားတော်၊ ငယ်စဉ် [illegible]ခံအပြီးမှ ရဟန်းပြုဆိုရင် မအပ်ဘူးလို့ မဆိုနိုင်ပါဘူး၊ ဒါကြောင့် အရွယ်ရှိတုန်းမှာ ပြည်တော်ပြန်၊ မင်းပြု၊ ထီးနန်းစိုးစံပါဦး၊ သားဟာ အခု အမိနို့ရည် ဝင်ရုံမျှသာ အရွယ် အသက်ရှိပါသေးတယ်၊ နုနုထွားထွားနဲ့ အားကောင်းမောင်းသန်အရွယ်ပဲ ရှိပါသေးတယ် သားတော်'

ဘုရားလောင်းသည် ခမည်းတော်မင်းကြီးအား တရားပြ ဆုံးမစကားဆို၍ အကြောင်းအခွင့်ကို ဆင်ခြင်လျက်နေစဉ်မှာပင် ခမည်းတော် လျှောက်သော စကားလုံးများထဲ၌ စကားစတွင်ပြီး ရှိနေသည်ကိုတွေ့ရသဖြင့် မဆိုင်းမတွပင် တရားပြတော်မူလေ၏။

'ခမည်းတော် ငယ်ရွယ်နုပျိုနေချိန်မှာပင် အကျင့်မြတ် ကျင့်လေ့ရှိသူကို ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းကြလေတယ်။ ကာမဂုဏ်စိတ်ရဲ့အလိုကို မလိုက်နိုင်တော့တဲ့ အရွယ်ကျကာမှ အကျင့်မြတ် ကျင့်သူတို့ထက် ငယ်ချိန်ကာလ ကျင့်ကြံသူတို့က အဆအရာအထောင်အားဖြင့် ပိုမိုချီးမွမ်းကြတယ်။ စည်းစိမ်ကို ရှောင်ကြဉ်ပြီး ငယ်နုချိန်မှာ ရဟန်းပြုခြင်းဟာ မြတ်တယ်။ ဒါကြောင့် ကျွန်ုပ်သည်လည်း လက်ဝယ်ရောက်ပြီးသော စည်းစိမ်ကို ပယ်ရှားပြီး မြတ်သောအကျင့်ကို ကျင့်မှာဖြစ်ပါတယ်'

အလောင်းတော်၏စကားမှာ ရှင်းလင်းပြတ်သားလှ၍ ခမည်းတော်မင်းကြီးမှာ အံ့သြရင်း ငေးငိုင်သွားလေသည်။ မယ်တော်ကြီးသည်လည်း သား၏မျက်နှာကိုသာ စေ့စေ့ရှုရင်း တိတ်ဆိတ်နေ၏။

'ခမည်းတော် မယ်တော်တို့ သင့်တင့်စွာ နလုံးသွင်းလိုနာကြပါ။ အရွယ်ကောင်းတဲ့ ယောကျ်ားပျိုတွေ၊ အဆင်းလှပနုပျိုတဲ့ မိန်းမပျိုတွေဟာ အိမ်ထောင်ရက်သားမကျခင်၊ သားမြေးများမရခင်မှာ၊ အဆင်းရဲပျက်စီးခြင်း၊ အိုမင်းခြင်း၊ သေဆုံးခြင်း စသည်တို့ မဖြစ်နိုင်ဘူး။ မကျရောက်နိုင်ဘူးဆိုရင်တော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ရဟန်းမပြုသင့်လို့ ဆိုကောင်းဆိုနိုင်ပါလိမ့်မယ်၊ ဒီလိုမဟုတ်ပါဘူး။ သတ္တဝါတို့မှာ ပဋိသန္ဓေကပင် ပျက်စီးရတဲ့သတ္တဝါ၊ ဖွားစကပင် ပျက်စီးရတဲ့သတ္တဝါ၊ အရွယ်ရောက်စကပင် ပျက်စီးရတဲ့သတ္တဝါ စသည်ဖြင့် အခါအရွယ် ငယ်သည်ကြီးသည်၊ နုသည်ရင့်သည်ကို ငဲ့လင့် တွယ်တာခြင်းမရှိ၊ ဗျာဓိ၊ ဇရာ၊ မရဏ မပြတ်နှိပ်စက်တဲ့အတွက် ငါ့အသက်ပဲ ငါ့ကိုယ်ပဲလို့ ပြောစရာ ကောင်းရာတစ်ခုမှ မထင်ပါဘဲ၊ အသက်ကို မီဘ ပိုင်သလို၊ ဘာကြောင့် ယခုနန်းစံပါ၊ အိုမှ ရဟန်းပြုပါလို့ ဆိုရပါသလဲ ခမည်းတော်'

မင်းကြီး၌ အဖြေစကားမရှိချေ။

'နားဆင်ပါဦး ခမည်းတော် မယ်တော်တို့၊ တရွေ့ရွေ့ ရေခမ်းခြောက်





တဲ့အတွက် ရေနည်းလာတဲ့ အိုင်ထဲက ငါးလို သတ္တဝါအပေါင်းတို့မှာလည်း တစ်ညဉ့်ညဉ့် ကုန်ခဲ့လေတိုင်း၊ အသက်ရှင်နေထိုင်မှုရဲ့ နည်းခြင်းသို့ ရောက်မြဲ ဓမ္မတာဖြစ်ပါတယ်။ မအိုမသေမနေရပါဘဲ၊ ယခု ပျိုနုသောအရွယ် ဖြစ်တယ်ဆိုပြီး ခဏတာဖြစ်တဲ့ အရွယ်အဆင်းကို တပ်မက်ခြင်းကြောင့် ဘာများ အကျိုးရှိနိုင်ပါသလဲ။ လောကကို မပြတ်နှိပ်စက်၊ မပြတ်ခြံရံပါလျက် အချည်းနှီးမဟုတ်ပဲ လွန်တတ်ပါလျက် မင်းအသိစိတ်ကို ကျွန်ုပ် ဘယ်လို လုပ်ပြုနိုင်မှာလဲ။ မြတ်သောအကျင့် ကျင့်ရခြင်းသည်သာ အကျိုးရှိပါတယ်'

ခမည်းတော်မင်းကြီးကား သားတော်တရားဓမ္မတို့၌ ပျော်ဝင်စ ပြုခဲ့ပေပြီ။ သို့သော် ပို၍ ကျယ်ပြန့်ရှင်းလင်း အသိလိုသေးသည်ဖြစ်၍

'ချစ်သား လောကကို မပြတ်နှိပ်စက်တတ်တဲ့ ရန်သူဆိုတာ ဘာပါလဲ၊ လောကကို မပြတ်ခြံရံတဲ့ ရန်သူဆိုတာ ဘာပါလဲ။ အချည်းမဟုတ်ဘဲ၊ လွန်သွားတတ်တယ်ဆိုတာ ဘာပါလဲ။ ပိုပြီး သိသာထင်ရှားအောင် ချစ်သား ပြပါဦး'

ဟု တောင်းဆိုလေသည်။

ဘုရားလောင်းသည်လည်း မင်းကြီး၏အမေးကို ကောင်းစွာ ရှင်းလင်းဖြေဆိုလေသည်။

'ခမည်းတော် လောကကို မပြတ်နှိပ်စက်သူဟာ သေခြင်းဖြစ်တယ်၊ လောကကို မပြတ်ခြံရံသူက အိုခြင်းဖြစ်တယ်၊ အချည်းနှီး အဟုတ်သူလည်း လွန်သွားတတ်တယ်ဆိုတာက ညဉ့်ဖြစ်တယ်၊ ဥပမာဆိုရရင် သတ္တဝါတို့ရဲ့ အသက်က ယက်ကန်းချည်နဲ့တူတယ်၊ ညဉ့်များကတော့ ချည်ချောင်းအစဉ် ယက်တာနဲ့တူတယ်၊ ယက်ဖန်များတဲ့အတွက် ယက်ကန်းစာကုန်တာကတော့ ညဉ့်တွေ ညဉ့်တွေ ကုန်ဖန်များလို့ အသက်ကုန်ခြင်းနဲ့တူတယ်။

'နောက်ဥပမာ ဆောင်ပါဦးမယ်၊ ခမည်းတော် သတ္တဝါတို့ရဲ့ ကိုယ်ကာယဟာ မြစ်ကမ်းထိပ်မှာ ပေါက်တဲ့ သစ်ပင်နဲ့တူတယ်၊ အိုခြင်း၊ သေခြင်းကတော့ သည်သစ်ပင်ကို တစ်နေ့မပြတ် ပြင်းစွာတိုက်ဝှေ့တိုးဆောင့်တဲ့ ရေနဲ့တူတယ်၊ အဲဒီရေအလျင်ဟာ အချည်းနှီးမဟုတ်ဘဲ ကမ်းကို တရွေ့ရွေ့ ပြိုစေ၊ ပြုန်းစေသလို သတ္တဝါတို့ရဲ့ အရွယ်ဟာလည်း ကြီးမြင့်လာရတယ်၊ အစဉ်တွေ ပျက်လာရတယ်၊ အားကို ယုတ်စေတယ်၊ ဒါတွေကတော့ ကုန်လွန်သွားကြတဲ့ ညဉ့်တွေနဲ့ အလားတူတယ်၊ ဒါကြောင့် မင်းစည်းစိမ် ပြည်စည်းစိမ်နဲ့နေလို့ ကျွန်ုပ်မှာ အကျိုးမရှိဘူး၊ ဇရာမရဏ စတဲ့ ဝဋ်တရားတို့ရဲ့ နှိပ်စက်ခြင်းကို ခံရပေမယ့် မြတ်သောတရား အကျင့်ကျင့်လို့ နေရခြင်းသည်သာ မြတ်လှပေတယ်'



www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော် ကာသိကရာဇ်မင်းကြီးကား သံဝေဂဉာဏ်တို့၌ နုံနဲ့သူ စင်စစ်မဟုတ်ချေ။ သား၏ ထိုတရားစကားများကို နာကြားရသည်မှာပင် ကာမဂုဏ်၌ စက်ဆုပ်ငြီးငွေ့ခြင်းသည် ဖြစ်ပေါ်ခဲ့ပေပြီ။ ထို့ကြောင့် ရဟန်းပြုလိုသော နှလုံးဆန္ဒရှိသည်နှင့်အညီ နောက်ထပ် လျှောက်ထားပြန်၏။

'သားတော် သံသရာစီးပွားအလို့ငှာ၊ သားတော် ဟောကြားပေးတဲ့အတွက် အခုအခါ ခမည်းတော်မှာ ကောင်းသောသမာဓိကို ရခဲ့ပါပြီ။ အရွယ်ဖောက်ပြန်ခြင်း စတဲ့ အခြင်းအရာကိုပဲ နှလုံးထင်ရှား သက်ဝင်လာခဲ့ပြီ၊ ခမည်းတော်ရဲ့ အရွယ်ကလည်း ကာမဂုဏ်ကို ငြီးငွေ့ချိန်ရောက်ပြီဖြစ်လို့ ခမည်းတော် အနေနဲ့ ထီးနန်းကို အလိုမရှိတော့ပါ။ ဟောဒီ တောအုပ်မှာပဲ တစ်ယောက်ထီးတည်း ရဟန်းတရားနဲ့ နေထိုင်ကုန်လွန်စေတော့မယ်။ ဒီတော့ ခမည်းတော်မှာ ဖြစ်ပေါ်လာတဲ့ အကြံက သားတော်ဟာ အရွယ်အားဖြင့်လည်း စည်းစိမ်ချမ်းသာ ခံစားနိုင်ချိန်ဖြစ်ပါတယ်။ ဝဋ်တရားတို့ရဲ့ အပြစ်များကို မြင်တဲ့ သားတော် အနေနဲ့ ပြည်စည်းစိမ်မှာ စိုးစံနေစဉ်မှာပဲ တရား ဖြည့်ကျင့်နေနိုင်မှာဖြစ်တယ်။ မင်းကျင့်တရားဆယ်ပါးနှင့်အညီ မင်းပြုရင်လည်း အကျိုးမဲ့မဖြစ်တော့ဘူး။ နောင် ကြီးရင့်လာတဲ့အရွယ်ကျမှ ရဟန်းပြုစေ ချင်တယ်။ ဒါကြောင့် အခု ခမည်းတော်အနေနဲ့ ဒီအရပ်မှာပဲ ရဟန်းပြုပြီး နေရစ်ပါ၊ သားတော်ကတော့ ဗိုလ်ထုအလုံးအရင်းနဲ့ တိုင်းပြည်ပြန်ပြီး မင်းပြုမယ်ဆိုရင် ခမည်းတော်ရဲ့ နှလုံးအလိုဆန္ဒကို ဆောင်ကြဉ်းရာလည်း ရောက်ပါတယ်။ ဒါကြောင့် ပြည်တော်ပြန်လို့ မင်းတစ်ပါးတို့ ဆက်သမှာတဲ့ မင်းသမီး တို့အလယ်မှာ တင့်တယ်စွာ ချမ်းသာစံစားပြီး အရွယ်ပြည့်စုံတဲ့အထိ နေပါဦး . . .'

ဘုရားအလောင်းသည် ဦးခေါင်းကို လေးပင်စွာ ခါယမ်းလိုက်၏။

'ခမည်းတော် ဥစ္စာစည်းစိမ်ဆိုတာ ရန်သူငါးပါးဖျက်ဆီးလို့ ပျက်ပြန်းပြီး ဥစ္စာရှင်ကို စွန့်တတ်တယ်၊ ရန်သူငါးပါး မဖျက်ဆီးလဲ မိမိဘာသာ ပွားဆဲဖြစ်ဆဲရှိတယ်ဆိုစေဦး၊ ဥစ္စာရှင် သေတဲ့အခါမှာ စွန့်ရတာပဲဖြစ်တယ်။ ပြည်စည်းစိမ်ဆိုတာလည်း ဒီသဘောသာဖြစ်တယ်။ ဒီလိုပြည်စည်းစိမ်နဲ့ ဘာကြောင့် ခမည်းတော် ဖိတ်မန်ရပြန်တာပါလဲ။ သမီးကညာ မောင်းမအလုပ်အကျွေးဆိုတာတွေဟာလည်း ဒီသဘောအတိုင်း စွန့်အပ် စွန့်တတ်တဲ့ အခြင်းအရာအားဖြင့် ကုန်ခြင်း၊ ကင်းခြင်း သဘောသာ ရှိပေတယ်။ ဘာကြောင့် သမီးကညာများနဲ့ ဖိတ်မန်ရပြန်တာပါလဲ။ နောက်တစ်ခါ အရွယ်အဆင်းဆိုတာကလည်း ယမန်နေ့က အရွယ်အဆင်းကို ယနေ့အရွယ်အဆင်းက မမှီနိုင်အောင် အိုခြင်း၊ ရင့်ခြင်းများနဲ့ နှိပ်စက်အပ်သည် စင်စစ်ဖြစ်လျက် ဘာကြောင့် ခမည်းတော်က အရွယ်အဆင်းရယ်ကို ချီးမွမ်းနေရတာပါလဲ၊ နှစ်





သက်ခြင်း၊ တပ်မက်ခြင်း၊ မြင်ဖူးတွေ့ဖူး၊ ကြားဖူးတဲ့ အရာတွေအပေါ်မှာ ခွဲလန်းခြင်း စတဲ့ ဆန္ဒရာဂ၊ ကာမရာဂ၊ သက်ပ္ပရာဂတွေ ကိုယ်စိတ်[illegible]ခြင်းတွေ ကာမဂုဏ်ငါးပါး မွေ့လျော်ခြင်းတွေ စတဲ့ ညွှန်ချောင်းကြောကွင်းများဆီက ရှင်းရှင်းဝေးဝေး ဆေးကြောရှန်းထွက်ပြီး ကုန်းထတ်သန့်ပြန့်ရာ ချောင်သူလို ကျွန်ုပ်ဟာ မငြိ၊ မစွန်း၊ မသမ်း၊ မကြေ၊ ဝေးစွာ ကွာစေအောင်ပြီး ဖြစ်တယ်

'ခမည်းတော်မင်းကြီးဖြစ်တတ်သော တရားမှန်သမျှ ချက်ခြင်းသာလျှင် အဆုံးရှိတယ်ဆိုတာကို အဖန်တလဲလဲ ကျွန်ုပ် အောက်မေ့ပါတယ်၊ မေ့လျော့ခြင်းဆိုတာ ကျွန်ုပ်မှာ ဘယ်အခါမှမရှိပါဘူး၊ မရဏာနုဿတိကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင် နှလုံးသွင်းတဲ့ ကျွန်ုပ်မှာ ကာမဂုဏ် မွေ့လျော်ခြင်း၊ ဥစ္စာပစ္စည်း ဆည်းပူးခြင်းများကို ဘယ်မှာ ပြုတော့မည်လဲ

'ခမည်းတော်မင်းကြီး မှည့်ခြင်းဖြင့် နှိပ်စက်တဲ့ မင်းသမီးဟာ အညာကနေ ကြွေကျပျက်စီးရသလို၊ ပဋိသန္ဓေနေခြင်းရှိကုန်တဲ့ သတ္တဝါအပေါင်းတို့ဟာလည်း ရုပ်နာမ်တို့ရဲ့ ရင့်ခြင်း၊ အိုခြင်း၊ မပြတ်နှိပ်စက်သော ဘေးရန်တို့ ယှဉ်ပြေးခြင်းများကြောင့် သတ္တဝါတို့မှာ နေ့မြင်ညပျောက်၊ ညမြင် နေ့ပျောက် ဖြစ်ကြရတယ်။

'ဒါကြောင့် အပါယ်၊ ကပ်၊ ဥပါဒ်ရန် အသွယ်သွယ်က လွတ်ကြောင်း အိုခြင်း၊ သေခြင်းတို့မှ လွတ်ကြောင်းဖြစ်တဲ့ ကောင်းမှုဒါန သီလ ဘာဝနာ စသည်များကို ပြုလိုတဲ့ နှလုံးရှိသူဟာ အဲဒီ နှလုံးဝင်စား ကြံတွေးမိတဲ့ခဏမှာပဲ ကုသိုလ်ပြီးမြောက်စေကြောင်း၊ ကောင်းစွာ လုံ့လ ပြုအပ်လှတယ်။ ယနေ့ မကောင်း၊ နက်ဖြန်ကောင်းဆိုပြီး ဖင့်နွှဲ့ပြောင်းရွှေ့၊ ကာလမရွေ့ မကုန်စေသင့်ဘူး။ ဒီလို ဘေးကိုမြင်ပြီးတဲ့ ကျွန်ုပ်ကို ဘာကြောင့် ဒီအရွယ်က စည်းစိမ်စံချိန်၊ ဒီအရွယ်က ရဟန်းပြုချိန်လို့ ဆိုရပါသလဲ၊ အညာက လွယ်သော သစ်သီးလို ကျွန်ုပ်မှာ တစ်ဖန်ပြန်ဆက် ဝင်ငြိတွယ်ခြင်းသဘောကနေ ရှင်းပြတ်ကင်းကွာခဲ့ပြီ။

'ဒါကြောင့် ဘယ်လိုမှ မတောင်းပန်ပါနဲ့တော့ ခမည်းတော်။ ခမည်းတော်သာ ငြီးငွေ့အမှန် သံဝေဂရပြီဆိုရင် အခုပင် လာလှည့်ပါ။ ကျွန်ုပ်ကဲ့သို့ ရဟန်းပြု ဘာဝနာနဲ့ ကာလကို လွန်ပါစေ . . .'

သားတော်၏ တရားမဏ္ဍ ဩဝါဒတို့၌ အစဉ်သဖြင့် ပျောင်းအိ နူးညံ့လာခဲ့သော ခမည်းတော်ကြီး၏ နှလုံးသည် သဒ္ဓါတရား၌ လုံးဝပျော်ဝင်သွားပြီဖြစ်သည်။ ထို့ကြောင့်

'သားတော်၊ ခမည်းတော်ကို ခွင့်လွှတ်ပါတော့၊ အခုလို တောင်းဆိုတောင်းပန်နေခဲ့တာဟာ ဝဋ်ဆင်းရဲအပြစ်ကို မမြင်လို့မဟုတ်ပါဘူး၊ မြတ်သော



www.burmeseclassic.com

www.burmeseclassic.com



မင်းစည်းစိမ်ကြီးလည်း ဖြစ်၊ အမွေခံသား စင်စစ်လည်း ဖြစ်ပေတာမို့၊ မြက်သစ်ရွက်နှယ် ဆင်ခြင်မဲ့ မကြုံသာသေးလို့သာ ပြောရတာဖြစ်ပါတယ်။ အခုတော့ သားတော်ရဲ့ တရားစကားများကို ကြားနာရလို့ အဲဒီပြည်စည်းစိမ်ကို ခမည်းတော်ရဲ့နှလုံးမှာ မြက်သစ်ရွက်လောက်မျှ အလေးမထားတော့ပါ။ ရဟန်းအဖြစ်မှာပဲ ကိုးကွယ်လဲလျောင်းရာအဖြစ် ဆုံးဖြတ်ပြီးပြီမို့ သားတော်ကပဲ ရဟန်းအသွင်၊ ရဟန်းတရားကို ပေးပါတော့'

ဟု လျှောက်၏။ မယ်တော် စန္ဒာဒေဝီမိဖုရားကြီးကလည်း

'သားတော် မယ်တော်ကိုလဲ ရဟန်းပြုပေးပါတော့၊ တိုင်းပြည်ကို မပြန်ချင်တော့ပါ'

ဟု ဆိုလေသည်။

ဤတွင် ကိုယ်လုပ် နန်းတော်သူအပေါင်းတို့သည် လည်းကောင်း၊ ဘုရားလောင်း၏ ဖွားဘက်၊ ရွှေတော်၊ အမတ်သားငါးရာတို့သည် လည်းကောင်း၊ ဆင်သင်းမြင်းစို့ စသော ဆယ့်ရှစ်ခေါဘဏီ ဗိုလ်ခြေပရိသတ်အပေါင်းသည်လည်းကောင်း၊ အယူတစ်ညီတည်းဖြစ်ကြလျက်၊ 'အရှင်သုံးပါးနဲ့ ငါတို့လဲ မခွဲပြီ။ ရဟန်းတရားနဲ့ပဲ ဟောဒီတောအရပ်မှာ ကုန်လွန်စေကြစို့'ဟု ကြံစည်ကြလေသည်။

ဤသို့သောအခြေတွင် ကာကိသရာဇ်မင်းကြီးသည် မြို့စိုးမြို့ဝန်ကို ခေါ်ယူလိုက်ပြီးနောက် အမိန့်တော်မှတ်စေ၏။

'မြို့စိုးမြို့ဝန် ယခုပဲ ဗာရာဏသီနေပြည်တော်ကို ပြန်သွား။ ကျန်ပ်ရဲ့အမိန့်တော်ကို စည်လှည့်ပြီး အမိန့်ပြန်စေ။ ပြန်ရမယ့်အမိန့်တော်က နေပြည်တော်သူ၊ နေပြည်တော်သားအပေါင်းတို့ ကာသိကရာဇ်မင်းကြီးဟာ ယခု အခါ သားတော်တေမိမင်းအထံမှာ ရဟန်းတရားနဲ့ နေထိုင်ပြီဖြစ်တဲ့အတွက် တရားအမြိုက်ရည် သောက်သုံးရသူအဖြစ်၊ ပြည်ကြီးစည်းစိမ်၊ မင်းစည်းစိမ်ကို ခံတွင်းမှလွှတ်သော တံတွေးပေါက်လို မှတ်တော်မူပြီး ဘယ်ပြည်သူပြည်သားအပေါင်းတို့လည်း ငါကဲ့သို့ ရဟန်းတရား အမြိုက်ရည်ကို သောက်သုံးလိုကြလျှင် အိမ်ထောင်ပစ္စည်းကို လွှတ်လွှတ်စွန့်ပြီး ငါ့သားတော်ထံ ရဟန်း ပြုလာကြစေလို့ စည်လည်အမိန့်တော်ပြန်ရမယ်'

BURMESE CLASSIC .com

# ၁၆

မြို့စိုးအမတ်လည်း ဘုရင့်အမိန့်တော်အတိုင်း စည်လှည့်လေသည်။

ထိုအခါ ဗာရာဏသီပြည်သူပြည်သားအပေါင်းတို့သည် လွန်စွာသော နှစ်သက်ဝမ်းမြောက်ခြင်းဖြင့် စိတ်အကြံ တစ်ညီတစ်ညွတ်တည်း ဖြစ်ကြပြန်လေသည်။ ဗာရာဏသီ နန်းတွင်း၊ နန်းပြင် အရပ်ရပ်ရှိ ပြည်တံခါး၊ နန်းတံခါး၊ ရွှေတိုက် ငွေတိုက် အစရှိသော အလုံးစုံတံခါးတို့သည် အပိတ်အဆို့မရှိ။ ပကတိ ဟင်းလင်းပွင့်ကြပြီဖြစ်၏။ သိသာမြင်သာ အလိုရှိသူ ယူလွယ်ရလွယ်အောင် ဖွင့်ထားကြ၏။

မြေအောက်တွင် မြှုပ်ထားသော ရွှေအိုးတို့ကိုလည်း အလိုရှိသူ ထုတ်ဖော်လွယ်ကူခြင်းငှာ ဤအရပ်၌ ဤမည်သော ဥစ္စာရှိသည်ဟု ကမ္ပည်းစာများ ရေးထိုးကြ၏။

ထိုသို့ အလုံးစုံသော စည်းစိမ်ဥစ္စာတို့ကို ကပ်ငြိခြင်း အလျှင်းကင်းလေသောနှလုံးဖြင့် ဗာရာဏသီသားတို့သည် အိမ်ထောင်ပစ္စည်းမှန်သမျှကို စွန့်ပစ်ခဲ့ကာ မင်းကြီးရှိရာသို့ ပြိုင်ပြိုင်ထွက်လာကြလေသည်။

ကာသိကရာဇ်တိုင်းကြီး ရှင်ဘုရင်မင်းမြတ်သော်မှပင် ပြည့်စည်းစိမ်ကို စွန့်နိုင် စွန့်ရယ်သေးလျှင် မိမိတို့နှယ်သော တိုင်းသားပြည်သူတို့ကား



www.burmeseclassic.com

www.burmeseclassic.com



ရှိစည်းစိမ်ဥစ္စာကို အဘယ်မှာလျှင် တွယ်တာကပ်ငြိရှိအပ်နိုင်မည် နည်းဟူသော အတွေးဖြင့်လည်းကောင်း၊ တေမိယကုမာရသည် ဥပရာဇာ ဖြစ်လျက်၊ မင်းအဖြစ်ကို ခံယူမည့်သူဖြစ်လျက်ပင် မင်းစည်းစိမ်ကို လွယ်လွယ်စွန့်ကာ၊ ရသေ့ရဟန်းပြုခဲ့ခြင်း၊ ထိုရဟန်းမြတ်ထံတွင် ရဟန်းပြုလျက် တရားမမှုကို နာကြားကာ ရဟန်းတရားအားထုတ်ခြင်းတို့သည် လွန်စွာ အဖိုး အနဂ္ဃ ထိုက်ပါပေသည်ဟူသော အတွေးဖြင့်လည်းကောင်း ဗာရာဏသီပြည်သူပြည်သားတို့သည် ထိုသို့ တစ်ခဲနက် ဆုံးဖြတ်ဆောင်ရွက်ကြခြင်း ဖြစ်လေသည်။

သို့သော် အများပြည်သူတို့နှင့် ကွဲပြားခြားနားစွာ တောအရပ်သို့ မလိုက်မပါ။ စည်းစိမ်အိုးအိမ်ကို မစွန့်ဘဲ ဗာရာဏသီ၌ နေရစ်ခဲ့ကြသောသူများလည်း ရှိ၏။ ထိုသူတို့ကား ရဟန်းပြုရန်ကို တစ်ဆိတ်စာမျှ မတွေးနိုင်ကြသော သေသောက်ကြူးတို့ပင် ဖြစ်ကြလေသည်။ ကျန်ရစ်ခဲ့သော ထိုသေသောက်ကြူးတို့မှာ အရေအတွက် အလွန်ပင် နည်းပါးလှသည်ဖြစ်သောကြောင့် မြို့တော်သည် လူမရှိဟုပင် ဆိုရမည်ဖြစ်၏။ ထို့ကြောင့် ဆိတ်ငြိမ်သုဉ်ဖျင်းခြင်းသို့ ရောက်၏။ တိတ်ဆိတ်ခြောက်သွေ့ အသက်ကင်းမဲ့ခြင်းသို့ ရောက်၏။

*

ပြည်သူပြည်သားအပေါင်းကား မင်းကြီးထံ ရောက်ရှိကြပြီးနောက် မင်းမိဖုရား၊ ဗိုလ်ပါမှူးမတ်၊ ပရိသတ်အပေါင်းတို့သည် ဘုရားလောင်းထံတွင် တစ်ညီတညွတ်တည်း ရသေ့ရဟန်းပြု အဆုံးအမတရားကို နာယူကြလေသည်။

ဘုရားလောင်းရှင်ရသေ့လည်း ခမည်းတော် မယ်တော်နှင့် ဖွားဖက်တော်သားအမတ် သားငါးရာ၊ သုနန္ဒာရထားမှူးမှ အစပြု၍ အလုံးစုံသော မှူးမတ်မင်းပရိသတ်၊ ပြည်သူပရိသတ်တို့အား ရသေ့ယောကျ်ား၊ ရသေ့မိန်းမ အသွင် ယူစေ၏။ ပရဝုဏ်အကျယ်ကိုလည်း သုံးယူဇနာ သတ်မှတ်၍ ရသေ့ပြုကြသူများအား နေရာချထားပုံကား ခိုင်မာရဲရင့်သော ရသေ့ ယောကျ်ားတို့ကို ပရဝုဏ်ပတ်လည်ဝန်းကျင်တွင် လှဲရာ လှဲရာ ကျောင်းသခ်မ်း ဆောက်လုပ်နေစေ၏။

ထိုမှ အတွင်းဘက်၌ အိုသူ၊ နာမကျန်းသူ၊ မစွမ်းသန်သူ၊ ကြောက်လန့်တတ်သူ၊ ရသေ့ယောကျ်ားတို့ကို နေရာယူစေ၏။ ထိုမှ အတွင်းဘက်၌မူ မိန်းမအပေါင်းတို့ကို နို့စို့သားငယ်၊ မီးငယ်တို့နှင့်တကွ အသီးသီး သခ်မ်း



BURMESE CLASSIC .com



ဆောက်လုပ်နေထိုင်စေ၏။ ထိုမှအတွင်း ဘုရားလောင်း၏ ကျောင်းသခ်မ်းအနီး၌ မယ်တော်ခမည်းတော်တို့ကို သီးခြားစီသော ကျောင်းရာတို့ဖြင့် နေစေ၏။ ဤသို့ဖြင့် သုံးယူဇနာအကျယ်ရှိလေသော ကျောင်းရပ်အပြင်၌ ရသေ့တို့၏ ကျောင်းသခ်မ်းတို့ဖြင့် စပ်ယှဉ်ကာ အပြည့်အသိပ်ရှိလေသည်။

အလုံးစုံသော ရသေ့အပေါင်းတို့သည် သစ်သီး၊ သစ်ဖု၊ သစ်ဥများကို အစာအလို့ငှာ ရှာဖွေရာတွင် ဘုရားလောင်း၏ အဆုံးအမအရ၊ တံချူဖြင့် ဆွတ်ချူခြင်း၊ တူရွင်းဖြင့် တူးဖော်ခြင်း၊ ခြင်းတောင်းဖြင့် ခူးဆွတ်ခြင်း စသည်တို့ကို မပြုရဘဲ၊ သစ်ပင်ထက်မှ အလိုအလျောက်ကြွေကာ အသီးတို့ကိုသာ ကောက်ယူသုံးဆောင်ခြင်း ပြုကြရ၏။ ဤသည်မှာလည်း ဘုရားလောင်း၏ ကျင့်ကြံအားထုတ်မှုကို တစ်ညီတညွတ်တည်း နာယူကျင့်သုံးကြခြင်းပင် ဖြစ်လေသည်။

ဘုရားလောင်းရှင်ရသေ့သည် တပည့်ရသေ့တို့အား ဂရုတစိုက် ဆုံးမ ပဲ့ပြင်ရာ၌ ကြောင့်ကြမှု မပြုမူပဲ အခါခပ်သိမ်းလျှင် ပရစိတ္တဝိဇာနန အသိဉာဏ်ဖြင့် ရသေ့အပေါင်းတို့၏ စိတ်အနေအထားကို မျက်မှောက်ပြု စောင့်ကြပ်ပေးခဲ့၏။ ဤသို့ဖြင့် ကာမဝိတက်ကို ကြံသော ရသေ့များ၊ ဝိဟိံသာဝိတက်ကို ကြံသောရသေ့များ၊ ဗျာပါဒဝိတက်ကို ကြံသော ရသေ့များ၏ စိတ်အစဉ်တို့ သိရှိနေတော်မူလျက် ထိုအကြံတို့ကို သိလျှင်သိချင်းပင် အသိဉာဏ်မှထွက်၍ ဣဒ္ဓိဝိဓအသိဉာဏ်ဖြင့် အကြံဆိုးပေါ်သော ရသေ့ထံ ကောင်းကင်ခရီးဖြင့် ပျံသွားပြီးနောက် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ ခွေကာ၊ ပုဂ္ဂိုလ် အလိုက် တရားဟော သတိပေးဆုံးမတော်မူရလေသည်။

ထိုအခါ ရသေ့တို့လည်း ဝိတက်အကြံများမှ လွတ်မြောက်၍ သမာဓိကို ရကြကာ ဘုရားလောင်းပေးအပ်သော ကမ္မဋ္ဌာန်းအာရုံဖြင့် အားထုတ်လျက် မကြာမီပင် သမာပတ်ရှစ်ပါး၊ အသိညာဉ်ငါးပါးတို့ကို ရရှိသူများ ဖြစ်ကြလေသည်။

*

ဤသို့လျှင် ဗာရာဏသီပြည်သူပြည်သားအားလုံး ရသေ့ရဟန်းပြု၍ ဈာနအသိညာဉ်ကို ရကြပြီးသည့်နောက်တွင်ကား ကာသိကရာဇ်တိုင်း၌ ထူးခြားသောဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့၏။ ယင်းကား အခြားမဟုတ် ကာသိကရာဇ်တိုင်းနှင့် နယ်စပ်ထိစပ်နေသော သမန္တရာဇ်မင်းသည် ဗာရာဏသီကို သိမ်းယူရန် အလုံးအရင်းဖြင့် ချီတက်လာခြင်းပင်ဖြစ်၏။ ဗာရာဏသီပြည်၌



www.burmeseclassic.com

www.burmeseclassic.com



ကာသိကရာဇ်မင်းကြီးသည် မိဖုရားကြီးနှင့်တကွ ပြည်ကို စွန့်၍ တောထွက်သွားပြီ၊ တစ်ပြည်လုံးလည်း တောအရပ်တွင် ရဟန်းပြုကြပြီ ဟု ကြားသိရ၍ ဗာရာဏသီကို သိမ်းပိုက်ရန် သမန္တရာဇ်မင်း ချီလာခြင်း ဖြစ်သည်။

သမန္တရာဇ်မင်း၏ ဆင်မြင်းရထား ဗိုလ်ခြေအလုံးအရင်းတို့ ဗာရာဏသီမြို့တွင်းဝင်မိသောအခါ မြို့ရိုး၊ တံခါး၊ နန်းပြဿဒ်၊ ပြအိုး၊ ဝန်ဆောင်းစသည်ဖြင့် တင့်တယ်လှသော မြို့၏ အင်္ဂါကျက်သရေကို သမန္တရာဇ်မင်း တွေ့လိုက်ရသဖြင့် များစွာပင် အားရွှင်လန်းလာ၏။

ထို့ပြင် နန်းတော်တွင်းဝင်သောခါ၌လည်း ရွှေတိုက်၊ ရွှေပြဒ္ဒန်း နန်းရင်ပြင်၊ ခန်းမဆောင်တို့၌ အစုလိုက် အပုံလိုက်သော ရတနာခုနစ်ပါး တို့ကိုလည်းကောင်း၊ မင်းအသုံးအဆောင် ဘဏ္ဍာတို့ကိုလည်းကောင်း အနှံ့အပြံ့ ပေါ်များလှစွာ တွေ့ရပြန်၏။ ထိုပစ္စည်း ဘဏ္ဍာတို့ကား ထိန်းသိမ်းမည့်သူလည်းမရှိ၊ သုံးစွဲမည့်သူလည်း မရှိဖြစ်လေရကား ရတနာတို့၏ တန်ဖိုးပင် သိမ်ငယ်သယောင်ဖြစ်နေလေသည်။ ထူးခြားသော ထိုအခြေအနေကို ကြည့်၍ သမန္တရာဇ်မင်း၌ အတွေးတစ်ခု ဝင်သွား၏။

'ဒီလို စည်းစိမ်ဥစ္စာ ဘဏ္ဍာတွေကို စွန့်ပစ်ပြီး၊ တောထွက်ရသေ့ရဟန်းပြုတယ်ဆိုတော့ ဒီစည်းစိမ်ဥစ္စာ ဘဏ္ဍာတွေကို အကြောင်းပြုပြီး ဘေးဥပါဒ်များ ဖြစ်ပေါ်ဖို့ရှိနေလို့လား၊ ဘေးအန္တရာယ် တစ်စုံတစ်ရာ မရှိဘဲနဲ့တော့ ကာသိကရာဇ်မင်းဟာ ဒီလိုစည်းစိမ်တွေကို မစွန့်နိုင်ရာဘူး'

သမန္တရာဇ်မင်းသည် ဤသို့ တွေးမိပြီးနောက် မြို့တွင်း ရှင်၊ လူသူ တစ်ယောက်တလေမျှ မရှိတော့ပြီလားဟူ၍ လှည့်လည်စုံစမ်းစေပြန်၏။ ထိုအခါ တောအရပ်သို့ လိုက်ပါရဟန်းပြုရန် အလိုမရှိဘဲ မြို့တွင်း၌သာ သေရည်အိုးတို့ဖြင့် မေ့လျော့ကျန်ရစ်ခဲ့သော သေသောက်ကြူးတို့ကို တွေ့ရလေသည်။

ထိုသူတို့အား သမန္တရာဇ်မင်းက ရှေ့တော်သွင်းစေကာ မေးလိုက်၏။

'မင်းတို့မင်းကြီး ဘာဖြစ်လို့ တောအရပ်ထွက်သွားတာလဲ၊ ဒီပြည်မှာ ဘယ်လိုဘေးဥပါဒ်ကျသလဲ၊ ခိုးသူတို့ ဖျက်ဆီးလို့လား'

သေသောက်ကြူးသမားတို့က ပြန်ဖြေကြ၏။

'ကျွန်ုပ်တို့ဘုရင်မင်းမြတ်မှာ ဘယ်လိုဘေးရန်မှ မရှိပါဘူး'

'ဒါဖြင့်ရင် ဘာကြောင့် မောင်မင်းတို့မင်းကြီးက မြို့နန်းကို စွန့်ခွာပြီး ထွက်သွားရတာလဲ'

'ဒီလိုပါ ကျွန်ုပ်တို့ရဲ့ မင်းကြီးဟာ တေမိယကုမာရဆိုတဲ့ သားတော်တစ်ပါး ဖွားမြင်ခဲ့တယ်၊ ဒီသားတော်လေးဟာ'





သေသောက်ကြူးများက ဖြစ်ကြောင်းကုန်စင်ကို အစအဆုံး ပြောပြကြ၏။

'. . . နောက်ဆုံးတော့ အရှင်မင်းကြီး အခုမြင်တွေ့ရတဲ့အတိုင်း၊ ကာမဂုဏ်ချမ်းသာနဲ့ ဟောဒီသေရည်ကို မစွန့်နိုင်တဲ့ ကျွန်ုပ်တို့ပဲ ကျန်ရစ်ခဲ့ကြတာပါ၊ မြို့စိုးအမတ်စကားနဲ့ပြောရရင် မင်းကြီးရဲ့စည်းစိမ်မှာ ပြင်ပ ပယောဂဘေးရန် မရှိပါဘူး။ ကာမဂုဏ်တို့ရဲ့ အပြစ်ကိုမြင်တဲ့ အတွင်းဘေးရန်ဆိုတဲ့ သံဝေဂနဲ့ ထွက်သွားကြတာပါပဲ၊ ကျွန်ုပ်တို့ကတော့ အဲဒီလို သံဝေဂမျိုးလည်း မထားနိုင်ဘူး။ ဒါကြောင့် ဟောဒီ ယစ်ရွှေရည်၊ သေအရက်နဲ့ပဲ . . .

သမန္တရာဇ်မင်းကား ဆင်ခြင်တုံတရားနည်းပါးသူ မဟုတ်ပေ။ ပညာဉာဏ်ရှိသော မင်းဖြစ်သည်နှင့်အညီ သေသောက်ကြူးတို့ထံမှ သိရသော အကြောင်းခြင်းရာတို့ကို စေ့ငုသုံးသပ်မိလေသည်။

ဤတွင် ပြည်စည်းစိမ်၏ သံသရာဘေး၊ ဝဋ်ဆင်းရဲဘေးတို့ကို ဉာဏ်၌ ထင်းထင်းမြင်လာ၏။ ထိုဘေးတို့ကိုမြင်သောကြောင့် ကာသိကရာဇ်မင်းကြီး တောထွက်သွားခြင်းကိုလည်း များစွာနှစ်သက်လာ၏။ နှစ်သက်ခြင်းနှင့် အတူပင် အားကျစိတ်များပါ ပေါ်ပေါက်လာကာ ငါလည်း ကာသိကရာဇ်မင်းနယ်ပင် ရဟန်းပြုတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။

'သေသောက်ကြူးတို့ မောင်မင်းတို့ရဲ့ အရှင် ဘယ်တံခါးနဲ့ ထွက်ခွာသွားသလဲ'

'ဗာရာဏသီပြည် အရှေ့တံခါးနဲ့ ထွက်သွားပါတယ်အရှင်မင်းကြီး'

'ကောင်းပြီ၊ ကျွန်ုပ်လဲ ဗိုလ်ခြေပရိသတ်အလုံးနဲ့၊ အရှေ့တံခါးကနေ ထွက်ခွာလိုက်ပါသွားတော့မယ်'

ကာသိကရာဇ်တိုင်း၏ ဗာရာဏသီကို သိမ်းယူရန် အကြံဖြင့် လာခဲ့သော သမန္တရာဇ်မင်းသည် မူလအကြံကို စွန့်ပစ်ကာ တောအရပ်သို့ လိုက်သွားခဲ့လေသည်။

ဘုရားလောင်း တေမိရှင်ရသေ့လည်း သမန္တရာဇ်မင်းနှင့်တကွသော ပရိသတ်တို့ကို တရားမမြှ ဟောကြားဆုံးမပြီးသည်အဆုံး၌ အားလုံးဝင် ရသေ့ရဟန်းပြုကြ၏။

ဤနည်းအတူ ခုနစ်ပြည်ထောင်မင်းတို့လည်း ဗိုလ်ခြေပရိသတ် အလုံးနှင့်တကွ ဘုရားလောင်းထံ ရောက်ရှိခိုဝင်ကာ လာကြကာ ရဟန်းပြုကြ၏။ မကြာမီပင် ထိုရသေ့ရဟန်းတို့သည် ဈာန်သမာပတ်ရကြ၍ သဗ္ဗပတိ ဖလာဟာရ ရသေ့ချည်း ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟာရာဏသီပြည်မှ အစပြု၍ ခုနစ်ပြည်ထောင်သော မင်းပရိသတ်တို့၏ အသုံးအဆောင်ဖြစ်သည့် ဆင်မြင်းစသည့် သက်ရှိဘဏ္ဍာတို့သည်လည်း အသုံးပြုမည့်လူ ကင်းမဲ့ခြင်းကြောင့် တောဆင်၊ တောမြင်း အစရှိသည်ခေါ် ဆောင်မြင်းသို့ ရောက်ခဲ့လေသည်။ လှည်း၊ ရထားစသော သဃာမဲ့ဘဏ္ဍာတို့သည်လည်း အလိုအလျောက်ပင် ဆွေးမြည့်သွားကြ၏။ သုံးဆောင် မည့်သူမရှိတော့ပြီဖြစ်သော ရွှေငွေဘဏ္ဍာတို့ကိုကား ဘုရားလောင်း၏ အစီအမံဖြင့်ပုံသကူအဖြစ် သိမ်းဆောင်ကာ ကျောင်းဇရပ်ထက်ဝန်းကျင် မြေပြင်၌ ရတနာပဲမြှုပ်၍ မြှုပ်လိုက်ကြ၏။

ရှစ်ပြည်ထောင်သော ဒေသမှ ရသေ့အပေါင်းတို့လည်း အသိဉာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့ကို အသီးသီးရကြကုန်သည်သာဖြစ်၍ ဈာန်အသိဉာဉ်မရသောသူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိချေ။

အသက် အာယု ကပ်ပတ်လုံး အသိဉာဉ် သမာပတ်၊ ဈာန်ဖြင့်ပျော်မွေ့နေထိုင်ကြသော အသက်အဆုံး၌ အလုံးစုံသော အပိန်းအသောင်းမကသော ရသေ့မတို့သည် ဗြဟ္မာပါရိသဇ္ဇာဘုံသို့ လားကြကုန်၏။ ရသေ့ယောကျ်ားတို့လည်း မိမိတို့ အားလျော်စွာ (သုဒ္ဓါဝါသမှတစ်ပါး) ဗြဟ္မာ့ပြည်တို့ ပို့လားကြ၏။

ရသေ့အပေါင်းတို့၏ ဆရာဖြစ်သော ဘုရားလောင်းတေမိယရှင်ရသေ့မြတ်သည်လည်း ဥာတတ္တစရိယ၊ လောကတ္ထစရိယတို့ကို ဖြည့်ကျင့်လျက် အသက်ထက်ဆုံး အသိဉာဉ်သမာပတ်ချမ်းသာကို ခံစားကာ အသက်အဆုံး၌ ဗြဟ္မာ့ပြည်သို့ စံတော်မူလေသည်။ အလျှင် သုံးယုဇနာရှိသော ကျောင်းအရာမ် အတွင်း၊ အပြင်၊ အနီးအစပ်တို့၌ နေထိုင်လှည့်လည်ကြသော ဆင်မြင်းကျွဲနွား စသည် တိရစ္ဆာန်တို့ပင်လျှင် ရသေ့တို့၌ ကြည်ညိုလေးမြတ်သော နှလုံးရှိကြသည့် အားလျော်စွာ ယင်းတို့၏ကံ အာနုဘော်အလျောက်နတ်ပြည်တို့တွင် နတ်သားနတ်သမီးများ ဖြစ်ကြ၏။

မြတ်စွာဘုရားရှင်သည် တေမိယကုမာရဇာတ်တော်အထူးကို ဓမ္မဒေသနာတော်မြတ်မှုပြီးသည်အဆုံး၌ အနုသန္ဓေပြတော်မူသည်တွင်

- ထီးဖြူစောင့်နတ်သမီးသည် ဥပ္ပလဝဏ်ထေရီ
- သုနန္ဒာရထားမှူးသည် အရှင်သာရိပုတ္တရာ
- သိကြားမင်းသည် အနုရုဒ္ဓါထေရ်
- ဝိသကြုံနတ်သားသည် ညီတော် အာနန္ဒ
- မယ်တော် စန္ဒာဒေဝီမိဖုရားကြီးသည်
  မယ်တော် မာယာဒေဝီ
- ခမည်းတော် ကာသိကရာဇ်မင်းကြီးသည်
  ခမည်းတော် သုဒ္ဓေါဒနေ
- တပည့်ရသေ့အပေါင်းတို့သည် ဘုရား၏ပရိသတ် (၈) ပါး
- တေမိရကုမာရသည် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဖြစ်ကြောင်း ဇာတ်တော်ကို ပေါင်းတော်မူလေသည်။

ချစ်ဦးညို

www.burmeseclassic.com